၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com






အတွဲ(၁၀)၊ အမှတ်(၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် ၊ ကြာသပတေး၊ (မေ ၅ ၊ ၂၀၁၁)


## ကုန်သွယ်မှုပမာဏ တိုးလာသော်လည်း လယ်ယာထွက်ကုန်တင်ပို့မှု လျော့ကျ

ပြည်သိမ်း

ရန်ကုန်၊ မေ - ၂

မြန်မာနိုင်ငံ၏ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ တိုးတက်လာသော်လည်း လယ်ယာထွက်ကုန်တင်ပို့နိုင်မှုမှာ တစ်နှစ်ပြီးတစ်နှစ်လျော့ကျလာသည့် အတွက် အချိန်မီ ပူးပေါင်းဖြေရှင်းရန် လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ကုန်သွယ်မှုပမာဏစုစုပေါင်းမှာ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်က ကျပ်၁၁ဒသမ၈ဘီလျံသာရှိခဲ့ရာမှ ၂၀၁၀-၁၁ဘဏ္ဍာနှစ်တွင် ကျပ်၁၅ဘီလျံထိ မြင့်တက်ခဲ့သည်။

ပို့ကုန်ပမာဏမြင့်တက်လာသော်လည်း လယ်ယာထွက်ကုန်တင်ပို့နိုင်မှု လျော့ကျရခြင်းမှာ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် စိုက်ပျိုးသီးနှံများ အထွက်လျော့လာခြင်းကြောင့်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

"နိုင်ငံတိုင်းက ပြည်တွင်းရိက္ခာဖူလုံမှုကိုပဲ အဓိကဦးစားပေးဆောင်ရွက်တယ်"ဟုပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ဝန်ကြီးကပြောကြားသည်။

စာ(၁၂)သို့



# အိုစမာဘင်လာဒင်သေဆုံးပြီ

ဝါရှင်တန်၊ မေ - ၁


အယ်လ်ကိုင်ဒါအဖွဲ့၏ ခေါင်းဆောင်နှင့် ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုများကို ကြိုးကိုင်ဖန်တီး ခဲ့သူ အိုစမာဘင်လာဒင်သည် ပါကစ္စတန်နိုင်ငံ၌ ပြုလုပ်သည့် အမေရိကန်နှင့်ပါကစ္စတန်ထောက်လှမ်းရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဆင်ရေးတွင် သေဆုံးသွားကြောင်းအမေရိကန်သမ္မတဘားရက်အိုဘားမားကပြောကြားသည်။

စာ(၁၂)သို့

## ဓာတ်မြေဩဇာအတုပြနာကြီးလာ

အောင်သူရ

စာ(၂၇)သို့


ဓာတ်ပုံ - ဇေယျာအောင်အောင်(အမရပူရ)

SPECIAL REPORT

## ရောင်စုံပန်းများ ဖူးပွင့်ပါစေ

အားမာန်

ဆံပင်ခပ်တိုတိုကို ဆီပြောင်နေအောင် လိမ်းထားသည်။ သနပ်ခါးပါးကွက်ကျားခပ်ထူထူကိုလည်း လိမ်းကျံထားသေး၏။ ကာကီရောင်အကျီခပ်ပွပွနှင့် ဘောင်းဘီကိုဝတ်ထားသောသူက စားပွဲဝိုင်းများတစ်ခုမှတစ်ခုသို့ လျင်မြန်စွာ ပြေးလွှားနေသည်။ မကြာခဏ နှုတ်မှလည်း "ဝမ်းတီးချိုဆိမ့်၊ပုံမှန်တူး"ဟူ၍ စကားသံခပ်ကျယ်ကျယ်ထွက်လာလေ့ရှိ၏။ စာ(၂၈)သို့

## နာဂစ် သုံးနှစ်ပြည့်သော်လည်း မိုးလေဝသ တိုင်းတာခန့်မှန်းရေးတွင် အားနည်းချက်များ ရှိနေဆဲ

အားမာန်


ရန်ကုန်၊ မေ - ၂

လူပေါင်းတစ်သိန်းသုံးသောင်းကျော် သေကျေပျောက်ဆုံးစေခဲ့သော နာဂစ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးသည်မှာ သုံးနှစ်တင်းတင်းပြည့်သည့်အချိန်တွင်မိုးလေဝသတိုင်းတာခန့်မှန်းရေးလုပ်ငန်းများမှာယခင်ကထက်တိုးတက်လာသော်လည်းလိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

"မိုးဇလရဲ့ သတင်းထုတ်ပြန်ပေးမှုတွေကတော့ အခုချိန်ထိနည်းနည်းအားနည်းနေသေးတယ်လို့ထင်တယ်။ အစိုးရပိုင်းရဲ့သတင်းထုတ်ပြန်ပေးမှုတွေကလိုအပ်ချက်တွေရှိတယ်။ ဒါပေမဲ့မိုးလေဝသပညာရှင် ဦးထွန်းလွင်နဲ့ ပုဂ္ဂလိက မီဒီယာတွေက မိုးလေဝသသတင်းတွေကို ပိုပြီး ထုတ်ပြန်ပေးလာနိုင်တဲ့အတွက်လူထုအတွက်တော့အရင်ကထက်ပိုပြီး သတင်းတွေပိုသိလာရတယ်လို့ထင်တယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ပြောသည်။

မိုးဇလ၏ သတင်းထုတ်ပြန်မှုအားနည်းချက်ကို လွန်ခဲ့သည့် မတ်လတွင် ကပ္ပလီပင်လယ်ပြင်၌ရေလုပ်သားများ ဒုက္ခရောက်ခဲ့ရသည့်ဖြစ်စဉ်ကို ဥပမာပေး၍ ၎င်းကပြောသည်။ ထိုစဉ်က ပင်လယ်ပြင်တွင် တစ်နာရီ လေတိုက်နှုန်း ၃၅မိုင်သာ တိုက်မည်ဟု ဆိုသော်လည်း လက်တွေ့တိုက်သောအခါ မိုင် ၇၀၊ ၈၀ ဝန်းကျင် တိုက်ခတ်ခဲ့သည့်အတွက် ရေလုပ်သားများ ပင်လယ်အတွင်း မျောပါကာ ဒုက္ခရောက်ခဲ့ရသည်။ ထိုစဉ်က လေတိုက်နှုန်းခန့်မှန်းချက်ကို တိကျစွာ သိရှိပါက ရေလုပ်သားများ ထိုမျှ ဒုက္ခမရောက်နိုင်ဟု၎င်းကဆိုသည်။

သို့သော် မိုးဇလမှ တာဝန်ရှိသူက ၎င်းတို့ခန့်မှန်းသည့်အတိုင်း တစ်နာရီ ၃၅မိုင်တိုက်ခတ်ပါကလည်း ပင်လယ်ပြင်ရှိ ငါးဖမ်းလုပ်သားများဒုက္ခရောက်နိုင်ကြောင်းသူ၏အမြင်ကိုပြောသည်။ စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011



ဆိုင်ကယ်ခရီးကြမ်းနှင်ခဲ့သော ဟော်လန်ခရီးသွားအဖွဲ့

# ဟော်လန်ခရီးသွားအဖွဲ့ မြန်မာနိုင်ငံတွင် ခရီးမိုင် ၁,၃၀၀ ကျော်ကို ဆိုင်ကယ်ဖြင့် ခရီးကြမ်းနှင်

အေးမြကျော်

ရန်ကုန်၊ မေ ၂၆

မြန်မာနိုင်ငံ၏ အထင်ကရနေရာဒေသ ၁၀ခုကျော်ဖြတ်သန်းကာ ခရီး မိုင်ပေါင်းတစ်ထောင်ကျော်အားကမ္ဘာလှည့်ခရီးသွားများ က ဆိုင်ကယ်ဖြင့် ခရီးကြမ်းနှင်သည့် ၁၈ရက်ကြာ ခရီးစဉ်တစ်ခုကို ပြည်တွင်းခရီးသွားကုမ္ပဏီ တစ်ခုက ပထမဆုံးအကြိမ် စီစဉ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဟော်လန်နိုင်ငံအခြေစိုက် ဆိုင်ကယ်ခရီးကြမ်းနှင်ခရီးသွားကုမ္ပဏီတစ်ခုဖြစ်သော Motor Trail ခရီးသွားကုမ္ပဏီ၏ ကမ်းလှမ်းမှုကြောင့်ပြည်တွင်းမှ Golden Trip ခရီးသွားကုမ္ပဏီက စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုခရီးစဉ်တွင် ဟော်လန်နိုင်ငံသား ၁၁ ဦးပါဝင်သောဆိုင်ကယ် ၁၀ စီးဖြင့် ခရီးမိုင်ပေါင်း ၁,၃၈၀ ကျော်ကို ခရီးနှင်ခဲ့ကြောင်း Golden Trip ခရီးသွားကုမ္ပဏီမှ မန်နေဂျာ ဦးချိုထွေးကပြောသည်။

ယင်း ဆိုင်ကယ်စီး ခရီးကြမ်းနှင်သည့်ခရီးစဉ်ကို ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့မှ စတင်ခဲ့ပြီး၊ ပုသိမ်မြို့သို့ စတင်ထွက်ခွာခဲ့ကြသည်။ ပုသိမ်မှ တစ်ဆင့် ငပလီ၊ ငပလီကမ်းခြေမှ ရွှေစက်တော်သို့ တောင်ကြောလမ်းများကိုဖြတ်ကာ တစ်နေကုန် ခရီးနှင်ခဲ့သည်။

"ငပလီကနေ ရွှေစက်တော်သွားခဲ့တဲ့ ခရီးကတော့ ခရီးစဉ်တစ်လျှောက်လုံး မမေ့နိုင်ဆုံးနဲ့ အစိုးရိမ်ဆုံးဖြစ်ခဲ့တယ်။ တစ်နေကုန် ဆိုင်ကယ်နဲ့ ခရီးနှင်ပြီး ညဘက်မှာ တောလမ်းတွေထဲဖြတ်ပြီး စီးရတော့ စိုးရိမ်ခဲ့ရတယ်"ဟု အဖွဲ့တွင် ပါဝင်သော အမျိုးသမီးနှစ်ဦးအနက်မှ တစ်ဦးဖြစ်သူ မစ္စဘီမားတယ်ရ်ကပြောကြားသည်။

ရွှေစက်တော်မှ ပုဂံ၊ ပုဂံမှ ချင်းတောင်သို့တောင်ကြောလမ်းများအတိုင်း မောင်းနှင်ခရီးနှင်ခဲ့ပြီး၊ ချင်းတောင်ရှိ ကန်ပက်လက်၊ မင်းတပ်မြို့များကိုလည်းပတ်ကာ၊ ချင်းတောင်မှတစ်ဆင့် အညာခရီးအဖြစ် ပခုက္ကူ၊ မုံရွာ၊ မန္တလေးမြို့များသို့ သွားရောက်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ရှမ်းပြည်နယ်ရှိရှာင်၊ ပင်းတယ၊ အင်းလေး၊ တောင်ကြီး၊ ဟဲဟိုးတို့သို့သွားရောက်ခဲ့ပြီး ခရီးစဉ်ကို ဟဲဟိုးမြို့တွင် အဆုံးသတ်ခဲ့ကြောင်း Golden Trip ခရီးသွားကုမ္ပဏီမှသိရသည်။

ဆိုင်ကယ်စီးခရီးကြမ်းသွားသော ထိုဟော်လန်ခရီးသွားအဖွဲ့မှာ ခရီးစဉ်တစ်လျှောက်တွင် အဓိကလမ်းမကြီးများပေါ်မှမသွားဘဲ တောလမ်းများကိုသာ အများဆုံးရွေးချယ်၍ ခရီးနှင်ခဲ့ကြသည်။ တောလမ်းခရီးတစ်လျှောက်တွင် မြင်တွေ့ခဲ့ရသောမြင်ကွင်းများမှာ ပို၍ လှပကာ စိတ်လှုပ်ရှားစရာကောင်းကြောင်း အဖွဲ့၏ ခရီးသွားခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စတီဇီရားနားကပြောသည်။

အဆိုပါခရီးစဉ်ကို မေ ၉ရက်တွင်စတင်ခဲ့ပြီး ၁၈ ရက်ကြာမြင့်ခဲ့ကာ ထိုအဖွဲ့သည် မြန်မာတို့၏ နှစ်ကူးအတာသင်္ကြန်ပွဲတော်ကို ပုဂံနှင့် ချင်းတောင်ဒေသများတွင် ကြုံတွေ့ဆင်နွှဲခဲ့ကြကြောင်း အဖွဲ့တွင်ပါဝင်သော ဟော်လန်နိုင်ငံသားတစ်ဦးကပြောသည်။

"သင်္ကြန်တွင်း ပုဂံမှာရောက်နေပါတယ်။ ရာသီဥတုက အရမ်းပူတော့ ရေတွေနဲ့ပက်တာကို ခံရတဲ့အရသာက တကယ့်ကိုကောင်းတယ်"ဟု မစ္စတီဇီရားနားကပြောသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် ဆိုင်ကယ်နှင့် ခရီးကြမ်းနှင်သော ခရီးစဉ်များ ရှိခဲ့ဖူးသော်လည်း ယခုခရီးစဉ်သည် ပထမဆုံးသော ဆိုင်ကယ်ဖြင့် ရက်အကြာဆုံးနှင့် မိုင်အရှည်ဆုံး ခရီးနှင်သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း ခရီးသွားလုပ်ငန်းကျွမ်းကျင်သူတစ်ဦးကပြောသည်။

# နေပြည်တော် ယာဉ်စည်းကမ်းကော်မတီ စတင်လွှဲပြောင်း

ထူးသန့်

နေပြည်တော်၊ မေ ၂၇

နေပြည်တော်တိုင်းစစ်ဌာနချုပ်က ၂၀၀၆ခုနှစ် နှစ်ဦးပိုင်းမှ စတင်ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်ခဲ့သော နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကို ယခုလမှစ၍ နေပြည်တော်ကောင်စီက စတင်လွှဲပြောင်းတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါကော်မတီ၏ နာယကအဖြစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က တာဝန်ယူပြီး ကော်မတီဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီဝင်ဦးစောလှက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ကော်မတီတွင် ဆပ်ကော်မတီ၆ခုပါဝင်ပြီး ယခင်ပါဝင်ခဲ့သော လူပုဂ္ဂိုလ်အများစုဖြင့် ပြန်လည်ဖွဲ့စည်းထားသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးလျက်ရှိသော ယခုအချိန်တွင် အာဏာသည် ပြည်သူလူထုထံ၌ ရှိကြောင်း၊ ပြည်သူလူထုက ရွေးချယ်သည့်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသောအစိုးရဖြစ်သည့်အတွက် ပြည်သူကို အနိုင်ကျင့်၍ မရကြောင်း၊ ထိုသို့ပြုကျင့်၍ ပြည်သူလူထုကတိုင်ကြားလျှင် အရေးယူခံရမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်းများ စစ်ဆေးအရေးယူရာတွင်လည်း နည်းမှန်၊ လမ်းမှန်ဖြစ်ရန် လိုအပ်ကြောင်း၊ တစ်စုံတစ်ခုရယူပြီး ပြန်လွှတ်ပေးတာမျိုးမဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဦးစောလှက ယနေ့ကျင်းပသော အစည်းအဝေး၏ အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

အသစ် ပြန်လည်ဖွဲ့စည်းခဲ့သော ယာဉ်စည်းကမ်းကော်မတီအနေဖြင့် စီမံခန့်ခွဲမှု ဒဏ်ငွေများထဲမှ ရာခိုင်နှုန်း အများအပြားကိုလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သောလုပ်ငန်းများတွင် ထည့်သွင်းသုံးစွဲသွားရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထပ်မံသိရှိရသည်။



# မြို့တော်ခန်းမ ဆေးသုတ်သည့် လုပ်ငန်းခွင်တွင် အကာအရံတပ်ဆင်မထား ပတ်ဝန်းကျင်နေသူများ အခက်တွေ့

သန်းဌေး

ရန်ကုန်၊ မေ ၂၃

သင်္ကြန်ကာလမတိုင်မီကစ၍ ရန်ကုန်မြို့တော်ခန်းမကြီးအား ဆေးအဟောင်းခွာခြင်းနှင့်ဆေးအသစ်သုတ်ခြင်းလုပ်ငန်းများလုပ်ကိုင်ရာတွင် လုံခြုံရေးအကာအရံများတပ်ဆင်မထားသောကြောင့် ကွန်ကရစ်နှင့်ဆေးမှုန့်များ ပျံ့လွင့်ကာ ပတ်ဝန်းကျင်ရှိ နေထိုင်သွားလာနေသောပြည်သူများ အခက်တွေ့နေရကြောင်း ယင်းပတ်ဝန်းကျင်၌ နေထိုင်သွားလာနေသူများက ပြောသည်။


"မပြီးမချင်း အမြဲတမ်း နှာခေါင်းကိုကာထားရတယ်။ ချောင်းဆိုးပြီး ရောဂါရလာမှာ ကြောက်တယ်။ ခေါင်းကတော့ နှစ်ရက်တစ်ခါလောက် လျှော်ရတယ်"ဟု မြို့တော်ခန်းမဘေးသို့နေ့စဉ်သွားရောက်အလုပ်လုပ်ကိုင်နေသော အရောင်းဝန်ထမ်းအမျိုးသမီးငယ်တစ်ဦးက ပြောသည်။

ထို့အတူ မြို့တော်ခန်းမ တစ်ဖက်ခြမ်းရှိ အိမ်နှင့်ဆိုင်များရှေ့တွင် ရပ်ထားသော ကားများနှင့် ကားလမ်းဘေးရှိ မီးစက်များပေါ်တွင်လည်း ဖုန်ထုများ အထပ်လိုက်တက်နေသည်။

"ဖုန်တွေလွင့်လာလို့ အစားအသောက်တွေကို အုပ်ပြီး ရောင်းနေရတယ်။ လမ်းသွားလမ်းလာလည်း သိပ်မဝင်တော့ ရောင်းမကောင်းဘူး"ဟုအစားအသောက်ရောင်းချသူတစ်ဦးကပြောသည်။

ထိုကြောင့် ဆေးအဟောင်းများ ခွာချသောကြောင့် ထွက်လာသောဆေးနှင့် ဘိလပ်မြေမှုန့်များ ဒဏ်ကိုမခံနိုင်သော အလုပ်ခန်းတချို့မှာ ယာယီပိတ်ထားကြရသည်။

"ဖုန်တွေထတော့ ဆိုင်ပိတ်ပြီး အိမ်ပြန်တယ်။ ဒါတောင် ဒီဘက်အခြမ်းထိပ်က စလုပ်တုန်းက ပိုဆိုးတယ်"ဟု မဟာဗန္ဓုလပန်းခြံလမ်းတွင် နေထိုင်သူလူငယ်တစ်ဦးကပြောသည်။





ကားပေါ်တွင် အထပ်လိုက်တင်ကျန်နေသော ဖုန်မှုန့်များ(ပုံသေး)၊ မြပြင်နေသော မြို့တော်ခန်းမ အဆောက်အအုံနှင့် နှာခေါင်းပိတ်ကာ သွားလာနေရသူများ

ဓာတ်ပုံ - သန်းဌေး

ရန်ကုန်မြို့စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အဆောက်အအုံများ ပြင်ဆင်မွမ်းမံတည်ဆောက်သော လုပ်ငန်းများကို လုပ်ကိုင်ပါက ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီမှ စည်းစနစ်တကျ အရေးယူဆောင်ရွက်ပေးရလေ့ရှိသည်။ သို့ရာတွင် ယခုကဲ့သို့ မိမိတို့ ကိုယ်တိုင် လုပ်ဆောင်မှုများကို စည်းကမ်းနှင့်ညီညွတ်အောင် မဆောင်ရွက်ကြခြင်းကိုမူ အံ့သြရကြောင်း မဟာမြို့တော်ခန်းမအနီးတွင် ရုံးခန်းဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

ယခုလုပ်ငန်းမှာ သင်္ကြန်ကာလမတိုင်မီ ဧပြီလဆန်းမှ စတင်ခဲ့ပြီး သင်္ကြန်တွင်း ခေတ္တရပ်နားကာ ဆက်လက်ဆောင်ရွက်နေသည်။ နောက်ထပ်တစ်လခန့်ကြာမှသာ ပြီးနိုင်ဖွယ်ရှိကြောင်းဆေးသုတ်လုပ်ငန်းလုပ်ကိုင်နေသော အဖွဲ့ ၁၄ ဖွဲ့မှ တစ်ဖွဲ့၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.7 ▪ MAY 5, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအား သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကုမ္ပဏီဆယ်ခုကို စားအုန်းဆီတင်သွင်းခွင့်ပြုထား

## မေလဆန်းမှစ၍ ရပ်နားထားသော ဆီခွဲတမ်းများ ယခုတစ်ပတ်တွင် ပြန်ထုတ်ပေး

**သိမ့်သိမ့်စိုး၊ ပြည့်သိမ်း**

ရန်ကုန်၊ မေ - ၂



ပြင်ပလုပ်ငန်းရှင်များကို စားအုန်းဆီတင်သွင်းရောင်းချခွင့်ပြုလိုက်ပြီဖြစ်ပြီး မေလဆန်းပိုင်းမှစ၍ ရပ်နားထားသော စားအုန်းဆီကိုယ်စားလှယ်များ၏ ဆီခွဲတမ်းကို မေလပထမပတ်မှစတင်ကာ ပြန်လည် ထုတ်ပေးတော့မည်ဖြစ်ကြောင်း စားအုန်းဆီလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်တစ်ဦးကပြောသည်။

ယင်းသို့ထုတ်ပေးရာတွင် စားအုန်းဆီကိုယ်စားလှယ်များအား ယခင်ထုတ်ပေးနေသော ဆီခွဲတမ်းအတိုင်း တစ်ပတ်လျှင် သုံးပိဿာနှုန်းဖြင့် တစ်ပိဿာလျှင် ဆီထုတ်ဈေး(ဘဏ်သွင်းဈေး) ကျပ်နှစ်ထောင်နှုန်းဖြင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ကုမ္ပဏီဆယ်ခု တင်သွင်းခွင့်ရထားတော့ ကုမ္ပဏီအလိုက် တင်သွင်းရမယ့်ဘဏ်တွေမသိသေးလို့ ဈေးမကပ်သေးတာ။ သူတို့စာရင်းဖွင့်တဲ့ဘဏ်တွေမှာ ငွေသွင်းပေးရမှာမို့ ကုမ္ပဏီအလိုက် ဘဏ်တွေ အပြောင်းအလဲရှိနိုင်တယ်"ဟု၎င်းကပြောသည်။

သို့သော်လက်ရှိကာလတွင် ပြင်ပ စားအုန်းဆီဈေးကွက်၌ တစ်ပိဿာလျှင် ကျပ် ၂,၄၀၀ နှုန်းဖြင့် မေလတစ်လလုံးအတွက်ကြိုပွဲ့ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြကြောင်း စားအုန်းဆီဈေးကွက်မှသတင်းရရှိသည်။

လက်ရှိကာလတွင် အနည်းဆုံး တန်ချိန်သုံးထောင်ကျော်တင်သွင်းနိုင်သည့် ပြင်ပ စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးကို ဧပြီ ၂၃ရက်မှစကာ တင်သွင်းခွင့်ပြုပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အကြိမ်(၂၀)မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

စားအုန်းဆီဈေးနှုန်း ပိုမိုတည်ငြိမ်စေရန်အတွက် ယခုကဲ့သို့စံသတ်မှတ်ချက်နှင့်အညီ ပြင်ပကုမ္ပဏီများကိုပါ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

"တင်သွင်းခွင့်လိုင်စင်တွေကို မြန်မြန်ဆန်ဆန်ထုတ်ပေးနေတယ်။

စာ(၁၂)သို့

# ဟိုတယ်လုပ်ငန်းရှင်များကို ဘဏ်ချေးငွေရရှိရန် စီစဉ်

**အားမာန်၊ အောင်သူရ**

ရန်ကုန်၊ မေ - ၂


ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဟိုတယ်လုပ်ငန်းရှင်များက ပုဂ္ဂလိကဘဏ်တစ်ခုမှ ချေးငွေရယူနိုင်ရန် အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဟိုတယ်လုပ်ငန်းရှင်များက ဟိုတယ်သစ်များ ဆောက်လုပ်ရန်နှင့် ရှိပြီးသားဟိုတယ်များဝန်ဆောင်မှု ထပ်မံတိုးချဲ့ရန် ငွေကြေးလိုအပ်ချက်များရှိပါက ရောဝတီဘဏ်တွင် ချေးငွေရယူနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ရောဝတီဘဏ်မှ တာဝန်ရှိသူများနှင့် စတင်ဆွေးနွေးတော့မည်ဖြစ်ကြောင်းဟိုတယ်လုပ်ငန်းရှင်များကပြောသည်။

ထိုအစီအစဉ်ကို နေပြည်တော်ရှိဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရုံးတွင် ဧပြီ ၂၉ရက်၌ ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက လုပ်ငန်းရှင်များကိုစတင်ပြောကြားခဲ့ကြောင်း အဆိုပါအစည်းအဝေးတက်ရောက်လာသူများကပြောသည်။

ထိုသို့ ဟိုတယ်လုပ်ငန်းရှင် များအနေဖြင့် ချေးငွေရယူနိုင်ပါက လုပ်ငန်းများ တိုးချဲ့ရန် အဆင်ပြေမည်ဖြစ်၍ ငွေချေးရန် ဟိုတယ်လုပ်ငန်းရှင်အများစုက စိတ်ဝင်စားနေကြောင်း ဟိုတယ်လုပ်ငန်းရှင်အချို့ကပြောသည်။

ဧပြီ ၂၉ ရက်ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည် သုံးသိန်းကျော်လာရောက်ခဲ့သော်လည်း၊ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ခြောက်သိန်းကျော်၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ခရီးသည် တစ်သန်းကျော်အထိရရှိအောင် ရည်မှန်းကြိုးပမ်းကြရန် ဝန်ကြီးက တိုက်တွန်းခဲ့ကြောင်း သတင်းရရှိသည်။






7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

CRIME CORNER

## ပွဲဈေးသွားရန် ပိုက်ဆံမပေး ကိုယ့်အိမ်ကိုယ် မီးရှို့

ကျော်ဇေယျ

နေပြည်တော်၊ မေ – ၂၅

ဘုရားပွဲသွားရန် ဇနီးမယားထံ ငွေတစ်သောင်းတောင်းရာမှ ဇနီးဖြစ်သူက မပေး၍ စကားများပြီး ကိုယ့်အိမ်ကိုယ် မီးပြန်ရှို့ခဲ့မှု ဧပြီလ ၁၇ရက်က နေပြည်တော် ပျဉ်းမနားရဲစခန်းအပိုင်နယ်မြေတွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ နေ့လယ် ၁ နာရီအချိန်ခန့်က နေပြည်တော် ပျဉ်းမနားမြို့၊ ဇီးဖြူပင်ကျေးရွာတွင် မီးလောင်မှု ဖြစ်ပွားကြောင်းသတင်းအရ နေပြည်တော် ပျဉ်းမနားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးခဲ့ရာ ဇီးဖြူပင်ကျေးရွာ အရှေ့ဘက်ကမ်းပေါင်းလောင်းမြစ်ဘေးတွင် နေထိုင်သော ကို. . . (၂၆)နှစ်သည် ၎င်း၏ ဇနီးဖြစ်သူ မ. . နှင့် စကားများရန်ဖြစ်ရာမှ ၎င်း၏ နေအိမ်တံစက်မြိတ်မှနေ၍ မီးဖြင့်ရှို့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အခင်းဖြစ်ရပ်တွင်လည်း အိမ် ၃ ပင်× ၄ ပင်သက်ငယ်မိုးထရံကာအိမ်ဖြစ်ပြီး မီးလောင်ထားသောကြောင့် အိမ်တိုင်များသာ မီးသွေးအဖြစ် ကျန်ရစ်တော့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းရာ အိမ်ရှင်ဇနီးဖြစ်သူမ. . . ၏ထွက်ဆိုချက်အရ ကို. . သည် ၎င်းနှင့်စကားများ ရန်ဖြစ်သဖြင့် သံသေတ္တာကိုပါ ဓားနှင့်ခုတ်ပြီး နေအိမ်ကိုပါမီးရှို့ကြောင်း၊ မီးမှာ နေ့လယ် ၁၁ နာရီခန့်တွင် လောင်ကျွမ်းပြီး အရပ်မှ ဝိုင်းဝန်းငြိမ်းသတ်၍ ၁၀ မိနစ်ခန့်သာ လောင်ကျွမ်းသွားကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးကျပ်သုံးသောင်းခန့်ရှိကြောင်း ထွက်ဆိုခဲ့သည်။

သို့ဖြစ်၍ အမှုမှ ပြစ်မှုကျူး လွန်သည်ဟုဆိုသော ကို. . . အား နေပြည်တော်ပျဉ်းမနား ရဲစခန်း(ပ)၂၃၈/ ၂၀၁၁ ဥပဒေပုဒ်မ ၄၃၆ အရ အမှုဖွင့်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းရာ ခင်ပွန်းဖြစ်သူက ငွေကျပ်တစ်သောင်းတောင်းသည်ကို ဇနီးဖြစ်သူက မပေး၍ စကားများရန်ဖြစ်ပြီး သံသေတ္တာအား ဓားနှင့် ခုတ်ကာ အိမ်တံစက်မြိတ်အားစီးကရက်မီးဖြင့် ရှို့မိကြောင်း တရားခံက ဝန်ခံထွက်ဆိုခဲ့သည်။

## ကလေးငယ်အား အဓမ္မပြုကျင့်သူကို ထောင်ဒဏ် ၁၁ နှစ်ချ

အိဖြူလွင်

ရန်ကုန်၊ မေ – ၃၀

အရွယ်မရောက်သေးသူ ကလေးငယ်အား အဓမ္မကျင့်ပြီး နာကျင်စေခဲ့သော အသက် ၂၀နှစ်အရွယ် ပြစ်မှုကျူးလွန်သူကို အလုပ်နှင့် ထောင်ဒဏ် ၁၁နှစ်ကျခံစေရန် ပဲခူးဒုတိယခရိုင် (၁) တရားရုံးက အမိန့်ချမှတ်လိုက်ကြောင်း သတင်း ရရှိသည်။

ထိုဖြစ်စဉ်သည် ၂၀၁၀ ပြည့်နှစ်စက်တင်ဘာလ၌ ပဲခူးမြို့နယ် တိုက်ကြီး၊ လိပ်ချောင်းတောစခန်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အဓမ္မကျင့်ခံရသူကလေးငယ်မှာ အသက် ၅နှစ်သာရှိသေးပြီး ကလေးငယ်၏ ဖခင်နှင့်အတူ လိပ်ချောင်းတောစခန်းတွင် အလုပ်လုပ်နေသည့် လူငယ်က ကလေးအားတောထဲသို့ ခေါ်သွားပြီး အဓမ္မကျင့်ကာ ရိုက်နှက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အမှုကို တိုက်ကြီးရဲစခန်း တွင်(ပ)၉/ ၂၀၁၀ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/ ၃၂၅ဖြင့် အမှု ဖွင့်အရေးယူခဲ့ပြီး ပဲခူးဒုတိယခရိုင် (၁) တရားရုံးက လက်ခံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

တရားရုံးက ပြစ်မှုထင်ရှား သဖြင့် ပြစ်မှုကျူးလွန်သူ ကို--- အားပုဒ်မ ၃၇၆ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ ပုဒ်မ ၃၂၅ အရအလုပ်နှင့်ထောင်ဒဏ်တစ်နှစ်တို့အား သီးခြားစီကျခံစေရန် ယခုဧပြီလ ၂၅ ရက်က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

# ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နွေစပါးအထွက်နှုန်း သုံးပုံတစ်ပုံခန့်လျော့ကျ

အောင်သူရ

ရန်ကုန်၊ မေ – ၂၀

ဧရာဝတီနှင့်ပဲခူးတိုင်းဒေသကြီးတို့၌ ယခုနှစ် စိုက်ပျိုးခဲ့သော နွေစပါးများတွင် တစ်ဧက အထွက်နှုန်းမှာ နေရာဒေသအလိုက် သုံးပုံတစ်ပုံခန့်အထိ လျော့ကျမှုရှိကြောင်း သတင်းရရှိသည်။

"အကုန်လုံးတော့ ရိတ်လို့မပြီးသေးဘူး။ ရိတ်ပြီးတဲ့လူတွေမှာ တစ်ဧကကိုတင်း၆၀၊၇၀ ထက်ပိုမထွက်ကြဘူး"ဟု ပဲခူးတိုင်းဒေသကြီး ဆန်စပါးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးခဲ့သော နွေစပါးများမှာ တစ်ဧကလျှင် ပျမ်းမျှတင်း ၈၀ ခန့်သာထွက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

နွေစပါးစိုက်ပျိုးရန် ပြင်ဆင်စဉ်။

ပုံမှန်အားဖြင့် နွေစပါးမှာ မိုးစပါးထက် အထွက်နှုန်းကောင်းပြီး တစ်ဧကလျှင် တင်း ၉၀ မှ ၁၀၀ အထိထွက်လေ့ရှိကြသည်။

ယခုကဲ့သို့ စပါးအထွက်နှုန်း လျော့ကျသွားခြင်းမှာ ရာသီဥတုကြောင့် အဓိကဖြစ်ပြီး စပါးပင်များ ဝတ်မှုန်ကူးချိန်နှင့် အပွင့်ပွင့်ချိန်တွင် နေရောင်ခြည်ရရှိမှုနည်းပါးခြင်း၊ လေတိုက်ခြင်းနှင့် မိုးရွာသွန်းမှုတို့ရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပညာရှင်များကဆိုသည်။

စာ(၁၂)သို့

## ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီထူထောင်လိုပါက အမြန်တည်ထောင်ခွင့်ပေးမည်ဟု ပြည်ထောင်စုဝန်ကြီးပြောကြား

စိုင်းသာအောင်

မန္တလေး၊ မေ – ၂၅

မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးစေရန်အတွက် ပို့ကုန်၊သွင်းကုန်လုပ်ငန်းလုပ်ကိုင်လိုသော ကုမ္ပဏီ တည်ထောင်လိုသည်များရှိပါက အမြန်ဆုံးဖွဲ့စည်းတည်ထောင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ဧပြီလ ၂၅ရက်က မန္တလေးမြို့တွင် ပြုလုပ်ခဲ့သော လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့မှ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး စီးပွားရေးကဏ္ဍတွင် ကုန်ထုတ်စွမ်းအားစုများဖြစ်သော ပို့ကုန်လိုင်စင်၊ သွင်းကုန်လိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထိုတွေ့ဆုံပွဲမှာပင် ဈေးကွက်မတည်ငြိမ်မှုကို ကာကွယ်နိုင်ရန် ရန်ကုန်ကုန်စည်ဒိုင်နှင့် နယ်ကုန်စည်ဒိုင်များအကြား ချိတ်ဆက်ပေးနိုင်သည့် သတင်းကွန် ရက် (Information Network) ထူထောင်ရန်လည်း တိုက်တွန်းသွားကြောင်းသိရသည်။

## မြန်မာနိုင်ငံ ကျင်းပမည့် ဆီးဂိမ်းတွင် မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစားနည်း ပါဝင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ – ၂၇

**မြန်မာနိုင်ငံက ၂၀၁၃ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)၌ မြန်မာ့ရိုးရာ ခြင်းလုံးခတ်အားကစားနည်းအား ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**

"မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစားနည်းကို ၂၀၁၃ ဆီးဂိမ်းမှာ ထည့်သွင်းကျင်းပမှာ ဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ လိုက်လျောညီထွေဖြစ်မယ့် မြန်မာ့ရိုးရာခြင်းလုံးခတ် ဥပဒေကို ပြန်လည်ရေးဆွဲနေပါပြီ"ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးရဲအောင်က ပြောသည်။

ဥပဒေများ ရေးဆွဲပြီးပါက ဘာသာပြန်၍ နိုင်ငံတကာသို့ဖြန့်ဝေပေးသွားရန် စီစဉ်ထားကြောင်း သရုပ်ပြအဖွဲ့များ၊ နည်းပြအဖွဲ့ဝင်များကိုလည်း အာဆီယံနိုင်ငံများသို့ စေလွှတ်သွားမည်ဖြစ်ပြီး ပြည်တွင်း၌လည်း အပြည်ပြည်ဆိုင်ရာ ဒိုင်သင်တန်းများ ဖွင့်လှစ်ပို့ချသွားရန် စီစဉ်ထားကြောင်း ဦးရဲအောင်ကပြောသည်။



ဓာတ်ပုံ – သီဟ

မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနေသူများ

"၂၀၁၃ ဆီးဂိမ်းမှာ မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းကို ပြိုင်ပွဲအမျိုးအစား အနည်းဆုံး ရှစ်မျိုးထည့်သွင်းကျင်းပနိုင်ဖို့ စီစဉ်နေပါတယ်။ မြန်မာ့ရိုးရာ ခြင်းလုံးကို နိုင်ငံတကာက ပိုမိုသိစေဖို့အတွက်လည်း အလှခတ်ပြိုင်ပွဲပွဲစဉ်ကိုလည်း ထည့်သွင်းထားပါတယ်။ ဒီအားကစားနည်းကိုမြန်မာ အပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံလောက် ပါဝင်ယှဉ်ပြိုင်ဖို့ မျှော်မှန်းထားပါတယ်။ မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းကို အာဆီယံနိုင်ငံတွေဆီ အမြန်ဆုံး ရင်းနှီးမြုပ်နှံစေဖို့ အဖွဲ့ချုပ်က အမြန်ဆုံး စီစဉ်နေပါပြီ" ဟု ဦးရဲအောင်ကပြောသည်။

မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစားဥပဒေရေးဆွဲရေးကော်မတီတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ခြင်းလုံးပညာရှင်ကြီးများ၊ ဒိုင်လူကြီးများ၊ လက်ရွေးစင်ကစားသမားဟောင်းများ ပါဝင်ကြောင်း သိရသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သက်တမ်းတစ်လျှောက်လုံးတွင် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲမှာ တစ်ကြိမ်မျှ မပါဖူး၍ ၂၀၁၃ တွင် ပါဝင်လာပါက ပထမဆုံးအကြိမ် ပါဝင်လာခြင်းဖြစ်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲများတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော နိုင်ငံများမှာ ၎င်းတို့နိုင်ငံအတွက် ဆုတံဆိပ်များ ရရှိရန် အလားအလာကောင်းသော အားကစားနည်းများ ထည့်သွင်းခြင်း၊ ဆုတံဆိပ်ရရန် အလားအလာနည်းသော အားကစားနည်းများ ဖြုတ်ပယ်ခြင်းများ ပြုလုပ်လေ့ရှိသည်။



TRI
LIVES BRILLIANTLY
New Arrivals
B-692




i-MAX
COLLECTION
MY STYLE // MY DREAM
Rain Coat &
BAG COLLECTION
Ph:(01)-203166,200796

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# အချိန်ခါမဲ့မိုးကြောင့် ပဲများ ပျက်စီးကာ ဈေးကျ

သန်းဌေး

ဟသ်ာတ၊ မေ – ၂

ရာသီဥတုပြောင်းလဲဖောက်ပြန်၍ မတ်လလယ်တွင် မိုးရွာသွန်းခဲ့သောကြောင့် ဟသ်ာတမြို့ထွက်ပဲများ အရည်အသွေးကျဆင်းကာ ပြီးခဲ့သည့်နှစ် ပေါက်ဈေးနှုန်း၏ ငါးဆယ်ရာခိုင်နှုန်းနီးပါး ကျဆင်းသွားခဲ့ကြောင်း သတင်းရရှိသည်။

"ပိဿာနှစ်ဆယ်ဝင် မတ်ပဲ တစ်တင်းကို မနှစ်က ဧပြီမှာ သုံးသောင်းသုံးထောင်လောက်ပေါက်ပေမယ့် အခုတော့ အနိမ့်ဆုံး တစ်သောင်းရှစ်ထောင်လောက်အထိ ကျသွားတယ် ။ ပဲအရည်အသွေး ကျသွားလို့ပါ"ဟု ဟသ်ာတမြို့နယ် ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောကြားသည်။


ပြီးခဲ့သည့်နှစ်က ယခုလို မေလတွင် မတ်ပဲ တစ်တင်းလျှင် ကျပ်၃၅,၀၀၀ ကျော်အထိ ဈေးရခဲ့သော်လည်း ယခုနှစ်တွင်မူ ကျပ်၁၉,၀၀၀ ဈေးနှုန်းသာ ရောင်းခဲ့ရကြောင်း ကြက်တူရွေးကျေးရွာသား ဦးစိုးမြင့်ကပြောသည်။

"အခုနှစ်မှာ မိုးမိလို့ပါ။ ဈေးနှုန်းစဖွင့်တော့ နှစ်သောင်းလေးထောင်၊ အခု တစ်သောင်းကိုးထောင်ပဲရှိတော့တယ်"ဟု ဟသ်ာတဒေသခံဦးညွန့်ဦးကလည်းပြောသည်။ နွေစပါးပေါ်ပြီးပါက မတ်ပဲစိုက်ကာ သုံးလအကြာတွင်ပဲပေါ်သည်။ တစ်ဧက ၁၀ တင်းမှ တင်း ၂၀အထိ ထွက်လေ့ရှိသည်။ ယခုလို ဈေးနှုန်းကျဆင်းမှုကြောင့် မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်ပဲနှင့် ပြောင်းစိုက်တောင်သူအချို့ အရှုံးပေါ်ခဲ့ကြောင်း ဒေသခံ ပဲစိုက်တောင်သူတစ်ဦးကလည်း ပြောသည်။

# ချင်းပြည်နယ်တွင် ခရီးသွားလုပ်ငန်း ပိုမိုပွင့်လန်းလာဖွယ်ရှိ

အေးမြကျော်

ရန်ကုန်၊ မေ – ၁



ချင်းပြည်နယ် နတ်မတောင်ထိပ်အနီး ရှုခင်းများကို တွေ့ရစဉ်။
ဓာတ်ပုံ – swn.art

လှပသော သဘာဝတောတောင်ရေမြေ အနေအထားကို ပိုင်ဆိုင်ထားသည့် ချင်းတောင်ဒေသတွင် ခရီးသွားလုပ်ငန်း ယခုထက်ပိုမို ပွင့်လန်းလာနိုင်ကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများက သုံးသပ်နေကြသည်။

ဧပြီ ၂၈ ရက်က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးက ချင်းတောင်တန်းဒေသများသို့ ခွင့်ပြုချက်ရယူကာ နိုင်ငံခြားဧည့်သည်ပို့ဆောင်နေသောပြည်တွင်းခရီးသွားကုမ္ပဏီပေါင်း ၃၀ ကျော်ကို တွေ့ဆုံကာ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြီး အကြံဉာဏ်များ တောင်းခံခဲ့ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သော ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

ယင်းအစည်းအဝေးတွင် ချင်းပြည်နယ် မြောက်ပိုင်းဒေသများသို့ခရီးသည်များပို့ဆောင်ပေးနိုင်မည့် နည်းလမ်းများကို ဦးစားပေးဆွေးနွေးခဲ့ပြီး မကြာမီတွင်လည်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ကိုယ်တိုင် ချင်းပြည်နယ်မြောက်ပိုင်းဒေသများသို့ကွင်းဆင်းလေ့လာသွားရန်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်မြောက်ပိုင်းတွင် ခရီးသည်များကို ဆွဲဆောင်နိုင်သည့် သဘာဝတောတောင်အလှများစွာရှိပြီး ယင်းဒေသတွင်ရှိသော ဟားခါး၊ ဖလမ်းမြို့ဝန်းကျင်မှ လူနေမှုပုံစံများကလည်း နိုင်ငံခြားသား ခရီးသွားများကို ဆွဲဆောင်နိုင်ကြောင်း ချင်းပြည်နယ်သို့ ခရီးသည်ပို့ဆောင်နေသော ခရီးသွားလုပ်ငန်းတစ်ခုမှ မန်နေဂျာတစ်ဦးကပြောသည်။

ချင်းပြည်နယ်တောင်ပိုင်းမှာမူ နတ်မတောင်အမျိုးသားဥယျာဉ်ဖြင့် ပြည်ပခရီးသွားများသိရှိထားကာ လည်ပတ်လေ့ရှိသောနေရာတစ်ခုဖြစ်ပြီး ချင်းပြည်နယ် တောင်ပိုင်းသို့ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ခရီးသည် ၃၀၀ ကျော် သွားရောက်ကြောင်း ခရီးသွားကုမ္ပဏီများထံမှသိရသည်။

# ရန်ကုန်ရှိ ခွေးကောင်ရေ ၃၀ ရာခိုင်နှုန်းတွင် ခွေးရူးရောဂါ ဖြစ်ပွားနေ

သန်းဌေး

ရန်ကုန်၊ ဧပြီ – ၂၉

**ရန်ကုန်မြို့ပေါ်ရှိခွေးအားလုံး၏သုံးဆယ်ရာခိုင်နှုန်းခန့်တွင်ခွေးရူးရောဂါများရှိနေကြောင်းတိရစ္ဆာန်ရောဂါရှာဖွေရေးနှင့်သုတေသနဌာနမှကာကွယ်ဆေးထုတ်လုပ်ရေး သုတေသနအရာရှိဒေါက်တာကျော်နိုင်ဦးကပြောကြားသည်။**

ရန်ကုန်မြို့တွင်း ၃၃ မြို့နယ်တွင် ခွေးကောင်ရေတစ်သိန်းရှိပြီး ခွေးသေ ၂၁ကောင်အား စစ်ဆေးကြည့်ရာ ၇ကောင်မှာ ခွေး ရူးရောဂါပိုး လိုင်ဆယ်ဗိုင်းရပ်စ် (Lyssavirus)များ တွေ့ရှိခဲ့ကြောင်း ၎င်းကိုယ်တိုင်ပြုလုပ်ခဲ့သော သုတေသနစာတမ်းကို ကိုးကားပြောကြားသည်။

ထို့ကြောင့် ရန်ကုန်မြို့တွင်းရှိ ခွေးလေခွေးလွင့် အပါအဝင် အိမ်မွေးခွေးများပါ စုစုပေါင်း အကောင်ရေ ၂၀,၀၀၀ မှ ၃၅,၀၀၀ ခန့်မှာ ခွေးရူးရောဂါပိုးများရှိနေသည်မှာသေချာကြောင်း ၎င်းကပြောသည်။

"ရန်ကုန်မြို့မှာ တစ်နှစ်ကို လူငါးထောင်လောက် ခွေးကိုက်ခံနေရပြီး တစ်နိုင်ငံလုံးဆို လူငါးသောင်းလောက်ရှိမယ်"ဟု ဒေါက်တာကျော်နိုင်ဦးက ပြောကြားသည်။

ထိုသို့ ခွေးကိုက်ခံရသောကြောင့် နှစ်စဉ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကာ ဆေးဝါးကုသမှုခံယူသော လူနာဦးရေ ၆၀ခန့်သာရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ အမျိုးသားအဆင့် အတိုင်ပင်ခံဒေါက်တာဝါဝါဟန်က ပြောကြားသည်။

ခွေးရူးရောဂါပပျောက်ရေး အမျိုးသားအဆင့်စီမံကိန်းတစ်ခုရေးဆွဲပြီး အိမ်မွေးခွေးတိုင်း မှတ်ပုံတင်ပြုလုပ်ကာ ကာကွယ်ဆေးထိုးထားရန်လိုအပ်ပြီး ခွေးလေခွေးလွင့်များအား ပိုမိုထိန်းချုပ်သွားဖို့လိုကြောင်း ၎င်းက ပြောကြားသည်။

"ခွေးကိုက်ခံရလို့ရှိရင် ခွေးရူးရောဂါကာကွယ်ဆေးထိုးဖို့လိုသလို ဆေးဝယ်နိုင်လောက်တဲ့ အခြေအနေဖြစ်လာဖို့လည်းလိုပါတယ်"ဟု ၎င်းကပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ နှစ်စဉ် ခွေးလေခွေးလွင့်ရှင်းလင်းမှုများပြုလုပ်လျက်ရှိသည်။ ၂၀၀၇-၀၈ ဘဏ္ဍာနှစ်စာရင်းအရ အဆိပ်ချရှင်းလင်းမှုကြောင့် ခွေးကောင်ရေ ၁၁,၈၆၄ ကောင်သေဆုံးခဲ့သည်။ ခွေးလေခွေးလွင့်များမှာ နှစ်စဉ် ၂၀ရာခိုင်နှုန်းခန့် တိုးပွားလေ့ရှိပြီး နှိမ်နင်းနိုင်စွမ်းမှာလည်း အများဆုံး ၂၀ ရာခိုင်နှုန်းခန့်သာရှိသည်။

ထို့ကြောင့် ရန်ကုန်မြို့သူ၊ မြို့သားများအနေဖြင့် ခွေးကောင်ရေတစ်သိန်း ၎င်းတို့ထဲမှ ခွေးရူး သုံးသောင်းခန့်နှင့် အတူတကွနေထိုင်ရသကဲ့သို့ရှိကြောင်း သတင်းရရှိသည်။



ချောင်းသာကမ်းခြေ

# ချောင်းသာကမ်းခြေတွင် ဆူနာမီကြိုတင်သတိပေးစက် တပ်ဆင်မည်

အောင်သူရ

ချောင်းသာ၊ မေ – ၂

ချောင်းသာကမ်းခြေတွင် ဆူနာမီ အလိုအလျောက်သတိပေးစက် တပ်ဆင်မည်ဖြစ်ကြောင်း ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ကြည်ကပြောသည်။


"ဒီမနက်ပဲ အစည်းအဝေးထိုင်တယ်။ အဲဒီမှာ ချောင်းသာလမ်းပြင်ဖို့နဲ့ ဆူနာမီသတိပေးစက် တပ်ဖို့ဒီနေ့ပဲဆုံးဖြတ်လိုက်တယ်" ဟု ဒေါက်တာမောင်မောင်ကြည်ကပြောသည်။

ဆူနာမီ အလိုအလျောက် သတိပေးစက်မှာ ကျပ်သိန်း ၆၀ ခန့် ကုန်ကျမည်ဖြစ်ပြီး စင်ကာပူမှ တင်သွင်းရမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

အဆိုပါ ဆူနာမီ အလိုအလျောက်သတိပေးစက်မှာ ဖုန်းလိုင်းနှင့်ချိတ်ဆက်ထားပြီး ဆူနာမီစောင့်ကြည့်ရေးအဖွဲ့များက သတိပေးချက် ထုတ်ပြန်သောအခါ ထိုစက်မှတစ်ဆင့် သတိပေးသံများ ထွက်ပေါ်လာမည်ဖြစ်သည်။

သို့သော် ချောင်းသာကမ်းခြေတွင် မိုးအုံ့ဆိုင်းပါက တယ်လီဖုန်းများ ဖြတ်တောက်ထားလေ့ရှိသဖြင့် ထိုကိစ္စအား သက်ဆိုင်ရာနှင့် ညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း ဒေါက်တာမောင်မောင်ကြည်က ပြောသည်။

အဆိုပါစက် တင်သွင်းခွင့် ရရှိပါက ယခုနှစ်အတွင်း၌ပင် အကောင်အထည်ဖော်တပ်ဆင်သွားမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။



# ပြည်ပဆန်တင်ပို့ခွင့်ကို ဆန်အထူးပြုကုမဏီများသာ ရရှိမည်မဟုတ်တော့

အားမာန်

ရန်ကုန်၊ မေ – ၂

ပြည်ပသို့ ဆန်တင်ပို့ရာတွင် ဆန် အထူးပြုကုမ္ပဏီများကသာတင်ပို့တော့မည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်များတွင် ပြည်ပဆန်တင်ပို့ခွင့်ကို ဆန်အထူးပြုကုမ္ပဏီများနှင့် အဖွဲ့အစည်းတချို့ကသာ ဦးစားပေး ရရှိခဲ့သည်။ သို့သော် အစိုးရအသစ်ပြောင်းလဲခဲ့ပြီးနောက် ပြည်ပဆန်တင်ပို့ရာတွင်ဆန်အထူးပြုကုမ္ပဏီ များသာမက ပြည်ပဆန်တင်ပို့သည့်ရိုးရိုးကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အချိုးကျတင်ပို့ရန် အစီအစဉ်ကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သတင်းရရှိသည်။ ဆန်စပါးထုတ် လုပ်မှုနှင့် ပတ်သက်၍ နယ်ပယ်စုံမှ တာဝန်ရှိသူများ အားလုံးပါဝင်သော ဧပြီ ၂၇ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းအသင်းအစည်းအဝေးအပြီးတွင် အထက်ပါအတိုင်း အချိုးကျပြည်ပတင်ပို့ခွင့်ပြုရန် အစီအစဉ်ကို သက်ဆိုင်ရာသို့တင်ပြခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်ပဆန်တင်ပို့ရာတွင် ယခင်ကကဲ့သို့ ဆန်အထူးပြုကုမ္ပဏီများနှင့် အဖွဲ့အစည်းအချို့ကသာ လုပ်ကိုင်ခွင့်ရတော့မည်မဟုတ်တော့ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# လုပ်ငန်းများ တိုးချဲ့ရန် စီးပွားရေးလုပ်ငန်းရှင်များ စီစဉ်

**ပြည့်သိမ်း**

**ရန်ကုန်၊ မေ ၂၈**

ရွေးကောက်ပွဲနှင့်အစိုးရအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယခင်နှစ်များတွင် လုပ်ငန်းများ အရှိန်လျှော့၍ လုပ်ကိုင်ခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လုပ်ငန်းများ အရှိန်မြှင့်လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

“ကျွန်တော်တို့ဆိုရင် ခတ်ကွင်းပြင်နေပြီ။ နိုင်ငံခြားမှာ အဆက်အသွယ်အသစ်တွေသွားရှာနေတယ်”ဟု သွင်းကုန်လုပ်ငန်းတစ်ခု၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးကပြောသည်။

နိုင်ငံတော်သမ္မတ၏ စီးပွားရေးနှင့်ပတ်သက်သည့် မိန့်ခွန်းများတွင် ဖြေလျှော့မှုနှင့် အပြောင်းအလဲများပြုလုပ်ရန်ပါဝင်နေခြင်း၊ ကုန်သွယ်ရေးလုပ်ငန်းများတွင် လိုင်စင်လျှောက်ရာ၌ ယခင်ကထက် မြန်ဆန်လာနိုင်ရန် အခွင့်အလမ်းများပေါ်ပေါက်ခြင်း၊ စားအုန်းဆီကိုပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်သွင်းခွင့်ပြုခြင်းကဲ့သို့ ပြောင်းလဲမှုများကြောင့် လုပ်ငန်းရှင်များသည် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်စီမံလာကြခြင်းဖြစ်သည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းအများစုမှာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ရိုက်ခတ်မှု၊ နာဂစ်မုန်တိုင်းနှင့် ရွေးကောက်ပွဲ၊ လွှတ်တော်၊ အစိုးရအပြောင်းအလဲစသောနိုင်ငံရေး အကူးအပြောင်းတို့ကြောင့် လွန်ခဲ့သည့်သုံးလေးနှစ်အတွင်း လုပ်ငန်းများကို အခြေအနေမပျက်ထိန်း၍ လုပ်ကိုင်ခဲ့ကြသည်။



သို့သော် လက်ရှိအချိန်တွင် မျှော်လင့်ချက်ပိုအားကောင်းလာကြပြန်သည်။ ပြောင်းလဲမှုကို အနည်းဆုံး ခြောက်လဝန်းကျင်စောင့်ရှုဖွယ်ရှိပြီး အဆက်အသွယ်ရရှိရန်၊ ဈေးကွက်ရရန်၊ ပြည်တွင်းလိုအပ်မှုကိုသိရန် အချိန်ပေးရမည်ဟုလည်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

“လုပ်ငန်းတွေကတော့အရှိန်ပြန်ယူလာကြပြီ၊ ရှေ့ဆက်ပြီး ပိုကောင်းလာမယ်လို့ပဲယူဆတယ်။ ဈေးကွက်ထဲမှာရှိတဲ့ တချို့လုပ်ငန်းရှင်တွေကလည်း ဈေးကွက်တိုးချဲ့ဖို့ပြင်နေကြတယ်” ဟု Crownအီလက်ထရွန်နစ်ကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးထွန်းမင်းကဆိုသည်။

ထို့အပြင် ၂၀၁၁ ခုနှစ်မှာ ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် နှစ်စမှ စတင်ပြီး အချို့လုပ်ငန်းများက ကောင်းမွန်လာကြောင်း အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ယခုနှစ်တွင် ရှိပြီးသားစက်ရုံများသာမက စက်ရုံအသစ်များလည်း တိုးတက်လာပြီး ရှိပြီးသားစက်ရုံများသည်လည်း လုပ်ငန်းများ ပိုမိုတိုးချဲ့လာရကြောင်း အထည်ချုပ်လုပ်ငန်းများအသင်း ဥက္ကဋ္ဌဦးမြင့်စိုးကဆိုသည်။

“ဒီနှစ်မှာ အလုပ်သမားတွေလည်း လစာတွေပိုပေးနိုင်တယ်။ အလုပ်လည်းပိုလုပ်ရတယ်။ ကျွမ်းကျင်အလုပ်သမားကတော့ ပိုရှားလာတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

သို့သော် လုပ်ငန်းများ တိုးချဲ့ခြင်းနှင့်အတူ ပြည်တွင်း၌ ဝယ်လိုအားရှိဖို့လည်း လိုအပ်ကြောင်း၊ ပြည်သူတစ်ဦးချင်းစီ၏ သုံးစွဲနိုင်မှုမြင့်မားရန်၊ အလုပ်အကိုင်အခွင့်အလမ်းများလည်းလိုအပ်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကပြောသည်။ အစိုးရက စီးပွားရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ရုတ်တရက်အပြောင်းအလဲများစွာပြုလုပ်ခြင်းထက် သေချာစွာစိစစ်သုံးပြီး တဖြည်းဖြည်းပြုပြင်ပြောင်းလဲမှုကိုလိုအပ်ကြောင်း မှုဆယ်-၁၀၅ မိုင်မှ ပို့ကုန်လုပ်ငန်းရှင် ဦးစိန်အုန်းလှိုင်ကလည်း သူ၏အမြင်ကိုပြောသည်။

**စာ(၁၂)သို့**

## ဗိုဗိုအချိုရည်စက်ရုံ မီးလောင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**

**မေ ၂၇**

ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁)ရှိဗိုဗိုအချိုရည်စက်ရုံတွင် မေ ၂၆ ရက်က မီးလောင်မှုဖြစ်ပွား၍ တန်ဖိုးကျပ် ၃၀၅ သိန်းဖိုးဆုံးရှုံးမှုရှိခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါ စက်ရုံမှာ အမှတ် ၄၂/၁၁၆(အေ) ကနောင်မင်းသားကြီးလမ်းတွင် တည်ရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း ပင်မဂိုဒေါင်အတွင်းရှိ ပစ္စည်းသိုလှောင်ခန်း(အထပ်သားမိုး၊ အုတ်ကာ၊ အုတ်ခင်း) ၌ အဲကွန်းပလပ်ခုံ အပူလွန်ကဲရာမှ ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ပစ္စည်းသိုလှောင်ခန်းရှိ စတေကာ၊ နို့မှုန့်၊ အချိုရည်အဆီများ လောင်ကျွမ်းခဲ့၍ ဆုံးရှုံးမှုကျပ် ၃၀၅ သိန်းရှိခဲ့ခြင်းဖြစ်သည်။ ၎င်းမီးလောင်မှုတွင်အလုပ်သမားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူက ပြောသည်။

၎င်းမီးမှာမေ ၂၆ ရက် နံနက် ၁ နာရီ ၃၅ မိနစ်တွင်စတင်လောင်ကျွမ်းပြီးနံနက် ၃ နာရီ ၃၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်ရာသို့မီးသတ်ယာဉ် ၃စီး၊ အုပ်ချုပ်မှုယာဉ်၉စီး၊မီးသတ်တပ်ဖွဲ့ဝင် ၂၁၆ ဦးနှင့် အရန် ၈၃ ဦးသွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို စက်ရုံပြင်ထိန်း တာဝန်ခံအား (ပ) ၃၇၅/၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

## ၂၀၁၁ ခုနှစ် မေ ၅ ရက်မှ ၁၁ ရက်အထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၆၀ စင်တီမီတာ(၂ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင်(၁ ပေခွဲခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၃၀ စင်တီမီတာ(၁ပေခန့်)လက်ရှိ ရေမှတ်များ၏ အထက် မြင့်တက်လာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**မွန်မြတ်ဆေးခန်း**

# မြန်မာနိုင်ငံမှ အင်ဒိုနီးရှားသို့ တင်ပို့သော ပြောင်းများ ဆိပ်ကမ်းတွင် သောင်တင်နေ

**ပြည်သိမ်း**

ရန်ကုန်၊ ဧပြီ - ၃၀

**အင်ဒိုနီးရှားသို့တင်ပို့သောမြန်မာ့ပြောင်းများအား ခွာနာလျှာနာ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်မပါ၍ အင်ဒိုနီးရှားနိုင်ငံအတွင်းသို့တင်သွင်းခွင့်မပြုဘဲ ဆိပ်ကမ်းရှိသင်္ဘောများပေါ်တွင်သာ ထားရှိရကြောင်း ပြည်ပသို့ ပြောင်းတင်ပို့နေသည့် ပို့ကုန်လုပ်ငန်းရှင်များက ပြောသည်။**

အင်ဒိုနီးရှားနိုင်ငံ ကျွဲနွားများတွင် ဖြစ်သော ခွာနာ၊ လျှာနာ ရောဂါကင်းရှင်းကြောင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ ထောက်ခံချက်ပါမှ တင်သွင်းခွင့်ပြုမည်ဟု ဆိုသည်။ ယခင်ကအဆိုပါထောက်ခံချက်မပါဘဲ တင်သွင်းခွင့်ပြုခဲ့သောကြောင့် မြန်မာကုမ္ပဏီမှာ ထောက်ခံချက် မပြုလုပ်မိကြ၍ ဆိပ်ကမ်းတွင် ပြောင်းများ သောင်တင်နေခြင်းဖြစ်သည်။

“ကျွန်မတို့ကုမ္ပဏီ တစ်ခုတည်းတင်တန်ချိန် ၂၅၀၀လောက်ရှိတယ်။ မြန်မာက ပြောင်းပို့တဲ့ကုမ္ပဏီအားလုံးက ဆိပ်ကမ်းမှာပဲရှိသေးတယ်” ဟုဆောင်းရန့်အင်တာနေရှင်နယ်ထရိတ်ဒင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ အင်ဒိုနီးရှားသို့ပြောင်းတင်ပို့ရောင်းချသော စနစ်သည် သင်္ဘောပေါ်အရောက်(FOB)စနစ်ဖြင့်ရောင်းချခြင်းဖြစ်သော်လည်း တစ်ဖက်ဝယ်လက်နှင့် ရေရှည်ဆက်ဆံရေးကိုကြည့်၍ ပြည်တွင်းမှထောက်ခံချက်ရအောင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ဖိလစ်ပိုင်သို့တင်ပို့နေသည့် ပြောင်းများကိုမူ ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ထည့်ပေးရကြောင်း ပြောသည်။

ပြည်တွင်းဈေးကွက်၌ပြောင်းဈေးသည် ၅၄ ပိဿာလျှင် တစ်အိတ်ကို ၁၈,၀၀၀ ကျပ်ထိ ဈေးကျလာသည်။ လက်ရှိဈေးနှုန်းမှာ ထပ်မံကျဆင်းနိုင်ခြေရှိပြီး ၁၇,၀၀၀ ကျပ်ဝန်းကျင်ထိ ရောက်ရှိနိုင်ကြောင်း ဘုရင့်နောင်ပွဲရုံတန်းမှ ပြောင်းကုန်သည်တစ်ဦးက ဆိုသည်။

“ပြောင်းက ဈေးကွက်ထဲမှာ ရောင်းသူသာရှိတယ်။ ဝယ်သူမရှိဘူး” ဟုအထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

တရုတ်-မြန်မာနယ်စပ်မှူဆယ်မြို့၌လည်းတရုတ်ကုန်သည်များဝယ်ယူမှု ရပ်နားထားသဖြင့် ပြောင်းဈေးမှာ သင်္ကြန်နောက်ပိုင်းတွင်တဖြည်းဖြည်းကျဆင်းလာသည်။ ပြောင်းတစ်ကီလို ၁၀ ယွမ်ဝန်းကျင်မှ ၉ ယွမ်အထိ ကျဆင်းလာသည်။

မြန်မာနိုင်ငံမှပြောင်းအဓိကတင်ပို့သောနိုင်ငံများမှာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့အဓိကတင်ပို့နေရကြောင်း သိရသည်။

## မြန်မာကွန်ဗင်းရှင်းစင်တာအနီးတွင် ဂီတဉယျာဉ်တစ်ခုဖွင့်လှစ်

**အေးသူစံ**

ရန်ကုန်၊ ဧပြီ- ၂၇

ယခင်ကျောက်စိမ်းများ ရောင်းချရာနေရာဖြစ်သော မင်းဓမ္မလမ်း၊ ကိုးမိုင်ရှိ MCC (Myanmar Convention Center) အနောက်ဘက်တွင် Sky Heart အမည်ဖြင့် ဂီတဉယျာဉ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါဉယျာဉ်၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါဂီတဉယျာဉ်ကို မေလ ၅ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး လိုက်ဖ်ရှိုးများရိုက်ကူး ခြင်း၊ အသံသွင်းခြင်း၊ ဒီဗီဒီရိုက်ကူးခြင်းများကို ပြုလုပ်နိုင်ပြီးကျယ်ဝန်းသောနေရာ၊ ခေတ်မီစက်ကိရိယာများ၊ သပ်ရပ်သောအဆောက်အအုံတို့ကြောင့် ရိုက်ကူးလိုသူများအတွက် ရှုတင်နေရာသစ်ဖြစ်လာဖွယ်ရှိနေသည်။ ဝန်ဆောင်ခကိုလည်း သင့်တင့်သောနှုန်းထားတစ်ခုဖြင့်သာ ရယူမည်ဖြစ်ပြီး ဂီတဉယျာဉ်လုပ်ငန်းဖြင့်တွဲ၍ လူသားအကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်းလည်းသိရသည်။

အဆိုပါ Sky Heart ဂီတဉယျာဉ်ကို International Entertainment Group မှ ဖွင့်လှစ်ခြင်းဖြစ်ပြီး ဂီတဝါသနာပါသော လူငယ်ဂီတဝါသနာရှင်၊အနုပညာရှင်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသည်ဟု သိရသည်။

# ရန်ကုန်တွင် ဧပြီလအတွင်း ဝမ်းလျှောသူ ၁၃၅ ဦးရှိ

**ကျော်သီဟ၊ ဝတ်ရည်**

ရန်ကုန်၊ ဧပြီ - ၂၈

မြန်မာနှစ်သစ်ကူးကာလဧပြီလအတွင်း ရန်ကုန်မြို့တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သူ စုစုပေါင်း ၁၃၅ ဦးရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရုံးမှသိရသည်။

ဧပြီလ၌ သင်္ကြန်ကာလအတွင်း သဃ်န်းကျွန်းမြို့နယ် ရပ်ကွက်-၂ ခု၌ ဝမ်းပျက်ဝမ်းလျှောရောဂါစတင် ဖြစ်ခဲ့ပြီး၊ မြို့နယ်အချို့၌ဆက်လက်ဖြစ်ကာဧပြီလ ၁၇ ရက်အထိ ရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၃၅ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ စာရင်းဇယားများအရသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုစာရင်းများကောက်ယူခဲ့ရာ အများဆုံးဖြစ်သောမြို့နယ်များမှာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)တွင် ၂၅ဦး၊ ဒဂုံ (တောင်ပိုင်း)တွင် ၂၁ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် ၁၆ဦးရှိခဲ့ပြီး သေဆုံးသူမရှိခဲ့ကြောင်း သတင်းရရှိသည်။

သင်္ကြန်အပြီး ကာလတွင်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ယခင်နှစ်များကကဲ့သို့ ဖြစ်ပွားလာကြောင်းသတင်းရရှိသည်။



လမ်းဘေးတွင်ရောင်းချနေသော ထမင်းဆိုင်တစ်ဆိုင်ကိုတွေ့ရစဉ်

“ဝမ်းပျက်ဝမ်းလျှောလူနာတွေကတော့ ဒီအချိန်ဆိုပုံမှန်များလာပြီလေ။ ဒါပေမယ့် ဖြစ်တဲ့သူတွေကတော့ အရင်နှစ်တွေဖြစ်တဲ့ ဦးရေလောက်ပါပဲ။ တစ်နေ့ကို ၃၊ ၄ ယောက်လောက်တော့ရှိတယ်” ဟုရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာဦးချစ်စိုးက ပြောသည်။

မြန်မာနိုင်ငံတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် နှစ်စဉ် ပုံမှန်အားဖြင့် ဧပြီ၊ မေ၊ ဇွန်လများတွင်ဖြစ်ပွားမှုများပြီး ထိုအချိန်တွင်ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် သောက်ရေ၊ သုံးရေညစ်ညမ်းမှုများကြောင့်ဖြစ်ပွားကြောင်း သိရသည်။

“ပုံမှန်ဖြစ်နေကျဆင်ခြေဖုန်းနေရာတွေမှာပဲဖြစ်တာများတယ်” ဟုရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် အမှည့်လွန်နေသည့်အစားအစာများနှင့် သန့်ရှင်းမှုမရှိသည့် လက်သုပ်အစားအစာများ စားသုံးခြင်းအား ရှောင်ကြဉ်ခြင်း၊ နေ့စဉ်အသုံးပြုသည့်ရေနှင့် သောက်သုံးရေများအားရေသန့်ဆေးရည်(သို့မဟုတ်) ကျိုချက်ပြီးမှသာ အသုံးပြုသင့်ခြင်း၊ ရေတွင်းရေကန်များ၊ တုံကင်အဝီစိတွင်းများအား ပြင်ပမှရေများ စိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် ထိတွေ့မှုမရှိစေရန် အကာအကွယ်များပြုလုပ်ခြင်း၊ အိုးခွက်ပန်းကန်များသည်ပုရွက်ဆိတ်များ၊ ကြွက်များကြောင့် ညစ်ညမ်းနိုင်သည့်အတွက် အစာမစားမီပြန်၍ ဆေးကြောခြင်း၊ ယင်လုံအိမ်သာအသုံးပြုခြင်း၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်းများဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်စေရန် ကာကွယ် သင့်ကြောင်းသိရသည်။

**စာ(၁၂)သို့**

Life
7 DAY NEWS JOURNAL
Vol.10, No.7 · MAY 5, 2011


လက်ပန်တောင်းတောင်စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်သူများအတွက် ဆောက်လုပ်ထားသော နေအိမ်များ။

# အလျော်အစား ပျော်ပျော်ပါးပါး

ရွှေဖြိုးမောက်ရေးသား၍ မျိုးမင်းဦးပုံပိုးသည်

ဘယ် တုန်းကမှ ဘယ်သူမျှ ဘယ်လိုနည်းနဲ့မှ မျှော်လင့်မထားတဲ့ ကိစ္စအခုတော့ တကယ်ဖြစ်လာခဲ့ပြီ။ အိပ်မက်မဟုတ်၊ ကောလာဟလမဟုတ်၊ တကယ့်ရုပ်လုံးအကောင်အထည်တွေကို လက်တွေ့ရယူပြီးကြပြီ။ မြင်တွေ့နေကြရပြီ။ အမှန်အကန် အပြောင်းအလဲကို ရင်ဆိုင်ကြရပြီ။ နှစ်သစ်နဲ့အတူ နေရာအသစ်၊ အိုးအိမ်အသစ်၊ လုပ်ငန်းအသစ်များဖြင့် ဘဝအသစ်ကိုစတင်ကြရတော့မည်။ စဉ်းစားကြရမည်။ ရွေးချယ်ကြရမည်။ စွန့်စားကြရမည်။ ရှေ့ဆက်ကြရမယ့် ဘဝခရီးကာလများအတွက် အခုအချိန်မှစကာ ရင်ဆိုင်ဖြတ်သန်းကြရတော့မည်။

သူတို့အားလုံး နေထိုင်ကြီးပြင်း ရှင်သန်ပျော်မွေ့ရာကျေးရွာများရဲ့ သဘာဝနောက်ခံပန်းချီကားကြီးအဖြစ် မားမားမတ်မတ်ပနံရခဲ့သည့် လက်ပန်းတောင်းတောင်ကြီးထဲမှာ အဖိုးမဖြတ်နိုင်တဲ့ သဘာဝသယံဇာတတွေရှိတယ်ဆိုတာကို ကြားသိခဲ့ကြပြီးပြီ။ သတ္တုရတနာတွေကို တူးဖော်ရှာဖွေကြတော့မည်။ ကိုယ့်ရေကိုယ့်မြေကိုယ့်ဒေသက သည်လိုတွင်းထွက်တွေ ထွက်မယ်ဆိုတာကြားရတော့ဝမ်းသာသလိုလိုဖြစ်ကြသည်၊ ဂုဏ်ယူမိကြသည်။ သူတို့ ပေါင်းဖော်ခင်တွယ်ခဲ့ရာ၊ လုပ်ကိုင်အသက်မွေးခဲ့ရာ စိုက်ပျိုးမြေတွေနဲ့ သူတို့ ခြေချကျင်လည်ခဲ့သည့် ရပ်ရွာတွေကို ခွဲခွာထားရစ်ခဲ့ရမည်ကိုသိရတော့လည်း ဝမ်းနည်းမျက်ရည် လည်ကြရသည်။ မတတ်နိုင်ပြီ။ လူသားအားလုံးကောင်းကျိုးအတွက် သူတို့တစ်တွေ အထိုက်အလျောက် အနစ်နာခံကြရမည်ဟု သဘောထားကြသည်။ သံယောဇဉ်အမျှင်တင်းနေသော စိတ်တွေကိုရေရှည်အတွက် ချင့်ချိန်မျှော်ကိုးကာ ဖြေလျှော့ကြရသည်။ နားလည်ပေးကြရသည်။

အပြောင်းအလဲဖြစ်ခဲ့ကြတဲ့ သူတို့အတွက် ထိုက်သင့်တဲ့အလျော်အစားတွေရကြတော့အဆိုးထဲက အကောင်းအဖြစ် ထင်မှတ်ကာကျေနပ်ကြရသည်။ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အိမ် အရန်သင့် သပ်သပ်ရပ်ရပ် သတ်မှတ်တည်ဆောက်ပေးသည်။ ရေမီးပြည့်စုံအောင် ဖန်တီးပေးသည်။ တစ်ရွာလုံးအတွက် ကျောင်းအသစ်၊ ဈေးအသစ်၊ စာကြည့်တိုက်၊ ဆေးပေးခန်း၊ အိတ်ချိန်းရုံး၊ မီးသတ်နဲ့ရွာဦးကျောင်းတွေလည်းပါဝင်သည်။ သည်လိုဆိုတော့လည်း လုံးလုံးလျားလျား အခြေမပျက်သေးဟု တွက်ဆအောက်မေ့ကြရသည်။ မူလတိုက်ခံအိမ်ပိုင်ရှင်က တိုက်ခံအိမ်ပြန်ရမည်။ နှစ်ထပ်အိမ်ပိုင်ရှင်က နှစ်ထပ်အိမ်ပြန်ရမည်။ တစ်ထပ်အိမ်ပိုင်ရှင်က တစ်ထပ်အိမ်၊ နောက်ဆုံးတဲအိမ်ပိုင်ရှင်က အုတ်ဖိနပ်ခံ ဒူးထောက်တစ်ထပ်အိမ်ပြန်ရမည်။ အိမ်ရာအားလုံးက ပျဉ်ထောင်၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးဟုသိကြရသည်။ အိမ်ရာ၊ မြေနေရာတွေအတွက် တစ်ပြား တစ်ချပ်မျှ ပေးစရာမလိုဟု သိရတော့ အမောပြေကြရသေးသည်။

ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းတောင်ရဲ့အရှေ့ဘက်နဲ့ တောင်ဘက်မှာရှိကြတဲ့ ဝက်မွေး၊ ကံတော၊ ဆည်တည်း၊ ဇီးတော စုစုပေါင်း ရွာလေးရွာနဲ့ ဘုန်းတော်ကြီး ကျောင်းငါးကျောင်း နေရာသစ်ကို ရွှေ့ပြောင်းကြရမည်။ အိမ်ခြေစုစုပေါင်း ငါးရာခန့်ရှိသည်။ စိုက်ပျိုးမြေက စုစုပေါင်း ခုနစ်ထောင်ကျော်ကို သူတို့အပြီးအပိုင် နှုတ်ဆက်ကြရမည်။ သူတို့ ခိုမှီစားသောက်ခဲ့ကြသည့် ယာမြေ၊ လယ်မြေတွေအတွက် တစ်ဧကကို ငွေငါးသိန်းနှစ်သောင်းနှုန်းဖြင့် လက်ခံလဲလှယ်ခဲ့ကြရသည်။ ထန်းတစ်ပင်ကို ကျပ်ငါးထောင်နှုန်းဈေးဖြတ်ခဲ့ကြရသည်။ ယခင်ရွာနှင့်နီးသည့် လယ်ယာမြေအချို့ကို တစ်ဧကလျှင် ကျပ်ခြောက်သိန်းကိုးသောင်း၊ ကျပ်ခြောက်သိန်းငါးသောင်းစသည်ဖြင့် လျော်ကြေးပေးခဲ့သည်။ ယာမြေပစ္စည်းတွေအဖြစ်မှ အသပြာငွေ အထုပ်အစည်းတွေအဖြစ် အသွင်ပြောင်းခဲ့ရသည်။

တောင်အလုံးပေါင်း ၃၃ လုံးရှိသော လက်ပန်းတောင်းတောင်တွင် ကြေးနီသတ္တုတူးမည်ဖြစ်၍ စီမံကိန်းအနီးတစ်ဝိုက်ရှိ ကျေးရွာနှင့် ယာမြေများကို သက်ဆိုင်ရာကုမ္ပဏီက ရွှေ့ပြောင်းလျော်ကြေးပေးခြင်းဖြစ်၏။ လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်းကို သတ္တုတွင်းဝန်ကြီးဌာန၊ China Industries Coporation (နိုရင်ကုမ္ပဏီ) နှင့်ပြည်တွင်းကုမ္ပဏီအချို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည်။

လက်ပန်းတောင်းတောင် စီမံကိန်းမတိုင်ခင် ဆောင်ရွက်ခဲ့သော စံပယ်တောင်၊ ကြေးစင်တောင်ကြေးနီတူးဖော်ရေး စီမံကိန်းများဆောင်ရွက်စဉ် ၁၉၇၀ ခုနှစ် ဝန်းကျင်ကလည်း စီမံကိန်းအတွင်း ပါဝင်သွားသော လယ်ယာမြေများကို လျော်ကြေးပေးဖူးသည်။ ထိုစီမံကိန်းအတွင်းပါခဲ့သော ကံကုန်း၊ ဒုန်တော၊ ရွာသာစသည့် ကျေးရွာများမှ လယ်ယာမြေများကို ထိုအချိန်က တစ်ဧကလျှင် ကျပ်တစ်ရာမှ ကျပ်ငါးရာအထိလျော်ကြေးပေးဝယ်ခဲ့သည်။ နောက်ပိုင်း တစ်ဧကလျှင် ကျပ်တစ်သောင်းထိ ပေးဝယ်ခဲ့သည်။

စီမံကိန်းတွင် အခုလက်ပန်းတောင်းတောင် မူလ မြေပိုင်ခဲ့သူများအဖို့ အနည်းဆုံးကျပ်ငါးသိန်းမှ ကျပ်သိန်းလေးရာအထိ ရကြတာမို့ နေမထိ၊ ထိုင်မထိဖြစ်ကြရသူတွေလည်း ရှိသည်။ ရှေ့ဆက်ဘယ်လိုခရီးဆက်ရပါ့မလဲ စဉ်းစားဦးနှောက်ခြောက်ရင်း နေမချိထိုင်မချိဖြစ်နေကြသူတွေလည်း ရှိသည်။ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုံးဝပြောင်းလဲပစ်ဖို့ ကြိုးပမ်းနေသူတွေလည်း ရှိသည်။ မိရိုးဖလာတောင်သူအလုပ်ကိုပဲ ပြန်လည်ဖက်တွယ်ဖို့လုပ်ကွက်အသစ်ဝယ်ယူဖို့ရှာဖွေလုံးပန်းနေကြသူတွေလည်း ရှိသည်။ စာ(၁၁)သို့




## စင်ကာပူနိုင်ငံထုတ် အမျိုးသမီးဝတ်အင်္ကျီတွေရှိတဲ့နေရာ


အိဖြူလွင်


တံဆိပ်တစ်မျိုးတည်းက ပစ္စည်းတွေဖြစ်ပေမယ့် ရာသီအလိုက် ဖက်ရှင်စတိုင်တွေ ပြောင်းလဲဝတ်ဆင်နိုင်မယ့် အဆင့်မြင့်ဖက်ရှင် Brand တစ်ခုကို ဒီတစ်ပတ် 7Day News ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ မိတ်ဆက်ပေးပါရစေ။

စင်ကာပူနိုင်ငံက ထုတ်လုပ်တင်သွင်းတာဖြစ်ပြီး မြန်မာနိုင်ငံကိုလွန်ခဲ့တဲ့ နှစ်လကျော်လောက်ကမှရောက်ရှိခဲ့တဲ့ bYSI အမှတ်တံဆိပ်က အမျိုးသမီးဝတ်အထည်တွေကိုပဲ သီးသန့်ရောင်းချတာဖြစ်ပါတယ်။

Made in Singapore ဖြစ်တဲ့အတွက် ပစ္စည်းအရည်အသွေးကို စိတ်ပူစရာ လုံးဝမလိုဘဲ ဈေးနှုန်းကလည်း စင်ကာပူဒေါ်လာကို ပေါက်ဈေးနဲ့ မြှောက်ပြီး ရောင်းချတာပါ။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)







မြန်မာငွေနဲ့ တွက်ရင်တော့ အနည်းဆုံး တစ်သောင်းငါးထောင်ကျပ်လောက်နေ ငါးသောင်းကျော်လောက်ထိ ဈေးနှုန်းရှိပါတယ်။

အမျိုးသမီးငယ်တွေနဲ့ လူလတ်ပိုင်း အမျိုးသမီးတွေအတွက် အဝတ်အထည်တွေကိုသာ အဓိကထုတ်လုပ်တဲ့ bYSI အမှတ်တံဆိပ်က ရာသီအလိုက်အဆင်ပြေမယ့် အင်္ကျီဒီဇိုင်းတွေကို ထုတ်လုပ်တာလို့ သိရပါတယ်။

စကတ်တွေ၊ အင်္ကျီတွေ၊ ဂါဝန်တွေစတဲ့ အမျိုးသမီးဝတ် Brand အသစ်တွေကို ဝတ်ချင်တယ်ဆိုရင်တော့ တော်ဝင်စင်တာရဲ့ Blazon Department ထဲက bYSI ကောင်တာကို သွားကြည့်ဖို့လမ်းညွှန်လိုက်ပါတယ်။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ဂျုံးမြစ် ငါးဖန်းမငါးပိကောင်ဟင်း



ပြီးခဲ့တဲ့ တစ်ပတ်က ငါးပိချက် ချက်ပြီး ဒီတစ်ပတ်လည်း ငါးဖန်းမငါးပိကောင်ဆိုလို့ ဝိုက်ဖီပရိသတ်ကြီး သွေးတွေကြို တက်မသွားလိုက်ပါနဲ့ဦး။ ငါးဖန်းမ ငါးပိကောင်ချက်ဆိုပေမယ့် အငန်ထုတ်ပြီးချက်ထားတာမို့ စားလို့အဆင်ပြေမယ် ထင်ပါတယ်။ ဒီဟင်းလေးက ခနုတိုင်းရင်းသားတွေ ချက်ပြုတ်စားသောက်လေ့ရှိပြီး ရှမ်းပြည်တောင်ပိုင်းသားတွေလည်း ကြိုက်နှစ်သက်တဲ့ ဟင်းတစ်မျိုးလို့ဆိုပါတယ်။

ဂျုံးမြစ် ငါးဖန်းမ ငါးပိကောင်ဟင်းချက်ဖို့ အရွယ်တော် ငါးပိကောင် သုံးကောင်၊ ဂျုံးမြစ် ငါးကျပ်သားခန့်၊ ခရမ်းချဉ်သီး အရွယ်တော် သုံးလုံး၊ ငရုပ်သီးစိမ်း အနည်းငယ်နဲ့ ကြက်သွန်နီ တစ်လုံးပဲလိုပါတယ်။

အရင်ဆုံး ပြင်ဆင်ရမှာကတော့ ငါးပိကောင်ကို ရေစင်အောင်ဆေးဖို့ပါ။ ဗိုက်ထဲက ဆားတွေထွက်သွားအောင်ထိ သေချာ ရေလောင်းပြီး ဆေးရပါမယ်။ ရေသေချာဆေးပြီး ရေစစ်ပြီးသွားပြီဆိုရင်တော့ နနွင်းအနည်းငယ်နဲ့ ဟင်းခတ်မှုန့်တို့ကို ဗိုက်ထဲထိဝင်အောင် သေသေချာချာ နယ်ပေးရပါမယ်။ သေချာနယ်ပြီးသွားရင်တော့ ဂျုံးမြစ်ကို ရေသေချာဆေး။ အမြစ်ဆုံလေးကနေ တစ်ချောင်းချင်းစီ ဖွဲ့ယူပြီး အရင်းနားကပ်နေတဲ့ မြေကြီးမှုန့်တွေ စင်အောင် ဆေးပေးပါ။

စာ(၁၁)သို့

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011








စပါးလှေ့နေသော
တောင်သူများ။
ဓာတ်ပုံ - အားမာန်

# ဂဏန်းအကိုင်ခံနေရတဲ့ တောင်သူတွေ

**သူရအောင်ထက်**

ကျေးလက်ဒေသတွင် နေထိုင်သူတစ်ဦး နှုတ်ဆက်စကားသံကြောင့် ဦးဘဟိန်းတစ်ယောက် အံ့သြသွား ရသည်။ “ဘာရလဲဆရာ”ဟုမေးလာသော မေးခွန်းကြောင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေချိန်တွင် ထိုသူက မေးခွန်းဆက်မေးသည်။ “ဒီမနက်ဘာဂဏန်းရလဲ” ထိုမှသာ သူသဘောပေါက်သွားသည်။ စိုက်ပျိုးရေးပညာရှင်တစ်ဦးဖြစ်သောသူ့ကို ထိုတောင်သူမေးသော မေးခွန်းမှာစိုက်ပျိုးရေးနှင့် ဆိုင်သည့်မေးခွန်းမဟုတ်။ ထို့ကြောင့် သူ့အမေးကို “ကျွန်တော်နှစ်လုံး၊ သုံးလုံးမထိုးဘူး” ဟုစကားပြန်လိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကော့မှူးခံကျေးရွာတွင် စိုက်ပျိုးရေးပညာပေး ကွင်းဆင်းဆောင်ရွက်စဉ် ဦးဘဟိန်းနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသော တောင်သူတစ်ဦး၏ နှုတ်ဆက်စကားသံအသစ်ဖြစ်သည်။

“မြန်မာလူမျိုးဆိုတာ အင်မတန်နှုတ်နည်းတာ။ တောင်သူတွေပိုဆိုးတာပေါ့။ ဒီလောက်နှုတ်နည်းတဲ့တောင်သူက ကျွန်တော့်လို ဒေသခံမဟုတ်တဲ့ လူတစ်ယောက်ကို ဒါမျိုးမေးတော့ တော်တော်လေး စိတ်ပူသွားတယ်”ဟုဦးဘဟိန်းက ထိုတောင်သူ၏ မေးခွန်းအပေါ် မှတ်ချက်ပေးသည်။

ထို့ကြောင့် ကျေးရွာများတွင် စုံစမ်းကြည့်သောအခါ နှစ်လုံးထီ လုပ်ငန်းမှာ လိုင်စင်ရလုပ်ငန်းတစ်ခုကဲ့သို့ မိန်းကလေး၊ ယောကျ်ားလေးစုစုပေါင်း ၇၀ ရာခိုင်နှုန်းခန့် နှစ်လုံး၊ သုံးလုံးထိုးနေကြသည်ဟု သိခဲ့ရကြောင်း စိုက်ပျိုးရေးပညာရှင်က ဆက်ပြောသည်။ နှစ်လုံး၊ သုံးလုံးနှင့် တစ်လုံးဟုခေါ်သော ဘောလုံးလောင်းကစားခြင်းများကို ယနေ့အခါတောင်သူများသာမက မြန်မာနိုင်ငံအနှံ့အပြားရှိ လက်လုပ်လက်စားများနှင့် ဝန်ထမ်းအချို့တွင် ရောဂါတစ်ခုလို စွဲကပ်နေပြီဖြစ်သည်။

“ချောင်းသာမှာဆို မေလဆန်းကစပြီးအောက်တိုဘာလောက်ထိက အလုပ်သိပ်မရှိဘူးလေ။ အဲဒီကာလမှာ နှစ်လုံးသုံးလုံးချပြီး နွေတုန်းက ရှာထားတာတွေနဲ့” ဟု ချောင်းသာဒေသခံတစ်ဦးကလည်း ဆိုသည်။

“နှစ်လုံးထီက ဘယ်လောက်ဆိုးသလဲဆိုရင် ကျွန်တော်ညွှန်ကြားရေးမှူးချုပ် ဘဝက နှလုံးခွဲပြီး ဆေးရုံကဆင်းပြီး ရုံးသွားတော့တပည့်တွေအများကြီး လာကြိုကြတာ ဝမ်းသာလိုက်တာ။ ညကျတော့ တပည့်တစ်ယောက်က ဖုန်းဆက်ပြောတယ်။ ဒီနေ့ရုံးမှာ ဆရာဆေးရုံက ဆင်းမယ်ဆိုတော့ ဆရာ့နာမည်ကို အတိတ်ကောက်ပြီး ၄၇/၇၄ ထိုးတာ တစ်ရုံးလုံးပေါက်လို့ လာကြိုတာလို့ ပြောတယ်”ဟုညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)တစ်ဦးက လွန်ခဲ့သည့်ငါးနှစ်ကျော်က သူ၏အတွေ့အကြုံကိုပြောသည်။

မြန်မာနိုင်ငံသို့ နှစ်လုံး၊သုံးလုံး လုံးလောင်းကစားခြင်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်ကတည်းက စတင်ပေါက်ဖွားခဲ့သည်။ ထိုင်းနိုင်ငံတွင် ၁၅ ရက်တစ်ကြိမ် ထုတ်ဝေသော ထီနောက်ဆုံးဂဏန်းအား ယူ၍ သုံးလုံးဂဏန်းအဖြစ်ကစားကြသည်။ ပေါက်ပါက အဆ ၆၀၀ ရရှိကြသည်။

ထို့နောက် တစ်နေ့တစ်ကြိမ် ထိုးကျသော နှစ်လုံးထီမှာ မြန်မာ့ထီဆုကြီးနောက်နှစ်လုံးအား ယူ၍ တစ်နေ့တစ်ကြိမ်ကစားခဲ့ကြသည်။ ထိုမှတစ်ဆင့်တက်လာခဲ့ရာ အောင်ဘာလေထီ၏ နောက်နှစ်လုံးအား မယူတော့ဘဲ တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့်တစ်ပတ်လျှင်ငါးရက်ကစား၍ရသော ထိုင်းစတော့အိတ်ချိန်းနောက်ဆုံးဂဏန်း နှစ်လုံးအားယူ၍ တစ်နေ့နှစ်ကြိမ်ကစားလာကြသည်။ နှစ်လုံးသမားများ၏ အခေါ်မှာ မနက်ဈေးညနေဈေးဖြစ်သည်။

“အရင်တုန်းက တစ်နေ့နှစ်ကြိမ်ပဲ အခုဆို တချို့နေရာတွေ သုံးကြိမ်ဖြစ်လာပြီ။ လူတွေကတခြားတိုးတက်ရာ တိုးတက်ကြောင်း မတွေးကျတော့ဘူး။ နှစ်လုံး သုံးလုံးပဲတွေးနေကျတော့တယ်” ဟု ဝေါမြို့ခံ တောင်သူကြီးတစ်ဦးက ပြောသည်။

နှစ်လုံး၊သုံးလုံး လောင်းကစားများအား ကစားရခြင်း၏အကြောင်းအရင်းမှာ “အကျပ်အတည်းတစ်ခုကို ထွက်ပေါက်ရှာတဲ့သဘောပဲ။ ဒါပေမဲ့ ထင်သလို မဖြစ်ဘူး။ အကျပ်အတည်းပိုဖြစ်လာတယ်” ဟု ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်မှ ဒေသခံတောင်သူတစ်ဦးက ဆိုသည်။

ထို့ကြောင့် နှစ်လုံး၊ သုံးလုံး ကစားသော တောင်သူများမှာ သွင်းအားစုများ သုံးစွဲရန် မတတ်နိုင်တော့ဘဲ စိုက်ပျိုးနိုင်သည့် လယ်များကိုပင် စရိတ်သက်သာအောင်စိုက်ပျိုးလာသည်။

စပါးဆိုလျှင်မစိုက်ဘဲ ကြဲ၍ စိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းများ ထိခိုက်လာခဲ့သည်။

ငွေကြေးပြေလည်သူများမှာလည်း နှစ်လုံး၊ သုံးလုံးထိုး၍ ခနအင်အားလျော့ကျလာကာ အိမ်မဲ့ယာမဲ့ ဖြစ်ကြရသူများပင်ရှိသည်။ နှစ်လုံးသုံးလုံးအများဆုံးကားသော လက်လုပ်လက်စားများမှာမူ စီးပွားရေးပိုမိုခက်ခဲလာကြသဖြင့် ဂတိမတည်သူများ၊ ထိုမှ အကျင့်စာရိတ္တယိုယွင်းမှုများပင်ရှိလာကြသည်။

“ချမ်းသာချင်လျှင် တောင်သူတွေနှစ်လုံးသုံးလုံး မထိုးကျပါနဲ့” ဟုတွေ့သမျှတောင်သူများကို စေတနာအပြည့်ဖြင့် ပြောသူက ပဲခူးတိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းအသင်း အတွင်းရေးမှူး ဦးကျော်တင့်ပင်။

**စာ(၁၁)သို့**

## စာ(၁၀) ဂဏန်းအကိုင်ခံနေရတဲ့ တောင်သူတွေ မှ

ကျေးရွာတိုင်းလိုလိုတွင် ယောကျ်ားလေးအချို့ နှစ်လုံး သုံးလုံးရောင်းပြီး ကောက်စိုက်သမနှင့် ကျေးရွာသူအများစုကလည်း နှစ်လုံးသုံးလုံးကို အားပေးကြသဖြင့် လယ်ယာစိုက်ပျိုးရေးတွင် အာရုံလျော့ကျကုန်သည်။ ထို့အပြင် လယ်ယာလုပ်သားများ ကြွေးထူလာကြသည်။

"အရင်တုန်းက ကောက်စိုက်မခေါင်းကို ပိုက်ဆံပေးထားလိုက်ရင်ကိုယ်လိုတဲ့အချိန် ကောက်စိုက် မဘယ်လောက်ခေါ်ခေါ်ရတယ်။ အခုအဲဒီလိုမဟုတ်တော့ဘူး။ ကောက်စိုက်သမခေါင်းက ယူထားတဲ့ပိုက်ဆံကို နှစ်လုံး၊သုံးလုံးထိုးပြီး အခြားကောက်စိုက်သမတွေ မပေးတော့ အချိန်တန်လူခေါ်လို့ မရဘူး" ဟုဦးကျော်တင့်က သူ၏ အတွေ့အကြုံကို ပြောသည်။

နှစ်လုံးသုံးလုံး ရှုံးသဖြင့် မိမိယူထားသော အကြွေးများ မဆပ်နိုင်ဖြစ်ကာ နည်းလည်းမမှန်သည့်လမ်းများ ရွေးချယ်လာကျရာမှ ဘဝပျက်ခဲ့ရသူများစွာ ရှိခဲ့ကြသည်။ နှစ်လုံး၊သုံးလုံးကြောင့် အကြွေးတင်နေ၍ ကိုယ့်ဒေသတွင် အလုပ်မလုပ်ဘဲ အခြားအရပ်များနှင့် နယ်စပ်ဒေသများတွင် အလုပ်သွားလုပ်သူများလာ၍ ယခုနောက်ပိုင်း လယ်ယာလုပ်သားပင် ရှားပါးလာသည်ဟု ပဲခူးတိုင်းဒေသကြီးမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လောင်းကစားနည်းဖြင့်ဖြတ်လမ်းက ချမ်းသာချင်သည်မှာမဖြစ်နိုင်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း သနပ်ပင်ဒေသခံ ကုန်သည်တစ်ဦးကဆိုသည်။

ပဲခူးတိုင်းဒေသကြီး ခလပ်ကျေးရွာတွင် နှစ်လုံးသုံးလုံးက စားခြင်းကြောင့် လယ်မဲ့ယာမဲ့များ ဖြစ်လာပြီး ချေးယူထားသော ငွေများပြန်မဆပ်ကျသဖြင့် ငွေချေးသူများက ထပ်မံမချေးကျသဖြင့် အခက်အခဲကြုံတွေ့ခဲ့ရကြောင်း အဆိုပါဒေသခံတစ်ဦးက ပြောသည်။

"ခလပ်မှာ အဲဒီလိုဖြစ်တော့ ကျေးရွာဥက္ကဋ္ဌကနေ နှစ်လုံးသုံးလုံးတွေလက်မခံတော့ဘူး။ ရောင်းတာလည်း လက်မခံဘူး။ ပြောလို့မရရင်ဖမ်းမယ်ဆိုတော့ နှစ်လုံးထီပျောက်သွားတယ်။ အဲဒီနောက်ပိုင်းကျမှပဲ တောင်သူတွေလည်း နည်းနည်း အဆင်ပြေလာကြတယ်"ဟု အဆိုပါဒေသခံက ဆိုသည်။

မြန်မာနိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူများအဆင်ပြေစေရန် အစိုးရသစ် အပါအဝင်တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများကလည်း ကူညီရန် စဉ်းစားတိုင်ပင်နေကြသည်။ မည့်သည်ဘက်က ကူညီလျှင်ဖြင့် တောင်သူများ အမြန်ဆုံးအဆင်ပြေလာမည့် နည်းလမ်းရှာကျန်နေကျလေပြီ။

"ငွေချေးရုံလောက်ကတော့ ဟင်းစားပေးသလိုပဲဖြစ်မယ်" ဟု စိုက်ပျိုးရေးပညာရှင်ဦးဘဟိန်းက ဆိုသည်။ ထို့ကြောင့်လူထုအတွင်းမှ နှစ်လုံး၊သုံးလုံးရောဂါအား အချိန်မီကုသရန် သက်ဆိုင်ရာ စဉ်းစားသင့်ပေပြီ။

နှစ်လုံးသုံးလုံးများဆက်လက်တည်ရှိနေပါက မြန်မာလူမျိုးတို့နှုတ်ဆက်နေကြဖြစ်သော နေကောင်းလား။ စားပြီးပြီလား။ စကားများအစားဘာရလဲ၊ဘာကောင်းလဲ စကားများ အစားထိုးလာမည်ကိုစိုးရိမ်မိကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

## တာလေလျှောင်အတွက် အိန္ဒိယအစိုးရက ဒေါ်လာတစ်သန်းလှူဒါန်း

ရန်ကုန်၊ မေ - ၂၆

အိန္ဒိယသမ္မတနိုင်ငံအစိုးရက ပြီးခဲ့သည့်မတ်လအတွင်းက ရှမ်းပြည်နယ်တွင်ဖြစ်ပွားခဲ့သည့်မြေငလျင်ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းကူညီရေးအတွက် အမေရိကန်ဒေါ်လာတစ်သန်းလှူဒါန်းသွားမည်ဖြစ်ကာ၊ ပထမဆုံးအဖြစ် အမေရိကန်ဒေါ်လာနှစ်သိန်းငါးသောင်းကို တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စတင်လှူဒါန်းခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စားပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရှေရာဒရီက နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ နေပြည်တော်၌ ယနေ့ပေးအပ်လှူဒါန်းခဲ့သည်။

ကျန်ရှိသည့်အလှူငွေအမေရိကန်ဒေါ်လာခုနစ်သိန်းငါးသောင်းကိုငလျင်ဘေးဒဏ်ခံပြည်သူများအတွက်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက သတင်းထုတ်ပြန်သည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## လူ့အရည်အချင်းပြုစုပျိုးထောင်ရာမှာ ကိုယ်ကျင့်သီလက လက်တွေ့ကျတယ် ..

ယနေ့မျက်မှောက်ကာလမှာ ကမ္ဘာလောကကြီးတစ်ခုလုံးဟာ အုန်းအုန်းကျွက်ကျွက်ဆူပွက်ပြီး ညံနေကြတယ်။ တန်ဖိုးရှိတဲ့ကိုယ်ကျင့်သီလ တရားတွေဟာလည်း ပြောင်းပြန်လန်ကုန်ကြပြီ။ ရုပ်ဝါဒရဲ့ ဝိစိကိစ္ဆာသ ဘောတွေကလည်း အစဉ်အလာအရ လူ့ဘဝရဲ့ ဂုဏ်အရည်အသွေးလို့ သတ်မှတ်ထားခဲ့ကြတာတွေကို သူတို့ရဲ့ သံသယသင်တုန်းဓားနဲ့ အစိတ်စိတ်ဖြစ်အောင် ခွဲစိတ်ပစ်လိုက်ကြပြီ။ ဒါပေမဲ့ လူ့ယဉ်ကျေးမှု၊ လူ့အရည် အချင်းပြုစုပျိုးထောင်မှုကို အလေးထားသူများကတော့ လက်တွေ့ကျတဲ့ ကိုယ်ကျင့်သီလပိုင်းကိုဂရုပြုကြတုန်းပါပဲ။ ဘာကြောင့်လဲဆိုတော့ ကိုယ်ကျင့်တရားပညာဟာ လူရဲ့ ကာယကံ၊ ဝစီကံတွေနဲ့သက်ဆိုင်ဆက်စပ်နေလို့ပဲဖြစ်တယ်။ ဒီပညာက ကိုယ့်အချင်းချင်း ဆက်ဆံရေးနဲ့ရော၊ သူတစ် ပါးနဲ့ ပေါင်းသင်းဆက်ဆံရေးနဲ့ပါ ဆက်စပ်တယ်။

လူသားဟာ သဘာဝအားဖြင့် ခြောက်ပစ်ကင်းမဟုတ်လို့ သူ့မှာ ကိုယ်ကျင့်တရားရှိဖို့ လိုအပ်လာတာဖြစ်တယ်။ သူ့ကိုယ်သူ လူကောင်းသူကောင်းတစ်ယောက်ဖြစ်အောင် လေ့ကျင့်သင်ကြားဖို့လိုတယ်။ ဒါကြောင့် ကိုယ်ကျင့်သီလဟာ လူ့ဘဝမှာ အရေးကြီးဆုံးဖြစ်လာရခြင်းဖြစ်ပါတယ်။ ပျော်ရွှင်ပြီး ငြိမ်းချမ်းသာယာတဲ့ဘဝမှာနေနိုင်ဖို့အတွက် ကိုယ်ကျင့်သီလနဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလည်း လိုအပ်တယ်လို့မြတ်ဗုဒ္ဓက အလေးအနက်ဟောကြားတော်မူတယ်။


ရည်ညွှန်း - "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

## စီးတီးမတ်ကုမဏီက ဝန်ထမ်းသုံးရာကျော်ကို ရွှေ လေးပိ ဿကျော်ဆုချ

အိဖြူလွင်

ရန်ကုန်၊ ဧပြီ - ၂၁

စီးတီးမတ်ကုမ္ပဏီမှ ဝန်ထမ်းများအား နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုရွှေဆုများ ချီးမြှင့်ပေးခဲ့ရာ ရွှေအလေးချိန် လေးပိဿကျော်ကို စုစုပေါင်းဝန်ထမ်းသုံးရာကျော်အား ချီးမြှင့်ပေးနိုင်ခဲ့သည်ဟုသိရသည်။



ရွှေဆုများကို ၂၀၀၀ ပြည့်နှစ် မှစ၍ ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၁ ခုနှစ်အထိ လုပ်သက် ၁၃ နှစ်ပြည့် ရွှေဆုရရှိသူ ၁၆ဦး၊ ၁၀ နှစ်ပြည့် ရွှေဆုရရှိသူ ၃၇ဦး၊ ၈ နှစ်ပြည့် ရွှေဆုရရှိသူ ၄၀ဦး၊ ၅ နှစ်ပြည့် ရွှေဆုရရှိသူ ၁၀၄ဦးနှင့် ၃ နှစ်ပြည့် ရွှေဆုရရှိသူ ၁၂၀ဦး တို့အား ရွှေအလေးချိန် ငါးမူးသားမှ လေးကျပ်ခွဲသားအထိ ချီးမြှင့်ပေးခဲ့သည်ဟုသိရသည်။

City Mart Holding Co., Ltd ဝန်ထမ်းများ၏ နှစ်ပတ်လည် အခမ်းအနားကို နှစ်စဉ် ကျင်းပခဲ့ပြီး ယခုနှစ် ဧပြီလ ၁၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားခန်းမတွင် (၁၄)ကြိမ်မြောက်နှစ်ပတ်လည်ပျော်ပွဲရွှင်ပွဲ အခမ်းအနားအဖြစ် ကျင်းပခဲ့သည်ဟု သိရသည်။

## စာ - ၉၊ အလျော်အစား ပျော်ပျော်ပါးပါးမှ

သို့သော်လည်း သူတို့ပြောင်းရွှေ့နေထိုင်ကြရမည့် ကျေးရွာသစ်အနီးအနားဝန်းကျင်ရှိ အခြားကျေးရွာများမှ ပိုင်ဆိုင်သော စိုက်ပျိုးမြေများမှာလည်း ရောင်းမည့်တောင်သူကမရှိပေ။ ဒီတော့အသပြာငွေက ယာမြေ ပြန်မဖြစ်တော့မှာ ကလည်း သေချာနေပါသည်။

ဝက်မှေးနဲ့ ကံတောရွာက မုံရွာ-ဆားလင်းကြီး ကားလမ်းအရှေ့ဘက် ပလောင်ရွာအနီးကို ရွှေ့ကြရမည်။ ဆည်တည်းနဲ့ ဇီးတောနှစ်ရွာက မူလသူတို့ရွာတွေရဲ့ အရှေ့ဘက်ခပ်လှမ်းလှမ်း၊ မုံရွာ -ဆားလင်းကြီး ကားလမ်းရဲ့ အနောက်ဘက်ကို ရွှေ့ကြရမည်။ ရွာသစ်လေးရွာ မြေနေရာအတွက် စိုက်ပျိုးမြေတစ်ဧကလျှင် ကျပ်ငွေခြောက်သိန်းကိုးသောင်းနှုန်းဖြင့် လဲလှယ်ပေးကြရသည့် တောင်သူတွေကလည်း အများအပြားပင်ရှိသည်။ ပလောင်၊ တောကျောင်း၊ ရွာသစ်၊ လက်ပန်တောင်း၊ တုံလယ်တီ၊ ဖောင်းကတာ၊ ကျောက်ဖြူတိုင်၊ မိုးကြိုးပြင်(တောင်၊ မြောက်၊ အလယ်)၊ ကိုင်း၊ အလယ်တော၊ ရွှေလှေ၊ ကျီးပင်ထူး၊ ထန်းတောကြီး စသည့်ရွာများမှာလည်း တောင်သူတွေ သူတို့ချစ်တဲ့မြေတွေနဲ့ အဆက်ဖြတ်ကြရသည်။

သာတယ်လို့ တွက်တဲ့သူတွေရှိသလို နာတယ်လို့မှတ်တဲ့သူတွေလည်း ရှိသည်။ ငွေရောက်လာတော့ ဗွေဖောက်လာကြသူတွေလည်း ရှိသည်။ အိမ်သားအချင်းချင်း စိတ်ထားမတိုက်ဆိုင်မှုလေးတွေ၊ ငွေခွဲဝေမှု မညီမျှချက်လေးတွေ ဖြေရှင်းကြရသည်။ ယာမြေပိုင်ဆိုင်မှု အမည်ပေါက်သူကမောင်နှမဆွေမျိုးတွေအတွက် မချန်တော့ဘဲ အကုန်သိမ်းသွားတာလည်း ရှိသည်။ ဝေဝေမျှမျှ အစီအစဉ်ကျကျ ရှေ့ရေး၊ နောင်ရေး စဉ်းစားကာ စီမံကြသူတွေလည်း ရှိသည်။ မထူးဘူးဆိုပြီး ထီပေါက်သလို ခံစားကာ သားတွေ၊ သမီးတွေကို ရှင်ပြုနားသအလှူပေးကြမယ့်သူတွေလည်း ရှိသည်။ ဆည်တည်းနဲ့ ဇီးတောနှစ်ရွာမှာတင် အလှူကြီးပေးဖို့ စီစဉ်ထားသူ ဆယ်ဦးကျော်ရှိတယ်လို့ ကြားနေကြရသည်။ လောလောဆယ်မှာတော့ မုံရွာက ရွှေဆိုင်တွေအလုပ်ဖြစ်ကြသည်။ လက်ထဲရောက်လာတဲ့ ငွေထုပ်ကလေး မပြေမလျော့ရအောင် ရွှေကြိုး ကုံးကုံးလေးတွေ၊ ရွှေကွင်းဝိုင်းဝိုင်းလေးတွေ အပြေးအလွှားဝယ်ထားကြသည်။ နောင်ခါလာ နောင်ခါချေး ဒီနှစ်သင်္ကြန်မှာတော့ပန်းပိတောက်တွေနဲ့အပြိုင် သူ့မှာလည်း တဝင်းဝင်း၊ ကိုယ့်မှာလည်း တထင်းထင်းနဲ့ အချင်းချင်း အလှချင်းပြိုင်လိုက်ကြရတာ သင်္ကြန်ဆိုတာ ဒီနှစ်လောက် ပျော်စရာကောင်းတာ မရှိဟု ယောင်ယမ်းရေရွတ်မိကြသည်။

လက်ပန်တောင်းတောင်ကြေးနီစီမံကိန်း နယ်မြေအတွက် ရွာလုံးကျွတ်ရွှေ့ပြောင်းကြရသူတွေရော၊ ယာမြေပေးလိုက်ကြရသူတွေရော၊ ရွာအသစ်တည်ဆောက်ရန် မြေနေရာအတွက် ယာမြေပေးလိုက်ကြရသူတွေရော သေချာတာတစ်ခုက ဒီနှစ်သစ်မှာ ကြပက်ရမယ့် မျိုးစေ့၊ မျိုးဆံ ပမာဏလျော့နည်းသွားကြပေမည်။ သူတို့အတွက် ပေးလိုက်တဲ့ အလျော်အစားသူတို့အတွက် ပျော်စရာလား၊ သူတို့လက်ခံရယူလိုက်တဲ့ အလျော်အစား သူတို့အတွက် ပါးစရာလား၊ ဒါကိုတော့ လာမယ့် အနာဂတ်ကာလကသာ ဆုံးဖြတ်ပေးမှာ သေချာပါသည်။

## စာ - ၉၊ ဂျုံးမြစ် ငါးဖန်းမငါးပိကောင်ဟင်း မှ

ဆေးပြီးပြီ ဆိုရင်တော့ အမြစ်အတိုအရှည်အပေါ် မူတည်ပြီး နှစ်ပိုင်းဒါမှမဟုတ် သုံးပိုင်းအထိ ပိုင်းထားလိုက်ပါ။ ခရမ်းချဉ်သီးကိုလည်း ခါတိုင်းဟင်းချက်သလိုပဲ ခပ်ပါးပါးလှီးထားပါမယ်။ ငရုတ်သီးစိမ်းလေးတွေကိုလည်း အညှာခြွေထားပေးပါ။

ဒီဟင်းရဲ့ထူးခြားမှုက တခြားဟင်းတွေလိုကြက်သွန်ဖြူနီထောင်းစရာ မလိုဘဲ ဂျုံးမြစ်နဲ့ ခရမ်းချဉ်သီးကို ဟင်းအနှစ်အနေနဲ့ ယူထားတာပဲဖြစ်ပါတယ်။ ပထမဆုံး ငါးပိကောင် အကောင်လိုက်တွေကို ရွှနေအောင် ကြော်ပါမယ်။ ကြော်ပြီးသား ငါးပိကောင်တွေကို ကတ်ကြေးနဲ့ နှစ်ပိုင်း၊ ဒါမှမဟုတ် သုံးပိုင်းလောက် ညှပ်ထားပေးပါ။

ဆားတွေ သေချာဖယ်ထားတဲ့အတွက် ငါးပိကောင်ကြော်ထားတဲ့ ဆီကသန့်နေမှာပါ။ ဒါကြောင့် အဲဒီငါးပိကောင်ကြော်ထားတဲ့ဆီကိုနည်းနည်းလေးလျှော့ပြီးမှ ဆီအနေတော်နဲ့ ဆက်ချက်လို့ရမှာပါ။ ဆီထဲကို ကြက်သွန်နီတစ်လုံး ပါးပါးလှီးထားတာကို အရင်ဆုံးထည့်ပါမယ်။ ကြက်သွန်နီထည့်ပြီးတာနဲ့ လှီးထားတဲ့ဂျုံးမြစ်တွေ ထည့်ပြီး မွှေပေးပါ။ ဂျုံးမြစ်နဲ့ ကြက်သွန်နီ နွမ်းသွားပြီဆိုရင် ခရမ်းချဉ်သီးထည့်ပါမယ်။ ဂျုံးမြစ်နဲ့ ခရမ်းချဉ်သီး နွမ်းသွားအောင် ထပ်ပြီး မွှေပေးရင်း ငံပြာရည်နဲ့ ဟင်းခတ်မှုန့်ကို အရသာအတွက် ထည့်ရပါမယ်။ ခရမ်းချဉ်သီး ကြေသွားပြီဆိုရင်တော့ ခုန ကြော်ထားတဲ့ ငါးပိကောင်ကို ထည့်လို့ရပါပြီ။ ငါးပိကောင်နဲ့ ဂျုံးမြစ်အနှစ်ကို နှံ့သွားအောင် မွှေပေးပြီးတဲ့အခါ ရေထည့်လိုက်ပါ။ ငါးပိကောင်က အချိုရေထွက်တဲ့အထိ တည်ပေးရမှာဖြစ်လို့ ရေကို ငါးပိကောင်ကောင်းကောင်း မြုပ်တဲ့အထိ ထည့်ပေးရပါမယ်။ ဟင်းအိုးမွှေတဲ့အခါမှာ ငါးပိကောင်တွေ ကြေသွားမှာစိုးရတဲ့အတွက် ပုံမပျက်အောင် သတိထားပြီး အိုးလေးကို လှုပ်မွှေရပါမယ်။ ရေစူလာရင်တော့ငရုတ်သီးစိမ်းလေးကို ထည့်ပြီး ခဏအုပ်ထားလိုက်ပါ။ ဆီကျန်ရေကျန် အနေတော်ဖြစ်ပြီဆိုရင် ချလို့ရပါပြီ။ အဲဒီ ဂျုံးမြစ်နဲ့ ငရုတ်သီးစိမ်းနံ့လေး မွှေးနေတဲ့ ဂျုံးမြစ်ငါးဖန်းမ ငါးပိကောင် ဟင်းကို ချက်စားမယ် စိတ်ကူးပြီဆိုရင် ဆလပ်ရွက်လေးပါထည့်ဝယ်ထားဖို့ မမေ့ပါနဲ့။ အဲဒီ ဆလပ်ရွက်စိမ်းလေး မြုပ်စားရင်းနဲ့ ဟင်းရဲ့အရသာ ပြည့်စုံစေမှာပါ။ ဒီလိုဆိုရင်တော့ အလိုက်ဖက်ဆုံးနဲ့ ခံတွင်းမြိန်မယ့် ရှမ်းစာလေးနဲ့ သည်တစ်ပတ် ဝိုက်ဖီကို ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.7 ▪ MAY 5, 2011

## မျက်နှာဖုံး-နာဂစ် သုံးနှစ်ပြည့်သော်လည်း မိုးလေဝသ တိုင်းတာခန့်မှန်းရေး အားနည်းချက်များ ရှိနေဆဲ မှ

ရေလုပ်သားများကြုံခဲ့ရသည့် လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၇၀၊ ၈၀ ဝန်းကျင်ရှိသည်မှာ မှန်သည် ဆိုပါက မိမိတို့ ခန့်မှန်းချက်မှာ မှားခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ရိုးသားစွာပြောသည်။

ဂီရိမုန်တိုင်းကို ကြုံခဲ့ရသော ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ဒေသခံတစ်ဦးကလည်း မိုးဇလ၏ မုန်တိုင်းသတင်းထုတ်ပြန်ပေးမှုများမှာ လိုအပ်ချက်များရှိခဲ့သည်ဟု ပြောသည်။ ဂီရိမုန်တိုင်း တိုက်ခတ်စဉ် မိုးဇလက ၂ ရက်ကြို၍ သတင်းထုတ်ပြန်ခဲ့သည်ဟု ဆိုသော်လည်း ဒေသခံများမှာ မုန်တိုင်းမဝင်ခင်နေ့အထိ တစ်နာရီ လေတိုက်နှုန်း ၃၅ မိုင် ၄၀ သာ တိုက်မည်ဟု ရေဒီယိုမှ ကြေညာသည်ကို နားထောင်ရပြီး မုန်တိုင်း အမှန်တကယ်ဝင်သည့်နေ့ နံနက်တွင်မှ ရေဒီယိုက ကြေညာသော လေတိုက်နှုန်းမှာ မိုင် ၅၀၊ ၆၀၊ ၇၀ မိုင် ၈၀ ကျော်စသဖြင့်တဖြည်းဖြည်းတိုးလာသည်။ထို့ကြောင့်ဒေသခံအချို့မှာ လေတိုက်နှုန်း ခန့်မှန်းမှု အပြောင်းအလဲမြန်ဆန်မှုကြောင့် ဒုက္ခရောက်ခဲ့ရသည်ဟု ပြောသည်။

၂၀၀၈ ခုနှစ်မေလ ၂ ရက်နှင့် ၃ ရက်တွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်း တစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့သည်။ မုန်တိုင်းတိုက်ခတ်မည်ကို ထိုစဉ်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက လူထုသို့ အချိန်မီသတိပေးထုတ်ပြန်ပေးနိုင်ခြင်း မရှိခဲ့ပေ။ ထိုမုန်တိုင်းအတွေ့အကြုံများအရ မိုးဇလကတိုင်းတာရေး၊ ခန့်မှန်းရေးနှင့် ထုတ်ပြန်ရေးများကိုပိုမိုတိုးတက်အောင်ဆောင်ရွက်နေသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း အဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

မိုးဇလက တိုင်းတာခန့်မှန်းရေးများတွင် တရုတ်နိုင်ငံမှ ကူညီပေးသော တိမ်ပုံဖမ်းစက်ကို နာဂစ်မတိုင်မီက အသုံးပြုခဲ့ရသည်။

အဆိုပါစက်မှာ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် သက်တမ်းကုန်သွားပြီးနောက် ဂျပန်နိုင်ငံမှအစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုဖြစ်သော JICA ၏ လှူဒါန်းမှုဖြင့် ဘက်စုံသုံးပို့ဆောင်ရေးစနစ်ဂြိုဟ်တု- MTSATကို ၂၀၁၀ နိုဝင်ဘာလတွင် တပ်ဆင်ခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံမှ ပညာရှင်များက အဆိုပါစက်ကို အသုံးချနည်းပညာများကို လာရောက်ပို့ချပေးခဲ့ရာ ယခုအခါတွင် ဂြိုဟ်တုကိုအသုံးပြု၍ တိုင်းတာ၊ ခန့်မှန်း၊ ထုတ်ပြန်ရေးများ ပြုလုပ်ပေးနေသည်ဟု ဦးချစ်ကျော်က ရှင်းပြသည်။ ထို့အပြင် ဂျပန်နိုင်ငံရှိ မုန်တိုင်းခန့်မှန်းရေး နည်းပညာကျွမ်းကျင်သူတစ်ဦးက မိုးဇလရှိမိုးလေဝသခန့်မှန်းရေးမှူးများကို မုန်တိုင်းခန့်မှန်းရေးပညာရပ်များသင်ကြားပေးခဲ့သည်ဟု ပြောသည်။ ထို့ကြောင့် မိုးဇလအနေဖြင့် မုန်တိုင်းသတင်းများ ခန့်မှန်း တွက်ချက်ထုတ်ပြန်ရာတွင် ယခင်ကထက် ပိုမိုအသေးစိတ်ထုတ်လာနိုင်သည်ဟုဆိုသည်။

ထိုအချက်ကို ၂၀၁၀ ခုနှစ်က မြန်မာနိုင်ငံသို့ ဂီရိမုန်တိုင်းဝင်ရောက်စဉ် သတင်းထုတ်ပြန်ပေးခဲ့ခြင်းများကို နမူနာထား၍ ဦးချစ်ကျော်က ပြောသည်။

ထို့ကြောင့် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး၍ သုံးနှစ်ကြာတွင် မိုးဇလအနေဖြင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်ခြင်းနှင့် ခန့်မှန်းသတင်းထုတ်ပြန်ခြင်းများတွင် တိုးတက်မှုများရှိလာသည်ဟု ၎င်းကဆက်ပြောသည်။

သို့သော် မုန်တိုင်းကို ခန့်မှန်းရာတွင် အရေးကြီးသောရေဒါနှင့် အထက်လေကြောင်းတိုင်းကိရိယာ- Radio Sonde ကဲ့သို့သော ကိရိယာများကို တပ်ဆင်နိုင်ခြင်းမရှိသေးပေ။ အဆိုပါကိရိယာများ မတပ်ဆင်နိုင်ခြင်းမှာ စရိတ်ကြီးမြင့်၍ဖြစ်ကြောင်း ဦးချစ်ကျော်က ရှင်းပြသည်။

"မုန်တိုင်းက အပေါ်ကဂြိုဟ်တုက ပေးပို့တဲ့ အချက်အလက်တွေအပြင် မြေပေါ်က ရေဒါဆီက အချက်အလက်တွေရရင် ပိုပြီး တိကျအောင် ခန့်မှန်းနိုင်တယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ယခင်က ရေဒါရှိခဲ့သော်လည်း ၁၉၉၇ ခုနှစ်မှစ၍ နဂိုရှိသော ရေဒါမှာ သက်တမ်းကုန်ပြီး အသစ်မဝယ်နိုင်သေးဟု သိရသည်။

"မိုးဇလကို ပိုပြီး ခေတ်မီတဲ့ စက်ကိရိယာတွေ တပ်ဆင်စေချင်သလို ပြည်သူလူထုကိုလည်း အချိန်နဲ့ တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်မယ်ဆိုရင် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်တဲ့ သဘာဝဘေးအန္တရာယ်တွေအများကြီး လျော့ပါးသွားနိုင်တယ်"ဟု ဦးဝင်းကြိုင်က သူ၏အမြင်ကိုပြောသည်။ မိုးဇလက ယခုအခါတွင် တစ်နိုင်ငံလုံး၌ မြေလျှင်တိုင်းစက် ၁၆လုံးနှင့် ဆူနာမီကြိုတင်သတိပေးစနစ်အတွက် ပင်လယ်ရေမျက်နှာပြင်တိုင်းကိရိယာလေးလုံး တပ်ဆင်ထားသည်။ ပင်လယ်ရေမျက်နှာပြင်တိုင်း ကိရိယာများကို စစ်တွေ၊ သီလဝါ(ရန်ကုန်)၊ မော်လမြိုင်၊ ပုသိမ်တို့တွင် တပ်ဆင်ထားသည်။

နာဂစ်မုန်တိုင်း ကြုံခဲ့ရပြီးနောက် ရာသီဥတုနှင့် ပတ်သက်၍ လူထု၏ သတိရှိမှုမှာ များစွာတိုးတက်လာသည်။ "လူတွေရဲ့ သတိရှိမှုကတော့ ရှိသင့်တာထက်တောင်ပိုနေပြီလို့ပြောချင်တယ်။ လေနည်းနည်းတိုက်တာနဲ့ မုန်တိုင်းလားဆိုပြီး မိုးဇလမှာရှိသမျှ ဖုန်းအကုန်လိုင်းမအားအောင် လှမ်းမေးကြတယ်။ ဒီလိုမေးတာလည်း ကောင်းပါတယ်"ဟု ဦးချစ်ကျော်ကပြောသည်။

## စာ-၃၊ ကုမဏီဆယ်ခုကို စားအုန်းဆီတင်သွင်းခွင့်ပြုထား မှ

ကျန်ကိုယ်စားလှယ်တွေကိုလည်း အသင်းရဲ့ဦးဆောင်မှုနဲ့ အမြန်ဆုံး ကုမ္ပဏီဖွဲ့ပြီး တင်သွင်းခွင့်ပြုမယ်"ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

စားအုန်းဆီဈေးကွက်တွင် ယခုကဲ့သို့ အပြောင်းအလဲများ ပြုလုပ်ရခြင်းမှာ စားအုန်းဆီဈေးနှုန်းများသည် သကြ်န်မတိုင်မီက ရုတ်တရက် မြင့်တက်ခဲ့သည့်အတွက် ကုန်သည်/စက်မှု အသင်းမှ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များ၊ ဆီကုန်သည်အသင်း အဖွဲ့ဝင်များ၊ ဆန်ကုန်သည်အသင်းအဖွဲ့ဝင်များပူးပေါင်း၍ ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ ကို ယာယီဖွဲ့စည်းခဲ့ရကြောင်း သိရသည်။ ယင်းသို့ဖွဲ့စည်းဆောင်ရွက်မှုကြောင့် ရန်ကုန်ဈေး ကွက်တွင် တစ်ပိဿာလျှင် ကျပ် ၂,၉၀၀ ထိ ဈေးမြင့်ခဲ့သော စားအုန်းဆီဈေးနှုန်းသည် ကျပ် ၂,၄၀၀ သို့ကျဆင်းခဲ့ကြောင်း ဝန်ကြီးကပြောကြားသည်။

## စာ-၈၊ရန်ကုန်တွင် ဧပြီလအတွင်း ဝမ်းလျှောသူ ၁၃၅ ဦးရှိမှ

"ဝမ်းပျက်ဝမ်းလျှောရောဂါက ကူးစက်ရောဂါဖြစ်တဲ့အတွက် သန့်ရှင်းမှုမရှိရင် အိမ်သားတွေကိုပါကူးစက်နိုင်တယ်။ နေပူချိန်ပြင်းတဲ့အတွက်လည်း အစားအစာတွေ၊ ရေတွေထဲမှာ ပိုးတွေပေါက်ပြီး စားသုံးမိသူတွေကို အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် ဂရုပြုသင့်တယ်" ဟုအထွေထွေရောဂါကု ဆရာဝန်တစ်ဦးကပြောသည်။

နှစ်စဉ် ဧပြီ၊ မေနှင့်ဇွန်လများတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလျက်ရှိရာ ကျန်းမာရေးဦးစီးဌာနမှလည်း စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်းသိရသည်။ ဌာနဆိုင်ရာစာရင်းဇယားများအရ ၂၀၀၈ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း မြို့နယ် ၄၅မြို့နယ်တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သူ ၂,၂၉၂ ဦး၊ သေဆုံးသူ ၁ ဦး၊ ၂၀၀၉ ခုနှစ်တွင်ဖြစ်ပွားခဲ့သူ ၂,၅၂၈ ဦး၊ သေဆုံး သူ ၇ ဦး၊ ၂၀၁၀တွင် ဖြစ်ပွားခဲ့သူ ၁,၂၉၇ ဦး၊ သေဆုံးသူ ၃ ဦးရှိခဲ့သည်။

## စာ-၇၊ လုပ်ငန်းများတိုးချဲ့ရန် စီးပွားရေးလုပ်ငန်းရှင်များ စီစဉ် မှ

"ရုတ်တရက် တံခါးဖွင့်ပေးလိုက်ရင် တိုင်းရင်းသားလုပ်ငန်းရှင်တွေကို နိုင်ငံခြားသားက လွှမ်းမိုးသွားမယ်"ဟု ဦးစိန်အုန်းလှိုင်က ဆိုသည်။

ထို့အပြင် အနာဂတ် စီးပွားရေးတွင် လူတစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ လက်ဝါးကြီးအုပ်စီးပွားရေးမျိုးကိုလည်း ဖယ်ရှားပေးရန် လိုအပ်ကြောင်း၊ ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းခွင့် မပြုခြင်းများကိုလည်း ဖယ်ရှားသင့်ကြောင်း ရန်ကုန်မှ ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ထိုအချက်ကို သမ္မတ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်သည်။

"ပြည်တွင်းလုပ်ငန်းရှင်တွေသာမက ပြည်ပကလည်း ရင်းနှီးမြှုပ်နှံမှုတွေဝင်ဖို့လိုတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေရဲ့ လုပ်ကိုင်နိုင်မှုတစ်ခုတည်းနဲ့မရဘူး။ ထုတ်လုပ်ရေးလုပ်ငန်းတွေက ပြည်ပလုပ်ငန်းရှင်တွေပါမှဖြစ်မှာ"ဟု Three Friends ဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးကိုကိုလေးက ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်လာရန်လိုကြောင်း သူ၏အမြင်ကိုပြောသည်။

## မျက်နှာဖုံး-ကုန်သွယ်မှုပမာဏတိုးလာသော်လည်း လယ်ယာထွက်ကုန်တင်ပို့မှုလျော့ကျ မှ

ယင်းအခြေအနေများကြောင့် လယ်ယာထွက်ကုန်တင်ပို့မှုမြင့်တင်ရေးတွင် လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများမှ စာရင်းဇယားများကို မှန်မှန်ကန်ကန် တင်ပြရန်လိုအပ်ကြောင်း၊ လယ်စိုက်သူတောင်သူများ အကျိုးရှိရေး၊ စားသုံးသူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးတို့ကိုချိန်ဆပြီး စီးပွား/ကူးသန်းဝန်ကြီးဌာနမှ တင်ပို့ခွင့်များ ကို အလျင်အမြန်ပြုလုပ်ပေးမည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့သည်။

"ဘယ်လောက်စိုက်တယ်။ ဘယ်လောက်စားသုံးတယ်။ ဘယ်လောက်ပိုလျှံတယ်ဆိုတာ မှန်မှန်ကန်ကန်တွက်ချက်တင်ပြပေးရင် ခွင့်ပြုသင့်တာကို ခွင့်ပြုပေးမယ်"ဟု ဝန်ကြီးက ထပ်မံပြောကြားခဲ့သည်။ လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှုတွင် ပြည်ပဈေးကွက်သို့ပဲတင်ပို့မှုသည် ၂၀၀၈-၀၉ ဘဏ္ဍာနှစ်တွင် တန်ချိန်သန်းပေါင်း ၁ ဒသမ ၅သန်း၊ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် တန်ချိန်သန်းပေါင်း ၁ ဒသမ ၃ သန်း၊ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် တန်ချိန်သန်းပေါင်း ၀ ဒသမ ၉ သန်းထိကျဆင်းလာသည်။ ယင်းကဲ့သို့ပင် ဆန်စပါးပြည်ပတင်ပို့မှုမှာလည်း ၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် တန်ချိန် ၉ သိန်းကျော်ရှိခဲ့သော်လည်း၊ ၂၀၁၀ -၁၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅ သိန်းကျော်သာတင်ပို့နိုင်ကြောင်းသိရသည်။

**ပြင်ဆင်ဖတ်ရှုပါရန်**

7Day News ဂျာနယ် အတွဲ(၁၀) အမှတ်(၆) စာမျက်နှာ ၄၂ Tourism ကဏ္ဍ သတင်းဓာတ်ပုံ၌ပါဝင်ခဲ့သော 'ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား အာနန္ဒာစေတီတော်အနီး ယခုလဆန်းပိုင်းက တွေ့ရစဉ်'စာသားအစား 'စူဠာမဏိစေတီတော်အနီး၌တွေ့ရစဉ်'ဟုလည်းကောင်း၊

အတွဲ(၁၀)၊ အမှတ်(၅) သမ္မတသစ်၏ ပထမဆုံးမိန့်ခွန်း ဆောင်းပါးမှ 'မိန့်ခွန်းကို MRTV-4မှ ညနေ၄နာရီတွင် ထုတ်လွှင့်ပြသခဲ့ရာ'အစား 'MRTVမှထုတ်လွှင့်ပြသခဲ့ရာ'ဟုလည်းကောင်း၊ အတွဲ(၁၀)၊ အမှတ်(၄) ထိုင်းဗီဇာလျှောက်ရန် တိုကင်တစ်ခုကျပ်နှစ်သောင်းထိဈေးပေးသတင်း၌ဖော်ပြခဲ့သောသတင်းဓာတ်ပုံမှာ 'ထိုင်းသံရုံး'မဟုတ်ဘဲ 'မလေးရှားသံရုံး'ဟု ပြင်ဆင်သိမှတ်ပေးပါရန်နှင့် ယခုတစ်ပတ် 'ပါရဂူနှင့်မာန်'ဆောင်းပါးမှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၏ အမည်အတိုကောက် 'မြန်စာပြန့်'ဟုလည်းကောင်း၊ 'မင်းလက်ဝဲအနော်ရထာ'အစား 'မင်းလက်ဝဲနော်ရထာ'ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**အယ်ဒီတာ**

## မျက်နှာဖုံး – အိုစမာဘင်လာဒင်သေဆုံးပြီ မှ

မေလ ၁ ရက်နေ့ ည ၁၁နာရီခွဲကျော်ကျော်လေးတွင် ကြေညာချက်ထုတ်ပြန်ရာ၌ ပင်ပန်းနေပုံရသော အိုဘားမားက ပါကစ္စတန်နိုင်ငံ အက်ဘောတာဘတ်ဒေသတွင် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပေါ်ပြီးနောက် ဘင်လာဒင် သေဆုံးသွားခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားပြီး၊ ၎င်း၏ အလောင်းကိုလည်း အမေရိကန်တပ်ဖွဲ့များက ရယူထားကြောင်း သမ္မတအိုဘားမားကပြောကြား သည်။ ဘင်လာဒင်သေဆုံးကြောင်းကို ဒီအင်န်အေအထောက်အထားများဖြင့်လည်း အတည်ပြုထားပြီဖြစ်ကြောင်း အမည်မဖော်လိုသောအရာရှိများအား ကိုးကား၍ သတင်းအချို့က ဖော်ပြခဲ့ကြောင်းသိရသည်။ ဘင်လာဒင်သေဆုံးကြောင်း သတင်းများ ထွက်ပေါ်လာစဉ် အိမ်ဖြူတော်ရှေ့တွင် လူအများအပြားစုရုံးရောက်ရှိလာပြီး အမေရိကန်အမျိုးသားသီချင်းကိုသီဆိုကြကာ 'ယူအက်စ်အေ၊ ယူအက်စ်အေ'ဟု သော ကြွေးကြော်သံများလည်း ပွဲတင်ထပ်နေသည်။

ဘင်လာဒင်အား မသတ်ဖြတ်နိုင်မီ ကြာမြင့်သောစုံစမ်းထောက်လှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း ရည်ညွှန်းရင်း သမ္မတအိုဘားမားက ၎င်းအနေဖြင့် အိုစမာဘင်လာဒင်ရှိနိုင်မည့်နေရာများအကြောင်းကို လွန်ခဲ့သော ဩဂုတ်လမှစ၍ အစီရင်ခံတင်ပြမှုများရရှိခဲ့ကြောင်းပြောကြားသည်။ ဘင်လာဒင်အပေါ် တိုက်ခိုက်မှုအား ၎င်း၏ညွှန်ကြားချက်ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်အနည်းငယ်ကပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း အမေရိကန်သမ္မတအိုဘားမားကပြောကြားသည်။

အမေရိကန်သည် အစ္စလာမ် နှင့် စစ်ဖြစ်နေခြင်းမဟုတ်ကြောင်း၊ သမ္မတအိုဘားမားက ၎င်း၏ကြေညာချက်တွင် ထပ်မံ၍ အလေးအနက်ထားပြောကြားပြီး၊ အမှန်တကယ်တွင် ဘင်လာဒင်သည် မွတ်ဆလင်များကို အစုလိုက်အပြုံလိုက်သတ်ဖြတ်သူဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် သမ္မတအိုဘား မားက ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့တိုက်ခိုက်မှုများကြောင့်ဖြစ်ပေါ်လာသည့် စည်းလုံးညီညွတ်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုများအကြောင်း အထူးပြုပြောကြားခဲ့ပြီး တရားမျှတမှုရယူနိုင်ခဲ့ပြီဖြစ်ကြောင်းပြောကြားသည်။ —Ref: The Hindu

## စာ-၄၊ ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နွေစပါးအထွက်နှုန်း သုံးပုံတစ်ပုံခန့်လျော့ကျ မှ

"မတ်လထဲမှာ ၁၀ ရက်လောက်မိုးအုံ့နေတာရယ်၊ သုံးရက် လောက် မိုးရွာလိုက်တဲ့အချိန်က ဝတ်မှုန်ကူးတဲ့အချိန်ဖြစ်နေတယ်"ဟုပဲခူးဒေသခံ နွေစပါး စိုက်တောင်သူတစ်ဦးကဆိုသည်။ ထို့အပြင် ယခုနှစ် နွေစပါး စိုက်ပျိုးချိန်တွင် ဒီဇယ်ဈေးနှုန်း မြင့်တက်နေသဖြင့် အချို့တောင်သူများမှာ ရေမတင်နိုင်ခြင်းနှင့် ဓာတ်မြေဩဇာ အလုံအလောက် မသုံးနိုင်ခဲ့ခြင်းများရှိခဲ့သည်။

ယခင်နှစ် နွေစပါးစိုက်ပျိုးချိန်တွင် ယူရီးယားဓာတ်မြေဩဇာတစ်အိတ်လျှင် ကျပ်၁၇,၀၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုနှစ် နွေစပါး စိုက်ပျိုးချိန်တွင် ယူရီး ယားဓာတ်မြေဩဇာတစ်အိတ်လျှင် ကျပ် ၂၆,၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူအသုံးပြုခဲ့သည်။ ထိုကဲ့သို့ သွင်းအားစုများ တက်ဈေးဖြင့် အသုံးပြုခဲ့ရသော ယခုနှစ် နွေစပါးဈေးနှုန်းမှာ ယခင်နှစ်ထက် တင်းတစ်ရာလျှင် ကျပ် ငါးသောင်းခန့်လျော့နည်းနေပြီး ယခုရက် ပေါက်ဈေးမှာ စပါးတင်း တစ်ရာလျှင် ကျပ် ၃၆၀,၀၀၀ ဝန်းကျင်တွင်သာရှိသည်ဟုသိရသည်။

Vol.10, No.7 • MAY 5, 2011

## တီဘီရောဂါဖြစ်ပွားသူ တိုးလာ

ဝတ်ရည်

ရန်ကုန်၊ မေ ြီ - ၂၇

တီဘီရောဂါဖြစ်ပွားမှု များပြားသည့် နိုင်ငံများစာရင်းတွင် ပါဝင်သော မြန်မာနိုင်ငံ၌ နေထိုင်သူများအနက်သုံးဦးလျှင် တစ်ဦးမှာ တီဘီရောဂါပိုးဝင်ထားပြီးဖြစ်ကြောင်း သိရသည်။

ရောဂါပိုး ဝင်ထားခြင်းဆိုသည်မှာ ခန္ဓာကိုယ်အတွင်း ပိုးဝင်ထားသော်လည်း ရောဂါလက္ခဏာမပြ၊ ရောဂါဖြစ်ပွားခြင်း မဟုတ်ဘဲ ခန္ဓာကိုယ်ခုခံအားစနစ်များ ကျဆင်းသည့် အချိန်မှသာ တီဘီရောဂါအဖြစ် ပြောင်းလဲသွားခြင်းဖြစ်ကြောင်း အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန် ပါမောက္ခ ဦးဝင်းနိုင်က ပြောသည်။

“တီဘီပိုးဝင်နေတဲ့ သူတစ်ယောက်က ကိုယ်ခံအားနည်းလာတာမျိုး၊ အခြေအနေတစ်ခု ထူးခြားလာတာမျိုး၊ စတီးရွိုက်ဆေးတွေ သောက်နေတာမျိုးအပြင် ကိုယ်ခံအားစနစ်ကျစေတဲ့ အကြောင်းအရင်းတွေဖြစ်တဲ့ ဖျားနာတာ၊ အစားအသောက် မမှန်တာ၊ အအိပ်အနေအထိုင် မမှန်တဲ့ အခါ စောစောက မြုံနေ၊ ငုပ်နေတဲ့ ရောဂါပိုးတွေက ပိုးဝင်တဲ့ အဆင့်မဟုတ်တော့ဘဲ ရောဂါဖြစ်တဲ့ အဆင့်ကိုရောက်သွားတယ်” ဟု အဆိုပါ ဆရာဝန်ကပြောသည်။

လူတစ်ဦးတွင် တီဘီရောဂါဝင်၊ မဝင်ကို သိရှိရန်မလွယ်ကူသလို မည်သည့်အချိန်တွင် ရောဂါပိုးဝင်မည်ကိုလည်း မခန့်မှန်းနိုင်ကြောင်း သိရသည်။

ရောဂါပိုးဝင်ရောက်ခြင်းမှ တစ်ဆင့် တီဘီရောဂါအဖြစ် ပြောင်းလဲခြင်းသည် အသက်ကြီးလာလေလေ၊ ကိုယ်ခံအားနည်းလာလေလေ ပိုမိုလျင်မြန်စွာ ပြောင်းလဲနိုင်သဖြင့် တီဘီရောဂါ မဖြစ်ပွားစေရန် ကိုယ်ခံအားကျဆင်းစေမည့် အမူအကျင့်များကို ဆင်ခြင်သင့်ကြောင်း သိရသည်။

ချောင်းဆိုးခြင်း နှစ်ပတ်ကျော်လာလျှင် တီဘီရောဂါရှိ၊ မရှိအား သလိပ်စစ်ဆေးသင့်ကြောင်း သိရသည်။

တီဘီရောဂါဖြစ်ပွားမှု အများဆုံး ၂၂ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်ပြီး လူဦးရေ သုံးပုံတစ်ပုံမှာ တီဘီပိုးဝင်ထားသူများဖြစ်ကြောင်း WHO ၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားသူဦးရေတဖြည်းဖြည်း များပြားလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ချက်များအရ သိရသည်။

## အိုင်တီခေတ်၏ ရောဂါသစ်

မေဝင်းမွန်

လူ့ပတ်ဝန်းကျင်အတွင်း နေထိုင် နေသူများအဖို့ ခန္ဓာကိုယ်ကျန်းမာရေးကအရေးကြီးသလို စိတ်ဖိစီးမှု၊ အလိုမကျမှုများကင်းဝေးရာ စိတ်ကျန်းမာစွာနေထိုင်ရေးကလည်း အရေးပါလှသည်။

နေ့စဉ်နှင့်အမျှကြုံတွေ့နေရသည့် အခက်အခဲများ၊ ဖိအားများကိုတုံ့ပြန်ရာတွင်ဖြစ်ပေါ်လာသည့်စိတ်ပိုင်းဆိုင်ရာ ခံစားမှုများသည် စိတ်ဖိစီးမှုပင်ဖြစ်သည်။ စိတ်ဖိစီးခြင်းဖြစ်ပေါ်လာလျှင် ခန္ဓာကိုယ်အတွင်းရှိ Endocrine Glands ဟုခေါ်သောဂလင်းများက ဟိုမုန်းများထုတ်လွှတ်ပေးကြပြီး ယင်း၏ အစွမ်းသတ္တိကြောင့် စိတ်ဖိစီးခြင်းကို တွန်းလှန်ရန်ခွန်အားများရရှိကြသည်။


စိတ်ဖိစီးမှုနည်းတူ စွဲလမ်းမှု ပြဿနာသည်လည်း လူထုကြားသတိပြုရမည့်အခြေအနေတစ်ခုဖြစ်လာပြီး ခေတ်ပေါ်ရောဂါတစ်ခုအဖြစ် အင်တာနက်စွဲသည့်ရောဂါဖြစ်လာကြကြောင်း စိတ်ကျန်းမာရေးဆိုင်ရာပညာရှင်များထံမှသိ ရသည်။

“ မြန်မာနိုင်ငံမှာတော့ အင်တာနက်စွဲလမ်းတာကြောင့် စိတ်ကျန်းမာရေးထိခိုက်တယ်ဆိုပြီး ဆေးရုံ ဆေးခန်းတွေလာပြတာနည်းသေးတယ်။ ဒီက ကလေးတွေက အဓိကအားဖြင့် ဂိမ်းတွေစွဲလမ်းတာများတယ်။ ၄၊၅ တန်းလောက်ကနေတက္ကသိုလ်ကျောင်းသားတွေအထိပါတယ်။ နောက်ပြီး ကျောင်းစာပိုင်းတွေ၊ အသိဉာဏ်ပိုင်းတွေမှာ အားနည်းချက်တွေရှိလာလို့ ဆေးခန်းရောက်လာမှနောက်ခံအကြောင်းရင်းတွေ စိစစ်လိုက်တော့မှ အင်တာနက်နဲ့ ဆက်စပ်ပြီးဖြစ်လာတယ်ဆိုတာသိရပါတယ်။ ဘယ်သူကမှ အင်တာနက်ကြောင့်လို့ မထင်ကြဘူး” ဟုအတိုင်ပင်ခံစိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီးဒေါက်တာ ဝင်းဆွေကပြောကြားသည်။

အင်တာနက်သည် လူနှင့်လူ့အဖွဲ့အစည်းများကိုတိုက်ရိုက်ဆက်သွယ်သည့် ယန္တရားတစ်ခုဖြစ်ပြီး၊ တစ်ဖက်ကကြည့်ပြန်လျှင်လည်း တစ်ဦးတည်းကွန်ပျူတာနှင့်သာ အချိန်ကုန်နေရသဖြင့် အထီးကျန်ဆန်လာကာ လူ့အဖွဲ့အစည်း၊ လူမှုရေးနယ်ပယ်နှင့် ကင်းကွာနေသကဲ့သို့ဖြစ်နေသည်။

မြန်မာနိုင်ငံသည်နိုင်ငံတကာနှင့်ယှဉ်လျှင် အင်တာနက်သုံးစွဲမှုနည်းသေးသည်ဆိုသော်လည်း စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊

စာ(၁၄)သို့



## ရာသီဥတု အပြောင်းအလဲကြောင့် ဖျားနာသူများလာ

ဝတ်ရည်

ရန်ကုန်၊

မေ ြီ - ၂၇

အချိန်အခါမဟုတ် မိုးများရွာသွန်းနေခြင်းနှင့်ဆက်စပ်ပြီး ရာသီအပြောင်းအလဲများကြောင့် ဖျားနာမှုများပြားနေကြောင်း သတင်းရရှိသည်။

“အခုတလော ရာသီဥတုက အရမ်းကို အပြောင်းအလဲများနေတော့လူတွေ ဖျားနာကြတာ များတယ်။ ပြင်းပြင်းထန်ထန်ကြီးဖြစ်ပြီး ဆေးခန်းရောက်လာတာမျိုးနည်းပေမယ့် လူအများစုကတော့ ဖျားကြတယ်” ဟု အထွေထွေရောဂါကု ဆရာဝန်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဧပြီလအတွင်း အပူချိန်လွန်ကဲမှုကြောင့် လူအများစု အပူဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရပြီး အပူဒဏ်ကြောင့် အပူရှပ်ခြင်း၊ လေဖြတ်ခြင်းအပြင် ရုတ်တရက် အသက်သေဆုံးမှုများဖြစ်ပွားမှုများခဲ့သည်။

ရာသီဥတု ပူပြင်းသည့်အချိန်တွင် ချွေးထွက်လွန်ခြင်း၊ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ကိုယ်အပူချိန် အလွန်အမင်း တက်ခြင်း၊ သတိလစ်ခြင်း၊ မိတ်ကဲ့သို့ ယားနာနှင့်အပူဖုများထွက်ခြင်းစသော ဝေဒနာများ ခံစားကြရကြောင်း သိရသည်။

“အပူချိန်ကတော့ မိုးရွာနေလို့အပူချိန်နည်းနေပေမယ့်မှာ အပူချိန်မြင့်တဲ့အချိန် အန္တရာယ်မဖြစ်ရလေအောင် သတိပြုပြီးနေသင့်တယ်” ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချစ်စိုးက ပြောသည်။

ရာသီအပြောင်းအလဲကြောင့် ဖျားနာမှုမရှိစေရန် အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ အာဟာရဖြစ်စေမည့် အစားအစာများ စားသုံးခြင်းဖြင့် ကိုယ်ခံအား မနည်းစေရန် သတိပြုနေထိုင်သင့်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# ဟော်မုန်းနှင့် မှိုများစားသုံးထားသော နွားဏ်နို့ သောက်သုံးပါက လူကိုအန္တရာယ်ဖြစ်စေနိုင်ဟုဆို

ဝတ်ရည်

ရန်ကုန်၊ မေ - ၂၇


တိရစ္ဆာန်မှရသော နို့များသည် သောက်သုံးသူများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုသော်လည်း ထိုတိရစ္ဆာန်များ စားသုံးသည့် အစားအစာများထဲတွင် ဟော်မုန်းများ၊ မှိုများပါဝင်သည့်အခါ သောက်သုံးသူများအား အန္တရာယ် ဖြစ်စေနိုင်ကြောင်း ဒေါက်တာခင်မောင်လွင်(FAME)က ပြောသည်။

ကျွဲ၊ နွားများအား ကျွေးသည့် အစားအစာများထဲတွင် နို့ထွက်တိုးစေရန် နို့ပိုထွက်စေရန်အတွက် ဟော်မုန်းများ ထည့်သွင်းထားခြင်း၊ ပဲဖတ်၊ နှမ်းဖတ်များတွင် မှိုများပါဝင်နေပါက နွားနို့ထဲတွင်ပါ ထိုအရာများပါဝင်လာပြီး သောက်သုံးသူအား အန္တရာယ်ဖြစ်စေလာနိုင်ကြောင်း ဒေါက်တာခင်မောင်လွင်က ‘အရေးအကြောင်းကင်းစင် နုပျိုစေချင်’ ဟောပြောပွဲတွင်ပြောကြားသည်။

“ဟော်မုန်းတွေပါနေတဲ့ နို့တွေသောက်မိတဲ့သူတွေက ကင်ဆာရောဂါတွေဖြစ်လာနိုင်တယ်။ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာဖြစ်တဲ့သူတွေဆို ရောဂါပိုဆိုးသွားစေနိုင်တယ်” ဟု ဒေါက်တာခင်မောင်လွင်ကဆိုသည်။

“အဲလို ဟော်မုန်းတွေ ဘာတွေပါတယ်ဆိုတာ နိုင်ငံခြားတွေမှာပဲ များတာပါ။ သူတို့ဆီမှာက စက်ရုံတွေက ထွက်လာတဲ့ အစာတွေကို ကျွေးရတော့ အဲဒီပြဿနာတွေရှိနိုင်တယ်။ မြန်မာနိုင်ငံတွင်းက နွားတွေကတော့ အများစုကသဘာဝဖြစ်တဲ့ မြက်၊ နှမ်းဖတ်၊ ပဲခွံစတာတွေပဲ စားတာဖြစ်တဲ့အတွက် အဲလိုအန္တရာယ်တွေ မဖြစ်ပါဘူး။ နွားနို့တွေ သောက်တဲ့အခါမှာလည်း ပြည်တွင်းထုတ်တဲ့ နွားနို့တွေက အန္တရာယ်မရှိဘူး။ နိုင်ငံခြားက ဝင်လာတဲ့နွားနို့တွေတော့ အန္တရာယ်ကင်း၊ မကင်း မသေချာဘူး” ဟု နို့စားနွားမွေးမြူရေးအသင်းမှ အတွင်းရေးမှူးဒေါက်တာဦးခင်လှိုင်ကပြောသည်။

နွားနို့တွင်ပါဝင်သည့် အဆီပါဟော်မုန်းပမာဏသည် နွားစားသုံးသည့် အစာအနည်း၊ အများပေါ်တွင် မူတည်ပြီး နွားဏ်အဆင့်ဆင့် အစာချေဖျက်သည့် စနစ်ကြောင့် နွားနို့တွင်ပါဝင်နှုန်း နည်းပါးနိုင်ကြောင်း ဒေါက်တာခင်လှိုင်က ပြောသည်။



နို့အားလုံးသည်ကျန်းမာရေးနှင့် ညီညွတ်ပြီး နွားနို့သည်လူ့ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထောက်အကူဖြစ်ကြောင်း သိရသည်။

နွားနို့တွင်ပါဝင်သည့် အာဟာရဓာတ်များသည် အသက်ကြီးလာပြီး အိုမင်းလာသည့်အခါ အရေပြားပျက်စီးခြင်း၊ အရိုးများပျက်စီးခြင်းတို့ကိုကာကွယ်နိုင်သဖြင့် မဖြစ်မနေ သောက်သင့်ပြီး ခန္ဓာကိုယ်အတွင်း မကောင်းသည့် တစ်ရှူးများအား ဖယ်ရှားပေးနိုင်ကြောင်း ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

## စာ - ၁၃၊ အိုင်တီခေတ်၏ရောဂါသစ်မှ

အတက်ရောဂါများနှင့် မိမိကိုယ်မိမိအန္တရာယ်ပြုသူများ (အရေအတွက်နည်း)ကိုကုသပေးနေရပြီဖြစ်သည် ဟုသိရသည်။

အင်တာနက်ကို အချိန်ရတိုင်း စွဲလမ်းနေခြင်း၊ မိသားစုနှင့် အပေါင်းအသင်းများကို အချိန်မပေးတော့ဘဲလျစ်လျူရှုထားခြင်း၊ ချက်တင်လုပ်ခြင်းကိုမရပ်လိုခြင်း၊ ရပ်ခိုင်းသော်စိတ်တိုလာခြင်းနှင့် စိတ်ဓာတ်ကျဆင်းလာခြင်းများ ဖြစ်လာတတ်ပြီး ယင်းမှာအင်တာနက်မသုံးရ၍ဖြစ်ကြောင်းကို မသိကြသလို ဘယ်တော့မှလည်း ဝန်မခံဘဲ ထိန်ချန်ထားတတ်ကြကာ အလုပ်နှင့် ကျောင်းစာများတွင် ပြဿနာရှိတတ်ကြသည်ဟုသိရသည်။

“စွဲလမ်းစိတ်က လူငယ်ရော၊ လူကြီးရောဖြစ်တယ်။ အင်တာနက် စွဲလမ်းတာက တစ်နေ့ကို ၂ နာရီထက်ပိုပြီး နေ့တိုင်းသုံးမယ်ဆိုရင်ဖြစ်တယ်။ စွဲလမ်းစိတ်က ဆေးလိပ်၊ မူးယစ်ဆေးဝါး၊ အရက်တို့အပြင် အခုဆိုအင်တာနက်ပါလာပြီ။ အင်တာနက်မှာ ကောင်းကျိုးတွေရှိပေမယ့် ကလေးတွေက များသောအားဖြင့် သိပ်အရေးမကြီးတာတွေနဲ့ အချိန်ကုန်နေတာများတယ်။ အင်တာနက်ကြောင့်ဖြစ်တာကိုတော့ စိတ်ရောဂါတစ်ခုအနေနဲ့မဆိုဘဲ Reaction လို့ခေါ်တယ်။ လောကဓံကိုတုံ့ပြန်တာမျိုး။ ကြည့်လိုက်ရင်တော့အကောင်းပဲ။ နောက်ပိုင်း ဒေါသမထိန်းနိုင်တာမျိုးတွေ ဖြစ်လာတယ်” ဟုဒေါက်တာဝင်းဆွေက ပြောကြားသည်။

အင်တာနက်ကို အချိန်ကြာမြင့်စွာ သုံးစွဲမည်ဆိုပါက ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နိုင်ကာ မျက်လုံးတွင်မျက်ရည်ခန်းခြောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခါးနာခြင်း၊ အစားအသောက်မမှန်ခြင်း၊ အအိပ်ပျက်ခြင်း၊ လက်ကိုက်ခြင်းစသည်တို့ ဖြစ်တတ်ပြီး အတက်ရောဂါရှိနေသူဆိုပါက ရောဂါပိုမိုဆိုးရွားလာမည်ဖြစ်သည်ဟုသိရသည်။

စက်တစ်လုံးနှင့်သာ အချိန်ကုန်ကြသဖြင့် အထီးကျန်နေပြီး လူတောထဲမဝင်ရဲတော့ခြင်း၊ စိုးရိမ်စိတ်နှင့်အတူ လူတစ်ဖက်သားအပေါ် အထင်မှားသည့်ကိုယ်ရည်သွေး Paranoid Personality ပါအမြစ်တွယ်သွားတတ်သည်ဟုလည်းသိရသည်။ လက်ရှိပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲ၍ စိတ်ကျရောဂါဖြစ်ခြင်း၊ သေကြောင်းကြံစည်ခြင်းအထိပင် ပြုလုပ်လာကြသည်ဟုသိရသည်။

စွဲလမ်းခြင်း၊ စိတ်ဖိစီးမှုဖြစ်ခြင်းများမှအစပြုကာ စိတ်ကျန်းမာရေး ထိခိုက်မှုများဖြစ်လာနိုင်သဖြင့် လူတိုင်းအတွက် ကောင်းမွန်သောပတ်ဝန်းကျင်ကောင်းရှိရန်သည်လည်း အရေးပါလှသည်။

စိတ်ရောဂါဖြစ်ပွားမှုမှာ အလွယ်ပြောမည်ဆိုလျှင် လောကဓံကိုတုံ့ပြန်၍ဖြစ်သည့်စိတ်ရောဂါအပျော့စားနှင့်အပြင်းစားဟူ၍ နှစ်မျိုးရှိပြီး အပျော့စားအဆင့်ကပိုများသည်ဟုသိရသည်။ လူငယ်များမှာ ပတ်ဝန်းကျင်ကြောင့် အဖြစ်များပြီး အချို့မှာလည်း ဗီဇကြောင့်လည်း ဖြစ်ကြကာ ဆေးဝါးဖြင့်ကုသခြင်း၊ စိတ်ကုထုံးဖြင့် ကုသခြင်းများ ပြုလုပ်ကြရသည်။


စိတ်ဖိစီးမှုခံစားနေရပြီဆိုသည်ကိုသတိမပြုမိကြသော်လည်း ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာအပြုအမူပိုင်း၊ ခံစားမှုပိုင်းတွင် လက္ခဏာပြကြသည်။ ခန္ဓာကိုယ်ပိုင်းအနေဖြင့် ညအိပ်မပျော်ခြင်း၊ နုံးခြင်း၊ အစာမကြေခြင်း၊ ကာမဆန္ဒအားနည်းခြင်း၊ခေါင်းခဲခြင်း၊ခေါင်းကိုက်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မူးဝေခြင်း၊ ချွေးထွက်များခြင်း၊ ခြေလက်ထုံကျင်ခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ ရင်တုန်ခြင်း၊ အသက်ရှူမဝခြင်းများဖြစ်တတ်သည်။ စိတ်ပိုင်းဆိုင်ရာတွင်မူ အာရုံစူးစိုက်မရခြင်း၊ သတိမေ့ခြင်း၊ ဆုံးဖြတ်ချက်မချနိုင်ခြင်း၊ အတွေးရှုပ်ထွေးခြင်း၊ အလွန်စိုးရိမ်ခြင်း၊ စိတ်တိုခြင်းစသည်များကို ခံစားရမည်ဖြစ်သည်။ အပြုအမူပိုင်း၌လည်း ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ဆောက်တည်ရာမရခြင်း၊လက်သည်းလက်မကိုက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်း၊ ခန္ဓာကိုယ်၌ ရောဂါမရှိဘဲရောဂါရှိသလို ခံစားရခြင်းတို့ ဖြစ်တတ်သည်။ ခံစားမှုပိုင်း၌စိတ်ကျခြင်း၊ငိုချင်စိတ်ပေါက်ခြင်း၊စိတ်မတည်ငြိမ်ခြင်း၊ ဒေါသပေါက်ကွဲခြင်းစသည်တို့ဖြစ်တတ်ပြီး စိတ်ဖိစီးခြင်းနှင့်ဆက်စပ်ကာ နှလုံးရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ ဆီးချိုနှင့်အစာလမ်းကြောင်း ဆိုင်ရာရောဂါများ၊ အရေပြားရောဂါများ၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အမျိုးသမီးများတွင် ရာသီနှင့်ဆက်စပ်၍ဖြစ်သော ရောဂါများဖြစ်ပွားနိုင်သည်ဟု ဆေးပညာရှင်များက ယူဆထားကြသည်ဟုဆိုသည်။

သို့ရာတွင် စိတ်ဖိစီးခြင်းသည် ဆိုးကျိုးများချည်းသာဖြစ်စေခြင်းမဟုတ်ဘဲ ထိုဖိစီးခြင်း၏ တွန်းအားကြောင့် စေ့ဆော်မှုတစ်ခုဖြစ်ပေါ်လာပြီး အလုပ်ပြီးမြောက်စေသည့် ရလဒ်ကောင်းများရစေခြင်း၊ ကြိုးစားချင်စိတ်ပေါက်လာစေခြင်းစသည်များက ကောင်းသော ဖိစီးခြင်းများဖြစ်သည်ဟုဆိုသည်။

လုပ်ငန်းခွင် စိတ်ဖိစီးမှုမှာလည်း အောင်မြင်ရန်မျှော်မှန်းချက်ကြီးသည့်ဆန္ဒ၊ အတ္တလွန်ကဲမှု၊ အလုပ်တွင်း အနေအထားပြောင်းလဲမှု၊ ခေတ်မီနည်းပညာတိုးတက်လာမှုများ၊ အလုပ်များခြင်း၊ အလုပ်နည်းခြင်း၊ မဖြစ်နိုင်သည်များကိုဇွတ်အတင်းစေခိုင်းခြင်း၊ ကန့်သတ်ချိန်တိုတိုအတွင်းပြီးမြောက်အောင် စေခိုင်းခြင်း၊ မသေချာမရေရာမှုများ၊ပွင့်လင်းမှုများမရှိခြင်း၊ဝန်ထမ်းချင်းဆက်ဆံရေးမပြေလည်ခြင်း၊ အလုပ်အပြောင်းအလဲများ၊ ရာထူးတက်ခြင်း၊ ကျခြင်း၊ ပင်စင်ယူခြင်း၊ စစ်ဆေးခံရခြင်း စသည်များကြောင့် ဖြစ်ပွားတတ်သည်ဟုသိရသည်။

“စိတ်ရောဂါက မျိုးရိုးကြောင့် တစ်စိတ်တစ်ဒေသပါပြီးပတ်ဝန်းကျင်နဲ့အများကြီးသက်ဆိုင်တယ်။ အရက်တို့၊ မူးယစ်ဆေးတို့ သုံးတဲ့သူတွေက စိတ်ရောဂါပိုဖြစ်တယ်။ အဲဒါတွေက ဦးနှောက်ထဲက အသိဉာဏ်တွေကို ဖျက်ဆီးပစ်တယ်။ မိသားစုထဲမှာ သိပ်ချုပ်ချယ်လွန်းတာ၊ နေရာမပေးတာ၊ အဲလိုမျိုးတွေကလည်း စိတ်ကျန်းမာရေးကို ထိခိုက်စေတယ်။ ကောင်းမွန်တဲ့ ကျောင်းပတ်ဝန်းကျင်ကလည်းလိုအပ်တယ်။ ကျောင်းတွေမှာကိုယ်လက်ကြံ့ခိုင်အောင် အားကစားလုပ်ပေးတာမျိုးတွေလုပ်ဆောင်သင့်ပါတယ်” ဟုဒေါက်တာဝင်းဆွေက အကြံပြုပြောကြားသည်။

စိတ်ဖိစီးခြင်းကို ကုသမည်ဆိုလျှင် မိမိကိုယ်တိုင်ဦးစွာကုသရန် အရေးကြီးပေသည်။ စိတ်ဖိစီးခြင်းကို ဖြေရှင်းရန်အတွက် အတွေးအခေါ်များကို ပြောင်းလဲပစ်ခြင်း၊ အပြုအမူများပြောင်းလဲခြင်း၊ လူနေမှုအမူအကျင့် (Life Style) ကိုပြောင်းလဲခြင်းများပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါနည်းများဖြင့် ကုစားမည်ဆိုပါက ဆေးသောက်ရန်ပင်မလိုဘဲ စိတ်ဖိစီးခြင်းကို သက်သာလာစေနိုင်သည်ဟုဆိုသည်။ စိတ်ဖိစီးမှုအနေအထားပေါ်မူတည်၍ အချိန် ၃ လမှ ၆ လအထိအချိန်ပေးကုစားရမည်ဖြစ်ပြီး၊သက်သာမှုမရှိမှသာစိတ်ပညာရှင်များ၊ စိတ်ကျန်းမာရေးဆရာဝန်များနှင့်တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရမည်ဖြစ်ပေသည်။



# ကျေးရွာအချို့အိမ်တိုင်ရာရောက်ထီလိမ်ခံရ

ရန်နိုင်ကျော်

**မုံရွာ၊ မေ - ၂၂**

မုံရွာခရိုင် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်း ကျေးရွာအချို့တွင် နယ်လှည့်ထီရောင်းချသူများ အသွင်ဖြင့် ယခုနှစ် ဧပြီလအတွင်း အိမ်တိုင်ရာရောက် ထီလိမ်လည်မှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

"နယ်လှည့်ထီရောင်းသူတွေ အသွင်နဲ့ အမျိုးသမီး၊ အမျိုးသားတွေက ကျေးရွာတွေလာပြီး အိမ်တိုင်းနီးပါးကို လိုက်ရောင်းတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်း တုန်းကထီပုံမှန်ဈေးနဲ့လာရောင်းဖူးတယ်။ ဧပြီလဆန်းပိုင်းမှာတော့ ထီဆိုင်ကပေးတဲ့ ရေခဲသေတ္တာ၊ တီဗီ၊ ရွှေဆွဲပြားစတဲ့ ကံစမ်းမဲတွေ ကံထူးတယ်ဆိုပြီး ထီထပ်ရောင်းတယ်။ ထီတစ်စောင်ကို ၁၅၀၀ နှုန်းနဲ့ ရောင်းသလို ထီရာစည်း (ရွက်ရေ ၁၀၀) တစ်အုပ် ကျပ်နှစ်သိန်းနှစ်သောင်းခြောက်ထောင်နဲ့ ရောင်းတယ်။ ပထမတစ်ကြိမ် ထီမပေါက်ရင် ဒုတိယအကြိမ် အခမဲ့ထီတစ်အုပ်ရမယ်။ ဒုတိယအကြိမ်မှာ ထီမပေါက်ရင် ထီဖိုးအရင်းထဲက ကျပ်နှစ်သိန်း နှစ်သောင်းပြန်ပေးမယ်။ ဝန်ဆောင်ခကျပ် ခြောက်ထောင်ပဲ ထီရောင်းသူကယူမယ်ဆိုပြီး ရိုးသားတဲ့ကျေးရွာတွေမှာ ပထမအကြိမ် ထီလိမ်လည်တာဆိုတော့ အချို့အိမ်တွေက ထမင်းတောင် ကျွေးလိုက်သေးတယ်။ တစ်ကြိမ်လိမ်တာ ခံခဲ့ရတော့ ရွာလာတဲ့ လူစိမ်းမျှသမျှ မယုံတော့ဘူး" ဟု ထီလိမ်လည်ရောင်းချမှုတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ပုလဲမြို့နယ် အင်းကျေးရွာ ရပ်မိရပ်ဖဖြစ်သူ ဦးဌေးလင်းက ပြောကြားသည်။

အဆိုပါနယ်လှည့်ထီရောင်းချသူများမှာ မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ အမှတ်တံဆိပ်ပါထီဘူးအားပါဆယ်ထုပ်ပိုးရောင်းချခြင်းဖြစ်ပြီး ယခင်လများအတွင်း ထီလက်မှတ်မှကံစမ်းမဲဆုအား ဧပြီ ၂၅ ရက်တွင် လာရောက်ပေးအပ်မည်ဟုလိမ်လည်ပြောကြားရောင်းချခဲ့ခြင်းဖြစ်သည်။ ထီရောင်းချသူများမှာ လိုက်ထရပ်ယာဉ်ငယ်များဖြင့် ကျေးရွာများသို့ အုပ်စုလိုက်လာရောက်ရောင်းချခြင်းဖြစ်သည်။ ပုလဲမြို့နယ်နှင့်ယင်းမာပင်မြို့နယ်အတွင်း အင်းရွာ၊ ဆင်စွယ်၊ ရွှေလှံ၊ သဲကုန်း၊ သာစည်၊ ဆုံရွာ၊ အင်တော၊ ညောင်ကန်၊ ရွာနောင်၊ ချဉ်ပြစ်စသည့် ကျေးရွာများတွင် တစ်ရွာလျှင် တောင်သူကြီး နှစ်ဦးမှ ခုနစ်ဦးအထိ ထီရာစည်းအုပ်(ကျပ်နှစ်သိန်းနှစ်သောင်းတန်းဖိုးရှိ) ထီများရောင်းချခဲ့ပြီး ထီတစ်စောင်လျှင် ၁၅၀၀ နှုန်းဖြင့် (၁၆၈) ကြိမ်မြောက် အောင်ဘာလေထီများ ရောင်းချခဲ့ကြောင်း သိရှိရသည်။ ထီရာစည်းအုပ်လိုက် ထီထိုးသူများအား ရောင်းသူဝယ်သူနှစ်ဦးသဘောတူလက်မှတ်စာချုပ်ဖြင့် ရောင်းချသူများလည်းရှိကြောင်း သိရှိရသည်။ ယင်းထီရာစည်းအုပ်များမှ အောင်ဘာလေထီနှစ်ကြိမ်အတွင်း အနည်းဆုံးထီဆုကျပ်ဆယ်သိန်းမှ ငွေကျပ်သိန်းတစ်သိန်းတစ်ထောင်အထိ အကျိုးခံစားခွင့်ရှိပြီး ထီပေါက်မဲမပါရှိပါက ထီဖိုးငွေပြန်လည်ပေးအပ်မည်ဟု ထီရောင်းချသူများက လိမ်လည်စည်းရုံးရောင်းချခဲ့ကြောင်း သိရှိရသည်။ ထီလိမ်လည်ရောင်းချခြင်း ပြုလုပ်ခံရသော ကျေးရွာများမှာ မုံရွာမြို့နှင့် ၂၅ မိုင်ဝန်းကျင်ခန့်ကွာဝေးပြီး ပုလဲမြို့နှင့် ယင်းမာပင်မြို့တို့နှင့် ၁၀မိုင်နီးပါးကွာဝေးသည့်မြောက်ယမားချောင်းတစ်ဖက်ကမ်း လမ်းပန်းဆက်သွယ်ရေး သွားလာရန်ခက်ခဲသော ကျေးရွာများရှိ လယ်ယာလုပ်ငန်းရှင်တောင်သူကြီးများအား အဓိကထား ထီလိမ်လည်ရောင်းချခဲ့ခြင်းဖြစ်သည်။

"လိုက်ထရပ်ကား နှစ်စီးနဲ့ လာတာ ယောကျ်ား၊ မိန်းမ ပေါင်း ၃၀ ကျော်လောက်ပါတယ်။ လူလတ်ပိုင်းတွေများတယ်။ အိမ်တိုင်းအနည်းနဲ့အများ မထိုးမနေရသလောက်ပါဘဲ။ အားနာကြတော့ ထိုးကြတယ်။ ကျွန်တော်တို့ရွာက နှစ်သိန်းနှစ်သောင်းခြောက်ထောင်နဲ့ဝယ်ရတဲ့ထီစာအုပ် သုံးယောက်ဝယ်မိသွားတယ်"ဟု ဆင်တဲရွာမှ ဒေသခံတစ်ဦးကပြောသည်။ "ရန်ကုန်ကလာပြီး အရောင်းမြှင့်တာ ကံစမ်းကြပါဦးဆိုပြီး ပြောတယ်။ ကားတွေနဲ့ကိုလာတော့ ယုံသွားကြတာပေါ့။ သူတို့က ကားတွေကို ရွာအဝင်လမ်းအလယ်မှာ ရပ်ထားတာ။ နောက်မှ သဘောပေါက်တယ်။ တစ်ခုခုဖြစ်ရင် ထွက်ပြေးဖို့သူတို့အဆင်သင့်ပြင်ထားတာပဲ" ဟု ယင်းမာပင်မြို့နယ် ဆုံရွာမှ ဒေသခံတစ်ဦးက ပြောသည်။ အဆိုပါကျေးရွာတွင်လည်း သုံးဦးအလိမ်ခံရပြီး ကျပ်နှစ်သိန်းကျော်စီဆုံးရှုံးခဲ့ကြသည်။ အလားတူပင် ထိုဒေသတစ်ဝိုက်ရှိ ကျေးရွာအများစုမှာ အနည်းနှင့်အများအလိမ်ခံခဲ့ကြရသည်။

အောင်ဘာလေသိန်းဆုဌာနမှ ထီတစ်စောင်ကျပ် ၂၀၀ဖြင့် ရောင်းချပြီး မြို့ကြီးများတွင် ထပ်ဆင့် ဂုဏ်ပြုငွေကြောင့် ထီတစ်စောင်ကျပ် ၂၅၀ မှ ကျပ် ၄၀၀ အထိ ရောင်းချကြောင်း သိရသည်။ ထီရာစည်းအုပ်တစ်အုပ် (ထီ ၁၀၀) လျှင် ကျပ်သုံးသောင်းဝန်းကျင်ရောင်းချသည်။ မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ထီဆိုင်ကိုယ်စားလှယ်ထီဆိုင်များတွင် ထီရောင်းချခြင်းနှင့်ပတ်သက်၍ ကံစမ်းမဲအစီအစဉ်များဖြင့် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခြင်းမရှိကြောင်း သိရှိရသည်။ ထီရောင်းချရာတွင် မုံရွာခရိုင်အတွင်း မြို့ရောတောပါ မကျန် တယ်လီဖုန်းများမှတစ်ဆင့် ထီလိမ်လည်ရောင်းချသည့် ပုံစံအား ယခင်နှစ်များအတွင်း ကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း ယခုနှစ် ဧပြီလမှစ၍ အိမ်တိုင်ရာရောက် ထီလိမ်ရောင်းချသည့် ပုံစံအား ပထမအကြိမ် ကြုံတွေ့ခဲ့ရသဖြင့် ထီလိမ်လည်ရောင်းချသူများအား ဖမ်းဆီးနိုင်ရန် သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းများသို့အသိပေး အကြောင်းကြားခဲ့ကြောင်း သိရသည်။

မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ထီဆိုင်အမည်ဖြင့် ထီလိမ်လည်ရောင်းချသူများအား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်သူများအားဆုငွေကျပ်ဆယ်သိန်းချီးမြှင့်သွားမည်ဖြစ်ကြောင်းယင်းလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ရွာအထိလာ၍ လိမ်ရောင်းသွားသော ထီစောင်များထဲမှ တစ်အုပ်။ ဓာတ်ပုံ - မျိုးမင်းဦး

## ဘင်္ဂလားဒေ့ရှ်သို့ ဝါးလုံးရေ ခုနစ်သိန်းကျော် တင်ပို့

မောင်ကံ

**မောင်တော၊ မေ- ၂၆**

ပုံမှန်ပို့ကုန်အဖြစ် တင်ပို့နေရသည့် ရခိုင်ပြည်နယ်ထွက်ဝါးများကို ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ဝါးလုံးရေ(၇,၆၉၃,၇၀၀)လုံး၊ အမေရိကန်ဒေါ်လာ(၂၀၇,၈၀၀)ဖိုး တင်ပို့နိုင်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်မှု စာရင်းအရ သိရသည်။

"ဒီနှစ် အများဆုံး တင်ပို့ခဲ့ရတဲ့ဝါးတွေက မြောက်ဦးဒေသထွက်တွေဖြစ်ပါတယ်။ ဘူးသီးတောင်၊ စိုင်းဒင်ဝါးတောင်နဲ့ မယူတောင်တန်းဝါးပေါ်တွေက ဝါးရုံခါတဲ့အတွက် အထွက်နည်းခဲ့ပါတယ်"ဟု ဝါးတင်ပို့သူတစ်ဦးကပြောသည်။

ဘူးသီးတောင်ဒေသမှ ဝါးအထွက်နည်းခဲ့သဖြင့် မောင်တောနယ်စပ်ဈေးကွက်တွင် ဝါးအလုံးတစ်ရာလျှင်၃၀,၀၀၀ ကျပ်ထိဈေး တက်ခဲ့ပြီး လွန်ခဲ့သည့် နှစ် ဝါးဈေးထက်တစ်ဆခန့်ဈေးတက်နေကြောင်း သိရသည်။ စစ်တွေနယ်စပ်စခန်းမှလည်း ဘင်္ဂလားဒေ့ရှ်သို့ဝါးကြီး၊ ဝါးသေးများ တင်ပို့လာရကြောင်း သိရသည်။



တောမှခုတ်ယူလာသော ဝါးများကို ဖောင်ဖွဲ့၍ သယ်ဆောင်လာစဉ်

ဓာတ်ပုံ - မောင်ကံ

## နေပြည်တော် ပျဉ်းမနားမြို့ရှမ်းကန်အတွင်း မွေးထားသောငါးအချို့သေဆုံး

ထူးသန့်

**နေပြည်တော်၊ မေ - ၂၈**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်ပျဉ်းမနားမြို့၏ သမိုင်းဝင်ရှမ်းကန်အတွင်း၌ မွေးမြူထားသော ငါးများအနက် ငါးမျိုးကွဲအချို့ရာနှင့်ချီ၍ သေဆုံးမှုများ ရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူဒေသခံအချို့က ပြောသည်။

"ကျွန်တော်သိရသလောက် တစ်ကောင်ကို ၅၀ ကျပ်သားကျော်ရှိတဲ့ တီလားဗီးယားငါးတွေလည်းသေတယ်။ ၂၀ သားမှ ၂၅ ကျပ်သားလောက်ရှိတဲ့ ငါးခုံးမကြီးတွေလည်း အကောင် ၃၀၀ ကျော်သေတယ်။ ကျွန်တော်စုံစမ်းလို့ သိရတာကတော့ အောက်ဆီဂျင်ပြတ်လို့ဆိုပြီး သိရတယ်"ဟူ၍ လှေလှော်တမ်းယူထားသောသူတစ်ဦးကပြောသည်။

မြို့၏ပြယုဂ်တစ်ခုလည်းဖြစ်သော အဆိုပါကန်အတွင်း အထိမ်းအမှတ်အမျိုးမျိုးဖြင့် နှစ်စဉ်လာရောက်ငါးဘေးမဲ့ လွှတ်သူအများအပြားရှိကြောင်း၊ အထက်ပါငါးများအပြင် ငါးကြင်း၊ ငါးခူ၊ ငါးရံ့စသည်ဖြင့် ငါးမျိုးအများအစားရှိနိုင်ကြောင်းလည်း ဝန်းကျင်နေဒေသခံတို့က ဆိုသည်။ ယခုကဲ့သို့ငါးများသေဆုံးခြင်းကို ဒေသခံများက အမျိုးမျိုးထင်ကြေးပေးလျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# ပေလီသင်္ကြန် ညှော်သည်နည်း ဈေးဆိုင်အချို့ အရှုံးပေါ်

**မြတ်စုမွန်**

**ပေလီ၊ မေ - ၂၃**

ယခုနှစ်ပေလီကမ်းခြေသင်္ကြန်သို့ လာရောက်လည်ပတ်သူ နည်းပါးမှုကြောင့် သင်္ကြန်ရက်အတွင်း ကမ်းခြေ၌ အကောက်အခွန်ပေးဆောင်ကာ ရောင်းချသော ဈေးဆိုင်များ ရောင်းအားလျော့နည်းခဲ့ပြီး အချို့ဆိုင်များမှာ အရင်းပြန်မရသည်အထိရှိကြောင်း ဒေသခံဈေးသည်တစ်ဦးက ပြောသည်။

"အရင်နှစ်တွေကနဲ့ စာရင် ဒီနှစ်နည်းတယ်။ တချို့ဆိုရင် ရှုံးတောင်ရှုံးကြတယ်။ ကျွန်မတို့ကတော့ ဘီယာနဲ့အရက်ရောင်းတာဆိုတော့ အဆင်ပြေတယ်။ ရှုံးတဲ့လူတွေက အခြားအစားအသောက်တွေ ရောင်းကြတဲ့ သူမျိုးတွေ" ဟု သင်္ကြန် ၃ ရက်အတွင်း ပေလီကမ်းခြေ သဲသောင်ပြင်၌ ဆိုင်ခန်းရောင်းချခဲ့သည့် ဈေးသည်အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ပေလီကမ်းခြေ သဲသောင်ပြင်တွင် လွန်ခဲ့သည့် သုံးနှစ်ခန့်မှစတင်ကာ သင်္ကြန်ကာလအတွင်းတွင်သာ ရောင်းချသည့် ဆိုင်တစ်ခန်းလျှင် ကျပ်သုံးထောင်မှ တစ်သောင်းအထိ ပေးရသည့် ဆိုင်တန်းများပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့က ရခိုင်မုန့်တီ၊ အာပူလျှာပူသုပ်၊ ခေါက်ဆွဲကြော်၊ ဘူးသီးကြော်ရောင်းတယ်။ ဆိုင်ခန်းအတွက် မြေနေရာခ တစ်ရက်ကို သုံးထောင်ပေးရတယ်။ ဆိုင်ကြီးတွေကတော့ ပိုပေးရတာပေါ့။ စည်ပင်ကလာကောက်တာ မဟုတ်ဘူး။ ရဲကလာကောက်တာ" ဟု သင်္ကြန်သုံးရက်အတွင်း ဆိုင်ထွက်ရောင်းခဲ့သည့် ဒေသခံတစ်ဦးက ပြောသည်။

သင်္ကြန်ကာလတွင် ပေလီကမ်းခြေသို့ အနီးဝန်းကျင်မြို့ရွာများမှ ရေပက်ခံကားများဖြင့် လာရောက်လည်ပတ်သူများ ပိုမိုများပြားပြီး လူငယ်အများစုမှာ အရက်သေစာ သောက်စားမူးယစ်မှုများ ပြုလုပ်ကြသော်လည်း အမူးလွန်ကာ ရေနစ်သေဆုံးခြင်းအဖြစ်အပျက်များ မကြုံဖူးကြောင်း ဒေသခံအမျိုးသမီးတစ်ဦးကပြောသည်။

**PHOTO NEWS**





လားရှိုးမြို့တွင် ဆိုင်ကယ်အမျိုးအစား မတူသော်လည်း ဆိုင်ကယ်နံပါတ်တူနေသော ဆိုင်ကယ်နှစ်စီးကို နေရာနှစ်နေရာ၌ ပြိုင်လယ်ပိုင်းက တွေ့ရစဉ်။ သတင်း၊ဓာတ်ပုံ- အောင်အောင်

# မန္တလေးဖြူဟစိုရ် လူမှုကူညီရေးအသင်း နာရေးကိစ္စများအပြင် ကျန်းမာရေးကိစ္စရပ်များပါ ကူညီပေး

**စိုင်းသာအောင်**

**မန္တလေး၊ မေ - ၂၈**

မန္တလေးမြို့ ဖြူဟစိုရ်လူမှုရေးကူညီရေးအသင်း၏ ကျန်းမာရေးကူညီမှုလုပ်ငန်းအတွက် အလှူရှင်၊ စေတနာရှင်များက စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိရာ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း အလှူငွေကျပ်သိန်းပေါင်း ၃၉၆၆ လက်ခံရရှိကြောင်း အသင်းဥက္ကဋ္ဌဒေါက်တာဝင်းမြင့်က ပြောသည်။

မေ ၂၈ ရက်က မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၆၅ လမ်း၊ ၄၀× ၄၁ လမ်းကြား၊ ကံကော်လမ်းသွယ်၊ မဟာမြိုင် ၁ ရပ်ကွက်၊ ဇ ၃/၈၄ နေ ကွယ်လွန်သူခင်ပွန်းဖြစ်သူ ဦးသာလွင်အားရည်စူး၍ ဒေါ်သန်းရွှေ(သားသမီးမြေးတစ်စု)က ကျပ်သိန်း ၃၀၀ တန် ဘက်စုံသုံးကား (MPV) တစ်စီးနှင့်ရာသက်ပန်ဆေးပဒေသာပင်အတွက် ကျပ်သိန်း ၂၀၀ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိကိုဥက္ကဋ္ဌနှင့်အမှုဆောင်များသို့ပေးအပ်လှူဒါန်းခဲ့သည်။

မန္တလေးဖြူဟစိုရ်လူမှုကူညီရေးအသင်းကြီးသည် ကျန်းမာရေးကူညီမှုလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မေပြီမှစတင်ကူညီခဲ့ရာ ၂၀၁၀ ပြည့်နှစ်မတ်လအထိ ၁၀ နှစ်တာအတွင်း ထောက်ပံ့လူနာ ၃၀၄၀၈ ဦးအတွက် လှူဒါန်းမှုပေါင်း ၃၇၀၀ ကျော် ထောက်ပံ့ ကူညီဆောင်ရွက်ခဲ့သည်။ ယခုအခါမန္တလေးအထွေထွေရောဂါ ဆေးရုံကြီး၊ ကလေးအထူးကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံကြီး၊ မျက်စိနား၊ နှာခေါင်း၊ လည်ချောင်းကုဆေးရုံကြီးတို့တွင် တက်ရောက်ကုသသော ဆင်းရဲနွမ်းပါးလူနာများအတွက် တစ်လလျှင် ယခင်ကျပ်သိန်း ၈၀ မှ ယခုအခါ ဆေးဖိုးအဖြစ် ကျပ်သိန်း ၁၀၀ ကူညီထောက်ပံ့လျက်ရှိကြောင်း သိရသည်။

ဖြူဟစိုရ်လူမှုကူညီရေး ဆေးရုံကြီးကိုသက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် မန္တလေးမြို့ ဦးစကြီး+ဒေါ်တင်အား ရည်စူး၍ သမီးများက ကျပ်သိန်း ၁၅၀၀ မတည်လှူဒါန်းဆောက်လုပ်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။







# စားကျက်နည်းပါးလာသဖြင့် တောဆင်ရိုင်းများ လူနေအိမ်အနီး ခိုအောင်းနေထိုင်လာ

**ဘုန်းကံအောင်**

**တောင်ကုတ်၊ မေ- ၂၅**

ရခိုင်ပြည်နယ်၊တောင်ကုတ်မြို့နယ်ရှိ တရာဘကျေးရွာအုပ်စု၊ ပေါက်ပြင်ကျေးရွာအုပ်စု ရွာအနီးအနားနေရာများအထိတောဆင်ရိုင်းများ ရောက်ရှိလာကာ ရွာအနီးဥယျာဉ်များထဲတွင် ခိုအောင်းနေကြသဖြင့် ဒေသခံများစိုးရိမ်လျက်ရှိကြောင်း သိရသည်။

တောဆင်ရိုင်းများသည်ကျေးရွာသားများ စိုက်ပျိုးထားသော ငှက်ပျောခင်းများ၊ နာနတ်ခင်းများအား စားသောက်ဖျက်ဆီးနေသဖြင့် ဒေသတွင်းစီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ဟုဆိုသည်။

"ရွာနားက ဥယျာဉ်ထဲမှာ ဆင်ငါးကောင်ခိုနေတယ်။ ညဆိုရင်ရွာစပ်က ငှက်ပျောခင်းကို ဝင်စားတယ်။ ဥယျာဉ်တွေထဲက နာနတ်သီးတွေလည်း ဆင်စားလို့ကုန်ပြီ။ မနေ့ကဆိုရင် ရွာစွန်က တဲကိုလာဖျက်တယ်လေ"ဟု ရွာခံတစ်ဦးကပြောသည်။

"ဒီဆင်အုပ်က ဆင် ၁၂ ကောင်ရှိတာ။ခုတော့ငါးကောင်ပဲ ကျန်တယ်။ ဆင်ကလေးတွေပဲကျန်ပြီး ဆင်ကြီးကတစ်ကောင်တည်းပါတယ်။တခြားဆင်ကြီးတွေ အသတ်ခံလိုက်ရတယ်လို့ကြားရတယ်"ဟု တရာဘရွာအနီး "နဂါးရုံဘုရား"ဘုန်းတော်ကြီးကျောင်းမှ သံဃာတစ်ပါးက မိန့်ကြားသည်။

ရခိုင်ရိုးမတွင် ဝါးတောများ သုဉ်းခြင်း၊ သစ်တောများ ဆုတ်ယုတ်ခြင်း၊ ဆင်များစားကျက်နည်းပါးလာသဖြင့် လူတို့၏ စိုက်ခင်းများသို့ ရွှေ့ပြောင်းကျက်စားလာသကဲ့သို့ ဆင်ဘေးမဲ့တောနှင့် ဆက်စပ်နေသောမြို့နယ်များတွင် ဆင်မှုဆိုးများအား တားဆီးရေးအစီအမံများမရှိသဖြင့် အန္တရာယ်ကြောင့်ထွက်ပြေးလာသော ဆင်များမှာလည်း လူနေကျေးရွာများအနီးခိုအောင်းနေတတ်ကြောင်း ဒေသခံများက ပြောသည်။

# ရမည်းသင်းတွင် ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေးနှစ်ဦးပါဝင်သော သုံးမြွှာပူးမွေး

**စိုင်းသာအောင်**

**ရမည်းသင်း၊ မေ- ၂၇**

နေပြည်တော် ရမည်းသင်းမြို့နယ် နန်းပုံအုပ်စု သာယာအေးရွာတွင် နေထိုင်သော အမျိုးသမီးတစ်ဦးသည် မတ်လ ၃၀ ရက်က ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ မိန်းကလေးတစ်ဦး၊ ယောကျ်ားလေးနှစ်ဦး သုံးမြွှာပူးမွေးဖွားခဲ့ကြောင်း ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံကြီးမှ သတင်းရရှိသည်။

သာယာအေးရွာတွင်နေထိုင်သော အသက် ၂၅နှစ် အရွယ်မသိန်းသိန်းဌေးသည် မတ်လ ၃၀ ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးသားဖွားဆောင်မှတစ်ဆင့် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိလာပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာနီလာထွန်း၊ မီးယပ်သားဖွားအထူးကုဆရာဝန်ဒေါက်တာ သင်းသင်းဦး၊ ကလေးအထူးကုဆရာဝန်ဒေါက်တာချိုချိုအေး၊ မိခင်နှင့်ကလေးဆရာဝန်ဒေါက်တာမြင့်မြင့်မော်နှင့် သူနာပြုဆရာမများက အထူးဂရုစိုက်ကြပ်မတ်မွေးဖွားပေးခဲ့ရာ နံနက်၇ နာရီခွဲတွင် ၅ ပေါင် ၁၂ အောင်စ မိန်းကလေးတစ်ဦး၊ ငါးပေါင်ရှိ ယောကျ်ားလေးတစ်ဦး၊ ၅ ပေါင် ၁၂ အောင်စရှိ ယောကျ်ားလေးတစ်ဦး စုစုပေါင်း ၃ ဦး ကိုအောင်မြင်စွာ မွေးဖွားနိုင်ခဲ့ခြင်းဖြစ်သည်။

# မုံရွာကြက်မွေးမြူရေးဇုန်တွင် ကြက်သားပေါက်များ ပြန်လည်ဝယ်ယူခွင့်ပြု

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့်နောက်ပိုင်း မုံရွာကြက်မွေးမြူရေးဇုန်၌ ဇီဝ လုံခြုံရေးအရ ကြက်သားပေါက်များ တင်သွင်းခွင့်ကို ဖေဖော်ဝါရီလကုန်ရက်ပိုင်းမှ ပိတ်ထားခဲ့ရာကဧပြီလကုန်ရက်ပိုင်းတွင် ကြက်သားပေါက်ဝယ်ယူခွင့်အားပြန်လည်စိစစ်လက်ခံလျက်ရှိကြောင်းမုံရွာဒေသခံကြက်မွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။

"ကြက်ငှက်တုပ်ကွေးရောဂါကြောက်တာကြောင့် ကြက်မကြီး(နှစ်နှစ်သားအရွယ်ဥစားကြက်)တွေထုတ်ရောင်းတာရော အပူချိန်မြင့်တဲ့အချိန် အရိပ်ရလေကာပင်တွေနည်းတဲ့ကြက်ဇုန်မှာကြက်ကြီးတွေခွဲ့ထပြီး အသေအပျောက်များတယ်။ ကြက်ပေါက်လေးတွေကဝယ်လိုအားများတဲ့အတွက် တစ်လလောက်ကြိုတင်မှာယူရတယ်။ ဧပြီလကုန်ရက်ပိုင်းမှာမိုးကလည်းစရွာနေပြီ။ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုကလည်း မရှိသလောက်နည်းလာပြီဆိုတော့ကြက်သားပေါက်တွေဇုန်အတွင်း သွင်းခွင့်ပြုနေပြီ။ ဇုန်အဝင်မှာဇီဝလုံခြုံရေးအရစောင့်ကြည့်ရေးအဖွဲ့တွေက ရောဂါကူးစက်မှုမရှိစေရေးဆောင်ရွက်နေသလို ကြက်သားပေါက်တွေစိစစ်လက်ခံပေးနေပြီ" ဟု မုံရွာကြက်မွေးမြူရေးဇုန်မှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုနှစ်ဧပြီလကုန်ရက်ပိုင်းအတွင်း ကြက်သားပေါက်ဝယ်လိုအား များပြားလာခြင်းကြောင့် ကြက်သားပေါက်တစ်ကောင်လျှင်ကျပ်တစ်ထောင်မှကျပ်တစ်ထောင့်သုံးရာအထိဈေးတက်သွားကြောင်း သိရှိရသည်။ မုံရွာမြို့နယ်အတွင်း ကြက်သားပေါက်များအား စီပီဥစားကြက်နှင့် တောင်ကြီးမှ တက်ချောင်ဥစားကြက်များအဓိကဝယ်ယူမွေးမြူကြကြောင်း သိရသည်။ ဧပြီလအတွင်း ကြက်သားနှင့် ကြက်ဥစားသုံးသူပိုမိုများပြားလာသည့်အတွက်ကြက်သားတစ်ပိဿာကျပ်ငါးထောင်မှ ကျပ်ခြောက်ထောင်အထိ ဈေးရှိပြီး ကြက်ဥတစ်လုံးကျပ်၉၀မှကျပ်၁၃၀အထိ ဈေးကောင်းရရှိခဲ့ကြောင်း သိရသည်။ မုံရွာကြက်ဥဈေးကွက်တွင် မန္တလေးမြို့မှ ကြက်ဥဝင်ရောက်မှု အပေါ်မူတည်ပြီးဈေးနှုန်းအပြောင်းအလဲရှိသဖြင့် ကြက်ဥစားသုံးမှုမြင့်တက်မှုနှင့်အတူ ဈေးနှုန်းမှာ မြင့်တက်လာကြောင်း သိရသည်။

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အလောင်းတော်ကဿပ လမ်း ဧပြီလကုန်တွင် သွားလာခွင့်ပိတ်မည်



ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၂၅**

အလောင်းတော်ကဿပရာသီလမ်းအား ပွင့်လင်းရာသီဖြစ်သော နွေရာသီတွင်သွားလာခွင့်ပြုခဲ့ရာမှ ယခုနှစ်ဧပြီလကုန်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ဘုရားဖူးယာဉ်များအား သွားလာခွင့်ပိတ်ထားမည်ဖြစ်ကြောင်းသိရှိရသည်။

"အလောင်းတော်ကဿပ ရာသီလမ်းကို ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကုန်ရက်ပိုင်းမှာစဖွင့်ခဲ့တယ်။ အခုမိုးလည်းစရွာနေပြီဆိုတော့တောင်ပေါ်စံကျောင်းအနီးက ဈေးဆိုင် တွေ ဧပြီလ ၂၇ ရက်မှာ တောင်အောက်ဆင်းဖို့ နှိုးဆော်နေပြီး မိုး သည်းသည်းရွာတော့ တောင်ပေါ်အတက်အဆင်းလမ်းတွေမှာ အန္တရာယ်ရှိတဲ့အတွက် ဧပြီလကုန်ရာသီလမ်းမှာ ဘုရားဖူးကားတွေ သွားလာခွင့်ပိတ်ထားမှာဖြစ်တယ်"ဟုအလောင်းတော်ကဿပဝန်ဆောင်ဆရာတော်တစ်ပါးက ပြောကြားသည်။ ယခုနှစ်ပွင့်လင်းရာသီအတွင်း အလောင်းတော်ကဿပဘုရားဖူးများဖြင့် နေ့စဉ်စည်ကားလျက်ရှိပြီး တပို့တွဲလပြည့်၊ တပေါင်းလပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကာလများအတွင်းနှင့် သင်္ကြန်ရာသီကာလအတွင်း ဘုရားဖူးများဖြင့် စည်ကားခဲ့သည်။

မဟာသင်္ကြန်ပွဲတော်ကာလများတွင် ဘုရားဖူးများ လာရောက်မှုမှာနှစ်ပေါင်းနှစ်ဆယ်ကျော်ကာလအတွင်းယခုနှစ်သည်အစည်ကားဆုံးနှစ်ဖြစ်ခဲ့ကြောင်း အလောင်းတော်ကဿပဝန်ဆောင် ဆရာတော်များအဖွဲ့၏ပြောပြချက်အရသိရသည်။ ဘုရားဖူးခရီးသည်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက်အလောင်းတော်ကဿပရာသီလမ်းတစ်လျှောက် မြန်မာနှစ်ဆန်း ၄ ရက်နှင့် ၅ ရက် (ဧပြီ ၂၀ နှင့် ၂၁ ရက်)များတွင် အလောင်းတော်ကဿပဝန်ဆောင်ဆရာတော်များအဖွဲ့မှအန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ခဲ့ကြောင်း သိရသည်။

"အလောင်းတော်ကဿပရာသီ လမ်းမပိတ်ခင်ရက်ပိုင်းအထိ ဘုရားဖူးတွေ သွားလာလိုသူတွေအတွက်ဘုရားဖူးကားတွေ နေ့တိုင်းပြေးမှာပါ။ မိုးရွာတဲ့ရက်တွေမှာ တောင်တက်တောင်ဆင်းလမ်းတွေမှာ ယာဉ်မောင်းတွေသတိထားမောင်းရတယ်။ ဒီနှစ် ဘုရားဖူးရာသီမှာ အလောင်းတော်ကဿပဘုရားဖူးကားတွေမကျွမ်းကျင်ဘဲမောင်းနှင်တဲ့သူတွေကြောင့် ယာဉ်တိမ်းမှောက်မှုတွေရှိခဲ့တယ်။ မုံရွာကနေ အလောင်းတော်ကဿပ ပြေးဆွဲနေတဲ့ ဘုရားဖူးယာဉ်လိုင်းတွေမှာ ကျွမ်းကျင်ယာဉ်မောင်းတွေနဲ့ နေ့စဉ်ပြေးဆွဲပေးနေပါတယ်" ဟု မုံရွာ-အလောင်းတော်ကဿပဘုရားဖူးယာဉ်လိုင်းမှ ဦးညိုဝင်းက ပြောသည်။

# ရခိုင်ပြည်နယ်မြစ်ချောင်းငါးဖမ်းကွက်များ လေလံတင်ရောင်းချမှု ယာယီရပ်ဆိုင်း

**နနနွေ**

**စစ်တွေ၊ မေ- ၂၆**

ရခိုင်ပြည်နယ်ရှိ ရေချိုမြစ်ချောင်းများ ပင်လယ်ကမ်းနီးငါးဖမ်းကွက်များအား အထွက်သတ်မှတ်၍ လေလံတင်(တင်ဒါစနစ်)များဖြင့် ရောင်းချနေခြင်းကို ဧပြီလ ၆ ရက်တွင် ပြုလုပ်ရန်သတ်မှတ်ခဲ့သော်လည်း ရောင်းချခြင်းမပြုတော့ဘဲ ယာယီ ရပ်ဆိုင်းထားခဲ့ကြောင်း ရေလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ရေစီးရေလာရှိတဲ့ရေချိုမြစ်ချောင်းတွေ၊ ကမ်းနီးငါးဖမ်းကွက်တွေကဘုံငါးဖမ်းကွက်တွေဖြစ်တဲ့အတွက် မည်သူမဆို ပိုက်ခွန်၊ ပိုက်ခဆောင်ပြီး လွတ်လွတ်လပ်လပ်ဖမ်းဆီးလို့ရတဲ့နေရာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါဘုံငါးဖမ်းကွက်နေရာတွေကိုအကွက်တွေသတ်မှတ်ပြီး လေလံတင်ရောင်းချတာကြောင့် လေလံဆွဲဝယ်သူတွေသာ ငါးလုပ်ငန်းဦးစီးကသတ်မှတ်တဲ့ အခွန်အခထက်ပိုမိုကောက်ခံနေကြတာကြောင့် ရေလုပ်ငန်းလုပ်ကိုင်နေကြတဲ့ ရေလုပ်သားတွေမှာ ထိခိုက်မှုတွေရှိနေခဲ့ပါတယ်။ ငါးလုပ်ငန်းဥပဒေမရှိဘဲကောက်ခံနေတာဖြစ်လို့ ဒီကိစ္စကို ရပ်ဆိုင်းဖို့ ကျွန်တော်တို့နှစ်စဉ်တင်ပြအရေးဆိုမှုတွေရှိခဲ့ပါတယ်။ အခု အစိုးရသစ်လက်ထက်မှာ စဉ်းစားပြီး ဒီလိုရပ်ဆိုင်းလိုက်တဲ့အတွက် ရေလုပ်ငန်းလုပ်ကိုင်နေကြသူတွေအတွက်ကောင်းသွားပါတယ်"ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ငါးဖမ်းကွက်ကို လေလံတင်ရောင်းချခြင်းမှာ သံတွဲခရိုင်အတွင်း မရှိဘဲ မောင်တော၊ စစ်တွေနှင့် ကျောက်ဖြူခရိုင်တွင်သာရှိနေခြင်းဖြစ်ပြီး ငါးဖမ်းကွက်ပေါင်း ၁၂၀ ကျော် သတ်မှတ်ရောင်းချလျက်ရှိရာ ငါးဖမ်းကွက်တစ်ကွက်လျှင် အမြင့်ဆုံး ဈေးမှာ ကျပ်သိန်း ၃၀၀ ခန့်ထိရှိခဲ့ကြောင်း သိရသည်။

EASTERN JADE INTERNATIONAL CO.,LTD
SKP (TV COVER)
Tel: 01 384831, 388658

မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ကျက်စာ၊ ဘာသာစုံ၊ အထူး Special Guide ထူးချွန်အောင်မြင်အောင် တာဝန်ယူသည်။
Tr. Paing Paing
PH: 09-73140987

ဝန်ထမ်းအလိုရှိသည်
• Marketing Executive
• Reporter

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# တောင်သူများဈေးကွက်ကိုပိုမိုလေ့လာရန် စိုက်ပျိုးရေးပညာရှင် အကြံပြု

**ထူးသန့်**

**နေပြည်တော်၊ မေ ၂၈**

မြန်မာ့လယ်ယာကဏ္ဍ၏ အဓိက အင်အားစုကြီးဖြစ်သော တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုအပြင် သီးနှံဈေးကွက်၏အလားအလာနှင့် မျက်မှောက်ရေးရာအခြေအနေများကိုပါ လေ့လာဖို့လိုအပ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။

သီးနှံအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရ၍ အကျိုးအမြတ်နည်းပါးခြင်းနှင့် အရှုံးပေါ်ခြင်းများကို ရင်ဆိုင်ရလေ့ရှိသော တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့စိုက်ပျိုးမည့်သီးနှံများ၏ ဈေးကွက်နှင့် အလားအလာများကို လေ့လာထားရန် လိုအပ်လာပြီဖြစ်ကြောင်း၊ မျက်မှောက် အခြေအနေတွင် လယ်ယာထွက်ကုန်ဈေးကွက်ကို အားပေးဖော်ပြလာသည့် အပတ်စဉ်ထုတ်ဂျာနယ်များနှင့် အသံလွှင့်ဌာနများပြားလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အခုဆို ဂျာနယ်အများစုနဲ့ အက်ဖ်အမ်တွေကပါတစ်ပြည်လုံးက ဈေးကွက်အခြေအနေကိုဖော်ပြလာကြတယ်။ တောင်သူတွေအနေနဲ့ လေ့လာချင်ရင် လက်တစ်ကမ်းမှာရောက်နေပါပြီ။ လေ့လာဖို့လည်း လိုလာပါပြီ။ ဒါမှသာ ကြားက ပွဲစားတွေရဲ့ ခြယ်လှယ်တာကိုမခံရမှာ။ အချို့လည်း သီးနှံတွေရဲ့ ဈေးကွက်အလားအလာကိုပါ ရရင်ရသလောက်ဖော်ပြနေကြတယ်" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

တည်ငြိမ်မှုအားနည်းလေ့ရှိသော စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်တွင် ဈေးကွက်ပျက်သီးနှံများကို အင်တိုက်အားတိုက် စိုက်ပျိုးထုတ်လုပ်မိသော တောင်သူများအနေဖြင့်များစွာနစ်နာရသကဲ့သို့ကြားအဆင့်များ၏ ဈေးနှုန်းခြယ်လှယ်မှုကြောင့် နစ်နာရသူများလည်း ရှိနေရာ အဆိုပါအခြေအနေကို ကျော်လွှားရန် လိုအပ်လာခြင်းဖြစ်ကြောင်းသိရသည်။

ယခုနှစ်တွင် မတ်ပဲဈေးမကောင်း၍ သိုလှောင်ထားရသူ တောင်သူဦးကျော်ဝင်းက "ကြားတော့ကြားမိသားပဲဗျ။ ဒါပေမဲ့ ဒီလောက်ပျက်မယ် မထင်ဘူး။ အခုတော့ ဒီဈေး(နှစ်သောင်းတစ်ထောင်ခန့်)နဲ့ ရောင်းရင် ရှုံးမှာဆိုတော့ လှောင်ထားရတာပေ့ါ။ ဖြစ်နိုင်ရင်တော့ တစ်ခါတည်း ရောင်းပစ်ချင်တာ"ဟု ၎င်း၏အခြေအနေကိုပြောကြားသည်။



ဓာတ်ပုံ-စိုင်းသာအောင်

# မြဝတီကုန်သွယ်မှုဇုန်သို့ မန္တလေးမှ ကုန်သည်ကြီးများ သွားရောက်လေ့လာ

**စိုင်းသာအောင်**

မြဝတီ၊ မေ ၂၂

ကရင်ပြည်နယ် မြဝတီကုန်သွယ်ရေးဇုန်အား မန္တလေးမြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများက စိတ်ဝင်စားမှုရှိသဖြင့် မေလအတွင်းက သွားရောက်လေ့လာခဲ့ကြောင်း အသင်းအမှုဆောင်တစ်ဦးက ပြောသည်။ အဆိုပါမြဝတီကုန်သွယ်မှုဇုန်ကိုသွားရောက်လေ့လာသူ အသင်းအမှုဆောင်တစ်ဦးက "နယ်စပ်ကုန်သွယ်ရေးမှာ မြဝတီကုန်သွယ်မှုဇုန်ကလည်း မန္တလေးဈေးကွက်အတွက် အရေးပါတော့သွားလေ့လာတာပါ။ မန္တလေးဈေးကွက်အတွက် အဝတ်အထည်၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းတွေက ထိုင်းနိုင်ငံက ဝင်တဲ့ပစ္စည်းတွေက အရည်အသွေးကောင်းပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ မန္တလေးဈေးကွက်မှာ မူဆယ်ဘက်က ဝင်တဲ့အဝတ်အထည်၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းတွေက လမ်းပိုသင့်တယ်။ ဈေးလည်း သက်သာတော့ မူဆယ်-ရွှေလီဘက်က ဝင်တဲ့ပစ္စည်းတွေက ဈေးကွက်ပိုဝင်ပါတယ်။ ပစ္စည်းအရည်အသွေးကတော့ မြဝတီဘက်က ဝင်တဲ့ပစ္စည်းက ပိုကောင်းပါတယ်။ ဒါကြောင့် မြဝတီကုန်သွယ်မှုဇုန်ကို သွားရောက်လေ့လာကြတာပါ"ဟု ပြောသည်။

# သီတဂူဆရာတော်နှင့် သံတွဲဒေသခံပြည်သူများပူးပေါင်းကာ ကျပ်သိန်း ၂၀၀၀ ကျော်တန် မျက်စိဆေးရုံတည်ဆောက်

**မြတ်စုမွန်**

**ရန်ကုန်၊ မေ ၂၄**

ရခိုင်ပြည်နယ် သံတွဲမြို့တွင် အများပြည်သူ မျက်စိကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေးအတွက် မျက်စိ ဆေးရုံတစ်ခုကို သီတဂူဆရာတော်ကြီးနှင့်ဒေသခံပြည်သူများစုပေါင်းကာ ကျပ်သိန်းပေါင်းနှစ်ထောင်ကျော် ကုန်ကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိဆေးရုံတည်ဆောက်ရန်အတွက် မေတ္တာဝတီဘိုးဘွားရိပ်သာအနီးရှိ မြေကွက်လပ်ကို ရွေးချယ်ထားပြီး ခွဲစိတ်ခန်း လေးခန်းပါဝင်သော အလျား ၁၂၀ ပေ၊ အနံပေ ၄၀ အကျယ်အဝန်းရှိသည့် ဆေးရုံတစ်ရုံဖြစ်လာမည်ဖြစ်ကြောင်း သံတွဲမြို့နယ်ပြည်သူ့လွှတ်တော်အမတ်ဦးမြင့်လှိုင်ကပြောသည်။

"ဆေးရုံကို ကဆုန်လပြည့်နေ့မှာ အုတ်မြစ်ချမယ်။ သီတဂူဆရာတော်ကြီး ဆေးရုံအတွက် သိန်း ၅၀၀ မတည်ပြီး လှူသွားတယ်။ ဆရာတော်ကြီးနဲ့အတူ ပါလာတဲ့ တပည့်တွေကသိန်း ၂၀၀ လောက်လှူသွားတယ်။ ကျန်တဲ့ငွေကို သံတွဲ၊ တောင်ကုတ်၊ ဂွ၊ အဲဒီသုံးမြို့က ပြည်သူတွေက ဖြည့်ပြီး ဆောက်မယ်။ ဆေးရုံသုံးပစ္စည်းက သိန်း ၁၅၀၀ ဖိုးလောက် ထပ်ဖြည့်ရဦးမယ်။ ဆရာတော်ကြီးက ပံ့ပိုးမယ်လို့ ပြောပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

သံတွဲခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအတွက် လက်ရှိအခြေအနေတွင် အခက်အခဲများစွာ ကြုံရလျက်ရှိကြောင်း သံတွဲမြို့မှ မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ဦးတင်လေးက ပြောသည်။

"သံတွဲမြို့ကို တစ်ခါတလေမှာ မျက်စိဆရာဝန်တွေရောက်လာပြီး ကုသပေးတယ်။ ဒါပေမဲ့ ဆရာဝန်တွေကလည်း ရန်ကုန်မှာတာဝန်တစ်ဖက်နဲ့ဆိုတော့ စနေ၊ တနင်္ဂနွေကြည့်ပေးပြီးရင် နောက်နေ့ရုံးတက်အမီ ပြန်ရတယ်။ ရွာဘက်ကလူနာတွေက မျက်စိဆရာဝန်တွေ ရောက်နေတယ်လို့ သတင်းကြားလို့ အထုပ်အပိုးတွေနဲ့ မြို့တက်လာတဲ့အချိန်မှာ ဒီမှာက ဆရာဝန်တွေမရှိတော့ဘူး။ ယောင်လည်လည်နဲ့ကျန်ခဲ့ကြပြန်ရော။ အခု မျက်စိဆေးရုံရှိလာရင် အင်မတန် အဆင်ပြေသွားမယ်" ဟု ဦးတင်လေးက ပြောသည်။

# မိုးရွာ၍ အုတ်ဈေး ဆယ်ရာခိုင်နှုန်းခန့်တက်



**ထူးသန့်**

**နေပြည်တော်၊ မေ ၂၈**

ယခုရက်သတ္တပတ်အတွင်း မိုးကြိုမိုးများ ရက်ဆက်ရွာသွန်းနေသဖြင့် နေပြည်တော် အုတ်ဈေးကွက်တွင်လည်း အုတ်တစ်ချပ်လျှင် ဆယ်ရာခိုင်နှုန်းခန့်ဈေးမြင့်တက်သွားခဲ့ကြောင်း ဈေးကွက်မှ သတင်းရရှိသည်။

"ပြီးခဲ့တဲ့ အပတ်ကအုတ် တစ်ချပ်ကို ၄၇ ကျပ် နှုန်းလောက်နဲ့ရတယ်။ မနေ့ကတော့ ၅၃ ကျပ်နှုန်း ပေးဝယ်ရတယ်။ မိုးရွာလို့ဈေးတက်တယ် ပြောတာပဲ"ဟူ၍ နေပြည်တော်ပျဉ်းမနားမြို့မှ အိမ်ရာဆောက်လုပ်လျက်ရှိသူ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

လုပ်ငန်းအတွေ့အကြုံ ဆယ်နှစ်ခန့်ရှိပြီဖြစ်သော အုတ်လုပ်ငန်းရှင်တစ်ဦးကလည်း "အုတ်က မီးနဲ့ဖုတ်ရတာရယ်၊ နေလှမ်းရတာရယ်၊ ကားနဲ့တောလမ်းအထိ သယ်ယူရတာရယ်ကြောင့် မိုးရွာရင် ဈေးတက်ရတာပါ။ လုပ်ငန်းရှင်က ဈေးမကစားပါဘူး။ လှောင်ထားနိုင်တဲ့ သူကတော့ အကျိုးရှိတာပေ့ါ" ဟု အုတ်ဈေးကွက်၏ အခြေအနေကို ပြောကြားသည်။

အုတ်ချပ်ရေသိန်းဂဏန်းထုတ်လုပ်သော မှော်ဘီ၊ လှည်းကူးဘက်မှလာရောက်လုပ်ကိုင်သည့် လက်ကြီးသမားများလည်း ဈေးကွက်လိုအပ်ချက်ကြီးမားသည့် ထားဝယ်နှင့်ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်းကြီးများသို့ ပြောင်းရွှေ့သွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နေပြည်တော်တွင် ကျောက်မှုန့်နှင့် ဘိလပ်မြေကို အခြေခံထုတ်လုပ်သော အုတ်များလည်း တဖြည်းဖြည်းဈေးကွက်ရရှိလာပြီး ထုတ်လုပ်သူများလည်း များပြားလာသည်။

# ငပလီကမ်းခြေ သောက်သုံးရေရရှိရေး ဆည်တစ်ခုဆောက်မည်

**မြတ်စုမွန်**

ရန်ကုန်၊ မေ ၂၇

ငပလီကမ်းခြေတွင် သောက်သုံးရေရရှိရေးအတွက် မိုးရေလှောင်ဆည်တစ်ခုကိုစတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်သံတွဲမဲဆန္ဒနယ်မှ အနိုင်ရခဲ့သည့်ပြည်သူ့လွှတ်တော်အမတ် ဦးမြင့်လှိုင်က ပြောသည်။

ငပလီကမ်းခြေရှိ ငပလီ၊ ဇီးဖြူကုန်း၊ မဇင်စသည့် ကျေးရွာများအတွက် ရည်ရွယ်ဆောက်လုပ်မည့် အဆိုပါဆည်ကို ဇီးဖြူကုန်းကျေးရွာ အနောက်ဘက်ရှိ လျှိုမြောင်နှင့် လယ်မြေများပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

"ဒီနေ့မြေနေရာရှာပြီးပြီ။ ဒီဆည်ကိုလာမယ့်နှစ်မှာ အပြီးလုပ်ဖို့လျာထားတယ်။ ဆည်ဆောက်တဲ့အခါမှာ ပါမယ့် လယ်မြေပိုင်ရှင်တွေကို နစ်နာကြေးသတ်မှတ်ပြီးပေးသွားမယ်။ လယ်သမားတွေအများကြီး မနစ်နာစေရပါဘူး" ဟုပြည်သူ့လွှတ်တော်အမတ် ဦးမြင့်လှိုင်က ပြောသည်။

အဆိုပါဆည်သည် ဒေသခံများနှင့် ကမ်းခြေဟိုတယ်များ ရေချိုရရှိရေးအတွက် အထောက်အကူဖြစ်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"ဒီဆည်က အနီးနားရွာတွေကလယ်တွေကိုရေပေးလို့ရအောင်၊ အရင်က တစ်သီးစားစိုက်နေရာကနှစ်သီးစားစိုက်လာနိုင်အောင် လုပ်နိုင်မယ်။ အခုဆိုရင် လင်းသာမှာရှိတဲ့ ငှက်ပျောချောင်းဆည်က ရေကို ကားနဲ့ သယ်ရတယ်" ဟု အထက်ပါလွှတ်တော်အမတ်က ဆက်လက်ပြောသည်။

"ကျွန်တော်တို့ဟိုတယ်မှာ ကရေချိုတွင်းရှိပြီးသားပါ။ ဒါပေမဲ့ ဆားငန်ဓာတ် နည်းနည်းပါလို့ ရေပိုက်တွေမှာ ဆားချေးတက်တယ်။ ဆည်ရေရအောင်လုပ်မယ်ဆိုရင် အဲဒါကို သုံးချင်တယ်။ ရေချိုစစ်စစ်ရမယ်ဆိုရင် ဂျင်နရေတာမောင်းပြီးတင်ရတဲ့ စရိတ်နဲ့စာရင် ပိုက်ကလာတဲ့ ရေပဲသုံးချင်တာပေ့ါ" ဟုငပလီကမ်းခြေရှိ အမေဇင်းဟိုတယ်မှ မန်နေဂျာဦးကျော်စွာမောင်မောင်က ပြောသည်။

မြန်မာထမင်းနှင့်ပတ်သက်၍ မျက်နှာမပျက်စေချင်လျှင်ခိုင်ခိုင်ကျော် သို့ ညွှန်လိုက်ပါ
ချိုင့်ဆွဲပို့ဆောင်ရေး

# စျေးဝယ်စင်တာနှင့် အရောင်းဆိုင်သစ်အချို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လာ

ညီညီဇော်

**မန္တလေး၊ မေ - ၃၀**

မန္တလေးမြို့တွင် ပလာဇာ၊ စျေးဝယ်စင်တာနှင့် စူပါမားကက်များ မကြာမီ ထပ်မံဖွင့်လှစ်လာတော့မည်ဖြစ်၍ အလုပ်အကိုင်များ ခေါ်ယူနေသောကြောင့် မြို့ခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း သတင်းရရှိသည်။

အလုပ်အကိုင်ဝန်ထမ်းနေရာပေါင်း ၁၆၀ ဝန်းကျင်ခေါ်ယူနေသော ဒိုင်းမွန်းပလာဇာမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ ဒိုင်းမွန်းပလာဇာမှာ ဂိမ်းစင်တာတွေလည်းပါမှာမို့လို့ လိုအပ်တဲ့ဝန်ထမ်းတွေ ထပ်ခေါ်တာပါ။ စင်တာကလည်း မကြာခင်ဖွင့်နိုင်တော့မှာပါ" ဟု ပြောသည်။ မန္တလေးစျေးချိုအနီးတွင် စူပါမားကက်တစ်ခု မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ပြီး ၎င်းလုပ်ငန်းမှလည်း ဝန်ထမ်းများခေါ်ယူနေပြီဖြစ်ကြောင်း သိရှိရသည်။ မန္တလေးမြို့ရှိပုဂ္ဂလိက ဆီဆိုင်များတွင်ဓာတ်ဆီတန်းစီထုတ်ကာပြန်လည်ရောင်းချသည့် လုပ်ငန်းကိုလုပ်ကိုင်နေသော အသက် ၂၀ ဝန်းကျင် အမျိုးသားတစ်ဦးက "ကျွန်တော်လည်း နေ့ရိပ်ထဲမှာပဲ ကိုယ့်ပညာနဲ့ကိုယ် လုပ်ရမယ့်အလုပ်ကို လုပ်ချင်တယ်။ ဒါပေမဲ့ ကျောင်းကလည်း မပြီးသေးတော့ လုပ်လို့ရတဲ့ဒီအလုပ်ပဲလုပ်နေရသေးတယ်" ဟု ပြောသည်။

အလုပ်အကိုင် အခွင့်အလမ်း များပြားလာသည့်နည်းတူ အလုပ်သမားတစ်ယောက်၏ ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်း သိရှိရယူလိုကြကြောင်း မြို့ခံဝန်ထမ်းလူငယ်များက ပြောသည်။ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသော အမျိုးသားတစ်ဦးက "ကျွန်တော်ဆိုရင် ကုမ္ပဏီတွေတော်တော်များများမှာ အလုပ်လုပ်ခဲ့ဖူးပါတယ်။ လုပ်သက်ခွင့်တွေ၊ ဆေးခွင့်တွေပေးတဲ့ အလုပ်မှာလည်း လုပ်ခဲ့ဖူးသလို မနက် ၇ နာရီကနေ ည ၈ နာရီ ကျော်အထိ ခိုင်းပြီး အချိန်ပိုကြေးတစ်ပြားမှ မပေးတာလည်း ကြုံခဲ့ဖူးတယ်" ဟု ပြောသည်။

ကုမ္ပဏီတစ်ခုတွင် ဝန်ထမ်းအဖြစ် လုပ်ခဲ့ဖူးသော အခြားလူငယ်တစ်ဦးကလည်း "ကျွန်တော်လုပ်ဖူးတဲ့ အလုပ်ကဆို နေမကောင်းလို့ တစ်ရက်လေး ခွင့်တိုင်ပြီး ပျက်လိုက်တာ ငါးထောင်တောင် ဖြတ်လိုက်တယ်။ ကျွန်တော်ရတဲ့ လစာက လေးသောင်းခွဲပဲရတာ" ဟု ပြောသည်။ မန္တလေးမြို့တွင် အလုပ်အကိုင်အခွင့်အလမ်းများကို မန္တလေးမြို့ရှိ နေ့စဉ်ထုတ်သတင်းစာများနှင့် အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများမှ ရှာဖွေကြရပြီး လက်ရှိလုပ်ကိုင်နေသော ဝန်ထမ်းများထံမှလည်း အလုပ်လိုအပ်ပါက နီးစပ်ရာ မိတ်ဆွေများကို ပြောကြားလေ့ရှိကြောင်းသိရှိရသည်။

# ရွှေပညာအခမဲ့သင်တန်း မန္တလေးတွင် ဖွင့်လှစ်မည်

သန်းဌေး

**ရန်ကုန်၊ မေ - ၂၇**

အောင်သမာဓိရွှေဆိုင်မှ ရွှေပညာအခမဲ့သင်တန်း အမှတ်စဉ် (၈) ကို မန္တလေးမြို့တွင် မေ ၂၂ ရက်မှ စတင်ကာ ၁၀ ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အောင်သမာဓိအလုပ်ရုံ တည်ရှိရာ အောင်မြေသာဇံမြို့နယ် ၈၇ ×၈၈ လမ်းကြား ၁၄ လမ်းတွင် သင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၂၇၃၁၀၈ နှင့် ၀၉ ၉၁၀၀၉၇၂၁ သို့ စုံစမ်းနိုင်ပြီး သင်တန်းမဖွင့်မီ ၂ ရက် အလိုမေ ၂၀ ရက် နံနက် ၉နာရီမှ ညနေ ၃ နာရီအထိ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

Myanmar Overseas Development ကွန်ပျူတာ (E-mail, Internet) စာစီစာရိုက်ကျွမ်းကျင် ကျား (၁) ဦး၊ လစာ (၄၀,၀၀၀) တိုက် ၄၂၉၊ ၄၃၇၊ အခန်း E-3 ရတနာမြိုင်အိမ်ရာ၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်။ ဖုန်း- ၂၀၁၆၅၂

-------------------------

PHP Webdeveloper - (4) F
Flash Developer - (3) M/F
Web Designer - (4) M/F
OJT Web Designer - (4) M/F
No 72, Ground Floor, Sattwin Street, Ahlone T/s, Yangon.

-------------------------

(1) Ticketing Staff (for Local and Oversea Ticketing)၊ Travel & Tours လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိသူဖြစ်ရမည်။ ကျား၊ မ (၂) ဦး၊ (2) Admin Staff (လုပ်ငန်းအတွေ့အကြုံရှိသူ) ကျား/မ (၂) ဦး၊ (3) Office Staff (အိမ်ခြံမြေနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူ) ကျား (၂) ဦး၊ (4) Computer Operator (အင်္ဂလိပ်စကားပြောနိုင်သူဖြစ်ရမည်) ကျား၊ မ (၂) ဦး၊ (5) Driver၊ ကျား (၂) ဦး၊ အမှတ်စဉ်အားလုံးအတွက် အမြန်ဆက်သွယ်ရန်။ အမှတ်(၃၈၅၊ ၃၈၉)၊ ၃ လွှာ၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ Mother Land Tower၊ ကျောက်တံတား။
ဖုန်း - ၀၉၅၀၅၇၇၇၁၊ ၃၉၁၅၆၁

-------------------------

သန့်ရှင်းရေး မ (၂) ဦး၊ အသက် (၃၀) အထက်၊ ပညာအရည်အချင်း အလယ်တန်းအဆင့်၊ ကျန်းမာသန်စွမ်းရမည်။ ကုမ္ပဏီတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရမည်။ လုပ်ငန်း အတွေ့အကြုံရှိပါက လစာညှိနှိုင်းပေးမည်။ လပြည့်ဝန်းပလာဇာ (၁၀) ထပ်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

-------------------------

Myanmar Convenience Stories Co.,Ltd ဖွင့်လှစ်မည့် 108 Mini Mart တွင်အောက်ပါဝန်ထမ်းများ အလိုရှိသည်။
၁။ Sale Person (၁၀) ဦး
ရုပ်ရည်သန့်ပြန့်ပြီး သွက်လက်ချက်ချာသူ ဖြစ်ရမည်။ ဒဂုံမြို့နယ်နှင့်နီးသူ ဦးစားပေးမည်။
၂။ MA Assistant ကျား၊မ (၂) ဦး
ဘွဲ့ရ၊ အသက် (၃၀) နှစ် အောက် ကွန်ပျူတာကိုတတ်ကျွမ်းပြီးရုံးပိုင်းဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်နိုင်သူ၊ သွက်လက်ချက်ချာသူဖြစ်ရမည်။
၃။ Driver (၁) ဦး
ယာဉ်ကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ပြီး အသက် (၅၀) နှစ်မကျော်သူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် CV Form ၊ ဓာတ်(၂) ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မျှော်မှန်းလစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂) ပတ်အတွင်းအောက်ပါလိပ်စာအတိုင်းလျှောက်ထားနိုင်သည်။ MCS Co.,Ltd အမှတ် (၁-၁၁)၊ ဗားကရာလမ်း၊ ပဒုမ္မာအားကစားကွင်းအနီး၊စမ်းချောင်းမြို့နယ်။ ဖုန်း- ၀၁-၅၀၈၄၆၀

-------------------------

၁။ Graphic Designer (၁) ဦး
Graphic Design Software များဖြစ်သည့် Photoshop, Illustrator နှင့် PageMaker တို့ကိုကျွမ်းကျင်ရမည်။
၂။ Visualizer (Illustrator) (၁) ဦး၊ ဒီဇိုင်းသဘောနားလည်ပြီး သရုပ်ဖော်ပန်းချီရေးဆွဲနိုင်ရမည်။ Comic ရေးဆွဲသော လုပ်ငန်းအတွေ့အကြုံရှိသူ (သို့) Graphic Design Software ကိုတတ်ကျွမ်းနားလည်သူကို ဦးစားပေးမည်။ လျှောက်ထားလိုသူများ CV Form ၊ဓာတ်ပုံ (၂) ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မျှော်မှန်းလစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။
Myanmar Spa Today Far East Advertising
No (59), Hlaing Myin Moe Lane-2, Kan Road, Hlaing Township, Yangon
**Ph: 01-513610, 507102**

-------------------------

ထိုင်းစားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်။
(၁) Waiter, Waitress ကျား (၃) ဦး၊ (၂) Kitchen ခေါင်းကိုင် ကျား (၃) ဦး၊ (၃) ကျွမ်းကျင်ကွန်ပျူတာစာရိုက် မ (၁) ဦး၊ (၄) သန့်ရှင်းရေး ကျား (၂) ဦး၊ (၅) Bar Captain ကျား (၁) ဦး၊ (၆) Cashier မ(၂) ဦး၊ (၇) Head Waiter Thai (စားသောက်ဆိုင် အတွေ့အကြုံရှိသူ) ကျား (၂) ဦး၊ CV Form အပြည့်အစုံဓာတ်ပုံ၊ မှတ်ပုံတင်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ။ အောင်သုခထမင်းဆိုင်ဘေး၊ အမှတ် (၁၂၆) အေ(၁)၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းထောင့်၊ ဖုန်း- ၀၉၈၆၁၃၄၀၀

-------------------------

အမျိုးသမီး (သီးသန့်) အဆောင်ငှားမည်။ ကျောက်တံတားမြို့နယ်အတွင်း (၃) ဦးတစ်ခန်းစီနှင့် (၁) ဦး တစ်လစီငှားရမ်းနိုင်ပါသည်။ ဖုန်း - ၀၁-၂၅၃၈၇၀၊ ၃၈၆၄၆၉ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

-------------------------

ဝန်ထမ်းအမြန်အလိုရှိသည်။
မ (၂) ဦး၊ ကျား (၁) ဦး အသက် (၁၈ မှ ၂၆) အတွင်း ရိုးသား၍ ကြိုးစားတက်ကြွစွာလုပ်ကိုင်နိုင်သူများလျှောက်ထားနိုင်သည်။
ဖုန်း - ၀၉-၉၉၇၁၂၁၄

-------------------------

ဝန်ထမ်းအလိုရှိသည်။
(၁) အရောင်းဝန်ထမ်း မ (၂) ဦး
(၂) အရောင်းတာဝန်ခံ မ (၂) ဦး
(၃) အထွေထွေလုပ်သား ကျား (၄) ဦး
(၄) ယာဉ်မောင်း ကျား (၂) ဦး
စိတ်ပါဝင်စားပါက ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်းထောက်ခံစာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာ မိတ္တူ၊ ပညာရေးဆိုင်ရာအထောက်အထားမိတ္တူနှင့် တကွ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်းလူ ကိုယ်တိုင်လာရောက်လျှောက် ထားနိုင်သည်။
အမှတ် (၆၃)၊ မြေညီထပ်၊ ၁၂ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

-------------------------

ဝန်ထမ်းအလိုရှိသည်
Promotion Girl အလိုရှိသည်။ အခြေခံပညာအဆင့် ၁၀ တန်းအောင်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ သွက်လက်ချက်ချာ၍ စကားအပြောအဆိုပြေပြစ်ရမည်။
ဆက်သွယ်ရန် - No 1A/7, N/Dagon, Shwe Pin Lon Estate
ဖုန်း - ၀၉၇၃၁၇၄၆၉၄၊ ၇၂၈၅၇၇

-------------------------

Moon Bakery Cafe' (Tarmwe Branch) (1) Bakery (ကျား၊မ) ၅ ဦး၊ (2) Office Staff (မ) ၃ ဦး၊ CV Form၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူနှင့် တကွတစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်။ အမှတ် (၁၂၅၊ ၁၂၇)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ဖုန်း - ၅၅၄၄၀၄၊ ၇၀၀၅၅၉

-------------------------

အင်းလျားရိပ်သာ
အထည်ချုပ်စက်ရုံ
မော်တာစက်ချုပ်ကျွမ်းကျင် မ (၂၀) ဦး၊ လစာကောင်းကောင်းပေးမည်။ နေထိုင်ရန်အဆောင်ပေးမည်။ (၃၁-၅-၂၀၁၁) နောက်ဆုံးထားလျှောက်ထားရန်။
(၉/က)၊ အင်းလျားရိပ်သာလမ်း၊ မြကျွန်းသာကစားကွင်းအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရိပ်သာမှတ်တိုင်၊
ဖုန်း - ၆၆၃၆၀၇

-------------------------

ဝန်ထမ်းအလိုရှိသည်။
မန်နေဂျာ မ (၁) ဦး (အသက် ၃၀-၃၅ နှစ်ကြား (ဘွဲ့ရ)၊ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်၊ အခြေခံလစာ (၁) သိန်း)၊ အရောင်းဝန်ထမ်း မ (၃) ဦး (အသက်၁၈-၂၅ နှစ်ကြား၊ အခြေခံလစာငါးသောင်း)၊ ကွန်ပျူတာဘွဲ့ရမ (၂) ဦး (အခြေခံလစာ ၇ သောင်း)၊ ညနေ ၃ နာရီမှ ၅ နာရီအတွင်း အောက်ပါလိပ်စာသို့လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ် ၁၄၇၊အနော်ရထာလမ်း၊ (၃၅) လမ်းထိပ်၊ ကျောက်တံတား၊ ရန်ကုန်မြို့။

-------------------------

ဝန်ထမ်းအလိုရှိသည်။
Fashion တွင် လုပ်ကိုင်ရန် ရုပ်ရည်ပြေပြစ်သော အရောင်းဝန်ထမ်း (မ) ၂ ဦးအလိုရှိပါသည်။ ဆက်သွယ်ရန် No 98/B၊ ပါရမီလမ်း၊ လှိုင်မြို့နယ်
ဖုန်း - ၀၉၇၃၀၆၉၈၄၉

-------------------------

ရန်ကုန်မြို့ လယ်ရှိပေါ်ပြူလာ အလှပြင်ဆိုင်များ တိုးချဲ့ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။
(၁) ဆံပင်ညှပ်ကျွမ်းကျင် (ကျား) ၃ ဦး၊ (၂) ဆံပင်ညှပ်၊ လျှော်ကျွမ်းကျင် (မ) ၃ ဦး၊ စုံစမ်းရန်- အမှတ် ၃၄၆ (မြေညီထပ်)၊ မဟာဗန္ဓုလလမ်းမ၊ ၃၉ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်သို့လူကိုယ်တိုင်လာရောက်စုံစမ်းနိုင်ပါသည်။
ဖုန်း - ၃၇၂၆၆၀၊ ၇၂၁၂၀၆

-------------------------

ဝန်ထမ်းအမြန်အလိုရှိသည်။
၁။ ကြော်ငြာလုပ်ငန်း ကျား/မ (၁၀) ဦး
၂။ အိမ်ခြံမြေလုပ်ငန်း ကျား/မ (၆) ဦး
၃။ Graphic Designer ကျား (၁) ဦး
၄။ ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင် မ (၁) ဦး
၅။ လူမှုရေးလုပ်ငန်းကျွမ်းကျင် ကျား/မ (၁) ဦး
ကြော်ငြာပါပြီးတစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အထက်တန်းအောင် (သို့မဟုတ်) ဘွဲ့ရဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ပတ်စ်ပို့ ပုံ (၂) ပုံ၊ အလုပ်သမားလေဘာတို့နှင့်အတူ အမှတ် (၇၉၇)၊ အခန်း (၁၀၄/B)၊ MAC Tower (II)၊ ဝါး တန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၁၂၂၂၉၂၃ သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

-------------------------

ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အသက် (၂၀) နှစ်မှ (၃၀) နှစ်။ အပျိုလူလွတ်၊ ရုပ်ရည်ပြေပြစ်ရမည်။ ကိုယ်ကျင့်သိက္ခာအထူးကောင်းမွန်ရမည်။ အင်္ဂလိပ်ဘာသာစကား ပြောဆိုနိုင်ရမည်။ လူမှုဆက်ဆံရေး အထူးကောင်းမွန်ရန်လိုအပ်မည်။ အထက်ပါ အရည်အချင်းနှင့် ကိုက်ညီမှုရှိပြီး စိတ်ဝင်စားသူများသည် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ (၂) ပုံ၊ ပညာရေးအရည်အချင်းမှတ်တမ်းမိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ရဲစခန်းထောက်ခံစာတို့နှင့်အတူ အမှတ် (၃၀-အေ)၊ ပြည်လမ်း ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ Monday to Friday (၁၀း၀၀ နာရီမှ ၅း၀၀ နာရီ) အတွင်း လျှောက်ထားနိုင်သည်။

-------------------------

ရန်ကုန်မြို့တွင် Security တာဝန်ထမ်းဆောင်ရန် အမျိုးသားဝန်ထမ်းအလိုရှိသည်။ ကိုယ်ကျင့်သိက္ခာအထူးကောင်းမွန်ရန် လိုအပ်ပြီး ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ(၂) ပုံ၊ ပညာရေးအရည်အချင်းမှတ်တမ်းမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ အမှတ် (၃၀-အေ)၊ ပြည်လမ်း ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ (Monday to Friday (၁၀း၀၀ နာရီမှ ၅း၀၀ နာရီ) အတွင်း လျှောက်ထားနိုင်သည်။

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


အရသာရှိသောဟင်းလျာတိုင်းအတွက်
ခနော
Knorr
ခနော

Education
7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# ပုဂ္ဂလိကကျောင်းတွေ များလာတဲ့ နေရာမှာ အရည်အသွေးကို ထိန်းကွပ်ပေးဖို့လည်း မျှော်လင့်ပါတယ်

## ထိုင်းနိုင်ငံရှိ နည်းပညာတက္ကသိုလ်တစ်ခုနှင့် ပူးပေါင်း၍ အိုင်တီအင်ဂျင်နီယာဒီဂရီဘွဲ့သင်တန်းကျောင်း ဖွင့်လှစ်ထားသော MCC မှ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံခြင်း

**နေလင်းထွန်း**

ပြည်တွင်း၌ အိုင်တီနည်းပညာရပ်များသင်ကြားနေသော MCC သင်တန်းကျောင်းသည် ယခုနှစ်ပိုင်းအတွင်း ထိုင်းနိုင်ငံရှိတက္ကသိုလ်နှစ်ခုနှင့် ချိတ်ဆက်၍ စီးပွားရေးနှင့် အင်ဂျင်နီယာဘာသာရပ်များသင်ကြားလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး၊ ရတနာပုံနည်းပညာမြို့တော်တွင် ကျောင်းအိပ်ကျောင်းစားတက်ရောက်နိုင်သောဒီဂရီဘွဲ့သင်တန်းကျောင်း ဖွင့်လှစ်ထားပြီး ဘာသာရပ်သင်တန်းသစ်များ တိုးချဲ့ဖွင့်လှစ်ရန် ရည်ရွယ်ထားသော MCC သင်တန်းကျောင်းမှ စီအီးအိုဖြစ်သူ ဦးငြိမ်းဦးနှင့် တွေ့ဆုံမေးမြန်းထားမှုကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။



MCC **သင်တန်းကျောင်း၏ အမှုဆောင်အရာရှိချုပ်ဦးငြိမ်းဦး**

**လက်ရှိသင်ကြားနေတဲ့ ဒီဂရီဘွဲ့ သင်တန်းတွေနဲ့ ကျောင်းသား အရေအတွက်ကိုသိချင်ပါတယ်။**

University of Green Which (UK) ကပေးတဲ့ Business IT ဘွဲ့ကို ရတနာပုံမှာ ကျောင်းသား ၃၀၀ နဲ့ ရန်ကုန်မှာ ၁၅၀ တက်ရောက်နေပါတယ်။ Siam University (Thailand) ကစီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်ဘွဲ့ကို ရန်ကုန်မှာ တက်ရောက်နေတဲ့ ကျောင်းသား ၂၀ ရှိပါတယ်။ Asian Institute of Technology (Thailand) ကအင်ဂျင်နီယာဘွဲ့ကို ရတနာပုံမှာ ကျောင်းသား၉၀ တက်ရောက်နေပါတယ်။

**ဘာသာရပ်တွေအလိုက် သင်တန်းကြေးသိချင်ပါတယ်။**

IT ကရတနာပုံမှာ နေထိုင်စားသောက်စရိတ် အပါအဝင်တစ်နှစ်ကို ကျပ် ၃၅ သိန်းနဲ့ နောက်ဆုံးနှစ်ကို ကျပ် ၄၅ သိန်းပါ။ စီးပွားရေး စီမံခန့်ခွဲမှု ဘာသာရပ်က ဒီမှာ နှစ်နှစ်နဲ့ ထိုင်းမှာ နှစ်နှစ် တက်ရောက်ရမှာပါ။ ဒီမှာကျောင်းလခ တစ်နှစ်ကျပ် ၁၅ သိန်းနဲ့ ဟိုမှာ ကျပ်သိန်း ၂၀ လောက်ရှိပါတယ်။ AIT ကရတနာပုံမှာ နှစ်နှစ်နဲ့ ထိုင်းမှာ နှစ်နှစ် တက်ရမှာပါ။ ဒီမှာ တစ်နှစ်ကျပ်သိန်း ၄၀ နဲ့ဟိုမှာ ကျပ်သိန်းတစ်ရာလောက်ကျပါမယ်။

**ဘယ်လိုဘာသာရပ်တွေ တိုးချဲ့သင်ကြားဖို့ စီစဉ်ထားပါသလဲ။**

နောက်ထပ် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ စီးပွားရေးဘာ သာရပ်တွေ သင်ကြားဖို့ AIT နဲ့ ဆွေးနွေးနေပါတယ်။ ဒါပေမဲ့ လောလောဆယ်စကားပြောထားတာပဲ ရှိပါတယ်။ ဘာသာရပ်အသစ်တွေထပ်တိုးဖို့တော့ ရှိပါတယ်။ ကလေးတွေ တက္ကသိုလ်ဝင်တန်း အောင်ပြီးတာနဲ့ နိုင်ငံခြားသွားတာထက်ဒီမှာ တစ်နှစ်၊ နှစ်နှစ် တက္ကသိုလ်အတွေ့အကြုံ၊ နိုင်ငံတကာ သင်ကြားမှု၊ လူမှုဆက်ဆံရေးစတာတွေကိုလေ့လာဆန်းစစ်ပြီးမှ မိဘတွေ စေလွှတ်လာကြပါတယ်။ ကျွန်တော်တို့အခုလုပ်နေတာက ၂+၂ ဖြစ်တဲ့ အတွက်အဆင်ပြေပါတယ်။

**ကျောင်းသားတွေ ဘာသာရပ်ရွေးချယ်နိုင်မှုအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဘာသာရပ်တွေ တစ်ခုပြီးတစ်ခုတိုးလာတာက ကျောင်းသားတွေ ရွေးချယ်စရာတွေများလာတာပေါ့။ အရင်က မိရိုးဖလာဖြစ်တဲ့ ဆေးတက္ကသိုလ်ဝင်ရင်ဝင် မဟုတ်ရင် အင်ဂျင်နီယာတက်နေရာကနေ ကျောင်းသားတွေရဲ့ လိုအပ်ချက် ပြောင်းသွားပါပြီ။ ကျွန်တော်တို့ဆီမှာ ဘာသာရပ်ရွေးချယ်စရာက တော်တော်နည်းနေသေးတာပါ။ အရင်က IT နဲ့ LCCI ပဲရှိတာပါ။ နောက်ပိုင်း Abe တို့ရှိလာတဲ့ အတွက် ကျောင်းသားတွေရွေးချယ်စရာတော့ပိုလာတာပေါ့။

**နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့ သင်တန်းကျောင်းတွေ ကျယ်ပြန့်လာမှုကို သုံးသပ်ပေးပါ။**

အခုချိန်မှာ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ပညာရေးလုပ်ငန်းလုပ်ကိုင်သူတွေ အများကြီးပါပဲ။ တချို့ကတော့ ဂုဏ်သိက္ခာရှိကြတယ်။ တချို့ကတော့ ပိုက်ဆံရှာနေရုံသပ်သပ်ပါပဲ။ နိုင်ငံတကာပညာရေး အဖွဲ့အစည်းတွေကလည်း ပညာရေးကို စီးပွားရေးပုံစံလုပ်တာပိုများလာတာတွေ့ရပါတယ်။ အဓိကအချက်ကတော့ ကျောင်းသားတွေ သတင်းအချက်အလက်ကိုမှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရဖို့ပါပဲ။

**အိမ်နီးချင်းနိုင်ငံတွေနဲ့ ကွာခြားချက်ကို သိချင်ပါတယ်။**

ပုဂ္ဂလိကကတော့ ဒေသတွင်းမှာ ကောင်းကောင်းယှဉ်ပြိုင်နိုင်ပါတယ်။ ဒါကိုဘယ်ကပြတာလည်းဆိုတော့ အောင်စာရင်းရလဒ်တွေကို ကြည့်ပြီးပြောလို့ရပါတယ်။

**နိုင်ငံရေးအပြောင်းအလဲမှာပညာရေးကဏ္ဍအတွက် ဘာတွေမျှော်လင့်ထားပါသလဲ။**

ကျွန်တော်တို့က တစ်ခုခုအခြေအနေပေးလာရင် အဲဒါနဲ့ လိုက်လျောညီထွေအောင် ပြင်ဆင်မှာပါ။ ပုဂ္ဂလိကကျောင်းတွေ များလာတဲ့နေရာမှာ အရည်အသွေးကို ထိန်းကွပ်ပေးဖို့ မျှော်လင့်ပါတယ်။ အုတ်ရောရောရော၊ ကျောက်ရောရော မဖြစ်ဖို့လိုတာပေါ့။ ကျွန်တော်တို့ကို အားပေးပံ့ပိုးသွားမယ့် အခွင့်အလမ်းတွေ ရှိလာမယ်လို့ ယုံကြည်ပါတယ်။ လက်ရှိထက် အများကြီး ကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# ဩစတြေးလျ ပညာသင်ဆု မေ ၃၁ ရက် နောက်ဆုံးလျှောက်ထားရမည်

**ရန်ကုန်၊ ဧပြီ - ၂၉**

မဟာဘွဲ့နှင့် ပါရဂူဘွဲ့ လေ့လာသင်ယူကြမည့် မြန်မာကျောင်းသားများအတွက် ဩစတြေးလျအစိုးရ၏ ပညာသင်ဆုအစီအစဉ်အား မေ ၃၁ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ် ကြောင်း သံရုံးမှ သတင်းထုတ်ပြန်ထားသည်။



ယမန်နှစ်မှ စတင်ဆောင်ရွက်ခဲ့သော အဆိုပါ ပညာသင်ဆုအစီအစဉ်တွင် မြန်မာကျောင်းသား ၁၁ ဦး ရွေးချယ်စေလွှတ်ခဲ့ပြီးနောက် ယခုနှစ်အတွက် ပညာသင်ဆုလျှောက်ထားရန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပညာသင်ဆုအတွက် ကျန်းမာရေး၊ အခြေခံပညာရေး၊ စိုက်ပျိုးရေး ဘာသာရပ်များကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ဥပဒေ၊ ပြည်သူ့ရေးရာ မူဝါဒ၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာ ဆက်ဆံရေးပညာ ဘာသာရပ်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ကြေညာထားသည်။

မြန်မာကျောင်းသားများ ပညာသင်ဆုလျှောက်ထားရာတွင် ဩစတြေးလျအစိုးရသည် ဩစတြေးလျသံရုံးမှလွဲ၍ အခြားမည်သည့် ပြင်ပအဖွဲ့အစည်းကိုမျှ ဤကိစ္စတွင်ပါဝင်ဆောင်ရွက်ရန် မည်သည့်လုပ်ပိုင်ခွင့်မျှ ခွင့်ပြုထားခြင်းမရှိကြောင်း အသိပေးထားသည်။

ပညာသင်ဆုအတွက် အသေးစိတ်သတင်းအချက်အလက်များအား www.wstraliaawards.gov.au တွင် ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

## ဗြိတိန်ရောက်ကျောင်းသားများဗီဇာသက်တမ်းတိုးလျှင် မူဝါဒအပြောင်းအလဲနှင့်ကြုံရမည်

**ရန်ကုန်၊ ဧပြီ - ၂၆**

ဗြိတိန်နိုင်ငံသို့ ရောက်ရှိနေသော ကျောင်းသားများအနေဖြင့် ဗီဇာသက်တမ်းတိုးရာတွင် ကျောင်းသားပြည်ဝင်ခွင့်မူဝါဒအပြောင်းအလဲများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ယူကေဘီအေမှ သတင်းထုတ်ပြန်ထားသည်။

ဧပြီ ၂၁ ရက် နောက်ပိုင်း ပြောင်းလဲလိုက်သော မူဝါဒများသည် ယူကေသို့သွားရောက်မည့် ကျောင်းသားများ သာမက ယူကေတွင် ရောက်ရှိနေသော ကျောင်းသားများကိုလည်း သက်ရောက်မှုရှိစေမည်ဖြစ်သည်။

ကျောင်းသားများဗီဇာသက်တမ်းတိုးမည်ဆိုပါက အပြောင်းအလဲ လိုအပ်ချက်များအတိုင်း စိစစ်မေးမြန်းစုံစမ်းမည်ဖြစ်ကြောင်း ကြေညာထားသည်။

မူဝါဒသစ်နှင့် ကိုက်ညီမှုမရှိသော ကျောင်းသားများအနေဖြင့် ဗီဇာဖျက်သိမ်းခံရဖွယ်ရှိနေပြီး သက်တမ်းမတိုးဘဲ တရားမဝင်နေထိုင်မှုများပြားလာနိုင်ကြောင်း ပညာရေးလေ့လာသူတစ်ဦးက သုံးသပ်သည်။

ကျောင်းသားများ၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအားတွေ့ဆုံစစ်ဆေးမေးမြန်းသွားမည်ဖြစ်ပြီး ကျွမ်းကျင်မှုအဆင့်မမီသူများအား ဗီဇာလျှောက်ထားမှုငြင်းဆိုသွားမည့်အပြင် ဗြိတိန်လေဆိပ်မှ ပြန်လွှတ်ခံရနိုင်ကြောင်း ယူကေဘီအေမှ အသိပေးထားသည်။

T & H
AFTER SCHOOL MATHS FOR KIDS
Give your child the opportunity to be a confident and competent student of Maths.
( 6 years old and above from any school )
Limited Seats! Enroll Now!
Room (104), First Floor, Building (C), Delta Plaza, Near Shwegondine Hotel, Shwegondine Road, Bahan Township, Yangon.
E-mail: tandhafterschool@gmail.com

M T M
After School Math for Secondary
We will provide your children with many opportunities to perfect their mathematical skills.
Level ◉ Grade 7, 8, 9 and 10
Secondary I , II and III
Time ◉ Week-end (Sat, Sun)
Based on International Standard Curriculum
Room (104),1st Floor, Building(C), DELTA PLAZA, Near Shwegondine Hotel Shwegondine Road, Bahan Township,Yangon.

PRIVATE ENGLISH CLASSES
(ILBC ဆရာဖြစ်သင်တန်း တက်ရောက်ပြီး)
အသက် (၅) နှစ်မှ (၁၅)နှစ်လူငယ်များအတွက်
Grammar, Reading, Writing, Speaking, Listening, Study Guide
အထူးသင်ကြားပေးသည်။
အချိန်ညှိပေးသည်။
PH: 537337,0950-42547, 09-541-9462

7 DAY NEWS JOURNAL
Vol.10, No.7 · MAY 5, 2011

# ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်သင်တန်းသားများတွင် ဝါသနာအရတက်ရောက်သူများလာ

**ရန်ကုန်၊ ဇွန် – ၂၈**

ဟိုတယ်ဝန်ဆောင်မှုသင်တန်းကျောင်းများမှ အချက်အပြုတ်သင်တန်းများတွင် အလုပ်အကိုင်ရရှိရေးမဟုတ်ဘဲ ဝါသနာအရတက်ရောက်သင်ယူသူများရှိကြောင်း သတင်းရရှိသည်။

မုန့်ဖုတ်နှင့် အချက်အပြုတ်သင်တန်းများတွင် ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်းအတွက်ရည်ရွယ်တက်ရောက်ကြရာမှ ယခုနောက်ပိုင်းတွင်ကိုယ်ပိုင်ဆိုင်ဖွင့်မည့်သူများနှင့် ဝါသနာအရတက်ရောက်သော အိမ်ရှင်မများပါဝင်လာကြောင်း Star Resources ဟိုတယ်သင်တန်းကျောင်းတည်ထောင်ထားသူ ဒေါ်နေရီအောင်ကပြောသည်။

"ကိုယ်ပိုင်ဆိုင်ဖွင့်မယ့်သူတွေ၊ အိမ်ရှင်မတွေပါကိုယ့်မိသားစုအတွက် ဝါသနာအရတက်လာကြတယ်။ ကိုရီးယားကားတွေမှာ မင်းသား၊ မင်းသမီးတွေ ချက်ပြုတ်တာကို ကြည့်ပြီးလာတက်ကြတာလည်းပါတယ်။ အနုပညာရှင်တွေလည်း လာတက်ကြတာရှိပါတယ်" ဟု ၎င်းက ဆိုသည်။

ပြည်တွင်းပြည်ပ အလုပ်အကိုင် အခွင့်အလမ်းကြောင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတက်ရောက်သူများပြားလျက် ရှိပြီး အထက်ပါမုန့်ဖုတ်နှင့် အချက်အပြုတ်သင်တန်းသည် သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေး ကျပ်သုံးသိန်းကျော်ရှိကြောင်း သိရသည်။



**နိုင်ငံတကာရှိ အချက်အပြုတ်သင်တန်းတစ်ခုတွင် လေ့လာသင်ယူနေကြသူများ။**

# မလေးရှားတက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများ၏ ပညာရေးပြပွဲကျင်းပမည်

**ရန်ကုန်၊ ဇွန် – ၃၀**

မလေးရှားနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်ကျောင်းများ ပါဝင်ပြသမည့် ပညာရေးပြပွဲအား မေ ၂၈ နှင့် ၂၉ ရက်တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် သွားရောက် ပညာသင်ယူလိုသော ကျောင်းသားများအတွက်တက္ကသိုလ်၊ ကောလိပ် ၁၅ ကျောင်းကျော် လာရောက်ပြသမည်ဖြစ်ပြီး ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျန်ကိုပညာရေးဝန်ဆောင်မှုမှ သိရသည်။

နှစ်စဉ်ကျင်းပလျက်ရှိသော မလေးရှားပညာရေးပြပွဲအား (၆) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး နေ့လယ် ၁၁ နာရီမှ ညနေ ၄ နာရီထိ ပြသသွားမည်ဖြစ်သည်။

မြန်မာကျောင်းသားများသည် ယခုနှစ်ပိုင်းများအတွင်း မလေးရှားနိုင်ငံတွင် ပညာသင်ယူရန် စိတ်ဝင်စားမှု မြင့်တက်လာခဲ့ပြီး တက္ကသိုလ်အကြိုသင်တန်းနှင့် မဟာဘွဲ့သင်တန်းတက်ရောက်လိုသူပိုမိုများပြားကြောင်း အထက်ပါ ဝန်ဆောင်မှုလုပ်ငန်းမှ သိရသည်။ ပြပွဲအစီအစဉ်များအနေဖြင့် အင်္ဂလိပ်ဘာသာစစ်ဆေးမှုကို ဆောင်ရွက်သွားမည်ဖြစ်ပြီး www.yesamalaysia.com တွင် ပြပွဲအစီအစဉ်များအတွက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

# အင်္ဂလိပ်စာနှင့် စီးပွားရေးဘာသာရပ်များကို ပညာဒါနသင်ပေးမည်

**ရန်ကုန်၊ ဇွန် – ၂၅**

တက္ကသိုလ်သင်တန်း အောင်မြင်ထားသော ကျောင်းသားများအတွက် အင်္ဂလိပ်စာနှင့် စီးပွားရေး ဗဟုသုတဘာသာရပ်များ ပညာဒါနသင်ကြားပေးသွားမည်ဖြစ်ကြောင်း PS စီးပွားရေးသင်တန်းမှ သိရသည်။ သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည်ဖြစ်ပြီး မေ ၉ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။ ကျောင်းသားဦးရေစိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်၍ www.myanmar.network.net တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။





JOB VACANCY

- Distribution Staff M (2) posts
- External Relations M (2) posts

"General Air Con Service Centre ပြောင်းရွှေ့ဖွင့်လှစ်ခြင်း"

ကျွန်တော်များ General Air Con Service Centre အား ယခင်ဖွင့်လှစ်ခဲ့သော ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းလမ်းမှ ယခုအခါအမှတ် (၈၇)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း(၀၁-၇၀၄၃၇၅၊ ၀၉-၇၃၁၀၂၆၀၂၊ ၀၉-၇၃၁၀၂၆၀၃၊ ၀၁-၂၉၀၄၃၃၊ ၀၉-၅၁၁၀၉၂၈)သို့ (၁.၄.၂၀၁၁)မှ စတင်၍ ပြောင်းရွှေ့ဖွင့်လှစ် လိုက်ပါသည်။ General Air Con သုံးစွဲနေသော မိတ်ဟောင်း မိတ်သစ်များ ဆက်လက် အားပေးနိုင်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

General Air Con Service Centre မိသားစု
Customer Hot Line : 01-704375, 09-73102603

# Technology

7 DAY NEWS JOURNAL
Vol.10, No.7 ▪ MAY 5, 2011



ဓာတ်ပုံ - ဝေမောင်မောင် (ဖိုင်ဓာတ်ပုံ)

## သတမအကြိမ်အိုင်စီတီပြပွဲ မေလတွင် ကျင်းပမည်

ရန်ကုန်၊မေ-၂၉

အိုင်စီတီဆိုင်ရာနည်းပညာပစ္စည်းများကို ခင်းကျင်းပြသရောင်းချမည့် The 7th Myanmar ICT Exhibition ကို မေလတတိယပတ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ပညာရှင်နှင့် လုပ်ငန်းရှင်အသင်းများက ပူးပေါင်းကျင်းပမည့် နည်းပညာပြပွဲတွင် ကွန်ပျူတာနှင့် မိုဘိုင်းနည်းပညာပစ္စည်းများကို ပူးတွဲပြသရောင်းချမည်ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပစ္စည်းများကို ပြသရောင်းချမည့် အဆိုပါအိုင်စီတီပြပွဲကို မေလ ၂၀ မှ ၂၂ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

## အသစ်ထွက်လာသော ဇော်ဂျီယူနီကုဒ် အသုံးပြုနိုင်ပြီ

**ယုဇနကိုကို**


ရန်ကုန်၊မေ-၂၉

Mac OS (Mac Operation System) ပေါ်တွင် မကြာသေးမီကမှ အသစ်ထွက်ရှိလာသော ယူနီကုဒ်ဖားရှင်း ၆. ၀ကို အခြေခံထားသည့် ဇော်ဂျီယူနီကုဒ်စနစ်ကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အသစ်ထွက်ရှိလာသည့် အဆိုပါ ဇော်ဂျီယူနီကုဒ်စနစ်အသစ်သည် ဂျာနယ်၊ မဂ္ဂဇင်းများတွင် အသုံးပြု ရိုက်နှိပ်နေကြသည့် ပုံနှိပ်စာလုံး များအဖြစ်လည်း သုံးစွဲနိုင်မည့် စာလုံးဖောင့်အစုံပါရှိလာမည်ဖြစ်သည်။

ထို့အပြင် အဆိုပါယူနီကုဒ်ဖောင့်စာလုံးကို အသုံးပြုရုံဖြင့် ပအို့ဝ်၊ ပလောင်၊ ရှမ်း၊ ကယား၊ ကရင်နှင့် မွန်အစရှိသည့် တိုင်းရင်းသားစာပေများကိုပါ ဖတ်ရှုသုံးစွဲနိုင်မည်ဟု ယင်းမြန်မာစာလုံးဖားရှင်းများကို တီထွင်သည့်အဖွဲ့ မှသိရသည်။

ပြည်တွင်းမှ ကွန်ပျူတာသုံးစွဲသူ များနှင့် အွန်လိုင်းစာပေကဏ္ဍတိုးတက်ရေးအတွက် ရည်ရွယ်သည်ဟုဆိုသည့် အဆိုပါယူနီကုဒ်ဖားရှင်း ၆. ၀ ကို အခြေခံထားသည့် ဇော်ဂျီယူနီကုဒ်စနစ်အသစ်ကို ဇော်မြန်မာယူနီကုဒ်အဖွဲ့က အခမဲ့ဖြန့်ချိထားခြင်းဖြစ်ကြောင်းသိရသည်။




# မီးရထားခရီးသွားများ လက်ပ်တော့၊ ကင်မရာ၊ အိုင်ဖုန်းသယ်ဆောင်ခြင်းအပေါ် တန်ဆာခကောက်ခံခြင်း ပယ်ဖျက်

**ပြည်သိမ်း**


နေပြည်တော်၊ မေ - ၃၀

ခရီးသည်များ၏ လက်ပ်တော့၊ ကင်မရာ၊ အိုင်ဖုန်းများသယ်ဆောင်ခြင်းအပေါ် မြန်မာ့မီးရထားက တန်ဆာခကောက်ယူနေခြင်းကို ဧပြီလ ၂၆ ရက်မှစတင်၍ ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ ရန်ကုန်တိုင်းဒေသကြီးတိုင်း သွားလာရေး မန်နေဂျာဦးသိန်းနိုင်က ပြောသည်။

ထို့အပြင် လျှပ်စစ်ပစ္စည်း အီလက်ထရွန်နစ်ပစ္စည်းများအပေါ်တွင် မြန်မာ့မီးရထားမှ တန်ဆာခကောက်ယူနေမှု စနစ်ကိုလည်း ခေတ်ကာလနှင့်အညီ ပြန်လည်ပြင်ဆင်ရန်စီစဉ်နေကြောင်း လက်ရှိတန်ဆာခကောက်ယူနေသည့်စနစ်သည် ၂၀၀၂ ခုနှစ်က ပြဋ္ဌာန်းထားသည့် စနစ်များဖြစ်ကြောင်း သိရသည်။

"လျှပ်စစ်ပစ္စည်းနဲ့ ပတ်သက်ရင် Modernize (ခေတ်မီအောင်လုပ်သည်) ဖြစ်အောင် ပြင်ဆင်ဖို့လိုလာပြီ။ နေ့စဉ်ပစ္စည်းအသစ်တွေက ထွက်နေတာဆိုတော့ ပြန်သုံးသပ်ပြင်ဆင်ရမယ်" ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

လျှပ်စစ်ပစ္စည်းများအပေါ် မြန်မာ့မီးရထားမှ တန်ဆာခကောက်ယူမှုစနစ်သည် ၂၀၀၂ ခုနှစ်က ထုတ်ပြန်ထားသည့် စနစ်အရ ၄၅ မျိုးရှိကြောင်း၊ ကွန်ပျူတာနှင့်ပတ်သက်သည့် ပစ္စည်းများတွင် မော်နီတာတစ်လုံးလျှင် ၁၇ လက်မအထိ ၁၄၀၀ ကျပ်ကောက်ယူပြီး ၁၇ လက်မအထက် ကျပ် ၃၀၀၀ ကောက်ယူသည်။ တန်ဆာခမဆောင်ခဲ့ပါက အဆိုပါပစ္စည်းအပေါ် သတ်မှတ်တန်ဆာခ၏ သုံးဆဒဏ်ငွေပေးဆောင်ရကြောင်း သိရှိရသည်။



## ဆိုနီက ကုမဏီထုတ် ပထမဆုံးသင်ပုန်း ကွန်ပျူတာ နှစ်မျိုးကို ထုတ်ဖော်ပြသ

တိုကျို၊ မေ - ၂၆

ဂျပန်အီလက်ထရွန်နစ် ကုမ္ပဏီ ဆိုနီသည် Apple ၏ iPad သင်ပုန်းကွန်ပျူတာများအား ယှဉ်ပြိုင်နိုင်ရန်အတွက် ကုမ္ပဏီ၏ ပထမဆုံးသင်ပုန်းကွန်ပျူတာများကို ထုတ်ဖော်ပြသလိုက်သည်။ ဆိုနီသည် S1 နှင့် S2 ဟုခေါ်သော သင်ပုန်းကွန်ပျူတာနှစ်မျိုးကို ထုတ်လုပ်ထားပြီး Sony Tablet S1 တွင်မျက်နှာပြင်တစ်ခုသာ ပါဝင်ပြီး S2 တွင်မူမျက်နှာပြင်နှစ်ခုပါဝင်မည်ဟု ဆိုသည်။ အဆိုပါသင်ပုန်းကွန်ပျူတာများသည် အွန်လိုင်းမှ ဗီဒီယိုများ၊ သီချင်းများနှင့် PlayStation ဂိမ်းများကို တိုက်ရိုက်၊ ဝယ်ယူဒေါင်းလော့ဒ်လုပ်နိုင်မည်ဟု ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ဆိုသည်။ S1 မော်ဒယ်တွင် အကျယ် ၉ ဒသမ ၄ လက်မရှိသည့် ဖန်သားမျက်နှာပြင်နှင့် ကင်မရာများ ပါဝင်မည်ဖြစ်ပြီး S2 တွင်စာအုပ်ကဲ့သို့ ခေါက်သိမ်းနိုင်သော ၅ ဒသမ ၅ လက်မအရွယ် ရောင်စုံထိတွေ့မျက်နှာပြင်နှစ်ခုပါဝင်ကာ လက်ကိုင်အိတ်ထဲထည့်ယူသယ်ဆောင်နိုင်မည်ဖြစ်သည်။

အဆိုပါ သင်ပုန်းကွန်ပျူတာနှစ်မျိုးစလုံးသည် ဂူးဂဲလ်၏ Android 3.0 OS ကိုအသုံးပြုထားသည်။ ဆိုနီသည် ယခုအချိန်ထိမူ ယင်းသင်ပုန်းကွန်ပျူတာများ၏ ဈေးနှုန်းကို ကြေညာခြင်းမပြုသေးပေ။ Apple မှ ထုတ်လုပ်သည့် iPad သင်ပုန်း ကွန်ပျူတာများသည် ယခုအခါ ဈေးကွက်ကို စိုးမိုးထားဆဲဖြစ်ပြီး ၂၀၁၀ တွင် လုံးရေ ၁၇ ဒသမ ၆ သန်းခန့် ရောင်းချခဲ့ရကြောင်း သိရသည်။

*—Ref: CNA*

## မုံရွာ ကုန်စည်ပြပွဲ၊ ဈေးရောင်းပွဲနှင့် နည်းပညာပြပွဲများ ကျင်းပသွားမည်

**မျိုးမင်းဦး**

မုံရွာ၊ မေ- ၂၆

မုံရွာမြို့တွင်ယခုနှစ်ဧပြီလကုန် ရက်ပိုင်းမှဇွန်လဆန်းအထိ ဈေးရောင်းပွဲတော်၊ နည်းပညာပြပွဲ၊ ကုန်စည်ပြပွဲသုံးပွဲအား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနှစ်သစ်ဦး၊ ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော် (စစ်ကိုင်းတိုင်းဒေသကြီး)အား Rose General Trading က ဦးစီး၍ ဧပြီ ၂၅ မှ ၂၉ ရက်အထိ မုံရွာမြို့၊ ဇေယျာရွှေမြေဘောလုံးကွင်း၌ ကျင်းပလျက်ရှိသည်။ WINNER Economic Services Co.,Ltd မှ MONYWA TRADE FAIR 2011 ကုန်စည်ပြပွဲအား မေလ ၁၁ ရက် မှ ၁၅ ရက်အထိ မုံရွာမြို့တော်ခန်းမတွင် တာဝန်ယူကျင်းပမည်ဖြစ်ကြောင်းသိရသည်။ 2011- ICT EXHIBITION (SAGAING) ကွန်ပျူတာသတင်းအချက်အလက်နှင့်နည်းပညာပြပွဲအား မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(စစ်ကိုင်းတိုင်းဒေသကြီး) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(စစ်ကိုင်းတိုင်းဒေသကြီး)တို့ပူးပေါင်းကျင်းပမည့် စစ်ကိုင်းတိုင်းဒေသကြီး၏စတုတ္ထအကြိမ်မြောက်နည်းပညာပြပွဲအား ဇွန် ၃ ရက် မှ ၅ ရက်အထိ မုံရွာမြို့တော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

## လီနိုဗိုက Apple ပရိသတ်များကို ပစ်မှတ်ထားလာ




**နယူးယောက်၊ မေ - ၁၀**
အမေရိကန်နိုင်ငံတွင် တရုတ်ကုန်ပစ္စည်း အမှတ်တံဆိပ်များနှင့် ရင်းနှီးသူများများစားစား မရှိလှပေ။ သို့သော်ယင်းကို တရုတ်ကွန်ပျူတာ ထုတ်လုပ်သူ လီနိုဗိုက ပြောင်းလဲရန် ကြိုးစားနေပြီး လာမည့်မေလမှစ၍ ၎င်းတို့၏ ကွန်ပျူတာများကို အသက် ၁၈ နှစ်နှင့် အသက် ၂၅ နှစ်အရွယ် Appleမျိုးဆက်ကို ပစ်မှတ်ထားကာ ရောင်းချနိုင်ရန် ကြော်ငြာအစီအစဉ်တစ်ရပ်ကို စတင်တော့မည်ဖြစ်သည်။

အမေရိကန်လူငယ်များမှာ iPod နှင့် iPad အသုံးပြုကြီးပြင်းလာကြသူများဖြစ်သည်။

"အမှတ်တံဆိပ်လူသိအောင်လုပ်တာနဲ့ ဈေးကွက်တင်နိုင်အောင် လုပ်တဲ့နေရာမှာ လူတွေရဲ့ထင်မြင်မှုတွေကို ပြောင်းလဲရတာအခက်ဆုံးပါပဲ"ဟု လီနိုဗိုကုမ္ပဏီ၏ ဒုဥက္ကဋ္ဌနှင့် ဈေးကွက်ရှာဖွေရေးအရာရှိ ဒေးဗစ်ရိုမန်က ပြောပါသည်။ ခက်ခက်ခဲခဲလုပ်ဆောင်ရမည် ဖြစ်သော်လည်း လီနိုဗို၏ အစီအစဉ်ကို ကန်ဒေါ်လာ ၁၀ သန်းအကုန်အကျခံ၍ လုပ်ဆောင်သွားမည်ဖြစ်သည်။

ကြော်ငြာ၏ အဓိကစာတန်းမှာ "We make the tools, You make them do" "ငါတို့က ပစ္စည်းတွေ လုပ်တယ်။ မင်းတို့က အဲဒီပစ္စည်းတွေ အသုံးဝင်အောင် လုပ်တယ်" ဟူ၍ ဖြစ်ကြောင်း သိရသည်။

*—Ref: NY Times*

## အိုင်ဖုန်းပေါ်တွင် ဓာတ်ပုံအယ်လ်ဘမ်များ ဖန်တီးနိုင်

**နယူးယောက်၊ မေ - ၂၈**

ဖုန်းများဖြင့်ရိုက်ကူးထားသော သာမန်ဓာတ်ပုံများအား ပန်းချီအနုပညာဆန်သော ဓာတ်ပုံများအဖြစ်ဖန်တီးနိုင်သည့် Instagram အသုံးချအစီအစဉ် မှာ iPhone အသုံးပြုသူသန်းပေါင်းများစွာကို ဆွဲဆောင်နိုင်ခဲ့ပြီဖြစ်ရာ ယခုအခါ Instagram ၏လူကြိုက်များမှုအပေါ်မူတည်၍ အခြားအိုင်ဖုန်းအသုံးချအစီအစဉ်များ ထပ်မံပေါ်ထွက်လာသည်။

အများအားဖြင့် ဖုန်းများတွင်သာကြည့်ရှုနိုင်သည့် ဓာတ်ပုံများကိုပြင်ပကမ္ဘာနှင့် နီးစပ်အောင် ဆက်စပ်ကြခြင်းဖြစ်သည်။


Keepsy စနစ်ကိုအသုံးပြု ၍ ၎င်းဓာတ်ပုံများကို ဓာတ်ပုံစာအုပ်ကဲ့သို့ ဖန်တီးနိုင်ပြီး ဖေ့စ်ဘွတ်ခ်၊ တွစ်တာစသည့် လူမှုရေးဝက်ဘ်ဆိုက်များတွင် တင်၍ပြသနိုင်သည်။ Keepsy ဓာတ်ပုံများကိုဓာတ်ပုံကူးစက်များဖြင့်လည်း ထုတ်ယူနိုင်မည်ဖြစ်သည်။

Postagram ကိုအသုံးပြု၍ ပို့စကတ်များဖန်တီးနိုင်ပြီး ၎င်းပို့စ်ကတ်များကို အခြားသူများသို့ ပေးပို့နိုင်သည်။

Instagram အစီအစဉ်ကို ဖော်ထုတ်ခဲ့သူ ကီဗင်ဆစ်ခရွန်ကမူ၎င်းတို့ကုမ္ပဏီအနေဖြင့် ယင်းကဲ့သို့ လက်တွေ့ဝန်ဆောင်မှုများပေးရန် အစီအစဉ်မရှိကြောင်း ပြောကြားသည်။

*—Ref: NY Times*




## အမေရိကန်အောက်လွှတ်တော်က ဆိုနီကုမ္ပဏီအား မေးခွန်းထုတ်

**ဝါရှင်တန်၊ မေ - ၁၀**

ယခင်ရက်သတ္တပတ်အတွင်း Sony Playstation ကွန်ရက်အားဟက်ကာများ၏ တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ အမေရိကန်အောက်လွှတ်တော် ဆပ်ကော်မတီတစ်ခုက ဆိုနီကုမ္ပဏီသို့ရှင်းလင်းချက်ပေးရန် စာတစ်စောင်ပေးပို့လိုက်ကြောင်းသိရသည်။ Playstation Network အားတရားဝင်သုံးစွဲနေသူ ၇၇ သန်းရှိသည်။

အမေရိကန်အောက်လွှတ်တော်ဆပ်ကော်မတီ၏ စာသည် ဆိုနီဥက္ကဋ္ဌ မစ္စတာကာဇူအိုဟီရာအီအား လိပ်မူထားပြီး ဟက်ကာတိုက်ခိုက်မှုနှင့်ပတ်သက်၍ အသေးစိတ်မေးခွန်းများ ဖြေကြားရန် တင်ပြထားသည်။ မေလ ၆ ရက်တွင်စာပြန်ရမည်ဟုလည်း ဖော်ပြထားသည်။

ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေးဆပ်ကော်မတီ၏ စာတွင် အသုံးပြုသူများ၏ လုံခြုံရေးနှင့် ကိုယ်ရေးအချက်အလက်လုံခြုံမှုနှင့်ပတ်သက်၍ ဆိုနီ၏ အစီအစဉ်များအကြောင်း မေးမြန်းထားသည်။ ထို့အပြင် ယင်းတိုက်ခိုက်မှု မည်သည့်အချိန်က စတင်ဖြစ်ပေါ်ခဲ့သနည်း။ မည်သူတွေ တိုက်ခိုက်ခဲ့ပါသနည်း။ ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဆိုနီက မည်သည့်အချိန်တွင် အသိပေးခဲ့သနည်း စသည့်မေးခွန်းများ ပါဝင်ကြောင်း သိရသည်။

အောက်လွှတ်တော်က ဟက်ကာများက မည်သည့်အချက်အလက်များခိုးယူခဲ့သနည်း။ အသုံးပြုသူများ၏ ခရက်ဒစ်ကတ်နံပါတ်များ ခိုးယူခံခဲ့ရသလား စသည်တို့ကိုလည်း မေးခွန်းထုတ်ထားကြောင်း သိရသည်။

*—Ref: NY Times*



# ‘အခုဆိုရင် မြေအောက်ဓာတ်ကြိုးတွေလုပ်နေတာက ထပ်တိုးမယ့်ဝန်ဆောင်မှုအသစ်တွေပဲ’

## ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်လတ်နှင့် တွေ့ဆုံခြင်း

**သိမ့်သိမ့်စိုး**

ယခုနှစ်သင်္ကြန်ကာလနှင့် နွေရာသီတွင် မြို့ခံအများစု စိတ်ကျေနပ်မှုတစ်ခုရရှိနေသည်။ ယင်းမှာ နှစ်စဉ်နွေရာသီရောက်ရှိလာပါက လျှပ်စစ်မီးများ ပြတ်တောက်လေ့ရှိသော်လည်း ယခုနှစ်တွင် ယနေ့အချိန်ထိ လျှပ်စစ်မီးများမှန်နေသောကြောင့်ဖြစ်သည်။ ယခုနှစ်တွင် ထူးထူးခြားခြား မီးမှန်နေခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**■ လက်ကျန်နွေရာသီမှာ လျှပ်စစ်မီးအလှည့်ကျ ဖြန့်ဖြူးပေးဖို့ရှိပါသလား။**

လက်ရှိအချိန်ထိတော့ အလှည့်ကျလုပ်ဖို့အစီအစဉ်မရှိသေးဘူး။

**■ ဒါဆို နွေရာသီတစ်ခုလုံး လျှပ်စစ်မီးအချိန်ပြည့် ပေးသွားတော့မှာလား။**

အဲဒါက မေလအတွင်းမှာ ရေအားလျှပ်စစ်ဓာတ်အားပေးရုံတွေမှာရှိတဲ့ ရေလှောင်တမံတွေမှာ ရေဝင်ရောက်တဲ့အခြေအနေတွေပေါ်မှာ မူတည်တယ်။ အခုက ရေအားကတော့ကျနေပြီ။ ဒါပေမဲ့ ဒီမေလထဲမှာ မိုးရွာတဲ့အခြေအနေပေါ် မူတည်တယ်။ အခု ရေအားကတော့ ကျနေပြီ။ ဒါပေမဲ့ ဒီမေလထဲမှာ မိုးရွာတဲ့ အခြေအနေပေါ်မူတည်တယ်။ ပုံမှန်မေလမှာ ရေဝင်ရင်တော့ အလှည့်ကျမဟုတ်ဘဲ ဆက်ပေးနိုင်မှာပါ။ တကယ်လို့မိုးနောက်ကျမယ်။ မိုးခေါင်တယ်ဆိုရင်တော့ရေအားလျှပ်စစ်ရဲ့ ထုတ်လုပ်နိုင်မှုပေါ်မှာ မူတည်ပြီး ပေးသွားမှာပါ။

(မှတ်ချက်။ ။ပုံမှန်အားဖြင့် အလှည့်ကျလျှပ်စစ်ဓာတ်အားပေးဝေမှုမှာယခင်နှစ်များက နိုဝင်ဘာ၊ ဒီဇင်ဘာ လမှစ၍ မိုးမကျမီ မေလကုန်ထိဖြစ်သည်။)

**■ ဒီနှစ်လျှပ်စစ်မီးဖြတ်တောက်မှုမရှိသေးဘဲ မီးပေးနိုင်ခဲ့တာ ဘာကြောင့်ပါလဲ။**

ဒီနှစ်က လျှပ်စစ်ဓာတ်အားတိုးလာခြင်းကြောင့် ဖြစ်တယ်။ မနှစ်က ရဲရွာက မရှိဘူး။ အခုဒီနှစ်မှာ ရဲရွာကတိုးလာတယ်။ ကမ်းလွန် သဘာဝဓာတ်ငွေ့ကလည်း ပိုက်လိုင်းအသစ်နဲ့ တိုးပြီးတော့ရလာတယ်။ ရဲရွာဆိုရင် စက်သုံးလုံးတိုးလာခဲ့တယ်။

**■ လျှပ်စစ်ဓာတ်အားကထုတ်လုပ်မှုဘယ်လောက်တိုးလာတာလဲ။**

ရဲရွာက တစ်လုံးကို ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ဆိုတော့ သုံးလုံးဆိုရင် ၅၉၂ ဒသမ ၅ မဂ္ဂါဝပ်ထိ ထုတ်လာနိုင်တယ်။ သုံးလုံးစလုံး အပြည့်မောင်းတာမဟုတ်တော့ ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်နဲ့ ၅၉၂ ဒသမ ၅ မဂ္ဂါဝပ်ကြားမှာ သုံးနိုင်လာတယ်။

ရန်ကုန်မှာရှိတဲ့ သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံလေးရုံကိုလည်း ၂၄ လက်မပိုက်လိုင်းနဲ့ လုပ်တဲ့အတွက် အများကြီးတိုးလာတယ်။ မဂ္ဂါဝပ် ၁၅၀ လောက်ထိ တိုးလာခဲ့တယ်။ အရင်က သဘာဝဓာတ်ငွေ့က ၁၀၀ လောက်ကနေ အခုဆို ၂၆၀ - ၂၇၀ မဂ္ဂါဝပ်လောက်ထိ ထုတ်နိုင်တယ်။

**■ လာမယ့်နှစ်တွေမှာတော့ ဒီနှစ်လို လျှပ်စစ်မီးပေးနိုင်မလား။**

အခုလို လျှပ်စစ်ဓာတ်အားရနေရင် လာမယ့်နှစ်မှာလည်း တစ်နှစ်ပတ်လုံး ပေးသွားနိုင်မှာပါ။ လျှပ်စစ်ဓာတ်အားရတဲ့ပေါ်မှာ မူတည်ပြီးပေးသွားမှာပါ။

**■ ရန်ကုန်မြို့က စက်မှုဇုန်တွေကို မီးပေးဝေတဲ့ ပုံစံလည်း သိချင်ပါတယ်။**

စက်မှုဇုန်တွေကိုလည်း ဒီနှစ်မှာ အချိန်ပြည့်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ညနေ ၄ နာရီကနေ ည ၈ နာရီထိကတော့ မပေးဘူး။ ဘာလို့လည်းဆိုတော့ အများပြည်သူသုံးတဲ့အချိန်ဖြစ်လို့ တစ်ရက်ကို အဲဒီ ၄ နာရီပဲ မပေးတာ။ နာရီ ၂၀ လောက်ပေးနိုင်တယ်။

**■ စက်မှုဇုန်တွေရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကဘယ်လောက်ရှိလဲ။**

ရန်ကုန်စက်မှုပဲဆိုရင် ၁၃၀ မဂ္ဂါဝပ်ကျော် ၁၄၀ လောက်ထိ သုံးနေတယ်။

**■ လျှပ်စစ်ဓာတ်အားခ လက်ရှိနှုန်းထက်တိုးမြင့် ကောက်ခံသွားဖို့ရောရှိပါသလား။**

လက်ရှိနှုန်းထက် ဓာတ်အားခတွေ တိုးဖို့တော့ လောလောဆယ် မရှိသေးဘူး။

**■ အိမ်သုံးလျှပ်စစ်ဓာတ်အား အသုံးပြုခပုံမှန်မသွင်းရင် အရေးယူမယ့်ပုံစံကိုလည်း သိချင်ပါတယ်။**

အိမ်သုံးမီတာခက သတ်မှတ်ကာလအတွင်း ပေးသွင်းခြင်းမရှိရင် နှိုးဆော်စာပို့ပြီး ဓာတ်အားဖြတ်တောက်သွားမယ်။ သတ်မှတ်ကာလအလိုက် မပေးဆောင်ပါက လအလိုက် ဒဏ်ကြေးများ ပေးဆောင်ရမယ်။

**■ လက်ရှိမြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေတဲ့ ပမာဏနှင့်သုံးစွဲနေတဲ့ပမာဏကိုသိလိုပါတယ်။**

အခုလောလောဆယ် တစ်နိုင်ငံလုံးက အများဆုံးသုံးစွဲတာ ၁၃၀၀ မဂ္ဂါဝပ်၊ အနည်းဆုံးက ၈၀၀ မဂ္ဂါဝပ်သုံးတယ်။ ပျမ်းမျှကို ၁၁၀၀-၁၂၀၀ မဂ္ဂါဝပ်သုံးနေရတယ်။

**■ ရန်ကုန် တစ်မြို့တည်းဆိုရင် ဘယ်လောက်သုံးနေရပါသလဲ။**

ရန်ကုန်သီးသန့်ဆိုရင် အများဆုံးသုံးနေတာက ၆၅၀ မဂ္ဂါဝပ်၊ အနည်းဆုံးကျတော့ ၄၀၀ မဂ္ဂါဝပ် ရှိတယ်။ ပျမ်းမျှက ၅၅၀-၅၆၀ မဂ္ဂါဝပ်လောက် သုံးစွဲနေတယ်။

**■ မြေအောက်ဓာတ်အားလိုင်းတွေ အကောင်အထည်ဖော်မယ့် အစီအစဉ်တွေရှိတယ်လို့သိရတယ်။ အသေးစိတ်သိပါရစေ။**

ရန်ကုန်တိုင်းအတွက် မြေအောက်ဓာတ်အားစီမံကိန်းအနေနဲ့ကအလုံ-ဘုရင့်နောင်(၆၆)ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၇ ဒသမ၄မိုင်စီမံကိန်း၊ အလုံ-MRTV -3 ၆၆ ကေဗွီ (မြေအောက်)ဓာတ်အားလိုင်း ၃ ဒသမ ၁ မိုင် စီမံကိန်း၊ အလုံ-မော်တင် ၆၆ ကေဗွီ (မြေအောက်)ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် စီမံကိန်း၊ အလုံ-မီးရထားခွဲရုံ (ဗိုလ်ချုပ်လမ်း) ၆၆ ကေဗွီ (မြေအောက်)ဓာတ်အားလိုင်း ၃ ဒသမ ၈ မိုင် စီမံကိန်း၊ အလုံ-ဆင်မလိုက် ၆၆ကေဗွီ(မြေအောက်)ဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင် စီမံကိန်းနှင့် သာကေတ-ပုသိမ်ညွန့် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၅ မိုင် စီမံကိန်းစတဲ့ စီမံကိန်း ၆ ခု အကောင်အထည်ဖော်ဖို့ရှိတယ်။

**■ လက်ရှိ အစိုးရလက်ထက်မှာ လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုမှာ ဘယ်လို အပြောင်းအလဲတွေ ပြုလုပ်ဖို့ရှိပါသလဲ။ ဝန်ဆောင်မှုအသစ်တွေရှိပါက သိလိုပါတယ်။**

အခုဆိုရင်မြေအောက်ဓာတ်ကြိုးတွေ လုပ်နေတာက ထပ်တိုးမယ့်ဝန်ဆောင်မှုအသစ်တွေပဲ။ ဒါတွေလုပ်ရင်လျှပ်စစ်ဓာတ်အားက ပိုပြီးတော့ ပြည့်ပြည့်ဝဝနဲ့ ရလာမယ်။ ဒါတွေက ဘာကောင်းလဲဆိုတော့ ဓာတ်အားပျောက်ဆုံးတာတွေ သက်သာမယ်။ သဘာဝဘေးဒဏ်တွေ ရှိရင်လည်း အမြန်ဆုံး မီးတွေရနိုင်မယ်။ ကြိုးပြတ်တာတွေ မဖြစ်တော့ဘူးပေါ့။ ခေတ်မီတဲ့ နိုင်ငံများရဲ့ မြို့တော်တွေမှာဆို မြေအောက်ဓာတ်အားလိုင်းတွေနဲ့ပေးတယ်။ အဲဒါတွေနဲ့ပေးရင် မီးပျက်တာမျိုးတွေ မရှိတော့ဘူး။ သဘာဝဘေးအန္တရာယ်တွေကိုလည်း ပိုခံလာနိုင်မယ်။

**■ အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။** ။

---

# ကြွပ်ကြွပ်အိတ်ထုတ်လုပ်၊ ရောင်းချခြင်းများပြုလုပ်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူမည်ဟုဆို

**သတင်းအဖွဲ့**

**ရန်ကုန်၊**

**မေ - ၂၈**

ရန်ကုန်တိုင်းဒေသကြီးတွင်(ကြွပ်ကြွပ်အိတ်မျိုးစုံနှင့် ပလတ်စတစ်ကြိုး) ထုတ်လုပ်သည့် လုပ်ငန်းများထံသို့ သတိပေးအကြောင်းကြားစာများကို ဧပြီလအတွင်း ပေးပို့ခဲ့ရာ လိုက်နာမှုမရှိသောစက်ရုံများ၊ ဖြန့်ဖြူး ရောင်းချသောဆိုင်များအား ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကြွပ်ကြွပ်အိတ် အမျိုးမျိုးထုတ်လုပ်သည့် လုပ်ငန်းများကို ထုတ်လုပ်မှုရပ်ဆိုင်းရန် ၂၀၁၀ ပြည့်နှစ် ဧပြီလတွင် စတင်သတ်မှတ်ခဲ့သည်။

တစ်နှစ်ကြာမြင့်သည့် အချိန်တွင် လိုက်နာမှုအားနည်းနေသောကြောင့် ထပ်မံ၍ယင်းစက်ရုံများကိုအကြောင်းကြားစာများပို့ခဲ့ခြင်းဖြစ်ကြောင်းပလတ်စတစ်လုပ်ငန်းရှင် အချို့က သုံးသပ်သည်။

“လိုက်စစ်လို့ ပထမအကြိမ်တွေ့ရင် လုပ်ငန်းလိုင်စင်ကို ယာယီသိမ်းပြီး စောင့်ကြည့်မယ်။ အဲဒီလိုစောင့်ကြည့်နေတဲ့အချိန်မှာ ထပ်ရောင်းတာတွေ့ရင် လိုင်စင်အပြီးသိမ်းမယ်လို့ပြောတယ်” ဟု အစည်းအဝေး တက်ရောက်သူ ဆိုင်ရှင်တစ်ဦးက ပြောသည်။

ဆိုင်အများစုတွင် ကြွပ်ကြွပ်အိတ်နှင့်ပလတ်စတစ်ကြိုးခွေများ လက်ကျန်ရှိနေသဖြင့် ထိုပစ္စည်းကုန်အောင် ရောင်းချကြမည်ဖြစ်ကြောင်းဆိုင်ရှင်အချို့ကဆိုသည်။

ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်ကြိုးများကို ထုတ်လုပ်ရာ၌ ထုတ်လုပ်သည့် ပစ္စည်းအမျိုးအစားပေါ်မူတည်၍ အသုံးပြုသည့်ကုန်ကြမ်းပစ္စည်းသည်လည်း ကွဲပြားသည်။ ပြန်လည် အသုံးပြုနိုင်သည့် ပလတ်စတစ်အိတ်ပျော့များထုတ်လုပ်သည့် စက်ရုံများ မပါနိုင်ကြောင်း ပလတ်စတစ်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

“အချို့ကြွပ်ကြွပ်အိတ်တွေ၊ အညံ့စားတွေက ကော်ပစ္စည်းအဟောင်းတွေကို ကျိုပြီးထုတ်ထားတာ။ Recycle အိတ်ပျော့တွေက နိုင်ငံခြားကလာတဲ့ ကော်စေ့တွေနဲ့ထုတ်ထားတာ။ ဒီလိုပဲ သုံးတဲ့ကုန်ကြမ်းတွေက မတူဘူး။ ပလတ်စတစ် ထုတ်လုပ်တဲ့ လုပ်ငန်းတွေဆိုပြီး အားလုံးသိမ်းကျုံးရောပါသွားမှာတော့ မဟုတ်ဘူး ထင်ပါတယ်”ဟု အထက်ပါ လုပ်ငန်းရှင်က ထပ်မံပြောသည်။

လိုက်နာခြင်းမရှိသော(ကြွပ်ကြွပ် အိတ်မျိုးစုံနှင့်ပလတ်စတစ်ကြိုး)ထုတ်လုပ်သည့် လုပ်ငန်းများကိုဧပြီ ၂၁ ရက်နောက်ဆုံးထားပိတ်သိမ်းရန်နှင့် ပိတ်သိမ်းခြင်းမပြုပါက လုပ်ငန်းလိုင်စင်စာရင်းမှ ပယ်ဖျက်၍ စည်ပင်သာယာဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟုအကြောင်းကြားစာတွင် ဖော်ပြထားသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်များတွင်လည်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ကြိုးများ၊ သိုလှောင်၊ ရောင်းချခြင်းများကို ဧပြီလ ၂၂ ရက်နောက်ဆုံးထား၍ ခွင့်မပြုတော့ကြောင်း လိုက်နာမှုမရှိပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးသော လုပ်ငန်းလိုင်စင်ကိုပိတ်သိမ်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

(တစ်)

ယခုနှစ် ခါသင်္ကြန်ရက်များမတိုင်မီ တစ်ရက်နှစ်ရက်အလို၌ မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်၊ ကာတွန်းဆရာကိုအော်ပီကျယ်တို့နှင့်အတူ စာပေဟောပြောပွဲခရီးထွက်ဖြစ်ပါသည်။ ဆရာမင်းနန်(မော်ကျွန်း)တို့၊ ဆရာမောင်ခိုင်လတ်တို့၊ ဆရာဖေမြိုင်တို့၏ မြစ်ဝကျွန်းပေါ် မြို့တစ်မြို့ဖြစ်သော မော်လမြိုင်ကျွန်းမြို့၊ အများအခေါ် မော်ကျွန်းမြို့ကလေးသို့ပဲဖြစ်ပါသည်။

မကြာမီမြန်မာနှစ် ၁၃၇၂မှ ၁၃၇၃ သို့ကူးပြောင်းတော့မည့် အကြိုကာလ ခရစ်နှစ် ၂၀၁၁ ခုဧပြီလ ၁၀ရက် မနက်ခင်း ဝေလီဝေလင်းအချိန်ပဲဖြစ်ပါသည်။ ကျွန်တော်တို့စီးရမည့်မော်တော်က ရုပ်ပြေးယာဉ်။ မနက် ၆ နာရီမှာ ရန်ကုန်ဆိပ်ကမ်းကထွက်ခွာမည့်မော်တော်။ ဇောတံတားပေါ် သို့ရောက်လျှင်ရောက်ချင်း တွေ့လိုက်ရသည့်မြင်ကွင်းက ခြေဖျားလက်ဖျားတို့အေးသွားချင်စရာမြင်ကွင်းပဲဖြစ်ပါသည်။ ခရီးသည် ၁၅၀ ဝန်းကျင်လောက်သာ တင်ဆောင်နိုင်မည်ဟု ခန့်မှန်းရသော ရုပ်ပြေးယာဉ်ပေါ် မှာ လူ ၄၀၀ လောက်ရှိနေပါသည်။ ခေါင်မိုးပေါ် မှာ ခရီးသည်တွေအပြည့်။ မော်တော်ဆလင်၏ အခန်းထဲမှာလည်း ခရီးသည်တွေအပြည့်။ မော်တော်ဦးဖျား ခရီးသည် လိုက်ပါလေ့မရှိသောနေရာမှာလည်း ခရီးသည်အပြည့်။ မော်တော်အနောက်ဘက် စက်ခန်းပေါ် မှာ၊ စက်ခန်းဝန်းကျင်မှာ၊ အိမ်သာရှေ့မှာ လူတွေလူတွေ။ မော်တော်ဦးဖျားက လူတစ်ယောက်ယောက် မော်တော်ပဲ့ပိုင်းက အိမ်သာရှိရာဆီသို့ လာလိုသည်ရှိသော် မော်တော်အတွင်းထဲကနေ လမ်းလျှောက်သွား၍ မရပါလေတော့။ မော်တော်နံဘေးကနေ သက်စွန့်ဆံဖျားတွယ်ကပ်၍သာလျှောက်သွားကြပေတော့။ အန္တရာယ်ကို တွေးမြင်မိကြသူတချို့တလေကတော့ ဆိပ်ကမ်းပေါ် သို့ ပြန်တက်သွားကြပြီဖြစ်ပါသည်။

# ကြိုးတန်းပေါ်၌ စားသုံးကြသည်

မောင်သာချို



သို့ဖြင့် မနေသာသူ ကျွန်တော်က ဆိပ်ခံဇောတံတားပေါ် သို့ပြန်တက်သွားကာ စားပွဲခုံတစ်လုံးချပြီး လက်မှတ်ရောင်းနေသူရှိရာဆီသို့လျှောက်သွားမိပါသည်။ ပြီးတော့ စကားတစ်ခွန်းကိုလည်း ပြောဖြစ်ပါသည်။ "နောင်ကြီးတို့ မော်တော်က ခရီးသည်ဘယ်နှယောက်လောက်တင်မှာလဲ"ဟူသည့် အမေးစကား။ သည်မှာ လက်မှတ်ရောင်းသူက ခပ်ရင့်ရင့်မျက်နှာထားဖြင့် လှမ်းကြည့်လာကာ"တက်သလောက်အကုန်တင်တယ်"တဲ့။ ကျွန်တော်က ကိုယ့်စားသုံးသူအပေါ် သည်လောက်စော်ကားမော်ကားပြောရဲသူကို စိတ်ဝင်စားသွားမိကာ "ခင်ဗျားနာမည်ဘယ်လိုခေါ်လဲ" ဟု ပင်မေးကြည့်ပါသည်။ သူက ဘာကိုမှ ဂရုမစိုက်ဘူးဟူသောမျက်နှာထားဖြင့် ရယ်သွမ်းပင်သွေးလာပြန်ကာ သူ့နာမည်ကို သေသေချာချာကြီးကိုပြောပြနေခဲ့ပါသည်။ ဘယ်သူဘယ်ဝါ ဘာလုပ်ချင်လဲဆိုသည့်သဘော။ တကယ်လည်း သူ့နာမည်ကို သိခွင့်ရလိုက်သည့် ကျွန်တော်က ဘာလုပ်ရမှန်းမသိ။ စာပေဟောပြောပွဲရှိနေသဖြင့် နောက်ပြန်လှည့်သွားလို့ကလည်း မဖြစ်။ နောက်ဆုံးတော့ ရွေးချယ်စရာမရှိသော အနေအထားမှာ အန္တရာယ်နှုတ်ခမ်းအဝက ရုပ်ပြေးမော်တော်နှင့်ပဲလိုက်ပါသွားခဲ့ရပါလေသည်။

(နှစ်)

ထိုသင်္ကြန်ရက်များ တစ်ဝိုက်ကပဲဖြစ်ပါ၏။ ဆရာချစ်ဦးညို တို့ဇနီးမောင်နှံ၊ မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်၊ ကာတွန်းဆရာကိုအော်ပီကျယ်တို့နှင့် အတူ နာမည်ကျော် ပန်းချီဒီဇိုင်းပညာရှင်တစ်ယောက်ပါ ပူးပေါင်းပါဝင်လျက် ရန်ကုန်မြို့တွင်း တစ်နေရာ၌ ဆုံဖြစ်ကြပါသည်။ ထိုပန်းချီဒီဇိုင်းပညာရှင်မှာ ထင်ရှားသူဖြစ်ပြီး လုပ်ငန်းရှင်တော်တော်များများ၏ လက်စွဲလည်းဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ်တွေ၊ ကြော်ငြာတွေကြားထဲက ပညာရှင်တစ်ယောက်။ သူက ထင်ရှားသည့်အရက်တစ်မျိုးကို နာမည်ထုတ်ပြောပါသည်။ သူ ကြော်ငြာဒီဇိုင်းလုပ်ပေးထားသည့်အရက်။

"အံ့ဩစရာကောင်းတာက အဲသည့်ပိုင်ရှင်တွေနဲ့ ကျွန်တော်အတူတူသွားလာနေကြတာ၊သည်လူတွေ သူတို့အရက်ကို သူတို့မသောက်ဘူးဗျ။ ကျွန်တော့်ကိုလည်းမသောက်ဖို့တားကြတယ်"

သူ့စကားမှာ ကျွန်တော်တို့ အံ့ဩသွားကြပါသည်။ ထို့နောက် ထပ်ဆင့်အံ့ဩစရာစကားကိုထပ်ဆင့်၍ ဆိုပြန်ပါသည်။

"နောက်. . စိုက်ပျိုးရေးသုံးပစ္စည်း တော်တော်များများလည်း ကြော်ငြာကိစ္စ ကျွန်တော်လုပ်ပေးရတယ်။ အရွက်ဖျန်းဆေးတို့၊ ပိုးသတ်ဆေးတို့ ဘာတို့တွေပေါ့ဗျာ။ အဲသည့်လူတွေ သည်ကို ရောက်လာကြတဲ့အခါ ကျွန်တော်တို့ဆီက အသီးအရွက်တွေကိုမစားကြဘူးဗျ"တဲ့။ ကျွန်တော်တို့ တစ်ဝိုင်းလုံး တိတ်ဆိတ်သွားကြပြန်ပါသည်။ စားသုံးသူဘဝဟာ ကျောချမ်းစရာကြီးပါလား။

(သုံး)

ကျွန်တော့်မှာ ဆယ်တန်းဘော်ဒါဆောင် တည်ထောင်ထားသည့် မိတ်ဆွေတစ်ယောက်ရှိခဲ့ဖူးပါသည်။ သူ့ကျောင်းမှာ လာရောက်သင်ကြားပို့ချပေးနေသည့် ဆရာ၊ဆရာမအားလုံးကရွက်ကြမ်းရေကျို အနေအထားမျှသာ။ သို့သော် ကြော်ငြာကောင်းကောင်း၊ စည်းရုံးရေး ကောင်းကောင်းနှင့်မို့ ကျောင်းသားအင်အားတော်တော်များများကို သူပိုင်ဆိုင်ထားသည်။

တစ်နေ့ သူ့သားတော်မောင်တစ်ယောက်ဆယ်တန်းသို့ရောက်လာသောအခါ မမြင်တာ ကြာသဖြင့် ကျွန်တော်က မေးကြည့်မိပါသည်။ သူက ပြုံးစနဲ့နဲ့ဖြင့် အဖြေပေးလာသည်က နာမည်ကျော် ဘော်ဒါဆောင်တစ်ခုသို့ ပို့ထားပါကြောင်း။ သူ့ဆုံးဖြတ်ချက်မှန်ပါသည်။ သူ့သားတစ်ယောက် ဂုဏ်ထူးတွေ ဝေဝေဆာဆာနှင့်အောင်သွားကာ အခုဆိုဆရာဝန်ပင်ဖြစ်နေပါပြီ။ သူ့ဘော်ဒါဆောင်က ကလေးတွေကတော့ နှစ်အ ဆက်ဆက် အောင်သည်ဆိုရုံကလေးတွေမျှသာ။

ကိုယ့်ဘော်ဒါဆောင်၏ အခြေအနေကိုကိုယ်သိ၍ ကိုယ့်သားသမီးကိုပင် ကိုယ်မထားသောဘော်ဒါကျောင်းမှာ ကျောင်းလာအပ်ထားခဲ့ကြသည့် မိဘတွေများသည် အခြေအနေကို သိခဲ့သော်. . ။ကျွန်တော်မစဉ်းစားချင်ပါလေတော့။

(လေး)

အရက်ထုတ်လုပ်သူက ကိုယ့်အရက်ကို ကိုယ်ပြန်မသောက်ရဲ။ စိုက်ပျိုးရေးသုံးဆေးအမျိုးမျိုး ထုတ်လုပ်နေသူက ထိုစိုက်ခင်းက ထွက်လာသည့် အသီးအနှံကို မစား ရဲ။ အဆင့်မြင့်ဘော်ဒါတည်ထောင်ထားသူက ကိုယ့်ရင်သွေးကိုကျတော့ ကိုယ်မထားရဲ။

မော်တော်ရုပ်ပြေးပေါ် မှာ လူတွေကို မချိမဆံ့တင်ကာ မြုပ်လုလုမော်တော်ကို တစ်ချက်လှမ်းကြည့်ပြီး "ဘာမှမဖြစ်ဘူး ဖြစ်ရင်လည်းသက်ကယ်အင်္ကျီတွေပါတယ်" ဟုဆိုသူက ဆိပ်ခံဇောပေါ် မှာ ဒူးနန့်နန့်လို့။ စားသုံးသူတွေဘက်က လုံခြုံစိတ်ချရမှုကို လုပ်ငန်းရှင်တို့ဘက်က ဘယ်တော့မှ ထည့်သွင်းမစဉ်းစားလေသမျှ ကျွန်တော်တို့ တစ်တွေ စိုးတထိတ်ထိတ်ဖြင့် အသက်ကို အရင်းအနှီးပေးပြီး ကြိုးတန်းပေါ်၌လမ်းလျှောက်နေကြရမည်သာ။ ။

Memorial

# ပါရဂူနှင့် မာန်

သာခွေယိုင်

လူ အနေအထိုင် အေးဆေးခြင်း၊ စကားပြောသိမ်မွေ့ခြင်း၊ ဟန်ပန်အမူအရာ နူးညံ့ခြင်းတို့ဖြင့် အစစပြည့်ဝသောဆရာပါရဂူနှင့် ရင်းနှီးသူမှန်သမျှ ဤခေါင်းစဉ်ဖြင့်ရေးသည်ကို နှာခေါင်းရှုံ့ကြပါလိမ့်မည်။ အထူးသဖြင့် ဆရာ၏ လေးနက်သောဘာသာစာပေ၊ ယဉ်ကျေးမှုလက်များကို တစ်စိုက်မတ်မတ်ဖတ်ရှုခဲ့သူ ဆရာ့ပရိသတ်သည် ကျွန်တော့်ဤခေါင်းစဉ်ကို အစာမကြေရှိနိုင်ကောင်းပါသည်။ သို့သော် ကျွန် တော့်အဖို့မှာမူ ဤခေါင်းစဉ်မှလွဲ၍ အခြားခေါင်းစဉ်တစ်ခုသို့ ပြောင်းလဲရန် မည်သို့မျှ မစဉ်းစားတတ်အောင်ရှိနေရပါသည်။

ဆရာပါရဂူ စာပေစိစစ်ရေးရုံးအနီး ဗဟန်းငါးထပ်ကြီးဘုရားလမ်းတွင်နေစဉ်ကတည်းက ဆရာ၏ ဖွဲ့နပဲကို သတိပြုမိခဲ့သည်။ တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် အိမ်လုံးချင်းကလေးတစ်ခုတွင် ငှား ရမ်းနေထိုင်ခဲ့သည်။ ကိုယ့်အဝတ် ကိုယ်လျှော်သည်။ ဆိုင်ထမင်း၊ ဆိုင်ဟင်းထွက်၍ စားသည့်အခါ စားသည်။ ကိုယ့်ဘာသာ ချက်ပြုတ်စားလျှင်လည်း ဖြစ်သလိုပင်ရောင့်ရဲသည်။ ကန်တော်ကြီးစောင်းတွင် နံနက်စောစော လမ်းလျှောက်လေ့ရှိသည်။ စောစောစီးစီးလမ်းလျှောက်စဉ် ခွေးသား အုပ်မတစ်ကောင်၏ ကိုက်ခဲတာကိုလည်း ခံခဲ့ရသည်။ သို့ရာတွင် ဆရာကား ဘာမျှ မပြောင်းလဲခဲ့။ အဖော်မှီးရန် မစဉ်းစားခဲ့။ ဆရာ၏အဖော်ဆိုလို့ စာတိုက်ငွေစုလက်မှတ်စာအုပ်လေးတစ်အုပ်သာ ကိုယ်နှင့်ထက်ကြပ်မကွာ ဆောင်ထားတာမြင်ဖူးသည်။

## ရွှေဘာဘူများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရလုလု ကာလတစ်ဝိုက်က ရန်ကုန်မြို့၏ နောက်ခံပန်းချီကားတစ်ချပ်ကို ရေးပြလိုသည်။ ကျွန်တော့်အနေဖြင့် လူလားမမြောက်တမြောက်ဖြစ်စအရွယ်မို့ အမှတ်သညာတွင် မှုန်မှုန်ဝါးဝါး။ နေရာမှာ ယနေ့ ရွှေဘုံသာလမ်းဟုခေါ် ဆိုနေကြသော လမ်းတစ်လမ်းအကြောင်း နောက်ခံပန်းချီကားတစ်ချပ်ဖြစ်သည်။ ထိုလမ်းတွင် ယနေ့ကဲ့သို့ ဆေးဆိုင်ဆေးခန်းဟူ၍ အများအပြားမရှိသေး။ အခေါ် အဝေါ် အားဖြင့် မဂိုလမ်းဟု ထိုစဉ်ကခေါ် သည်။

ထူးခြားသည်မှာထိုလမ်းတွင် ရွှေအရောင်းအဝယ်ကုလားသူဌေးကြီးများ၏ ရွှေဆိုင်ဖွင့်ထားသော တိုက်ခန်းများက တန်းစီနေသည်။ တိုက်ခန်းတွင်းရှိ ရွှေဆိုင်ရှင် ရွှေဘာဘူကုလားသူဌေးကြီးများသည် မှန်ဗီရိုရှိုးကေ့စ်များဖြင့် ဆိုင်ရှေ့တွင် ခင်းကျင်းပြသထားသည်မဟုတ်။ ရွှေငွေလက်ဝတ်ရတနာများကိုအခန်းထဲတွင်ပင်ထားသည်။ ရွှေဘာဘူကြီးများကိုလည်းတဆိတ်ကြည့်ပါဦး။ ကြမ်းပြင်ပေါ် ခင်းထားသော မွေ့ရာဖြူဖြူကြီးများပေါ်တွင် လဲလျောင်းရင်း ရွှေအရောင်းအဝယ်ဈေးစကားကို အိပ်ရာပေါ် မှပင်လှမ်းပြောနေတတ်ပုံမှာ အလွန်ပင်စည်းစိမ်ကြီးလိုက်သည့်ဖြစ်ခြင်း။ ရွှေဘာဘူ သူဌေးကြီးများအနီးတွင် ခစားနေသော တပည့်တပန်းများက သူဌေးကြီးများ အဆင်သင့်သောက်နိုင်ရန် တမာကူအိုးများကိုပြင်ဆင်ပေးထားကြရသည်။ တပည့်များသည် ရွှေဘာဘူတို့၏ မျက်ရိပ်မျက်နှာကဲကို ကြည့်ကာ တမာကူအိုးများကို လက်လှမ်းပေးရန်တပြင်ပြင်။

ထိုရွှေဘာဘူကြီးများ၏ တိုက်ခန်းများသို့ ပျိုမျစ်သော ရဟန်းပျိုကလေးတစ်ပါးသည် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံအလှူခံနေသည်ကိုမြင်နိုင်သည်။ အရပ်အမောင်းပြတ်ပြတ်၊ အသားအရေက ဖြူစင်ကာ ကိုယ်လုံးပြည့်ပြည့် ပဉ္စင်းကလေးဖြစ်သည်။ ပါရဂူအလောင်းအလျာဖြစ်လာမည့် ပဉ္စင်းငယ်သည် အိန္ဒိယနိုင်ငံ ဟိန္ဒူ တက္ကသိုလ်တွင် ဟိန္ဒီနှင့် သက္ကတဘာသာ သွားရောက်သင်ယူရန် ခရီးစရိတ်အတွက် လိုက်လံအလှူခံနေခြင်းဖြစ်သည်။ ကံအားလျော်စွာ အလှူခံ၍ ရတတ်သမျှ စရိတ်စကအပြင် အိန္ဒိယသူဌေးကြီးတစ် ဦး ချီးမြှင့်သော ပညာသင်ဆုဖြင့် အိန္ဒိယသို့ သွားရောက်ပညာသင်ယူခွင့်ရရှိသွားသည်။



အိန္ဒိယတွင် ငါးနှစ်တာ ပညာသင်ပြီးနောက် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသောအခါ လူဝတ်လဲသည်။

စာ(၄၀) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.7 • MAY 5, 2011

## သမ္မတအကြံပေးအဖွဲ့ အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်း

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ မေ ၂၇**

**နိုင်ငံတော်သမ္မတ၏အကြံပေးအဖွဲ့ကိုအဖွဲ့ဝင်ကိုးဦးဖြင့်နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးတွင် ဧပြီလ၁၁ရက် နံနက်ပိုင်းက စတင်ဖွဲ့စည်း လိုက်ပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး အမိန့်ကြေညာစာ အမှတ် ၁/၂၀၁၁ ဖြင့် ဖော်ပြထားသည်။**

၂၀၁၁ခုနှစ် ဧပြီ၁၉ရက် နေ့စွဲဖြင့်ထုတ်ပြန်သော အမိန့်ကြေညာစာအမှတ် ၁/ ၂၀၁၁တွင် နိုင်ငံတော်သမ္မတအကြံပေးအဖွဲ့အား နိုင်ငံရေး အကြံပေးအဖွဲ့တွင် ဦးကိုကိုလှိုင်၊ ဒေါက်တာနေဇင်လတ်၊ဦးရဲတင့်တို့ဖြင့်လည်းကောင်း၊ စီးပွားရေးအကြံပေးအဖွဲ့တွင် ဒေါက်တာဦးမြင့်၊ ဦးဆက်အောင်၊ ဦးစိန်လှဘိုတို့ဖြင့်လည်းကောင်း၊ ဥပဒေအကြံပေးအဖွဲ့ကို ဦးစစ်အေး၊ ဒေါ်ခင်မျိုးမြင့်၊ ဦးသန်းကျော်တို့ဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်းဖော်ပြထားသည်။ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ကိုသမ္မတက ဖွဲ့စည်းလိုသောအရေးအတွက်နှင့် ပညာရှင်များ နှင့်ဖွဲ့စည်းနိုင်ကြောင်း အစိုးရအဖွဲ့ဥပဒေအား ကိုးကား၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဒေါက်တာမြတ်ဉာဏစိုးက ယခုနှစ် ဖေဖော်ဝါရီလတွင် ပြောသည်။ ဦးကိုကိုလှိုင်၊ ဒေါက်တာဦးမြင့်နှင့် ဦးစစ်အေးတို့မှာ သက်ဆိုင်ရာအကြံပေးအဖွဲ့များ၏ ခေါင်းဆောင်များဖြစ်ကြသည်။

"ဆရာ့ကို ဒီလိုခန့်တာက ဆရာတစ်ယောက်တည်းကို ခန့် တာမဟုတ်ဘူး။ ပညာရှင်တွေ အားလုံးကို ကိုယ်စားပြုပြီးခန့်တာလို့ ခံယူတယ်။ ဆရာတစ်ယောက်တည်းမဟုတ်ဘူး။ အရင်က ပညာရှင်တွေကို သိပ်ပြီး အသိအမှတ်မပြုခဲ့ပေမယ့် အခုအသိအမှတ်ပြုတဲ့သဘောပဲ"ဟု စီးပွားရေး အကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်ကပြောကြားသည်။

သမ္မတက ၎င်း၏အကြံပေးအဖွဲ့တွင် ပါဝင်လုပ်ကိုင်ရန် ခေါ်ယူတွေ့ဆုံမှုများပြုလုပ်ခဲ့ကြောင်း ဒေါက်တာဦးမြင့်ကရှင်းပြသည်။ စီးပွားရေး အကြံပေးအဖွဲ့တွင် ပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ အကြံပြုရမည့်အချက်များကို ကြိုတင်စဉ်းစားထားပြီးဖြစ်ကြောင်းလည်း ဒေါက်တာဦးမြင့်ကပြောကြားသည်။ ၎င်းအနေဖြင့် အဆိုပါတာဝန်သစ်ကို ထမ်းဆောင်ရာတွင် စီးပွားရေးပညာရှင်များထံမှ အကြံဉာဏ် များရယူသွားရန်ရှိကြောင်းလည်း ဒေါက်တာဦးမြင့်ကပြောကြားသည်။

သမ္မတအကြံပေးအဖွဲ့ အကြံပြုဆွေးနွေးချက်များမှာ အရေးကြီးသကဲ့သို့ လက်တွေ့အကောင်အထည်ဖော်ရန်မှာ ပိုမိုအရေးကြီးကြောင်း ဒေါက်တာဦးမြင့်ကပြောကြားသည်။ ဒေါက်တာဦးမြင့်မှာ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ အကြီးတန်း စီးပွားရေးအရာရှိ အငြိမ်းစားတစ်ဦးဖြစ်ပြီး စီးပွားရေးပညာရှင်တစ်ဦးလည်းဖြစ်သည်။

## ပြည်ခိုင်ဖြိုးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်း

**သန်းဌေး**

**ဟင်္သာတ၊ မေ - ၂၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီးခဲ့ရာတွင် ပါတီဥက္ကဋ္ဌဟူ၍ ခန့်အပ်ထားခြင်းမပါရှိကြောင်း ပါတီအထွေထွေအတွင်းရေးမှူးဦးဌေးဦးက ပြောကြားသည်။

"ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်ဖွဲ့ပြီးပါပြီ။ ပါတီဥက္ကဋ္ဌရယ်လို့တော့ မရှိတော့ပါဘူး"ဟု ဟင်္သာတမြို့နယ် အမှတ် ၉ အခြေခံပညာ မူလတန်းကျောင်း ဖွင့်ပွဲအပြီးတွင် ၎င်းကပြောကြားသည်။

လွန်ခဲ့သော လေးနှစ်ကတည်းက သမ္မတ၊ ဒုတိယသမ္မတများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပါတီမှတာဝန်ရှိသူများဖြစ်လာပါက လွှတ်တော်ထဲတွင်နေမည့်သူများနှင့် ပါတီထဲတွင် နေမည့်သူများအား ကြိုတင်လျာထားပြင်ဆင်ထားခဲ့ကြောင်း ၎င်းကပြောကြားသည်။

"ကျွန်တော်တို့တွေ နှစ်ပေါင်းများစွာ လုပ်နိုင်ပါသေးတယ်"ဟု ဦးဌေးဦးက ပြည်ခိုင်ဖြိုးပါတီတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်နိုင်သေးကြောင်း ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ရက်နေ့က ကျင်းပခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲ တွင် လွှတ်တော်ကိုယ်စားလှယ်နေရာအများဆုံးဖြင့် အနိုင်ရခဲ့သည်။ ယခုနှစ် ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာ၊ဒီဇင်ဘာလဝန်းကျင်တွင် ကျင်းပမည့် လစ်လပ်သွားမည့် လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၀အတွက် ကြားဖြတ်ရွေးကောက်ပွဲအတွက်လည်း လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ရင်း စည်းရုံးရေးဆင်းနေကြပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## ဓာတ်မြေသြဇာအတုပြဿနာကြီးလာ

**အောင်သူရ**

**ရန်ကုန်၊ မေ - ၂၇**



လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ထည့်သွင်းအသုံးပြုရသော ဓာတ်မြေသြဇာများ အရည်အသွေး မမှန်ခြင်းကို နှစ်စဉ်တောင်သူများ ကြုံတွေ့လာရကြောင်း သတင်းရရှိသည်။

"ပုလဲရော၊ တီစူပါရော၊ ပိုတက်ရော အတုတွေ အရမ်းများတယ်။ တီစူပါဆိုရင် ဖော့စဖိတ်၊ ၁၆ ရာခိုင်နှုန်းပဲ ပါတာကို ၄၆ ရာခိုင်နှုန်းပါတဲ့ အိတ်ခွံထဲပြောင်းထည့်ရောင်းကြတယ်။ ပုလဲဆိုရင် နေလှန်းဆားကြမ်းကို ကြိတ်ပြီးရောထည့်ရောင်းကြတယ်"ဟု ဝေါမြို့ခံတောင်သူများကဆိုသည်။

"ဒီနှစ် ဒီတံဆိပ်ကောင်းလို့ နောင်နှစ်ဝယ်သုံးရင် မကောင်းတော့ဘူး။ ဘယ်မြေသြဇာပဲဖြစ်ဖြစ် ဒီအတိုင်းပဲ"ဟု သနပ်ပင်မြို့နယ်မှ တောင်သူက ပြောသည်။

ထိုင်းနိုင်ငံထုတ် ပုလဲဓာတ်မြေသြဇာမှာ အလုံးကြီးသဖြင့် ဆားကြမ်းရောထည့်ရန် ခက်ခဲသော်လည်း ပြည်တွင်းထုတ် ပုလဲဓာတ်မြေသြဇာမှာ အလုံးသေးသဖြင့် ဆားကြမ်းရောထည့်၍ ရောင်းချလာကြသည်။

ယခင်ကပြည်တွင်းထုတ်စပါးနှံတံဆိပ် ပုလဲဓာတ်မြေသြဇာများမှာ အတုအပကင်းသော်လည်း ယခုနောက်ပိုင်း ထုတ်ဝေသည့် စပါးနှံတံဆိပ်မပါသော ဓာတ်မြေသြဇာများတွင်မူ အရည်အသွေး မပြည့်ဝခြင်းများ ရှိလာကြသည်ဟုဆိုသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးတိုင်း စိုက်ပျိုးရေးမန်နေဂျာကလည်း "တီစူပါဓာတ်မြေသြဇာမှာ အတုတွေများတယ်။ ဖော့စဖိတ်သတ်မှတ်ချက် သုံးပုံတစ်ပုံပဲပါတယ်"ဟုပြောသည်။

အဆိုပါ ဓာတ်မြေသြဇာအတုများမှာ မှောင်ခိုတင်သွင်းသူများနှင့် တောင်သာနှင့် မြင်းခြံဘက်များတွင်မြေကြီးလုံး၍ ရောင်းချသူများကြောင့် ဈေးကွက်ကြီးလာခြင်းဖြစ်ကြောင်း မြန်မာ့သြဘာကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

"တောင်သူတွေက ငွေမရှိတော့ ဈေးသက်သာတာ ရွေးဝယ်ကြတာလည်းပါတယ်။ အဲဒါကြောင့် ဈေးကွက်က ကြီးလာတာ"ဟု အဆိုပါတာဝန်ရှိသူကထပ်ဆင့်ပြောကြားသည်။

ထိုကဲ့သို့ အရည်အသွေးမမီသော ဓာတ်မြေသြဇာများ ရောင်းချနေခြင်းသည် လယ်သမားသာမက တိုင်းပြည်အတွက်ပါ နစ်နာကြောင်း စိုက်ပျိုးရေးအကြံပေး ဦးတင်ထွန်းဦးကဆိုသည်။

အထူးပြုကုမ္ပဏီ အချို့က အကျိုးအမြတ်မှ ရရှိသော ဝင်ငွေအား လူမှုရေးလုပ်ငန်းဆောင်ရွက်ခြင်းထက် အရည်အသွေး ပြည့်ဝသော ဓာတ်မြေသြဇာများတင်သွင်းရောင်းချပေးလျှင်ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင် ဦးဘဟိန်းက အကြံပြုပြောဆိုသည်။

မိုးစပါးစိုက်ပျိုးရာတွင် ပုလဲဓာတ်မြေသြဇာတစ်အိတ်၊ တီစူပါနှင့် ပိုဓာတ်မြေသြဇာ အိတ်တစ်ဝက်အနည်းဆုံးထည့်သွင်းအသုံးပြုရကြောင်း သိရှိရသည်။

## ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပြန်ရွေး

**ထူးသန့်**

**နေပြည်တော်၊ မေ - ၂၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိရပ်ကွက်နှင့်ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူးနေရာများ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းကို ယခုရက်သတ္တပတ်အတွင်း ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

"ဒီနေ့ မြို့နယ်ကအုပ်ချုပ်ရေးမှူးရှေ့မှာပဲ ရွေးချယ်ဖြစ်တယ်။ လောလောဆယ်တော့ ငါးဦးရွေးထားတယ်။ ပြီးရင် သုံးဦး ထပ်ရွေးမယ်။ အဲဒါပြီးမှ တစ်ဦးကို အုပ်ချုပ်ရေးမှူးအဖြစ် နောက်ဆုံးရွေးမှာပေါ့" ဟူ၍ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ရှင်းလင်းပြောကြားသည်။ အရွေးချယ်ခံအဖွဲ့တွင် လက်ရှိအုပ်ချုပ်ရေးမှူးလည်းပါဝင်ပြီး အသစ်အရွေးချယ်ခံပုဂ္ဂိုလ်များသည်လည်း အထက်ဌာနသို့ ၎င်းတို့၏ ကိုယ်ရေးရာဇဝင်များ တင်ပြလျက်ရှိကြောင်း သိရှိရသည်။

## မတရားပိတ်လှောင်ခံထားရသောမြန်မာလုပ်သား၆၀ဦးဘန်ကောက်မြို့ရှိအထည်စက်ရုံမှကယ်တင်နိုင်

**သဇင်ထွေး**

**ရန်ကုန်၊ မေ - ၂၆**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနီး ရက်ချာဒါလမ်းရှိ တရုတ်အမျိုးသားပိုင် အထည်ချုပ်စက်ရုံတွင် ပိတ်လှောင်ခံရသော မြန်မာ အလုပ်သမား ၆၀ ဦးကို ထိုင်းနိုင်ငံရဲတပ်ဖွဲ့က ဧပြီလ ၁၉ ရက်တွင် ကယ်တင်နိုင်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးအဖွဲ့မှသတင်းရရှိသည်။

ထိုင်းနိုင်ငံရှိရဲတပ်ဖွဲ့မှရှောင်တခင်အဆိုပါစက်ရုံသို့ဝင်ရောက်စစ်ဆေးစဉ် ငါးထပ်အဆောက်အအုံတတိယထပ်တွင် ပိတ်လှောင်ထားသော မြန်မာအလုပ်သမားများကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ကယ်တင်နိုင်ခဲ့သော အလုပ်သမားများကို ထိုင်းနိုင်ငံရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှုတပ်ဖွဲ့တို့က စစ်ဆေးရာ အလုပ်သမားများမှာ လခမရသည့်အပြင် အလုပ်ချိန်ကို နေ့စဉ် နံနက် ၈ နာရီမှ ည၁၀ နာရီထိ လုပ်ရကြောင်း၊ အလုပ်ချိန် ပြီးပါက အခန်းတွင်းသို့ လုံခြုံရေးမှ ပြန်လည်ပို့ဆောင်ပြီး သော့ခတ်ထားကြောင်း၊အပြင်ကိုလုံးဝပေးမထွက်ကြောင်း အလုပ်သမားတစ်ဦး၏ပြောပြသည်။

အဆိုပါစက်ရုံတွင် တစ်လလျှင် ဘတ် ၁၀,၀၀၀ ရမည်ဆိုသော်လည်းမရရှိကြောင်း၊ အလုပ်သမားများတွင် တရားဝင်စာရွက်စာတမ်းမရှိခြင်း၊အလုပ်သမားဥပဒေနှင့်မညီညွတ်ခြင်းတို့ကြောင့် လုပ်ခအပြည့်မရခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ထိုင်းရဲများရှာဖွေတွေ့ရှိခြင်းမှာ စက်ရုံမှ အလုပ်သမားတစ်ဦးက အမှိုက်လွှင့်ပစ်ရန်ထွက်သွားရာမှ စက်ရုံမှထွက်ပြေးပြီး ထိုင်းရဲတပ်ဖွဲ့သို့သွားရောက်တိုင်ကြားသောကြောင့်ထိုင်းရဲများက ဝင်ရောက်ဖမ်းဆီးကယ်တင်ခြင်းဖြစ်သည်။

ထိုအလုပ်သမားများကို ထိုင်းရဲတပ်ဖွဲ့နှင့်ထိုင်းလူကုန်ကူးမှုတို့က ပူးပေါင်းစစ်ဆေးပြီး လူကုန်ကူးခံရသူများကို ထိုင်းလူကုန်ကူးသူများ စောင့်ရှောက်ရေးဂေဟာတွင် ထားရှိသွားမည်ဖြစ်ပြီး ကျန်လူများကို နယ်စပ်မှလွှဲပြောင်းသွားမည်ဖြစ် ကြောင်းသိရသည်။

ပိတ်လှောင်ခံနေရသော အလုပ်သမားများကို စစ်ဆေးရာတွင်လူကုန်ကူးခံရသူ ၁၄ဦး ရှိပြီး ၄၆ဦးကို နယ်စပ်မှလွှဲပြောင်းသွားရန်စီစဉ်နေပြီးဖြစ်ကြောင်း သိရသည်။လူကုန်ကူးခံရသူများအနေဖြင့် ထိုင်းနိုင်ငံဂေဟာတွင် ဆက်လက် စောင့်ရှောက်ထားကာအထည်ချုပ်စက်ရုံပိုင်ရှင်လင်မယားအား တရားစွဲဆိုမှုနှင့်လျော်ကြေးငွေရရှိရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

လူကုန်ကူးခံရသူများအားပို့ဆောင်သော လူပွဲစားများကိုလည်း နှစ်နိုင်ငံပူးပေါင်း၍စုံစမ်းဖမ်းဆီးဖော်ထုတ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# ရောင်စုံပန်းများ ဖူးပွင့်ပါစေ

အားမာန်


ညှို့သည်များ ဝန်ဆောင်မှုပေးနေသော မင်းမင်းဇော်။
ဓာတ်ပုံ - အားမာန်

**မျက်နှာဖုံးမှ**

သူ၏ လုပ်ရှားမှုတိုင်းမှာ ဖျတ်လတ်တက်ကြွနေသည်။ အသက် ၁၂ နှစ်အရွယ် မင်းမင်းဇော်၏ နိစ္စဓူဝအလုပ်မှာ ဆိုင်အတွင်း ခင်းကျင်းထားသော စားပွဲဝိုင်း ၂၀ နီးပါးကို တစ်ဝိုင်းမှ တစ်ဝိုင်းလူးလာခေါက်ပြန် စားပွဲထိုးရသည့် အလုပ်ဖြစ်သည်။

"တစ်ခါတလေ ကျောင်းမနေရတော့လို့ ဝမ်းနည်းတယ်။ ကျောင်းဆက်မနေရတော့ ပညာတတ်ကြီး မဖြစ်နိုင်တော့ဘူးပေါ့" ငါးတန်းအရောက်ကျောင်းဆက်မနေရတော့ဘဲ မိသားစုအရေးအတွက် လက်ဖက်ရည်ဆိုင်၌ စားပွဲထိုးလုပ်ခဲ့သော မင်းမင်းဇော်က သူ၏ခံစားချက်ကိုဖွင့်ဟသည်။ အထက်ပါစကားဆိုစဉ်သူ့မျက်နှာ ခေတ္တညှိုးသွားသော်လည်း လုပ်ငန်းခွင်အကြောင်းစကားဆက်ရာတွင် ကျေနပ်စွာပြုံး၍ "ဒီမှာသူငယ်ချင်းတွေအများကြီးရှိတယ်။ အကုန်လုံးကသူငယ်ချင်းတွေချည်းပဲ။ ပျော်ပျော်ပါးပါးဆော့လို့ရတယ်။ တီဗွီကြည့်လို့လည်းရတယ်"ဟု ၁၂ နှစ်အရွယ်သူက သွက်သွက်လက်လက်ပြောသည်။

**ဖြစ်ရပ်-၂**

ချဲဦးတစ်ယောက် ညအိပ်ရာဝင်တိုင်းဘုရားရှိခိုးရင်းတောင်းသော ဆုတစ်ခုရှိသည်။ "အဖေနဲ့အမေကျန်းမာပါစေ" ဆိုသောဆုပင်။ လွန်ခဲ့သည့် လေးနှစ်ခန့်ကတည်းက ညအိပ်ရာဝင်တိုင်း တောင်းခဲ့သောဆုမှာ မိသားစုနှင့် အခုလိုဝေးနေသောအချိန်တွင်လည်း သူမပျက်ကွက်ခဲ့။ အသက် ၁၃ နှစ်အရွယ် ချဲဦးတစ်ယောက် မိသားစုနှင့်အတူမနေရသည်မှာ ကိုးလခန့်ရှိလေပြီ။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်စံပြကျေးရွာတွင်နေသောသူက မိသားစုအတွက် ဝင်ငွေရှာရန် မုံရွာမြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်၌ စားပွဲထိုးလုပ်ကိုင်ရန်ထွက်ခွာခဲ့သောကြောင့်ပင်။ ချဲဦးတို့ရွာနှင့် အနီးဝန်းကျင်ရွာများမှ ကလေးအများစုမှာလည်း စားပွဲထိုးလုပ်နိုင်သည်နှင့် မြို့ပေါ်တက်အလုပ်လုပ်ကြ၍ သူ့အတွက် ဒီအလုပ်မှာ အဆန်းတကြယ်ဖြစ်မနေတော့ပေ။

မင်းမင်းဇော်နှင့် ချဲဦးတို့မှာ ကျေးလက်ဒေသများမှ မိဘများနှင့်ခွဲခွာကာ မြို့တက်အလုပ်လုပ်ကြခြင်းဖြစ်သည်။ သူတို့နှင့်ရွယ်တူ ကလေးအများစုကျောင်းစိမ်းဝတ်စုံများဖြင့် ကျောင်းတက်နေချိန်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် မိသားစုတာဝန်ခွဲယူရန် သူတို့နှစ်ဦးစလုံး စောစီးစွာ စာသင်ကျောင်းကိုစွန့်ခွာခဲ့ကြရသည်။ သို့သော် သူတို့နှစ်ဦးစလုံးတွင် ခိုင်မာသော ဘဝရည်မှန်းချက်များကတော့ ရှိနေသည်။


သူတို့နှစ်ဦးကဲ့သို့ပင် စာသင်ကျောင်းများကို စွန့်ခွာ၍မိသားစုစားဝတ်နေရေးအတွက်အလုပ်လုပ်ကိုင်သူ တစ်နိုင်ငံလုံးတွင် အရေအတွက်များစွာရှိသည်။ ချဲဦးနှင့် မင်းမင်းဇော်တို့ အလုပ်လုပ်သည့် မုံရွာတစ်မြို့တည်းမှာပင် လက်ဖက်ရည်ဆိုင်နှင့်စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသူ တစ်ထောင်ဝန်းကျင်ရှိသည်။ သူတို့ကဲ့သို့ အရွယ်များအတွက် အလုပ်အကိုင် အများဆုံးဖန်တီးနေသောမြို့များမှာ ရန်ကုန်နှင့် မန္တလေးမြို့တို့ဖြစ်၏။ ထိုမြို့ကြီးများရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တို့တွင်သူတို့အတွက် အလုပ်အကိုင်များစွာရှိသည်။ ယောကျ်ားလေးများသာမက သူတို့အရွယ် မိန်းကလေးများမှာ ဆိုင်အကူ၊ အိမ်အကူ(အိမ်ဖော်)ကဲ့သို့ အလုပ်မျိုးလုပ်ကိုင်နေကြသူများစွာရှိ၏။ တစ်နိုင်ငံလုံးရှိ မြို့တိုင်းမှ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များအများစုမှာလည်း သူတို့လုပ်အားကို အားထားရသည်။

လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ဖွင့်လှစ်ထားသူအချို့၏အဆိုအရ တစ်နိုင်ငံလုံးတွင် မင်းမင်းဇော်နှင့် ချဲဦးတို့အရွယ် အလုပ်မျိုးစုံတွင် ဝင်ရောက်လုပ်ကိုင်နေသူပေါင်း သိန်းနှင့်ချီပြီးရှိသည်။

"ကျွန်တော်တို့ရွာနားက ကလေးတွေလည်းကျွန်တော့်လိုပဲ မြို့ပေါ်တက်အလုပ်လုပ်ကြတာ" ဟု ချဲဦးကလည်းဆိုသည်။

စာတော်ပြီးကျောင်းဆက်နေချင်လျက်လေးတန်းအရောက် ကျောင်းထွက်ခဲ့ခြင်းမှာ မိသားစုစားဝတ်နေရေးကြောင့် ဖြစ်ကြောင်း မင်းမင်းဇော်ကရှင်းပြသည်။ ရွှေဘိုမြို့နယ်၊ လိပ်ချင်းရွာဇာတိ မင်းမင်းဇော်မိသားစုတွင် မိခင်၊ ဖခင်၊ အစ်မတစ်ဦး၊ ညီမနှစ်ဦး၊ ညီတစ်ဦးနှင့် သူအပါအဝင် ခုနှစ်ဦးရှိသည်။ သူ၏အဖေမှာ ဆန်စက်တွင်အလုပ်လုပ်ပြီး သူ၏အမေမှာ ယခု မင်းမင်းဇော်အလုပ်လုပ်သည့် လက်ဖက်ရည်ဆိုင်၏ မီးဖိုချောင်၌



အလုပ်လုပ်နေသည်။ မိသားစုစားဝတ်နေရေးအတွက် မင်းမင်းဇော်အစ်မမှာလည်း လေးတန်းအရောက်ကျောင်းထွက်၍ ရွာ၌ပေါင်းနှုတ်၊ မြက်သင်၍ တောင်ယာအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်နေသည်။

မောင်နှမငါးဦးတွင် အကြီးဖြစ်သောသူတို့နှစ်ဦးက ညီငယ်၊ ညီမငယ်များအတွက် အနစ်နာခံခြင်းဖြစ်သည်။ မင်းမင်းဇော်စအလုပ်လုပ်သော လက်ဖက်ရည်ဆိုင်မှာ ရွှေဘိုမြို့မှဖြစ်သည်။ မုံရွာမြို့တွင် လက်ရှိ သူလုပ်နေသောလက်ဖက်ရည်ဆိုင်သို့ရောက်လာသည်မှာ ရှစ်လကျော်သာရှိသေးသည်။ ယခင်လက်ဖက်ရည်ဆိုင်တွင် စရိတ်ငြိမ်းတစ်လ လစာတစ်သောင်းငါးထောင်ကျပ်ရသော်လည်း လက်ရှိဆိုင်တွင် အလုပ်ဝင်စမှာပင် စရိတ်ငြိမ်းတစ်လနှစ်သောင်းရသည်။

ထို့နောက် အလုပ်ကြိုးစားသော သူ့ကို ဆိုင်ပိုင်ရှင်များက ၂,၂၀၀ ကျပ်၊ ထို့မှ ၂၅,၀၀၀ ကျပ်၊ ယခုနောက်ဆုံး ၂၇,၀၀၀ ကျပ်အထိလစာတိုးပေးခဲ့သည်။ ရသည့်လုပ်ခလစာအားလုံး ကိုမိသားစုထံသို့ သူအကုန်ပို့ပေးခဲ့သည်။ သူတို့မိသားစုစားဝတ်နေရေးပိုအဆင်ပြေလာရာတွင် ငွေအဓိက ရှာပေးသူများဖြစ်လာသောမင်းမင်းဇော်နှင့် သူ့အစ်မတို့ကသူတို့မိဘများထံမှ ကတိတစ်ခုတောင်းထားသည်။ နှစ်တန်းတွင်ပညာသင်နေသောသူတို့၏ ညီမနှစ်ဦးနှင့် တစ်တန်းကျောင်းသားညီငယ်ကို သူတို့ကဲ့သို့ ကျောင်းမထုတ်ရန်ဖြစ်သည်။

“ညီနဲ့ညီမတွေကို ကျောင်းမထုတ်ရဘူးလို့ပြောထားတယ်။ အဖေနဲ့ အမေကလည်း သဘောတူတယ်”ဟု အသက် ၁၂ နှစ်အရွယ်သူကတည်ငြိမ်စွာပြောသည်။ သူကကျောင်းမနေရတော့သော်လည်း ပညာသင်ယူခြင်း၏တန်ဖိုးကို ကောင်းစွာသိသည်။ မင်းမင်းဇော်မှာ တတိယတန်းတွင် အတန်းထဲ၌ ဒုတိယဆုရသည်။ စာတော်သူဖြစ်၍ ပညာဆက်သင်ခွင့်ရလိုသော်လည်း မိသားစု အရေးအတွက် သူကျေနပ်စွာ အနစ်နာခံရင်း အလုပ်ကြိုးစားနေသူဖြစ်၏။

“သူငယ်ချင်းတွေ မြင်ရင်တော့ (ကျောင်းနေဖက်သူငယ်ချင်းများ ကျောင်းတက်နေသည်ကိုမြင်လျှင်) ဝမ်းနည်းတယ်။ ကျောင်းထွက်ခဲ့တဲ့ တစ်နှစ်ကျော်လောက်မှာ သုံး၊လေးခါငိုဖူးတယ်”ဟု မင်းမင်းဇော်က သူ၏ ခံစားချက်ကို ရိုးသားစွာဖွင့်ပြောသည်။

မကွေးမြို့နယ်၊ စံပြရွာဇာတိ ချဲဦးမှာ ညီအစ်ကို မောင်နှမလေးဦးတွင် သုံးယောက်မြောက်ဖြစ်သည်။ သူ၏အဖေက နေ့စားအလုပ်သမားဖြစ်၍သူ၏အမေမှာ ဈေးရောင်းသည်။ သူလည်း မင်းမင်းဇော်ကဲ့သို့ လေးတန်းအောင်ပြီးမှ မိသားစုစားဝတ်နေရေးအတွက်ကျောင်းမှထွက်၍ မြို့ပေါ်တက်အလုပ်လုပ်ခဲ့သည်။ သူသည် တတိယတန်းတွင် ဒုတိယဆုရဖူးသည်။ ချဲဦး၏အစ်ကိုနှင့် အစ်မနှစ်ဦးမှာလည်း လေးတန်းနှင့် နှစ်တန်းမှာပင် ကျောင်းမှထွက်၍ အလုပ်လုပ်နေကြသည်။

“ဒီကိုရောက်တာကံကောင်းတယ်။ ဆိုင်ရှင်ကသဘောကောင်းလို့။ ဒီမှာဘုရားဖူးသွားရတယ်။ တီဗွီလည်း ကြည့်ရတယ်။ ဒီမှာလုပ်ရတာ ပျော်တယ်”ဟု ချဲဦးက သူ၏ပထမဆုံး လုပ်ငန်းခွင်အကြောင်းဂုဏ်ယူစွာပြောသည်။ သူလည်း အလုပ်ကြိုးစားသူတစ်ယောက်ဖြစ်၍ ရောက်စတွင် စရိတ်ငြိမ်း နှစ်သောင်းကျပ်သာရခဲ့သော်လည်း အခု နှစ်သောင်းခုနစ်ထောင်ကျပ်ရသည်။ သူရသည့် လစာများကို အိမ်သို့ ပို့ပေးနေသည်မှာ နှစ်သိန်းကျော်ရှိသွားပြီဖြစ်သည်။

“ကျွန်တော်ကောင်မလေးစိတ်မဝင်စားဘူး။ ဒီလဘောင်းဘီရှည်စဝယ်မှာ”ဟု အသက် ၁၃ နှစ်အရွယ် ချဲဦးက သူ့အတွက် ပထမဆုံး ဘောင်းဘီရှည်ဝယ်ရန် အစီအစဉ်ကိုပြောသည်။ ဘောင်းဘီရှည်ဝယ်ရန် သူစုထားငွေ တစ်သောင်းလည်း သူ့တွင်ရှိနေလေပြီ။ ဆိုင်တစ်ဆိုင်တွင် အတူလုပ်သော မင်းမင်းဇော်နှင့် ချဲဦးတို့ နိစ္စဓူဝအလုပ်မှာ နံနက်လင်းသည်နှင့် မျက်နှာသစ် ရေချိုးပြီး သနပ်ခါးလိမ်းသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်သို့လာရောက်စားသောက်သူများကို အကောင်းဆုံး ဝန်ဆောင်မှုပေးသည်။ နေ့ခင်းပိုင်း ထမင်းစားပြီးလျှင် တစ်ကြိမ်နားကာ ညနေပိုင်းတွင် အလုပ်ဆက်လုပ်ရသည်။ ရွာတွင်လုပ်ခဲ့သည့်အလုပ်များနှင့်စာလျှင် ယခု အလုပ်မှာသူတို့အတွက် မပင်ပန်းဟု သူတို့က ရွှင်လန်းစွာဆိုသည်။

သူတို့နှင့်အလုပ်တူသော်လည်း ရွာတွင်လုပ်ခဲ့ရသည်ထက် ပိုပင်ပန်းသည်ဟုဆိုသူက အသက် ၁၃ နှစ်အရွယ် အောင်နေလင်း(အမည်ပြောင်း)ဖြစ်သည်။ ပန်းတနော်မြို့နယ် အုတ်ခြစ်ကုန်းရွာမှလာ၍ ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်နေသည်မှာ တစ်နှစ်ကျော်လေပြီ။ နံနက် ၅ နာရီမှ ည ၁၀ နာရီခွဲအထိ လုပ်ငန်းခွင် ဝင်ရ၍ ရွာတွင်လုပ်ခဲ့ရသည်များထက် ပိုပင်ပန်းကြောင်း သူဖွင့်ဟခြင်းဖြစ်သည်။ သို့သော် စားရိတ်ငြိမ်း တစ်လ နှစ်သောင်းရ၍ ယခုအလုပ်တွင် သူပျော်ကြောင်း စကားဆက်သည်။

“ငါးတန်းအထိကျောင်းနေဖူးတယ်။ ကျောင်းတော့ ဆက်နေချင်တယ်။ ဒါပေမဲ့ မိသားစုအခြေအနေ၊ ဘဝအခြေအနေကြောင့် မနေနိုင်ဘူးလေ”ဟု အောင်နေလင်းက လက်ဖက်ရည်နှင့် ပဲပလာတာမုန့်ဖိုးသိမ်းရင်း ချိုသာစွာပြောလေသည်။ ညီအစ်ကို မောင်နှမငါးဦးရှိသည်။ အောင်နေလင်းတို့မိသားစုတွင် သူ့အစ်ကိုတစ်ဦးမှာလည်း ရန်ကုန်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ စားပွဲထိုးလုပ်နေသည်။

သူတို့ကဲ့သို့ စာသင်ခန်းများကို စောစီးစွာ စွန့်ခွာ၍ အလုပ်လုပ်နေကြသူအားလုံးမှာ မိသားစုစားဝတ်နေရေးကို တစ်ထောင့်တစ်နေရာမှ ကူညီနိုင်ရန် ကြိုးပမ်းနေသူများပင်ဖြစ်သည်။ သူတို့က အသက်ငယ်ကြသော်လည်း မိသားစုတွင် အရေးပါသူများဖြစ်သည်။

သူတို့အရွယ်များကို စားပွဲထိုးတာဝန်ပေးခြင်းမှာ အားသာချက်များစွာရှိကြောင်း လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ဖွင့်လှစ်ထားသူအချို့ကပြောသည်။ အရွယ်ရောက်ပြီးသူများကိုပေးရသည်နှင့်စာလျှင် လုပ်ခလစာသက်သာခြင်း၊ ငယ်ရွယ်သူများဖြစ်၍ သင်ပြ၊ဆုံးမရသည်မှာလွယ်ကူခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း ၎င်းတို့က ရှင်းပြသည်။

သို့သော် ကျောင်းနေရမည့်အရွယ်တွင် ကျောင်းကို စွန့်ခွာ၍ လုပ်ငန်းခွင်သို့ စောစီးစွာဝင်သူများ လာခြင်းမှာ ၎င်းတို့၏ အနာဂတ်သာမက တိုင်းပြည်၏ အနာဂတ်အပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း ပညာရှင်များက ပြောသည်။ မြန်မာနိုင်ငံတွင်လည်း မိသားစုတာဝန် ခွဲဝေယူရင်း စာသင်ကျောင်းများကိုစွန့်၍ လုပ်ငန်းခွင်ဝင်နေကြသောကလေးငယ်များစွာရှိ၍ သူတို့၏ အရေးကို အလေးထားရန်လိုကြောင်း ပညာရှင်အချို့က အကြံပြုသည်။

“လူတချို့ပြောနေသလို ကလေးတွေကို အလုပ်မလုပ်ခိုင်းဘူး၊ အလုပ်ရှင်တွေကို အရေးယူမယ်ဆိုတာမျိုးက လုပ်လို့မရဘူး။ အဲဒီလိုလုပ်ရင် ကလေးတွေအလုပ်ပြုတ်ကုန်ရင် ပြဿနာပိုကြီးလာမှာ။ ဒါကြောင့် သူတို့ကိုလည်း ပိုနေမြဲကျားနေမြဲအတိုင်း အလုပ်လုပ်ဖို့ခွင့်ပြုရမှာဖြစ်သလိုကလေး

စာ(၃၀)သို့



7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# နိုင်ငံအနှံ့မှာရှိတဲ့ ရွှေရောင်တဝင်းဝင်းနဲ့စေတီတွေကိုမြင်ရတာ ရင်သပ်ရှုမောဖို့ကောင်းတယ်

## ဆိုင်ကယ်စီးခရီးကြမ်းရှည်စီစဉ်သူ ဟော်လန်နိုင်ငံသူ မစ္စတီကီရားနားနှင့်တွေ့ဆုံခြင်း

အေးမြကျော်

ပန်နိုရားမားဟိုတယ်ဧည့်ခန်းမဆောင်ထဲ၌ရှိနေကြသော သူတို့၏မျက်နှာများတွင် အပြုံးကိုယ်စီနှင့်။ သူတို့မှာ ဟော်လန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အားလပ်ရက်တွင် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များဖြစ်သည်။ သူတို့၏ ၁၈ ရက်တာခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားအထင်ကရနေရာများဖြစ်သော ငပလီ၊ ပုဂံ၊ ရွှေစက်တော်၊ မန္တလေး၊မုံရွာ၊ အင်းလေး၊ တောင်ကြီး၊ ချင်းပြည်နယ် စသည့် နေရာပေါင်းများစွာကို သွားရောက်ခဲ့ကြသည်။ သို့သော် အခြားခရီးသွားများနှင့် ကွဲပြားသည့်အချက်မှာ သူတို့၏ခရီးကို ဆိုင်ကယ် များဖြင့် ခရီးကြမ်းကိုစီးနင်းသွားရောက်ခဲ့ခြင်းဖြစ်သည်။ စွန့်စားခဲ့သည့် ခရီးကြမ်းရှည်ကြီးပြီးဆုံး၍ ရန်ကုန်ပြန်ရောက်နေကြပြီဖြစ်သော သူတို့၏မျက်နှာများတွင်ပီတိအပြုံးများဝေနေခြင်းပင်ဖြစ်သည်။ ခရီးစဉ်စီစဉ်သူဟော်လန်နိုင်ငံ Motor Trail ခရီးသွားကုမ္ပဏီမှ မစ္စတီဇီရားနားနှင့် ခရီးစဉ်အကြောင်း တွေ့ဆုံမေးမြန်းခဲ့သည်များကိုပြန်လည်ဖော်ပြလိုက်ပါသည်။

**ဒီခရီးစီစဉ်ဖို့ ဘယ်လိုစိတ်ကူးရခဲ့တာလဲ။**

ဘယ်လိုစိတ်ကူးရခဲ့လည်းဆိုရင်ကျွန်မရဲ့သူဌေးမစ္စတာမာကိုရဲ့ စိတ်ကူးလို့ပြောရမှာပေါ့။ သူက မြန်မာပြည်ကို ဟိုးအရင်ကတည်းက လာလည်ခဲ့ဖူးတယ်။ အဲဒီတုန်းက မြန်မာပြည်အနှံ့ဒီလိုခရီးတွေ စီစဉ်နိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒီနှစ်ပိုင်းမှာသူက ပြည်တွင်းက Golden Trip ကုမ္ပဏီကို မြန်မာပြည်အနှံ့ဆိုင်ကယ် ခရီးကြမ်းသွားဖို့ ဖြစ်နိုင်ရင် စီစဉ်ပေးဖို့ ကမ်းလှမ်းခဲ့ပြီး ကုမ္ပဏီဘက်ကလည်း ခွင့်ပြုချက်ရပြီး စီစဉ်နိုင်ခဲ့လို့ ဒီခရီးစဉ် ဖြစ်လာတာပါ။ ပြည်တွင်းက ကုမ္ပဏီရဲ့ အဓိကအားထုတ်ကြိုးစားမှုတွေကြောင့် ဒီခရီးစဉ်ဖြစ်လာတာလို့ ပြောရတယ်။

**မစ္စတီဇီရားနား တစ်ယောက်တည်းအနေနဲ့ရော မြန်မာနိုင်ငံကို ရောက်ဖူးတာ ပထမဆုံးလား။ မြန်မာနိုင်ငံကို ဘယ်လိုမြင်ပါလဲ။**

မဟုတ်ပါဘူး။ ၂၀၀၁ ခုနှစ်တုန်းက ကိုယ်ပိုင်အစီအစဉ်နဲ့ လာလည်ခဲ့ဖူးတယ်။ ကျွန်မအဲဒီတုန်းက အာရှမှာ ၆ လကြာအောင် နိုင်ငံတွေအစုံလျှောက်သွားခဲ့တယ်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး လေ့လာခဲ့တယ်။ သွားခဲ့သမျှထဲမှာတော့ မြန်မာက အရမ်းအထင်ကြီးလေးစားဖို့အကောင်းဆုံးနေရာတစ်ခုလို့ ပြောချင်တယ်။ နိုင်ငံအနှံ့မှာရှိတဲ့ ရွှေရောင်တဝင်းဝင်းနဲ့ စေတီတွေကိုမြင်ရတာ ရင်သပ်ရှုမောဖို့ကောင်းတယ်။ မြန်မာလူမျိုးတွေရဲ့ ဘာသာတရားကိုင်းရှိုင်းတဲ့ ဓလေ့က အရမ်းလေးစားဖို့ကောင်းတယ်လို့ ကျွန်မပြောချင်တယ်။ အဲဒီအချက်တွေက ကျွန်မတို့လို ခရီးသွားတွေကို အဓိကဆွဲဆောင်စေနိုင်တယ်လို့ ထင်တယ်။



မစ္စတီဇီရားနား

**အခုသွားခဲ့တဲ့ ဆိုင်ကယ်စီးခရီးကြမ်းအဖွဲ့မှာ အဖွဲ့ဝင်ဘယ်နှယောက်ပါလဲ။**

ကျွန်မအပါအဝင် ၁၁ ယောက်ပေါ့။ ဆိုင်ကယ် ၁၀ စီး နဲ့ သွားခဲ့တာပါ။

**လမ်းမှာ တွေ့ကြုံခဲ့ရတဲ့ ဒေသခံတွေရဲ့တုံ့ပြန်မှုက ဘယ်လိုရှိလဲ။**

အိုး. . . သူတို့ ကျွန်မတို့အဖွဲ့ကို စမြင်မြင်ချင်း အရမ်းအံ့သြကြတယ်။ ပြီးတော့ သဘောကျပြီး လက်တွေထွက်ပြကြတယ်။ ဒီဆိုင်ကယ်တွေ ဘယ်ကရလဲ၊ ဘယ်နိုင်ငံကလာလဲမေးကြတယ်။ သာမန်ခရီးသွားတွေကိုပဲမြင်တွေ့နေကျဒေသခံတွေ အတွက် ဆိုင်ကယ် (DTဆိုင်ကယ်) တွေ တဝေါဝေါဖြတ်မောင်းတဲ့ ကျွန်မတို့အဖွဲ့က အထူးအဆန်း ဖြစ်စေတာပေ့ါ။

**ဒီခရီးစဉ်မှာ လမ်းခရီးသွားလာမှုကို ဘယ်လိုစီစဉ်ခဲ့လဲ။ လမ်းတွေကို ဘယ်လိုရွေးချယ်သွားခဲ့ကြလဲ။**

ကျွန်မတို့ ခရီးစဉ်တစ်လျှောက်လုံးမှာ အဓိကလမ်းမကြီးတွေထက် တောလမ်းတွေကိုဖြတ်မောင်းနိုင်အောင် စီစဉ်ပေးဖို့ ကုမ္ပဏီကို တောင်းဆိုခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အဖွဲ့က အဓိကလမ်းမတွေဘေးက မြို့ပြတွေထက် တောလမ်းဘေးက ကျေးရွာတွေကို လေ့လာရင်း ခရီးကြမ်းနှင်ချင်လို့ပါပဲ။ တောလမ်းတွေကနေ ရွေးချယ်ပြီးသွားကြည့်ပါ။ တခြားကမ္ဘာတစ်ခုကို ရောက်သွားသလို ခံစားရလိမ့်မယ်။ ဒါပေမဲ့ တချို့လမ်းပိုင်းတွေက ကြမ်းတော့ အခက်အခဲနည်းနည်းတော့ရှိတယ်။

**ခရီးစဉ်က အရမ်းရှည်လွန်းတော့ စိုးရိမ်မှု တစ်စုံတစ်ရာ မဖြစ်ခဲ့ဖူးလား။ ပြီးတော့ တောလမ်းတွေအတိုင်း အများဆုံးသွားဖို့ စီစဉ်ခဲ့တယ်ဆိုတော့လေ။**

ဟုတ်ကဲ့။ အဲဒါကြောင့် မသွားခင်မှာ ရှေ့ပြေးအဖွဲ့အနေနဲ့ သွားကြည့်ပြီး ဆိုင်ကယ်နဲ့သွားဖို့သင့်တော်မတော်ကြည့်ပြီး ခက်ခဲမယ့် ထင်တဲ့လမ်းတွေကို မသွားဖို့ ဆုံးဖြတ်ခဲ့တယ်။ အရမ်းမခက်ခဲနိုင်ဘူးထင်တဲ့ လမ်းတွေကိုတော့ ကြိုးစားသွားခဲ့ကြတယ်။

**ခရီးစဉ်အတွင်းမှာ အံ့အားသင့်နှစ်သက်စေခဲ့တဲ့အရာတစ်ခုကို ပြောပါဆိုရင်ဘာကိုပြောချင်လဲ။**

ကျွန်မတို့ ချင်းပြည်နယ်က ကန်ပက်လက်နဲ့ မင်းတပ်ကြားက ရွာလေးကို အလည်ရောက်ခဲ့တုန်းက မိသားစုလေးတစ်စုနဲ့ ရင်းရင်းနှီးနှီးထိုင်ပြီး စကားပြောခဲ့ရတဲ့ အခိုက်အတန့်လေးက ကျွန်မ အနှစ်သက်ခဲ့ဆုံးအရာတစ်ခုလို့ပြောချင်တယ်။ သူတို့မိသားစုလေးက ကျွန်မတို့ကို ရေနွေးကြမ်းနဲ့ ဧည့်ခံတယ်။ စကားပြန်ကနေတစ်ဆင့် ကျွန်မတို့ စကားတွေပြောခဲ့ကြတယ်။

**ခရီးစဉ်တစ်လျှောက် အနှစ်သက်ဆုံးနေရာကရော။**

ပုဂံပါ။ နေဝင်ချိန်၊ နေထွက်ချိန်တွေကြည့်ခဲ့တယ်။ အရာအားလုံး အရမ်းကိုလှပလွန်းပါတယ်။

**ခရီးစဉ်တစ်ခုလုံးနဲ့ပတ်သက်ပြီး မှတ်ချက်ပေးပါဦး။**

ခရီးစဉ်တစ်ခုလုံးခြုံပြောရင် အခက်အခဲအနည်းအကျဉ်းပဲရှိခဲ့ပြီး ၈၀ ရာခိုင်နှုန်းအောင်မြင်တယ်လို့ပြောရမယ်။ ဒါပေမဲ့ အားလုံးကျေနပ်ပျော်ရွှင်ခဲ့ရပါတယ်။ စွန့်စားခန်းခရီးစဉ်တစ်ခု အောင်အောင်မြင်မြင် ပြီးဆုံးခဲ့တယ်လို့ ပြောချင်ပါတယ်။

**ဒီလိုဆိုင်ကယ်ခရီးကြမ်းမျိုး နောက်တစ်ကြိမ်စီစဉ်ဖို့ ဆန္ဒရှိလား။**

ကျွန်မသေချာပြောရဲတယ်။ မြန်မာနိုင်ငံမှာဆိုင်ကယ်စီးပြီး အထင်ကရနေရာတွေသွားချင်တဲ့နိုင်ငံတကာခရီးသွားတွေ အများကြီးရှိပါတယ်။ ဒါက ပထမခြေလှမ်းပဲလေ။

ကျေးဇူးတင်ပါတယ်။

စာ(၂၉) - ရောင်စုံပန်းများ ဖူးပွင့်ပါစေ မှ

တွေရဲ့ ပညာရေးအခွင့်အရေး မဆုံးရှုံးအောင် ဖန်တီးပေးရမှာ” ဟု စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရှင်ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

ထိုသို့ ဖန်တီးပေးရာတွင် ကလေးများကို ကျောင်းရောက်အောင် ခေါ်ယူခြင်းထက် မိသားစုအတွက် အလုပ်လုပ်နေသော ကလေးငယ်တို့ရှိရာသို့ လိုက်၍သာ သင်ပေးနိုင်ရန် စဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် အတန်းမြင့်ရေးကို ဦးစားမပေးဘဲ၊ လက်တွေ့ဘဝအတွက် အသုံးဝင်မည့်ပညာရပ်ပေးနိုင်ရေးကို အလုပ်အားသည့် အချိန်များတွင် သင်ကြားနိုင်သော ကျောင်းပြင်ပပညာရေးကို သက်ဆိုင်ရာက စဉ်းစားအကောင်အထည်ဖော်ရန် လိုကြောင်း ဒေါက်တာအောင်ထွန်းသက်က အကြံပြုသည်။

“Non Formal Education (ကျောင်းပြင်ပပညာရေး)ကို ထူထောင်ပေးဖို့လိုတယ်။ သူတို့အတွက် သက်ဆိုင်ရာက Creative Solution (ဘက်ပေါင်းစုံစဉ်းစားထားပြီး ဆန်းသစ်သောအဖြေ) ထုတ်ဖို့လိုတယ်။ သူတို့ကိုသင်ပေးတဲ့အခါမှာလည်း ကားဝပ်ရှော့မှာလုပ်တဲ့သူကို ပထဝီသင်ပေးလို့မရဘူး။ လက်ဖက်ရည်ဆိုင်က ကလေးတွေဆိုရင် ဂဏန်းသင်္ချာအဓိကထား သင်ပေးတာမျိုး လုပ်ရမယ်။ လက်တွေ့ကျတဲ့ သင်ရိုးပြဋ္ဌာန်းပေးရမယ်” ဟု ဒေါက်တာအောင်ထွန်းသက်က ဆက်လက်ပြောသည်။

လုပ်ငန်းခွင်ဝင်နေသော ကလေးငယ်များကို အလုပ်အားချိန်များတွင် ပညာသင်ကြားပေးပါက ထိုကလေးငယ်များအတွက်သာမက အလုပ်ရှင်နှင့် နိုင်ငံအတွက်လည်း ကောင်းသောအဖြေဖြစ်သည်။ ဒေါက်တာအောင်ထွန်းသက်က ကုလသမဂ္ဂတွင် ၎င်းတာဝန်ထမ်းဆောင်စဉ် ၁၉၉၉ ခုနှစ်ဝန်းကျင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အိမ်ဖော်များကို အလုပ်အားချိန်တွင် ပညာသင်ပေးသည့် အစီအစဉ်မှာ အောင်မြင်ခဲ့ကြောင်း ဥပမာပေးသည်။

ကလေးငယ်များ ပညာသင်ယူရမည့်အချိန်များတွင် လုပ်ငန်းခွင်အသီးသီး၌ လုပ်ကိုင်နေကြရခြင်းမှာ မိသားစုစားဝတ်နေရေး အဆင်မပြေ၍ဖြစ်သည်။ ထို့ကြောင့် ပင်မပြဿနာမှာ စီးပွားရေးပင်ဖြစ်ပြီး၊ အစိုးရသစ်အနေဖြင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါက နောက်ဆက်တွဲ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးပြဿနာများမှာလည်း ဖြေရှင်းပြီးဖြစ်မည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ရှင်းပြသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး၊ အစိုးရသစ်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပြီဖြစ်ကြောင်းလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

ထို့အပြင် ၁၈ နှစ်မပြည့်သေးသော ကလေးငယ်များအား အလုပ်မခိုင်းရန် ဥပဒေပြဋ္ဌာန်းထားသော်လည်း ထိုဥပဒေကို လက်တွေ့လိုက်နာကြရန်၊ကလေးငယ်များ၊ မိဘများနှင့် လုပ်ငန်းရှင်များကို အသိပညာပေးရန်လိုကြောင်းလည်း ဒေါက်တာမြတ်ဉာဏစိုးက ထောက်ပြသည်။ ယခုကိစ္စမှာ အလုပ်လုပ်နေသောကလေးများကို အခမဲ့သင်ပေးပြီး ကျောင်းသို့ရောက်အောင်ပြုလုပ်ရုံနှင့်မပြေလည်နိုင်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ထို့ကြောင့် လုပ်ငန်းခွင်ဝင်နေသောကလေးငယ်များကိုလုပ်ငန်းခွင်အရောက် ပညာပေးခြင်းမှာ အသင့်တော်ဆုံးဖြစ်သည်။ ထိုတာဝန်ကို ပညာရေးဝန်ကြီးဌာနတစ်ခုတည်းနှင့် မဆောင်ရွက်နိုင်၍ လူမှုဝန်ထမ်းဦးစီးဌာန ကဲ့သို့သော အခြားဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်းလည်း ဒေါက်တာမြတ်ဉာဏစိုးက ဆက်ပြောသည်။ လက်ရှိတွင် ကလေးငယ်များကို လုပ်ငန်းခွင်အရောက် ပညာသင်ကြားပေးခြင်းကို အင်န်ဂျီအိုအချို့က လုပ်ကိုင်နေသော်လည်း အများက ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုနေဆဲဖြစ်သည်။

ကလေးငယ်များကိုလုပ်ငန်းခွင်ပြင်ပပညာသင်ကြားပေးသည့် အစီအစဉ်များ ပေါ်ပေါက်လာပါက ကလေးငယ်များအတွက် အလွန်ကောင်းပြီး၊ မိမိတို့လည်း ကြိုက်နှစ်သက်ကြောင်းလက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ သို့သော် အချို့ကလေးငယ်များမှာ ပညာရေးကို စိတ်မဝင်စားတော့သည့်အတွက် အခက်အခဲအနည်းငယ်ရှိနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

မင်းမင်းဇော်နှင့် ချဲဦးတို့နှစ်ဦးစလုံးကတော့ ယခုဘဝတွင် ပညာသင်ကြားခွင့်မရရှိနိုင်တော့ဟု ထင်နေသည်။ သို့သော် သူတို့နှစ်ဦးစလုံးထံတွင် ရည်မှန်းချက်များ ကိုယ်စီရှိကြသည်။

“သူဌေးတွေ၊ ကျောင်းဆရာတွေ တွေ့ရင် အားကျတယ်။ စိတ်ဓာတ်တော့ မကျပါဘူး။ ကြိုးစားရင် တစ်နေ့ဖြစ်မယ်။ အခု မုန့်ဆရာဖြစ်ချင်တယ်။ တစ်နေ့ကျရင် ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်ကြီး ဖွင့်ချင်တယ်”ဟု မင်းမင်းဇော်က သူ၏ရည်မှန်းချက်ကို ပြောပြသည်။

ချဲဦးကလည်း သူရဲ့ရည်မှန်းချက်ကို အောက်ပါအတိုင်း ပြောသည်။

“အဖေနဲ့ အမေကို
လုပ်ကျွေးချင်တယ်”။ ။

KMD
Computer Centre
LCCI Computerised Accounting MYOB
Duration: 60 Hours
Company
KMD MYOB
MYOB
Tel:381035/397944/241951/384268/527436/524400/541328/660887


7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011



CHICKEN SOUP

‘သဘောထားမတတ်မှုကသာ လူ့ဘဝမှာ အမှန်တကယ် မသန်မစွမ်းဖြစ်မှုဖြစ်တယ်’

**စကော့ ဟာမီလ်တန်**



# မျှော်လင့်ရတဲ့ခွန်အား

**အိန်ဂျယ်လင်း**

ငယ်ငယ်တုန်းကကျွန်တော်ဟာ ဉာဏ်ကောင်းပြီး ကျန်းမာသန်စွမ်းတဲ့ကလေးတစ်ယောက်အဖြစ်ပျော်ရွှင်စွာကြီးပြင်းခဲ့ရတယ်။ ကျွန်တော့်အနာဂတ်ဟာလည်း ဆုတံဆိပ်တွေနဲ့ အောင်မြင်မှုတွေနဲ့ ရွှေရောင်အတိပေါ့။ ဒါပေမဲ့ ကျွန်တော့်အသက် ၁၃ နှစ်အရွယ်မှာကျွန်တော့်ဘဝရဲ့ တကယ့်နိဂုံးပန်းတိုင်ကို မမျှော်လင့်ဘဲတွေ့ခဲ့ရတယ်။ အဲဒီအချိန်မှာကျွန်တော်ဟာဘောလုံးကွင်းထဲမှာလဲကျနေပြီး ကျွန်တော့်ရဲ့ လက်ကျန်မှတ်ဉာဏ်အပိုင်းအစကလေးတွေကို သေလုမြောပါးအတင်းဆွဲဆုပ်ကိုင်ထားရပါတယ်။ နောက်ဆုံးတော့ ကျွန်တော်ခြေကုန်လက်ပန်းကျပြီးလက်လျှော့လိုက်တဲ့အခါအဆုံးမရှိအောင်နက်ရှိုင်းတဲ့အမှောင်ထုကြီးထဲကို ကျဆင်းသွားတော့တယ်။ ကျွန်တော့်ဘေးမှာကျွန်တော့်အဖြစ်ကိုကြည့်ပြီး စိုးရိမ်တကြီးထိတ်လန့်နေကြတဲ့လူတွေရဲ့ ခန္ဓာကိုယ်တွေနဲ့မျက်နှာတွေဟာ တဖြည်းဖြည်းချင်းဝေဝါးလာပြီးနောက်အရာအားလုံးဟာ အမှောင်ထုထဲနစ်ဝင်ပျောက်ဆုံးသွားတော့တယ်။ လွန်ခဲ့တဲ့နာရီပိုင်းလောက်က အလွန်ကျန်းမာဖျတ်လတ်တဲ့လူငယ်ကစားသမားကလေးတစ်ယောက်ဟာ အခုတော့ မြေကြီးပေါ်မှာ သတိလက်လွတ်ပုံရက်သားလဲကျနေတဲ့အဖြစ်ကိုဘယ်သူမှနားမလည်နိုင်ကြဘူးလေ။ တကယ်လို့ တစ်ယောက်ယောက်ကသာ အခုလိုစိတ်လျှော့ပြီး သတိအလစ်ခံခဲ့ရင် ဘဝတစ်လျှောက်လုံးမှာပြန်ပြင်လို့မရတော့တဲ့ အခြေအနေဆိုးတစ်ခုရဲ့ အောက်ကိုကျရောက်သွားမယ်လို့ကြိုသိခဲ့ရင် ကျွန်တော်ဟာကျွန်တော့်ရဲ့ အသိစိတ်ကိုအတင်းဖက်တွယ်ဖမ်းဆုပ်ထားခဲ့မိမှာပေါ့။ အခုတော့ ကိစ္စအတော်များများဟာနာရီပိုင်းအတွင်းမှာနှောင်းသွားခဲ့ရတယ်။

နောက်သုံးလလုံးလုံးကျွန်တော့်ရဲ့ အချိန်အတော်များများကိုဆေးရုံနဲ့ ခုတင်ပေါ်မှာပဲ ကုန်ဆုံးပစ်ခဲ့ရတယ်။ အဲဒီတုန်းက ရှစ်တန်းရောက်နေပြီ။ အဲဒီစာသင်နှစ်တစ်နှစ်လုံးဟာကျောင်းကိုလုံးလုံးမတက်နိုင်သလောက်နီးနီးဖြစ်ခဲ့တယ်။ သူငယ်ချင်းတွေအားလုံးနဲ့လည်းဝေးကွာခဲ့ရလို့ကျွန်တော့်ရဲ့ မှတ်ဉာဏ်မှာ သူတို့အားလုံးဟာ ဝိုးတဝါးမပီပြင်တော့တဲ့အရိပ်အယောင်တွေသာဖြစ်နေတော့တယ်။ ဆရာဝန်တွေကလည်း ကျွန်တော်ဘာဖြစ်နေသလဲဆိုတာ သူတို့ကိုယ်တိုင်တောင်ရှင်းရှင်းလင်းလင်းမသိကြဘူးဖြစ်နေတယ်။ ကုဖို့ဆိုတာတော့ ဝေလာဝေးပေါ့။

ဒီလိုနဲ့တဖြည်းဖြည်းချင်းကျွန်တော်ကျောင်းပြန်တက်နိုင်လာတယ်။ ဒါပေမဲ့ အချိန်ပြည့်တော့မဟုတ်ဘူး။ အချိန်ပိုင်းကလေးကိုတက်ရတာဖြစ်တယ်။ ကျွန်တော်က ကျွန်တော့်မှာဖြစ်နေတဲ့ပြဿနာနဲ့ပတ်သက်ပြီး ကုထုံးတစ်ခုခုတော့ရမှာပဲလို့ထင်ခဲ့တာ။ ဒါပေမဲ့ ကျွန်တော် တကယ်ကြုံလာရတာက ကျွန်တော့်ကို လူတွေက မကောင်းဆိုးဝါးတစ်ကောင်လိုမျိုးကြည့်ကြတာ၊ တီးတိုးစကားဆိုကြတာတွေပဲ။ ကျွန်တော့်ခေါင်းထဲမှာ မကောင်းဆိုးဝါး ဝင်နေသလိုမျိုးပြောကြတယ်လေ။ အရင်တုန်းက စာမဖွဲ့လောက်တဲ့ကိစ္စကလေးတွေဟာအခုတော့ကျွန်တော့်အတွက် ဧရာမ စိန်ခေါ်မှုကြီးတွေဖြစ်လာတယ်။ ကျွန်တော်ကျောင်းစာတွေကိုအာရုံစိုက်လို့လုံးဝမရတော့ဘူး။ အရင်တုန်းက ကျွန်တော်အတော်ထူးချွန်ခဲ့တဲ့ ဘောလုံးကစားခြင်းဆိုတာလည်း စိတ်ကူးကြည့်လို့တောင်ကောင်းကောင်းမရတော့ဘူးလေ။

ဘယ်လိုပဲဖြစ်ဖြစ်အဲဒီစာသင်နှစ်တစ်နှစ်ကို တရွတ်တိုက်ဖြတ်သန်းပြီးကျွန်တော်အထက်တန်းကိုတော့ရောက်လာခဲ့တယ်။ ကျွန်တော်ငယ်ငယ်တုန်းကအိပ်မက်ဖြစ်တဲ့ နာမည်ကျော်ကျောင်းသားဘောလုံးသမားဖြစ်ပြီး နိုင်ငံအနှံ့ပြိုင်ပွဲတွေမှာလိုက်ကစားဖို့ဆိုတာဟာလုံးဝမဖြစ်နိုင်တော့တဲ့အချိန်မှာနောက်ထပ်ဝါသနာအသစ် တစ်ခုအစားထိုးအိပ်မက်တစ်ခုကိုမွေးမြူဖို့ ကျွန်တော်ရှာဖွေရပါတော့တယ်။ ဒီလိုနဲ့ ဒရမ်တီးတဲ့အလုပ်ကို ကျွန်တော့်ရဲ့ ဝါသနာအသစ်အဖြစ်ကျွန်တော်ရွေးချယ်လိုက်တယ်။ ဒါပေမဲ့ ကျွန်တော့်ရောဂါက ကျွန်တော့်ကိုအမြဲတမ်းအနှောင့်အယှက်ပေးတယ်။ ဝိုင်းတစ်ဝိုင်းမှာဝင်ပြီးလေ့ကျင့်နေရင်းနဲ့ ကျွန်တော် သတိလစ်လစ်သွားတတ်တယ်။ ဒီလိုနဲ့နောက်ဆုံးတော့လူတွေက ကျွန်တော်ပါလာရင်ကျွန်တော့်ကိုအမြဲတမ်းဂရုစိုက်နေရတယ်ဆိုပြီး ငြိုငြင်လာကြတယ်။ ဒီတော့ တီးဝိုင်းတွေတစ်ဝိုင်းပြီးတစ်ဝိုင်းကျွန်တော်ပြောင်းရတယ်။ အဲဒီဝိုင်းတွေအားလုံးမှာလည်း အလားတူပြဿနာပဲတက်တာပဲ။ အစမှာလူတွေကကျွန်တော့်ရောဂါကြောင့်အလုပ်ပိုစိတ်အနှောင့်အယှက် ဖြစ်ရာကနေ နောက်ဆုံးမှာ ကျွန်တော့်ကိုမုန်းလာကြတယ်လို့ ထင်တယ်။ လူတွေက ကျွန်တော့်လိုကောင်တစ်ကောင်ကိုဝိုင်းကနေကန်ထုတ်ပစ်လိုက်ဖို့တောင် ကြိုးစားလာကြတယ်။ ဒါပေမဲ့ တီးဝိုင်းမန်နေဂျာကတော့ ကျွန်တော့်ကို နားလည်တယ်။ သူကကျွန်တော့်မှာ အနည်းဆုံးစိတ်ဝင်စားစရာတစ်ခု၊ ကိုယ်နဲ့ဆိုင်တဲ့နေရာတစ်ခုတော့ရှိဖို့လိုတယ်ဆိုတာကို ဒီအမျိုးသမီးက သဘောပေါက်တယ်။ ဒါကြောင့်ဝိုင်းအတွက်အသုံးမတည့်လှပေမယ့် ကျွန်တော့်ဘက်ကသူအမြဲတမ်းရပ်တည်ပေးရှာတယ်လေ။ ဒါပေမဲ့ ကျန်တဲ့သူတွေကတော့ကျွန်တော့်ကိုစိတ်ပျက်မြဲမလိုမုန်းထားမြဲပါပဲ။ တဖြည်းဖြည်းနဲ့ ကျွန်တော့်ကိုနားလည်တဲ့ချစ်တဲ့အဝန်းအဝိုင်းကလေးဟာ ကျဉ်းကျဉ်းလာခဲ့တယ်။ ကျွန်တော့်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းအနည်းငယ်ကိုလည်းနောက်ဆုံးမှာ ကျွန်တော်ဆုံးရှုံးခဲ့ရပါတယ်။

ကျွန်တော့်ကိုဖိစီးနှိပ်စက်နေတဲ့အမျိုးအမည်မသိရသေးတဲ့ကျန်းမာရေးပြဿနာနဲ့နောက်ဆက်တွဲအထီးကျန်အဖော်မဲ့တဲ့ပြဿနာတွေကိုခါးစည်းပြီးခံနေရတဲ့အချိန်မှာပဲ ကျွန်တော့်ကိုယ့်ကိုယ်ကိုယ်ဂတိတစ်ခုပေးမိတယ်။ အဲဒီကတိကဘာလဲဆိုတော့ကျွန်တော့်ရဲ့အခြေအနေဟာတဖြည်းဖြည်းချင်းအကောင်းဘက်ကိုရောက်လာရမယ်ဆိုတဲ့ ကတိပဲ။ တဖြည်းဖြည်းချင်းနဲ့တော့ကျွန်တော့်ရဲ့ လူမှုဆက်ဆံရေးအခြေအနေဟာပုံမှန်ဘက်ကိုပြန်ရောက်လာခဲ့တယ်။ ကျွန်တော့်ရဲ့တီးဝိုင်းမှာလည်းမိတ်ဆွေအချို့စရလာတယ်။ နောက်ပြီး ကျွန်တော့်ကိုစိတ်ဝင်စားတဲ့ကောင်မကလေးတစ်ယောက်တောင်ရှိလာတယ်။ ကျွန်တော်တို့ နှစ်ယောက်ခဏတဖြုတ်တောင်တွဲမိခဲ့ကြသေးတယ်။ ဒါဟာကျွန်တော့်ဘဝ သူလို၊ ကိုယ်လို ပုံမှန်လမ်းကြောင်းပေါ်ကိုပြန်ရောက်လာပြီဆိုတဲ့အဓိပ္ပာယ်ပဲလေ။ တစ်ခါမှာတီးဝိုင်းကကျွန်တော့်ကိုဦးဆောင်ဒရမ်သမားအနေနဲ့ပွဲထွက်ဖို့အခွင့်အရေးတောင်ပေးလာတယ်။ ကျွန်တော့်ကိုစိတ်ဝင်စားတဲ့ကောင်မကလေးကလည်း ချိန်းတွေ့ကြဖို့ဖိတ်ခေါ်လာတယ်။

တက္ကသိုလ်ဝင်တန်းအကြိုနှစ်ကိုရောက်တော့ အခြေအနေတွေဟာပိုပြီးတိုးတက်လာခဲ့တယ်။ အတန်းထဲကသူငယ်ချင်းတွေကလည်း ကျွန်တော့်ရဲ့ရောဂါဟာတကယ်ခံစားနေရတာဖြစ်ပြီး လူတွေရဲ့ ဂရုစိုက်မှုကိုခံရဖို့ ကျွန်တော် ဟန်ဆောင်နေတာမဟုတ်ဘူးလို့ယုံကြည်လာကြတယ်။ ဒါပေမဲ့ ကျွန်တော်က မကြာခဏဆိုသလို သတိလစ် မေ့မျောသွားတုန်းပါပဲ။ ဒီလိုဖြစ်ရင်သူတို့က ကျွန်တော့်ကိုဝိုင်းပြီးပြုစုကြတယ်။ ကျွန်တော့်ကောင်မလေးကလည်းသူငယ်ချင်းတွေကျွန်တော့်အပေါ်မှာနားလည်လာအောင်ဝိုင်းပြီးကူပြောပေးတာကိုး။ ဒါပေမဲ့ အဲဒီနှစ်မှာပဲ တခြားအကြောင်းတစ်ခုကြောင့်သူနဲ့ ကျွန်တော်လမ်းခွဲခဲ့ကြတယ်။ သိပ်မကြာခင်နောက်ထပ်ချစ်သူတစ်ယောက် ထပ်ရပါတယ်။ သူကလည်းကျွန်တော့်ကို တော်တော်ဂရုစိုက်ပြီးဖေးမတဲ့သူဖြစ်တယ်။ ဒီလိုနဲ့ အဆင်ပြေပြေနေခဲ့ရာက နေစာသင်နှစ်အလယ်အောက်တိုဘာလလောက်အရောက်မှာကျွန်တော့်ရောဂါက အခြေအနေဆိုးလာပြန်တယ်။ ဒီတစ်ခါဖြစ်တာက ပိုပြီးခံရခက်တယ်။ ကျွန်တော့်လည်ချောင်းတွေနာလာရာကနေ ပိုမိုပြင်းထန်လာပြီးနောက်ဆုံးမှာ အသံလုံးဝပျောက်သွားခဲ့တယ်။ ကျွန်တော်ကျောင်းမတက်နိုင်တော့ဘဲအိပ်ရာထဲပြန်လှဲနေရတဲ့ဘဝကိုရောက်သွားပြန်တယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ သိပ်အထီးမကျန်ရလေအောင် ကျွန်တော့်ချစ်သူနဲ့ သူငယ်ချင်းတွေကကူညီကြတယ်။ ဒီဇင်ဘာလောက်အထိကျွန်တော့်အခြေအနေကထူးမလာတဲ့အတွက်ကျွန်တော့်ကိုကုနေတဲ့ဆရာဝန်က နာမည်ကြီးဆေးရုံကြီးတစ်ရုံကိုလွှဲပေးလိုက်တယ်။ ကျွန်တော်တို့မြို့မှာကျွန်တော့်ရောဂါဘာဖြစ်တယ်ဆိုတာ တိတိပပပြောနိုင်တဲ့ဆရာဝန်လည်းမရှိဘူး။ စမ်းသပ်နိုင်တဲ့ ပစ္စည်းတွေလည်းမရှိဘူးလို့ သူကပြောတယ်။ အဲဒီဆေးရုံကြီးမှာတော့ကျွန်တော့်ရောဂါကိုအဖြေရှာနိုင်လိမ့်မယ်လို့မျှော်လင့်ကြောင်း သူကဆိုတယ်။ ကျွန်တော်မှာလည်းသူ့လိုပဲမျှော်လင့်စရာရှိပါတော့တယ်။

အဲဒီဆေးရုံကြီးမှာ ကျွန်တော့်ကိုစမ်းသပ်မှုအမျိုးမျိုးလုပ်လိုက်၊ ပါရဂူကြီးတွေအချင်းချင်းခေါင်းချင်းရိုက်လိုက်နဲ့ လုပ်နေရာကနေတစ်ပတ်လောက်ကြာတော့အဖြေထွက်လာတယ်။ ကျွန်တော့်ရောဂါက POTS လို့ခေါ်တဲ့ postural orthostatic tachycardia syndrome လို့ သူတို့ကရှင်းပြတယ်။ ကျွန်တော်တို့ကတော့ ဒီနာမည်ကို ကြားတောင်မကြားဖူးဘူးလေ။ ဒီရောဂါရဲ့ လက္ခဏာတွေက အလိုလိုနေရင်းမောပန်းနွမ်းနယ်နေတာ၊ ခေါင်းကိုက်တာ၊ သတိလစ်မေ့မြောတာနဲ့မှတ်ဉာဏ်ထဲဝေဝါးပြီး ဘာကိုမှမှတ်သားလို့မရတာတို့ဖြစ်တယ်။ အဲဒီလက္ခဏာတွေအားလုံးကျွန်တော်ခံစားနေရတာတွေပဲ။ ဒါပေမဲ့ ဒီဝေဒနာတွေခံစားနေရတာဟာ ကျွန်တော်တို့ အစကထင်ထားသလိုခေါင်းထဲကတစ်ခုခုကြောင့်တော့မဟုတ်ဘူးလို့သူတို့ကပြောတယ်။ ဒီရောဂါဟာနှစ်ပိုင်းကလေးအတွင်းမှာကြီးထွားလာခဲ့တာလို့လည်းသူတို့က ရှင်းပြကြတယ်။ နောက်ပြီးလည်ချောင်းနာတာနဲ့အသံမထွက်တာဟာလည်း အာရုံကြောတွေပေါက်ကွဲထွက်လုမတတ်တင်းမာနေလို့ဖြစ်ရတာတဲ့။ သူတို့က ဒီအာရုံကြောတင်းမာတာတွေကိုတော့ဆေးပေးလို့ရတယ်လို့ပြောကြပါတယ်။ အဲဒီဆေးရုံကြီးမှာသုံးလတိတိကျွန်တော်နေခဲ့ရတယ်။ လည်ချောင်းနာတာနဲ့အသံမထွက်နိုင်တဲ့ပြဿနာကိုအောင်အောင်မြင်မြင်ကုသပေးနိုင်ခဲ့လို့ ဆေးရုံမှဆင်းတဲ့အချိန်မှာ ပုံမှန်အတိုင်း ကျွန်တော် စကားပြောလာနိုင်ခဲ့တယ်။

အစတုန်းကနာမည်တပ်မရတဲ့ရောဂါကို နာမည်တပ်လိုက်နိုင်တဲ့အတွက်ကျွန်တော်တို့ဆေးရုံကနေဝမ်းသာအားရဆင်းလာခဲ့ကြတယ်လို့ဆိုနိုင်တယ်။ ဒီရောဂါရဲ့ လက္ခဏာအချို့ကို တစ်သက်တာလုံး ကျွန်တော်ဆက်လက်ခံစားသွားရဖို့ရှိတယ်လို့ သိရတယ်။ ဒါပေမဲ့ ကျွန်တော်သိပ်တော့စိတ်မညစ်တော့ဘူး။ အရေးကြီးတာကကျွန်တော့်ခေါင်းထဲမှာဘာမှန်းမသိတဲ့မကောင်းဆိုးဝါးကောင်တစ်ကောင်ရှိနေသလိုမျိုးအထင်ပျောက်သွားတာပဲ ကျွန်တော်ဝမ်းသာလှပါပြီ။

ဒီရောဂါကြောင့်ကျွန်တော့်ဘဝလမ်းကြောင်းအများကြီးပြောင်းသွားရတယ်။ ဆုတံဆိပ်တွေ၊ လက်ခုပ်သံတွေ၊ အောင်မြင်မှုတွေနဲ့ အဝေးကြီးဝေးခဲ့ရပေမယ့် ကျွန်တော့်ကိုတကယ်ချစ်တဲ့သူအနည်းငယ်နဲ့ ဆုံဆည်းခွင့်ရခဲ့တာဟာ တိုင်းတာလို့မရနိုင်တဲ့ အကျိုးအမြတ်တစ်ခုပါပဲ။ နောက်ပြီးတော့ ကျွန်တော်ဟာ လောကဓံကို အလိုက်သင့်၊ အလျှားသင့်ရင်ဆိုင်ဖြတ်သန်းရင်းမျှော်လင့်ချက်ကိုဆုပ်ကိုင်ထားဖို့ဘယ်လောက်အရေးကြီးကြောင်းကောင်းကောင်းနားလည်လာခဲ့ရတယ်။ ပုံမှန်အတိုင်းဆိုရင် ကျွန်တော့်အသက်အရွယ်မှာ ဒီလိုအသိတွေရဖို့ဆိုတာမလွယ်ဘူးလေ။ တကယ်တမ်းတော့ လောကကြီးမှာပြီးပြည့်စုံတဲ့သူဆိုတာမရှိနိုင်ဘူး။ လူတွေရဲ့ခွန်အားဆိုတာ သူတို့ဘယ်လောက်စွမ်းဆောင်အောင်မြင်နိုင်သလဲဆိုတာနဲ့တိုင်းတာမဟုတ်ဘူးလို့ကျွန်တော်ထင်တယ်။ အခက်အခဲဒုက္ခတွေထဲမှာ ဘယ်လောက်ကြံ့ကြံ့ခံရင်ဆိုင်နိုင်သလဲဆိုတာနဲ့ တိုင်းတာတာကိုသာ တကယ့်ခွန်အားအစစ်လို့ ကျွန်တော်ယုံကြည်တယ်။ ဘယ်လောက်ပဲအလားအလာနည်းနည်း ကျွန်တော်ကတော့ တစ်ချိန်မှာအဆင်ပြေလာရမယ်ဆိုတဲ့ကျွန်တော့်မျှော်လင့်ချက်ကိုလုံးဝမစွန့်လွှတ်နိုင်တော့ဘူးလေ။ ။

*Ref: 'Never Lose Hope'*
*by Carly Collins*

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# တစ်ပါးသူကဖြုန်းတီးလိုက်သော ကျွန်တော်တို့၏အချိန်များ

ဇေထွန်း



အချိန်နဲ့ပတ်သက်ပြီး လေးစားလိုက်နာရန်၊ တန်ဖိုးထားရန် အဆုံးအမများ၊ ဆိုစကားများကို မိမိတို့တွေ ငယ်စဉ်ကပင် ရင်းနှီးခဲ့ရပါသည်။ များသောအားဖြင့် အချိန်ကို တန်ဖိုးထားရန်၊ အချိန်မဖြုန်းရန်၊ အချိန်ရှိခိုက် လုံ့လထုတ်ကြရန်တို့ဖြစ်သည်။

ယခုကာလမိမိအနေဖြင့် လူလတ်ပိုင်းအရွယ် အတွေ့အကြုံအချို့အရ တစ်ပါးသူကြောင့် မိမိ၏အချိန်ကာလများ ဆုံးရှုံးရမှုကလည်း သတိပြုစရာ အခြေအနေတစ်ခုဖြစ်ပေါ်လာသည်။

တစ်ဦးချင်းစီမှ အချိန်မတိကျမှုများက ၎င်းနှင့်ပတ်သက်ဆက်ဆံရာ ဝန်းကျင်ထိ ရိုက်ခတ်မှုများရှိလာသည်။ ချိန်းဆိုထားသူနှစ်ဦးအနက် တစ်ဦးမှာ အချိန်မတိကျခဲ့ပါက ကျန်သူမှာ စောင့်ဆိုင်းရမှုကြောင့် ၎င်း၏ ကိုယ်ပိုင်အချိန်များ ဆုံးရှုံးရသည်။ တစ်ဦးတစ်ယောက်ချင်း၊နှစ်ယောက်ချင်း အချိန်မတိကျမှုများက အထူးတလည်ပြောဆိုကြမှု နည်းပါးသော်ငြား အချို့ နေရာများတွင် ဦးဆောင်သူ တစ်ဦးတစ်ယောက်၏ ကာလကိုတန်ဖိုးထားတတ်မှုနည်းခြင်းဟုဆိုရပေမည်။ နေရာစုံ၌ ဦးဆောင်မည့်သူများ အထူးဂရုပြုသင့်ပေသည်။

မိမိတာဝန်ကျသော ဒေသလေးနှင့်ထိစပ်နေသောဒေသတွင်မူ အစည်းအဝေးကို အချိန်တိကျစွာကျင်းပလေ့ရှိသည်။ အစည်းအဝေး စမည့်အချိန် မရောက်သူများအားလည်း နောက်ကျကြေးဒဏ်တပ်လေ့ရှိသည်။ ဦးဆောင်သူကိုယ်တိုင်လည်း အချိန်တိကျစွာရောက်ရှိသည်။ ပုံမှန် အစည်းအဝေးကျင်းပမည့်နေ့တွင် အစည်းအဝေး မကျင်းပဖြစ်က တက်ရောက်ရမည့်သူများအား အစည်းအဝေးမပြုလုပ်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားကြားပေးတတ်ပြန်သေးသည်။ စံနမူနာယူသင့်သည့် တစ်ပါးသူ၏အချိန်ကို တန်ဖိုးထားတတ်မှုပင်ဖြစ်ပေသည်။

မိမိတို့ဝန်းကျင်ဓလေ့တွင် အချိန်မတိကျမှုကြောင့် ဆက်စပ်ထိတွေ့ဆက်ဆံရသည့်သူများပါ အချိန်ကုန်ကြရသည်။ ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသ တစ်ခုတွင် မိမိ တာဝန်ထမ်းဆောင်စဉ်ကဖြစ်သည်။ အပတ်စဉ်နေ့တစ်နေ့တွင် ညှိနှိုင်းအစည်းအဝေးပွဲပြုလုပ်လေ့ရှိသည်။ အစည်းအဝေးစတင်ချိန် နံနက် ၁၀ နာရီ သတ်မှတ်ထားသော်လည်း များသောအားဖြင့် ဦးဆောင်သူ အဆင်သင့် မဖြစ်သေး၍ ကျန်သည့် ပုဂ္ဂိုလ် သုံးဆယ်ခန့်မှာ အစည်းအဝေးခန်း ပြင်ပတွင် မိုးတိုးမတ်တတ်ဖြင့်လည်းကောင်း၊ ဟိုနားသည်နားစုဝေးကာ စကားပြောခြင်းဖြင့်လည်းကောင်း စောင့်ဆိုင်းကြရသည်။

ထိုအချိန်များတွင် အများစု၏ ပါးစပ်ဖျားက "အလုပ်တွေက ရှိသေးတယ်။ အခုထိ အစည်းအဝေးက မစနိုင်သေးဘူးကွာ"ဆိုကာညည်းတွားမှုများကိုကြုံတွေ့ရသည်။ မိမိလည်း ထိုသူများနှင့် နည်းတူညည်းတွားခဲ့မိသည်။ မိမိ ထိုဒေသ၌ တာဝန်စကျစဉ်က အစည်းအဝေးနေ့တွင် ၁၀ နာရီ မတိုင်ခင် ငါးမိနစ်ခန့်စော၍သွားတတ်သည်။

ထိုအခါ မိမိက အစောဆုံးရောက်သူဖြစ်နေတတ်ပြီး အချို့က "ဝိရိယကောင်းလှချည်လား၊ တက်ကြွလှချည်လား" ဟု စကားဆိုကြသည်။ မိမိက ၁၀ နာရီအချိန်ကို တိကျစွာ သတ်မှတ်သော်ငြား အစည်းအဝေးက ပုံမှန်အားဖြင့် ၁၀ နာရီခွဲ၊ ၁၁ နာရီခန့်တွင်မှ စတင်တတ်သည်။ မိမိလည်း ကြာတော့ ရေမြေလိုက်ကာ အချိန်မှန်မသွားဖြစ်တော့ပေ။ စတင်ချိန်မတိကျသော အစည်းအဝေးများထဲမှ ဆိုးဆိုးရွားရွားအစည်းအဝေးတစ်ခုကို မိမိပြောလိုပေသည်။ အစည်းအဝေးမတိုင်ခင် တစ်ရက်ကြို၍ အစည်းအဝေးအချိန်၊ နေရာ၊ နေ့ရက်သိရှိကြောင်း တက်ရောက်ရမည့်သူများအား လက်မှတ်ထိုးခိုင်းသည်။ နံနက် ၁၀နာရီ နေရာယူပြီး ဖြစ်ရမည်ဟုပင် အထူးပြုပါသေးသည်။ ထို့အတွက် မိမိလည်း အချိန်ကိုဂရုတစိုက်သွားသည်။ မိမိရောက်သွားချိန်သည် အစည်းအဝေးခန်းမရှေ့၌ဟိုတစ်စုသည်တစ်စု အစည်းအဝေး လာသူများ တွေ့ရသည်။ ၁၀နာရီထိုးချိန်တွင် အစည်းအဝေးမစသေးဘူးလား မေးကြည့်မိစဉ် ဦးဆောင်သူက ရှေ့က အလုပ်တစ်ခုမပြတ်သေး၍ စောင့်ဆိုင်းခိုင်းထားကြောင်းသိရသည်။ ၁၁ နာရီထိုးချိန်တွင်လည်း အစည်းအဝေး မစနိုင်ပါ။ ၁၁ နာရီခွဲချိန်အထိ မိမိတို့အစည်းအဝေးစတင်ခြင်းမပြုနိုင်။ မိမိလည်း ဆက်လက်စောင့်ဆိုင်းမှုမပြုတော့ဘဲပြန်လာခဲ့သည်။

တစ်ယောက်သောသူ၏ အချိန်မတိကျမှုက ၎င်းနှင့်ဆက်နွယ်သူများကိုပါ အချိန်ဖြုန်းတီးရာရောက်စေသည်။ သာမန်သူချင်း အချိန်မတိကျမှုက ဆုံးရှုံးမှုနည်းနိုင်သော်လည်း ဦးဆောင်သူတို့၏ အချိန်မတိကျမှုက ၎င်းနှင့်ဆက်ဆံရသည့် ပုဂ္ဂိုလ်များအတွက် ပါ အချိန်ကုန်၊ အလုပ်ပျက်ဖြစ်ကြရသည်။ တစ်ပါးသူ၏ အချိန် အခမ်းအနားများ ကျင်းပပါက ဖိတ်ကြားသည့် ပရိသတ် အား အချိန်စော၍ ဖိတ်ကြားတတ်ကြသည်။ တက်ရောက်မည့်ပရိသတ်ကလည်း ထိုအဖြစ်ကိုသိ၍ ဖိတ်ကြားချိန်ထက်နောက်ကျကလည်း စိုးရိမ်မှုမရှိဘဲ ပုံမှန်သွားလာကြသည်။ အခမ်းအနားများ အချိန်တိကျစွာ မကျင်းပခြင်း၊ တက်ရောက်သူများကလည်း ဖိတ်ကြားချိန်ကို အလေးမထားခြင်းများက မိမိတို့ဝန်းကျင်တွင် မထူးဆန်းသော အလေ့အထတစ်ခုပင်ဖြစ်လာသည်။

မိမိတို့ဝန်းကျင်တွင် တစ်ဦးတစ်ယောက်၊ တစ်စုံတစ်ခု၏ အချိန်မတိကျမှုကြောင့် သက်ဆိုင်သူများ အချိန်ကုန်ကြရသည့်အဖြစ်များစွာရှိနေသည်။ ဥပမာဆိုက ထွက်ခွာချိန်မတိကျသော ကားများဖြစ်သည်။ မိမိသည် နေပြည်တော်ခရီးအား မန္တလေးမှ လည်းကောင်း၊ မုံရွာမှ လည်းကောင်း သွားလာခဲ့ဖူးသည်။ မန္တလေးမှ နေ့ခင်း ၁ နာရီထွက်ရမည့် ကားသည် ၂ နာရီထိုးသည်အထိ ဂိတ်မထိုးသေးပေ။ မုံရွာမှ ည ၈ နာရီခွဲထွက်မည့်ကားသည်လည်း ၉ နာရီထိ ဂိတ်မထိုးသေးဘဲ ၉နာရီခွဲမှ စထွက်နိုင်သည်ကိုတွေ့ဖူးသည်။ မိမိတို့အနေဖြင့် ကား ဘာကြောင့် မထွက်နိုင်သေးကြောင်း ဂိတ်တွင် စုံစမ်းကြည့်က ခိုင်မာသော အကြောင်းပြချက်များမရှိဘဲ ဖြစ်နေတတ်သည်။ ခရီးသည်များ၏ တန်ဖိုးရှိသောအချိန်များကို အလေးထားမှုနည်းခြင်းပင်ဖြစ်သည်။

သွားလာရေး ကဏ္ဍတွင် အချိန်နှင့် တိကျစွာ သတ်မှတ်ထားသော ကားများ၊ မီးရထားများ ထွက်ခွာရမည့်အချိန်၊ဆိုက်ရောက်ရမည့် အချိန်တွင် မရောက်ရှိက တာဝန်ရှိသူတို့အနေဖြင့် ဘာသိဘာသာနေတတ်ကြသည်။ ခရီးသည်များအတွက် ပြန်ကြားပေးမှုအားနည်းတတ်ကြပေသည်။

မိမိတို့တွေသည် တစ်ဦးတစ်ယောက်အနေဖြင့် လုပ်ရမည့်အလုပ်အားမလုပ်ဘဲ ဟိုရွှေ့သည်ရွှေ့ လုပ်နေပါက အချိန်ဖြုန်းနေသည်ဟုဆိုကာ ပြစ်တင်ပြောဆိုမိတတ်သည်။ ထို့ထက်ဆိုးသောအဖြစ်က တစ်ဦးတစ်ယောက်ကြောင့် အစုအဖွဲ့လိုက် အချိန်ကုန်နေရသော အဖြစ်များကိုလည်း သတိပြုမိဖို့ လိုပေသည်။ ထိုဓလေ့များကြောင့် လူထုကြား အချိန်နှင့်ပတ်သက်၍ စကားတစ်ခွန်းပေါ်လာသည်။ အဆိုပါစကားမှာ "မြန်မာစံတော်ချိန်ကိုပြောတာ"ဟူ၍ဖြစ်သည်။ သုံးနာရီတွင် ချိန်းပါက သုံးနာရီခွဲမှရောက်မည်။ တစ်နာရီ အစည်းအဝေးဆိုပါက နှစ်နာရီမှ အစည်းအဝေးစချင်စမည်။ အချိန်နောက်ကျသည်ကို လူအများစုက မထူးတော့ သဘောထားကာ အချိန်ကိုမေးပါက"မြန်မာစံတော်ချိန်ကိုပြောတာလား၊ တကယ်အချိန်ပြောတာလား"ဟုဆိုကုန်ကြပြီ။ လူမျိုးနှင့်ချီ၍ အချိန်မလေးစားတော့ပြီလားမဆိုနိုင်။ မိမိတို့၏ အချိန်မတိကျသော အလေ့အထက ပတ်သက်ဆက်ဆံရသူများ၏ အချိန်များကိုပါဖြုန်းတီးပစ်ရာရောက်ကြောင်း သတိရှိကြစေလိုပါသည်။ ။

## JOKE

### ကောင်းတာလုပ်ခဲ့တယ်

အမေရိကန်နိုင်ငံ နယ်မြို့လေးတစ်မြို့၏ လူထုအစည်းအဝေးပွဲတစ်ရပ်တွင်မြို့တော်ဝန်က ရှည်လျားသောမိန့်ခွန်းပြောကြားနေရာရှေ့ဆုံးတန်း၌ထိုင်နေသော အဘိုးကြီးတစ်ဦးက မြို့တော်ဝန်အားစိတ်အနှောင့်အယှက်ဖြစ်အောင် အော်ဟစ်ပြောဆိုနေသည်။ နောက်ဆုံးတွင် မြို့တော်ဝန်က သည်းညည်းမခံနိုင်တော့ဘဲ "ဟိုက လူကြီးမင်းခင်ဗျာ။ ကျေးဇူးပြု၍ မတ်တပ်ရပ်ပြီး မြို့လူထုကောင်းကျိုးအတွက် ဘာတွေလုပ်ခဲ့ဖူးလဲပြောပြပေးပါခင်ဗျာ" ဟု ပြောလိုက်သည်။ အဘိုးကြီးကလည်း အသံမာမာနှင့်ပင် "ကောင်းပါပြီ။ အခုနောက်ဆုံးရွေး ကောက်ပွဲမှာ ကျွန်တော်မြို့တော်ဝန်ကို ဆန့်ကျင်မဲပေးခဲ့ပါတယ် ခင်ဗျာ" ဟူ၍ ပြောပါသည်။

### မော်ဒန်ပန်းချီ

ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦး ပန်းချီပြခန်းထဲတွင် လိုက်လံကြည့်ရှုနေရာ ပန်းချီပြပွဲတာဝန်ရှိသူတစ်ဦးက ဘေးမှ လိုက်လံရှင်းပြနေသည်။ ပြကွက်တစ်ခုရှေ့သို့ရောက်သောအခါ အမျိုးသမီးကြီးက ခြေလှမ်းကို ရပ်လိုက်ပြီး "ဒါလားကွဲ့ မင်းတို့ ပြောပြောနေတဲ့ မော်ဒန်ပန်းချီဆိုတာ" ဟူ၍ အလိုမကျဟန်နှင့် ပြောပါသည်။

"မဟုတ်ပါဘူးခင်ဗျာ။ အစ်မကြီးရပ်နေတာ ကြည့်မှန်တစ်ချပ်ရှေ့မှာပါ" ဟု လိုက်လံပြသသူက ပြောလိုက်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျော်ကဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.10, No.7 • MAY 5, 2011

# အရှေ့အလယ်ပိုင်းသို့ ရေထွက်ကုန်တင်ပို့သူများ ဝယ်သူကတိဖျက်၍ ဒေါ်လာသန်းချီဆုံးရှုံး

**သန်းဌေး**

**ရန်ကုန်၊ ဧပြီ - ၂၆**

အရှေ့အလယ်ပိုင်း နိုင်ငံများသို့ မြန်မာရေထွက်ကုန်များအား ပင်လယ်ရေကြောင်းမှ ကွန်တိန်နာများဖြင့် တင်ပို့ခဲ့ရာတွင် ဝယ်ယူရန်မှာသည့် ကုမ္ပဏီများက ၎င်းတို့ ဆိပ်ကမ်းရှိ ဂိုဒေါင်များမှ ကွန်တိန်နာများအား လာရောက်ထုတ်ယူခြင်း မပြုခဲ့ကြသောကြောင့် မြန်မာလုပ်ငန်းရှင်တစ်ဦးလျှင် အမေရိကန်ဒေါ်လာသိန်းဂဏန်းစီဆုံးရှုံးခဲ့ကြရကြောင်း သတင်းရရှိသည်။

သင်္ဘောပေါ်သို့ကုန်ပစ္စည်းတင်ပို့လိုက်ကြောင်း သယ်ယူပို့ဆောင်ရေးစာရွက်စာတမ်းဖြစ်သော ဘီအယ်လ်(Bill of Lading) ကိုပင် လက်ခံပြန်ကြားခြင်း မပြုခဲ့ကြကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းအေးက ပြောသည်။ ဦးထွန်းအေးပိုင် ကုမ္ပဏီဖြစ်သော ရွှေယမုံမှာလည်း ကွန်တိန်နာနှစ်လုံးဆုံးရှုံးခဲ့သည်ဟု ဆိုသည်။

"ကွန်တိန်နာတစ်လုံးကိုကန်ဒေါ်လာ လေးသောင်းခွဲ၊ ငါးသောင်းလောက် အနည်းဆုံးဆိုတော့ အမေရိကန်ဒေါ်လာသိန်းနဲ့ချီပြီး ဆုံးရှုံးခဲ့ကြရတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ၎င်းက ပြောသည်။

ရွှေယမုံ ကုမ္ပဏီမှ ကွန်တိန်နာနှစ်လုံးအပါအဝင်အခြားကုမ္ပဏီများမှ သုံးလုံး၊ လေးလုံး၊ ကုမ္ပဏီတစ်ခုမှ ရှစ်လုံး စသည်ဖြင့် ပြည်ပသို့ရေထွက်ကုန်တင်ပို့သူလုပ်ငန်းရှင်အချို့ထိခိုက်နစ်နာခဲ့ကြသည်။

အထက်ပါကဲ့သို့ဖြစ်ရသည်မှာ ဝယ်သူများ၏ လက်ဝယ်တွင် ပစ္စည်းများ စုပုံရှိနေချိန်နှင့် အမှာစာများထက် ပိုမိုရောင်းချရန် အပြိုင်အဆိုင်ကြိုးပမ်းတင်ပို့ခဲ့မိခြင်း၊ ဝယ်သူဈေးကွက်ဖြစ်နေခြင်းတို့ကြောင့် ယခုလို ပြဿနာများကြုံတွေ့ရကြောင်း ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာတွင် ကိုယ်တွေ့ကြုံခဲ့သူ အထက်ပါအသင်း၏ ဥက္ကဋ္ဌဟောင်းက ပြောသည်။

ပြည်ပသို့ရေထွက်ကုန်တင်ပို့သော မြန်မာ့ကုမ္ပဏီများ အချင်းချင်း ပြိုင်ဆိုင်ရာတွင် ရင်းနှီးငွေပြန်ပေါ်စေရန် ပေါက်ဈေးထက် လျှော့ရောင်းမှုဖြစ်စဉ်မှာလည်း ယခုလို ကိစ္စပေါ်ရခြင်းများ၏ အကြောင်းရင်းတစ်ရပ်ပင်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၂၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၇၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၇ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၅ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၀၀ | ကျပ် |

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၅၉၈၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၇၅၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၁၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၂၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၄၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၈. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၆၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၆၃. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၄၄၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၂၃၅၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၁. ၉၁၁၆ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ဒေါ်လာ | ၂၇. ၃၉၂ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၅၆. ၄၀၀ |
| ရေနံစိမ်း | စည် | ၁၂၅. ၈၉၀ |
| ငွေ | ၁ အောင်စ | ၄၈. ၉၀၀ |
| ကြေးနီ | ပေါင် | ၄၁၇. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၆၉၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဧပြီလ ၃၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# စားအုန်းဆီဈေး စတင်ကျ

**အောင်သူရ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဧပြီ - ၂၈**

စားအုန်းဆီမူဝါဒပြောင်းလဲရန် ရှိသဖြင့် ဆီထုတ်ပေးမှု ရပ်နားထားရာမှ ဈေးစတင်တက်ခဲ့သော စားအုန်းဆီဈေးနှုန်းမှာ ဧပြီ ၂၈ ရက်မှစ၍ စတင်ကျဆင်းလာကြောင်းသတင်းရရှိသည်။

"ဒီနေ့တစ်ပိဿာကို ၂,၇၅၀ ကျပ်ပဲရှိတော့တယ်။ ပုံးဆီတွေလည်း ပြန်ဝင်လာတော့ ဈေးပြန်ကျသွားတယ်" ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှကုန်သည်တစ်ဦးကပြောသည်။ ယခုနောက်ပိုင်း ၂၅၅၀ကျပ်ဝန်းကျင်ထိ ဈေးကျလာသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သကြ်န်ကာလအတွင်း တစ်ပိဿာလျှင် ၂,၅၅၀ကျပ်မှတဖြည်းဖြည်းမြင့်တက်လာခဲ့ရာ တစ်ဆင့်တင်သွင်းမှု ခေတ္တရပ်၍ ၂၉၀၀ ကျပ်ထိ ဈေးမြင့်လာခဲ့သည်။

အပတ်စဉ်တနင်္လာနေ့တိုင်း ခွဲတမ်းဖြင့် ထုတ်ယူမှုအား သကြ်န်ရုံးပိတ်ရက် မတိုင်မီ နောက်ဆုံးချထားပေးခဲ့သည်။

ယခင်က စီးပွားရေးဦးပိုင်လီမိတက်မှတစ်ဆင့် ကုမ္ပဏီတစ်ခုတည်းက စားအုံးဆီတင်သွင်းရောင်းချခဲ့သည့် စနစ်အား လွတ်လပ်စွာတင် သွင်းရောင်းချရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

# ပို့ကုန်၊ သွင်းကုန်လိုင်စင် သုံးရက်မှ ငါးရက်အတွင်းရဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊ ဧပြီ - ၂၇**

ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းများပြုလုပ်နိုင်သော ပို့ကုန်သွင်းကုန်လိုင်စင်များကို နယ်စပ်ဂိတ်များနှင့် Oversea (ပြည်ပ)ပါ သုံးရက်မှ ငါးရက်အတွင်း အမြန်ဆောင်ရွက်ပေးနေကြောင်းပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ပြောသည်။

"ဒီကိစ္စကိုတော့ ကြိုဆိုပါတယ်။ အရင် ကုန်သွယ်ရေးမူဝါဒကောင်စီရှိစဉ်က တအားတင်းကျပ်ခဲ့တာတွေ ဖြေလျှော့သွားတယ်။ နယ်စပ်နဲ့ ပြည်ပ ဘယ်ကိုပို့ပို့ ၃ ရက်ကနေအများဆုံး ၅ ရက်ပဲကြာတယ်"ဟု ကျော်မြင့်ထွန်း ကုန်သွယ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမြင့်က အစိုးရသစ်လက်ထက်တွင် ပို့ကုန်သွင်းကုန်လိုင်စင်များ မြန်ဆန်အောင်ဆောင်ရွက်ပေးမည်ဟု ပြောထားသည်။

ကုန်သွယ်ရေးမူဝါဒကောင်စီရှိစဉ်က လိုင်စင်လျှောက်ထားရာတွင် လွန်စွာတင်းကျပ်ခဲ့ပြီး ပို့ကုန်လျှောက်ထားရာတွင်လည်း တင်ပို့မည့်ကုန်ပစ္စည်း ဂိုဒေါင်အတွင်းရှိမှ တင်ပို့ခွင့်ပြုခဲ့သည်။ အချက်အလက် စာရွက်စာတမ်းများတင်ပြရာတွင် ကိစ္စပြီးသည်အထိ အနည်းဆုံး ၁၀ ရက်မှ သီတင်းနှစ်ပတ်ခန့် ကြာမြင့်သည်ဟု ပို့ကုန်သွင်းကုန်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

# ဆန်စပါးအထူးပြုကုမ္ပဏီများ ဆန်စပါးလုပ်ငန်း သိသိသာသာဖွံ့ဖြိုးရန် မစွမ်းဆောင်နိုင်သေး

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ ဧပြီ - ၂၇**

ဆန်စပါးအထူးပြုကုမ္ပဏီများ ပေါ်ပေါက်လာသော်လည်းမြန်မာနိုင်ငံ၏ဆန်စပါးလုပ်ငန်း သိသိသာသာပြောင်းလဲဖွံ့ဖြိုးမှုမရှိသေးကြောင်းဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌကပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲတွင်"ဆန်စပါးလောကဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထူးပြုကုမ္ပဏီတွေရဲ့လုပ်ဆောင်ချက်ဟာ အထိုက်အလျောက် တိုးတက်လာပေမယ့် သိသိသာသာတိုးတက်မှုမရှိသေးပါဘူး"ဟုပြောကြားခဲ့သည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် တစ်ဧက အထွက်နှုန်း တိုးတက်မြင့်မားစေရေး အထောက်အကူပြုစကားဝိုင်းဆွေးနွေးပွဲအား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ဧပြီလ ၂၇ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထို့အပြင် စိုက်ပျိုးရေးအကြံပေးဦးတင်ထွဋ်ဦးကလည်း "ဘာတွေလုပ်ရမလဲဆိုတာ သိပြီး၊ ဘာတွေ အခက်အခဲရှိတာလဲသိပြီ။ ဘယ်လိုလုပ်ကြမလဲဆိုတာ ပိုအရေးကြီးပါတယ်"ဟု ဆွေးနွေးအကြံပြုသွားခဲ့သည်။

တောင်သူများထံ နည်းပညာရောက်ရှိရန် ဆောင်ရွက်ရာတွင် နယ်များ၌ စိုက်ပျိုးရေးဝန်ထမ်းလေး၊ ငါးဦးသာရှိသည်ကို နိုင်ငံတော်အစိုးရက စဉ်းစားရန်နှင့် နည်းပညာများ ရောက်ရှိရန် ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းလုပ်ဆောင်ရန်လိုကြောင်း ဦးတင်ထွဋ်ဦးက အကြံပြုပြောဆိုသည်။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တွင် ပြုလုပ်သော မိုးလေဝသပညာရှင်နှင့် စိုက်ပျိုးရေးပညာရှင်တို့၏ ဟောပြောပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် များများပြုလုပ်ရန် ဆန်စပါးလုပ်ငန်းရှင်အသင်း ဗဟိုအလုပ်အမှုဆောင် ဦးသောင်းဝင်းက အကြံပြုပြောဆိုသည်။

စိုက်ပျိုးရေးပညာရှင်ဦးဘဟိန်းကလည်း ပြည်တွင်း ရိက္ခာအတွက် ထုတ်လုပ်သောဇုန်၊ မျိုးပွားရေးဇုန်နှင့် ပြည်ပဈေးကွက်ဇုန် ဟူ၍ ဇုန်သုံးဇုန်ခွဲ၍ စိုက်ပျိုးထုတ်လုပ်ရန် အကြံပြုပြောဆိုခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌက "ရေမြေသဘာဝကလည်း ပေးမယ်။ ဈေးကွက်ကလည်း ဝယ်လိုအားရှိမယ်။ ရာသီဥတုကလည်း အဆင်ပြေမယ်ဆိုရင် စပ်မျိုးစပါးဖြစ်တဲ့ (High Brigh)စပ်မျိုးစပါးကိုပဲစိုက်ချင်တယ်။ ဒီလိုမှမဟုတ်ရင် တစ်ဧကကို တင်း ၁၅၀၊ ၂၀၀ ထွက်တဲ့မျိုးတွေကိုစိုက်မယ့်အစား အဲဒီအခြေအနေနဲ့ သင့်လျော်တဲ့ မူလမျိုးကိုပဲ တင်း ၇၀၊ ၈၀ ကနေ တင်း ၁၀၀ ထွက်အောင် ကြိုးစားဖို့တိုက်တွန်းချင်တယ်။ (H.B) စပ်မျိုးစပါးက ကမ္ဘာမှာလည်း အများကြီးစိုက်နေကြပါတယ်။ တရုတ်မှာဆို သူ့ရဲ့ စိုက်ဧကရဲ့ ၅၀ ရာခိုင်နှုန်း၊ အိန္ဒိယမှာ ၄၀ ရာခိုင်နှုန်း၊ ဗီယက်နမ်မှာ ၃၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်မှာ ၁၅ ရာခိုင်နှုန်းစိုက်တယ်။ ကျွန်တော်တို့ မြန်မာမှာလည်း ၀ ဒသမ ၅ ရာခိုင်နှုန်းလောက်စိုက်တယ်"ဟု ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာနှင့်ပညာရှင်များ၊ တိုင်းဒေသကြီးမှ ကိုယ်စားလှယ်များ စုစုပေါင်းဦးရေ ၇၀ ခန့်တက်ရောက်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# ကြက်သား၊ ဝက်သားနှင့် ကြက်ဥဈေး အလားအလာ

**သန်းဌေး**

ရန်ကုန်၊ ဧပြီ - ၂၆

မိုးတွင်းကာလတွင်ကြက်ဥ၊ကြက်သားနှင့် ဝက်သားဈေးနှုန်းများ တက်နိုင်ကြောင်းမြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂)ဦးလှိုင်မြင့်ဦးက ပြောသည်။

"မိုးကျလို့ မေ၊ ဇွန် ဆိုရင် ဈေးတက်နိုင်တယ်။ သင်္ကြန်တွင်းမှာလည်း ဈေးတက်သွားတယ်" ဟု ၎င်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ပုံမှန်ဝင်နေကျ ကြက်ဥနှင့် ကြက်သားတို့မှာ ဈေးကောင်းရသော အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပိုမိုရောက်ရှိဖွယ်ရှိသည်ဟုဆိုသည်။ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကြက်ငှက်တုပ်ကွေးဖြစ်ခဲ့သောကြောင့် ဥစားကြက်နှင့် အသားစားကြက်များ အသေအပျောက်ရှိခဲ့သည်။ ထို့ကြောင့် အဆိုပါဒေသများတွင် ဈေးကောင်းရ၍ တင်ပို့သောကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် အဝင်နည်းကာဈေးတက်နိုင်ကြောင်း သိရသည်။

"ကြက်မျိုးသစ်သွင်းဖို့လည်း ခဏပိတ်ထားတာနဲ့ မိုးတွင်းကာလမှာ ကြက်ဥနှုန်းကျနိုင်တာကြောင့်ပါ"ဟု ဦးမြင့်လှိုင်ဦး က ပြောသည်။

ထို့အတူရန်ကုန်တိုင်းဒေသကြီးသို့ ကျေးလက်မှ ဝက်များတင်ပို့နေရာ လောလောဆယ်၌ အဆင်ပြေသော်လည်း မိုးဦးကာလရောက်သောအခါ လယ်စိုက်ပျိုးမှုလုပ်ကိုင်ကြရာ လယ်ကွက်အတွင်း ဖြတ်သန်းခွင့် ပိတ်လိုက်မည်ဖြစ်၍ သယ်ယူမှုခက်ခဲကာ ရန်ကုန်မြို့သို့ အဝင်ကျဆင်းနိုင်သည်ဟုဆိုသည်။ ထို့အပြင်မွေးမြူရေးဝက်များမှာလည်း လျှော့ချမွေးမြူနိုင်၍ ဈေးနှုန်းတက်နိုင်ကြောင်း ဦးလှိုင်မြင့်ဦးက ပြောသည်။

"မိုးတွင်းကာလရောက်ရင်တော့ နှစ်တိုင်းဝက်သားဈေးကတက်လေ့ရှိတယ်" ဟု ဒေသခံဝက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကလည်း ပြောသည်။

ရန်ကုန်မြို့တွင်းရှိ အသားတိုး ကြက်အရှင် ခြံဖမ်းဈေးမှာ ဧပြီလကုန်ပိုင်းတွင် တစ်ပိဿာလျှင် ၃,၈၀၀ ကျပ်ဖြစ်ခဲ့ပြီး သင်္ကြန်ကာလက တစ်ပိဿာလျှင် ၄,၁၅၀ ကျပ်အထိ ဖြစ်ခဲ့သည်။



ဓာတ်ပုံ - လမင်းနိုင်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် တစ်ပိဿာလျှင် ၄,၄၀၀ ကျပ်နှင့် ထားဝယ်မြို့တွင် တစ်ပိဿာလျှင် ၅,၀၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ ကြက်ဥဈေးနှုန်းမှာ ၁၀ လုံးတစ်ကတ်လျှင် ၁,၄၀၀ ကျပ်ဖြစ်ခဲ့သည်။ အသားတိုး ကြက်သားပေါက်ဈေးနှုန်းမှာလည်း တစ်ကောင်လျှင် ၉၄၀ ကျပ်အထိ ဈေးမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်သင်္ကြန်ကာလအတွင်း ဒေသဝက်အရှင်ခြံဖမ်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃,၀၅၀ ကျပ်၊ ၃,၁၀၀ ကျပ်သို့တက်ခဲ့ရာမှ ယခုအခါ ၂,၈၀၀ ကျပ်ရှိနေသည်။ မွေးမြူရေးဝက်မှာ ကတ္တားချိန်အရှင်တစ်ပိဿာလျှင် ၃,၅၀၀ ကျပ်မှ ယခုအခါ ၃,၄၀၀ ကျပ် ဈေးနှုန်းဖြစ်နေကြောင်း သတင်းရရှိသည်။

## စာ(၃၃) - အရှေ့အလယ်ပိုင်းသို့ ရေထွက်ကုန်တင်ပို့သူများ ဝယ်သူကတိဖျက် ဒေါ်လာသန်းချီဆုံးရှုံး မှ

ယခုကဲ့သို့ အမေရိကန်ဒေါ်လာသန်းဂဏန်းဆုံးရှုံးလိုက်ရခြင်းမှာ သတ်မှတ်ထားသော ပြည်ပတင်ပို့မှုစနစ်နှင့် လက်တွေ့ကျင့်သုံးနေကြရသော စနစ်မတူသောကြောင့်လည်းဖြစ်ရကြောင်း ဦးထွန်းအေးက ပြောသည်။

"ကိုယ့်နိုင်ငံက အက်ဖ်အိုဘီပဲသုံးနေပြီးလက်တွေ့မှာစီအိုင်အက်ဖ်နဲ့ရောင်းနေရတာမို့ နိုင်ငံအနေနဲ့ တရားစွဲရင်လည်း ရှုံးမှာပဲလို့ စင်ကာပူက ရှေ့နေကပြောတယ်" ဟု ၎င်းက ပြောသည်။

မြန်မာ့ထွက်ကုန်များအား ပြည်ပသို့တင်ပို့ရာတွင် အက်ဖ်အိုဘီ (Free on board) စနစ်ဖြင့်သာ ခွင့်ပြုထားသည်။ ထို့ကြောင့် သတ်မှတ်ဆိပ်ကမ်းရှိ သင်္ဘောလက်ရမ်းပေါ် ကျော်လွန်သည်အထိ ကုန်ပစ္စည်းများအား လွှဲပြောင်းပေးအပ်ပြီးပါက မိမိတာဝန်ကျေသည်။ ထိုအခါ ဝယ်သူမှ လွှဲပို့လိုက်သည့် တီတီ(Telegraph Transfer)ငွေကို ထုတ်ယူနိုင်သည်။ သယ်ယူပို့ဆောင်ရေးပမ်ညာဉ်နှင့် အာမခံကိစ္စပမ်ညာဉ်အတွက် ရောင်းသူမှ တာဝန်မရှိပေ။

"သင်္ဘောပေါ် အရောက်ပဲ ရောင်းတဲ့ဈေးအစား နိုင်ငံအရောက် ရောင်းတဲ့ဈေးအထိ လျှော့ချပြီး ရောင်းလာကြရတယ်"ဟု ၂၀၁၁ ခုနှစ် ဇန်နဝါရီက ရေထွက်ပစ္စည်းပြည်ပတင်ပို့ကုန် အရည်အသွေး စစ်ဆေးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေထွက်ကုန်တင်ပို့သော လုပ်ငန်းရှင်များသည် ဘဏ္ဍာနှစ်အလိုက် တာဝန်ပေးအပ်ခံထားရသော လျာထားချက်ငွေ ပြည့်မီရေးနှင့် မိမိတို့လုပ်ငန်းရပ်တန့် မသွားရေးအတွက် ဝယ်ယူသည့်နိုင်ငံအရောက် စရိတ်၊ အာမခံနှင့် ပို့ဆောင်ခကျခံရသော စီအိုင်အက်ဖ်(Csot Insurance and Freight) စနစ်ဖြင့် ရောင်းနေကြရခြင်းဖြစ်သည်။

ထိုအခါ ရောင်းချပြီးသော ကုန်ဖိုးငွေအပြည့်မှာ ရက်ပေါင်း ၆၀ ခန့်မှသာရလေ့ရှိသည်။ ဆယ်ရာခိုင်နှုန်းအခွန်ငွေမှာမူ အက်ဖ်အိုဘီစနစ်အတိုင်း မိမိဆိပ်ကမ်းမှ သင်္ဘောခွာပြီးပါက ဝင်ငွေတီတီထဲမှ ဆောင်ကြရသည်။

အထက်ပါကဲ့သို့ အလားတူဖြစ်ရပ်များထပ်မံမပေါ်ပေါက်စေရန် မည်သို့ဆောင်ရွက်ကြရမည်ကို ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များညှိနှိုင်းတိုင်ပင်သင့်ကြောင်း ရေလုပ်ငန်းပညာရှင်တစ်ဦးက ပြောသည်။

မည်ကဲ့သို့ အခက်အခဲများကြုံတွေ့ခဲ့ရစေကာမူ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်းတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅၅ ဒသမ ၅၁၅ သန်းရရှိခဲ့သည်။ ထို့ကြောင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်မှလွဲ၍ ပြီးခဲ့သော ငါးနှစ်တာအတွင်း ဒုတိယဝင်ငွေ အများဆုံးနှစ်ဖြစ်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သတင်းထုတ်ပြန်သည်။









7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# 7DAY BOOK REVIEW

## ချစ်ဆိပ်ရည် သင့်သူများ
(ဒေါက်တာဝင်းဆွေ)




Family မဂ္ဂဇင်းတွင် ၂၀၀၉ ခုနှစ်စက်တင်ဘာလမှ လစဉ်ရေးသားထားသည့် ဒေါက်တာဝင်းဆွေ၏ ပြင်ပဆရာဝန်၊တပ်မတော်ဆေးမှူး၊ ထောင်ဆရာဝန်၊ စိတ်နှင့်မူးယစ်ဆေးရောဂါကုဆရာဝန်၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်(UNDCP)တွင်အမျိုးသားအကြံပေးအရာရှိအဖြစ်ဆောင်ရွက်ခဲ့မှုစသည့်နှစ်ပေါင်း၄၀နီးပါးအတွင်း ကိုယ်တိုင်ကြုံတွေ့ကုသပေးခဲ့ရသည့်စိတ်ပိုင်းဆိုင်ရာဝေဒနာရှင်များ၏ဖြစ်စဉ်နှင့်ခံစားချက်များအကြောင်း ဝတ္ထုတိုများအဖြစ်စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

ဆရာဝန်များကိုယ်တိုင်ရေးသားသည့် ဆေးလောကအတွေ့အကြုံများကိုဝတ္ထုဆောင်းပါး၊ဖြစ်ရပ်မှန်စသဖြင့် ဖတ်ဖူးကြသော်လည်းလူတို့သည်စိတ်နှင့်ပတ်သက်၍ ခံစားထိခိုက်လွယ်၍ အစွန်းရောက် အခြေအနေများအထိပြောင်းလဲတတ်ကာ စွဲလမ်းတက်မက်ခြင်းတဏှာ'အချစ်'မှအဆိပ်ဖြစ်ကာအဆိပ်သင့်ရမှုများကို'ချစ်ဆိပ်ရည်သင့်သူများ'ခေါင်းစဉ်ဖြင့် ဝတ္ထုတစ်ပုဒ်ချင်းအလိုက် စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်ရေးသားထားသည်ကိုဖတ်ရှုရမည်ဖြစ်သည်။ လူ့အပြုအမူ၊ လူ့စိတ်အရည်အသွေးပြည့်ဝရေးတို့အတွက် လုပ်ဆောင်နိုင်ဖွယ်များ အကြံပြုရေးသားထားသည်ကိုလည်း တွေ့ရသည်။ လူမှုရေးနယ်ပယ်တွင် အထင်ကရဖြစ်သော ဆက်ဆံရေးညှိယူမှု၊ မိသားစုဘဝ၊ အိမ်ထောင်ရေးညှိယူမှု၊ အိမ်ထောက်ဖက်ရွေးချယ်မှုတို့တွင် သတိထားသင့်သည်များကို ဖတ်ရှုနိုင်မည်ဖြစ်သည်။

စာဖတ်သူတို့၏ သိလိုစိတ်ကို နှိုးဆွနိုင်မည့်ထူးခြားခေတ်မီသော ခေါင်းစဉ်များအဖြစ် OCD အချစ်၊ အချစ်ဝတ်သူနှင့်မချစ်တတ်သူယောက်ျားချစ်ဆေးတမ်းတခဲ့သူလေး၊ တစ်ဖက်သတ်ချစ်သူ၊ ကျီးမိုက်နှင့်မြို့ဂေါ်လီ၊ မိဖြူရဲ့မာယာ၊ ချစ်လွန်းလို့နစ်မွန်းသူများ၊ အချစ်မျဉ်းပြိုင်များ၊ အရိုးကွဲလို့ အသည်းစွဲသူနှင့်အသည်းကွဲသူ၊ မဖြတ်သင့်သောဖြတ်လမ်းကလေးများ၊ အင်တာနက်ချစ်သူစသဖြင့် စွဲလမ်းခြင်းကြောင့်ဖြစ်ရသည့်ခေတ်ပေါ်ရောဂါအကြောင်းအပါအဝင်ဝတ္ထုအပုဒ် ၂၀ ခန့် ဖတ်ရှုရမည်ဖြစ်သည်။

ချစ်ဆိပ်ရည် သင့်သူများ ဖတ်ရှုပြီးသည်နှင့်စိတ်ကျန်းမာရေးသည်လူတစ်ဦးတစ်ယောက်၏ ဘဝအတွက်လွန်စွာအရေးကြီးသည်ကိုနားလည်သဘောပေါက်လာမည်ဖြစ်သည်။ သာယာစိုပြည်သည့် လူမှုအဖွဲ့အစည်းဖန်တီးတည်ဆောက်နိုင်ဖို့ရာလူ့ပတ်ဝန်းကျင်အနေအထားများ အရေးပါပုံကိုလည်းတွေ့မြင်ရမည်ဖြစ်သည်။ တစ်စုံတစ်ခုကို သိနေ၊ တွေ့ကြုံနေ၊ ခံစားနေရသော်လည်း တစ်ဦးတည်းကြိတ်ကာမပြောဝံ့၊မတိုင်ပင်ဝံ့ဘဲ အခက်အခဲကိုစိတ်ထဲသိမ်းထားရာမှ ဖိစီးမှုများကာ မဖြစ်သင့်၊ မဖြစ်ထိုက်သည်များဖြစ်တတ်သဖြင့် စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်ပွင့်ပွင့်လင်းလင်းဆွေးနွေးသင့်ကြောင်း အသိကိုလည်း ရရှိကြမည်ဖြစ်သည်။

ခန္ဓာကိုယ်ကျန်းမာသလိုလန်းဆန်းကျန်းမာနေဖို့လိုအပ်သည့် စိတ်နှင့်ပတ်သက်သည့် လူတိုင်းမသိနိုင်သောစိတ်၏အတွင်းသဘောအပြောင်းအလဲများကို ချစ်ဆိပ်ရည်သင့်သူများမဖြစ်ရလေအောင် စာဖတ်သူကိုယ်တိုင် သုံးသပ်စဉ်းစားခြင်းဖြင့် အသိဉာဏ်၊ အတွေးအခေါ် ကောင်းများရနိုင်သဖြင့် ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။

Family စာပေတိုက်မှတန်ဖိုး ၃,၀၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### နိုင်ငံရပ်ခြားမှာ ဓာတ်မတည့်စာတွေမစားမိစေဖို့လုပ်ဆောင်ပေးမယ့်အရာ

မိမိနှင့်ဓာတ်မတည့်သောအစားအစာများ၊ ရှောင်ရှားလိုသောအစားအစာများကို နိုင်ငံရပ်ခြားခရီးသွားစဉ် စိတ်ချလက်ချရှောင်ကြဉ်စားသောက်နိုင်ရေးအတွက် ဓာတ်မတည့်သည့်အစားအစာများစာရင်းကို နိုင်ငံအလိုက် ဘာသာပြန်ဆိုကာယူဆောင်နိုင်ပြီဖြစ်သည်။ အဆိုပါအစားအသောက်စာရင်းကို Food Allergy Translation Cards ဟူ၍ အကြွေးဝယ်ကတ်အရွယ်အစားကတ်ငယ်များဖြင့် တစ်ဦးချင်းစီအတွက်သွားမည့် နိုင်ငံများ၏ဘာသာစကားအလိုက် လွယ်ကူစွာယူဆောင်နိုင်ရန် ဆောင်ရွက်ထားသည်။ အစားအသောက်များအတွက် ဘာသာပြန်ဆိုဆောင်ရွက်မှုကို www.allergytranslation.com ဝက်ဘ်ဆိုက်တွင်လုပ်ဆောင်နိုင်ပြီး ဓာတ်မတည့်သည့်အစားအစာအမျိုးပေါင်း ၁၇၅ မျိုးနှင့်ဓာတ်စာ ၁၁ မျိုးကျော်ကို ဘာသာစကားပေါင်း ၂၀ ကျော်ဖြင့် ဘာသာပြန်ဆိုယူဆောင်သွားနိုင်သည်ဟု သိရသည်။

*—Source: Reader's Digest*

## တစ်ပတ်တာကံကြမ္မာ

မေ ၄ ရက် မှ ၁၀ ရက် အထိ

စံတော်ကြီး

### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ကောင်းမယောင်နှင့် ဆိုးသောရက်များဖြစ်သည်။ ငွေချေးကဆုံးတတ်သည်။ မိသားစုအတွက် အချိန်ပေးနေရမည်။ အချိန်ကုန်ခံပြီးဆောင်ရွက်ထားသည်များမှ အကျိုးမရ။ ထူးထူးခြားခြား ငွေဝင်ခြင်းများ၊ ကိစ္စများအဆင်ပြေခြင်း ရှိမည်။ သူတစ်ပါးကြောင့် နှောင့်နှေးသောအကြံအစည်များအဆင်ပြေမည်။ မိမိအပေါ် ဒုက္ခပေးသော သူများနှင့် တွေ့မည်။ မိဘကျန်းမာရေးချူချာမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အပြောင်းအလဲရှိမည်။ တိုးတက်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ဖြစ်ရပ်ဆန်းများကြုံမည်။ အပြောအဆိုပါးနပ်ပါ။ ခက်ခဲသောအနှောင့်အယှက်များကို အကြံကောင်းနှင့် ဖြေရှင်းနိုင်မည်။ အိမ်တွင်လုပ်ငန်းမရှိသူ လုပ်ငန်းရလုပ်ငန်းရှိသူတိုးတက်မည်။ တစ်ပါးသူလက်ရောက် မိမိပိုင်၊ မိသားစုပိုင်ပစ္စည်းများလက်ဝယ်ပြန်လည်ရရှိမည်။ လူမျိုးကွဲနှင့် တိုက်ရိုက်ဆက်ဆံလုပ်ကိုင်အကျိုးပေးမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ဆောင်ရွက်သော ကိစ္စ၊ လုပ်ကိုင်သော အကြောင်းအရာ မှန်သမျှ ထူးခြာတိုးတက်မှုရရှိမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ အလုပ်ရှာခြင်း၊ပညာသင်တန်းကိစ္စဆောင်ရွက်ခြင်းများ အထူးကောင်းမွန်မည်။ မေတ္တာရေးကံကောင်းမည်။ လူချစ်လူခင်ပေါမည်။ လုပ်သမျှလူသိထင်ရှားဖြစ်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပြည်ပခရီးကံပွင့်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အရာရာသတိနှင့်ယှဉ်ပြီး လုပ်ကိုင်ရမည်။ လူမျိုးကွဲ လူမျိုးခြား အကျိုးပေးမည်။ အပျက်အစီး၊ အပျောက်အရှများခြင်း၊ ကုန်ကျစရိတ်ကြီးမြင့်ကြီးများ ကြုံတတ်သည်။ သိမ်းဆည်းစုဆောင်းထားသော ငွေများ ဒလဟောထွက်မည်။ တစ်ပါးသူပေးသော ကတိကို ယုံစားမိသောကြောင့် စိတ်သောကဖြစ်ရမည်။ ပျိုရွယ်သူများအချစ်မှာ ဆုံးဖြတ်ချက်မှားတတ်သည်။ အပြောင်းအလဲသစ်များ လုပ်ငန်းခွင်တွင်ကြုံကလက်ခံပါ။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ရည်မှန်းချက်အောင်မည်။ အလုပ်အကိုင်၊ စီးပွားတိုးတက်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ကြန့်ကြာနေသည်များ ပြန်ရမည်။ ရုတ်တရက်ဆုံးဖြတ်လုပ်ကိုင်ခြင်းမှ အောင်မြင်မှုရရှိမည်။ ခက်ခဲသောကိစ္စများ စနစ်တကျလုပ်ကိုင်တိုးတက်မည်။ အခက်အခဲများ ကျော် လွှားနိုင်မည်။ မိမိအပေါ် ကောင်းသောအထောက်အကူပေးသောသူများနှင့်တွေ့မည်။ ပျိုရွယ်သူများ မေတ္တာရေးကံကောင်းမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

မှန်းသည်နှင့် လက်တွေ့ကွာဟမည်။ စိတ်ကူးထားသည်များ သတိနှင့် ယှဉ်ပြီးဆောင်ရွက်ရပေမည်။ လုပ်နေသည့်ကိစ္စများကြန့်ကြာမှုရှိပါက ဖြတ်လမ်းမှဖြစ်စေ၊ လမ်းကြောင်းလွှဲ၍ဖြစ်စေ လုပ်ခြင်းမပြုရ။ ထိုသို့ပြုက ပိုမိုခက်ခဲခြင်း၊ အဆင်မပြေခြင်း ဖြစ်ပေါ်မည်။ အခြေအနေအပေါ် သတိနှင့်ယှဉ်၍ စနစ်တကျလုပ်ကိုင်ပါမှ ပိုမိုအဆင်ပြေသော အနေအထားသို့ရောက်ရှိမည်။ ပညာရေး ကံကောင်းမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အယူအဆကွာခြားသော သူများနှင့်တွေ့မည်။ အခက်အခဲများ ထိပ်တိုက်ရင်ဆိုင်ပြီးမှ အလိုရှိရာ ရောက်ရှိမည်။ အလွယ်တကူရသည်ဟူ၍ မရှိ။ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရာတွင် မူလတစ်ကြိမ်တစ်ခါမှ လက်တွဲဆောင်ရွက်ဖူးခြင်း မရှိသည့် မိတ်ဆွေသစ်များနှင့် ပူးပေါင်း၍ အကျိုးကောင်းစွာရရှိမည်။ ခက်ခဲသော ပြဿနာများကို ဖြေရှင်းနိုင်သော အခြေအနေကောင်းနှင့် ကြုံမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အပြောင်းအလဲများဖြစ်မည်။ အခွင့်အရေးအသစ်များ ပေါ်ပေါက်မည်။ ကြန့်ကြာနေသည်များ အလုံးစုံပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ မင်္ဂလာရှိသော စကားများ ပြောရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ကျန်းမာရေးဂရုစိုက်ရမည်။ ပျိုရွယ်သူများ မေတ္တာရေးကံကောင်းသည်။ စီစဉ်ထားက အောင်မြင်မည်။ ပညာရေးနှင့်ပတ်သက်သော ကံအထူးကောင်းမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

အလုပ်အကြံအစည်အောင်မြင်ခြင်း၊ ငွေကြေးကံကောင်းခြင်းရှိမည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ မိမိရည်စူးဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်ရရှိမည်။ မေတ္တာရေးကံ အထူးကောင်းနေသည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ တည်ငြိမ်အေးချမ်သော မေတ္တာရေးပေါ် မည်။ ပဋိပက္ခဖြစ်ပြီးခိုက်ရန်ဖြစ်ပြီးမှ ပြေငြိမ်းမည်။ မြှုပ်နှံလိုက်သော ငွေကြေးမှ အကျိုးကောင်းခံစားရမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ကောင်းသော အပြောင်းအလဲများရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ကြုံတွေ့နေရသော ပြဿနာများ ကျော်လွှား၍ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ အကြီးအကဲအမျိုးသမီးဆွေမျိုးများ၏ ကျန်းမာရေးအတွက် စိတ်ပူပင်ရမည်။ အကုန်အကျ၊ အပျောက်အရှများတတ်သည်။ စကားမှားခြင်းကို အခြေခံ၍ ပဋိပက္ခဖြစ်မည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ကံအခွင့်အလမ်းနှစ်မျိုးတစ်ပြိုင်တည်းပေါ်မည်။ အနှောင့်အယှက်အားလုံးကို ကျော်လွှား၍ အဆင်ပြေမှုများဖြစ်ပေါ်စေမည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်ရန်သင့်သည်။ မိမိအားနှောင့်ယှက်သူများ ဒုက္ခပေးသူများအပေါ် ဖယ်ရှားနိုင်မည်။ ထူးခြားသည့် အပြောင်းအလဲများလည်း အခိုင်အမာဖြစ်ပေါ်မည်။ အရပ်ဝေးနှင့် ဆက်သွယ်လုပ်ကိုင်အောင်မြင်မည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

ပြဿနာဟောင်းများ ဖြေရှင်းရမည်။ အတိုက်အခံကြားမှ တိုးတက်မှုကို ဖန်တီးရမည်။ အလွယ်တကူ ဖြစ်ခြင်းမရှိ။ ရန်နှင့်ယှဉ်ပြီး ဆောင်ရွက်ရမည်။ အိမ်တွင်းရေး၊ လူမှုရေး၊ အနှောင့်အယှက်များကြားမှ တိုးတက်မှုရမည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ အလွန်စန်းပွင့်မည်။ လူချစ်လူခင်ပေါမည်။ ရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသောအကျိုးအမြတ်များ ရရှိမည်။ ပညာရေးကံကောင်းမည်။

7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011



# ၂၅ နှစ်တိုင်ခဲ့ပြီ

ကြည်နေဝင်းမင်း

နာတာလီယာမန်ဇူဂိုဗာ(၅၉ နှစ်)သည် ၁၉၈၆ ခုနှစ် ဧပြီလ ၂၆ ရက် ယူကရိန်းပြည်နယ် ချာနိုဘိုင်းလ်နျူကလီးယားစက်ရုံပေါက်ကွဲမှုဖြစ်ပေါ်ပြီး ၉ ရက်အကြာ ချာနိုဘိုင်းလ် စက်ရုံသို့ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် စက်ရုံမှ ထွက်ပေါ်လာသည့် ဓာတ်ရောင်ခြည်များမှာ ဥရောပတစ်ဝန်းပျံ့နှံ့နေခဲ့ပြီ ဖြစ်သည်။

ထိုအချိန်တွင် ချာနိုဘိုင်းလ် နျူကလီးယား ဓာတ်အားပေးစက်ရုံအမှတ် (၄) မှ ဓာတ်ရောင်ခြည်ပမာဏမည်ရွေ့မည်မျှထုတ်လွှတ်ခဲ့သည်ကို သူမနှင့် အခြားကျွမ်းကျင်ပညာရှင်များပင် မသိရှိနိုင်ခဲ့။

ချာနိုဘိုင်းလ် နျူကလီးယားပေါက်ကွဲမှု ၂၅ နှစ်မြောက်နှစ်ပတ်လည်ချိန်တွင် နာတာလီယာသည် ဟောပြောပွဲများ ပြုလုပ်နေသည်။ နျူကလီးယားစွမ်းအင်မှ ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲအကျိုးဆက်များကို လူအများသတိပြုမိလာရန် ရည်ရွယ်သည်။ မတ်လတွင် ဂျပန်နိုင်ငံ ဖူကူးရှီးမား စီရင်စု၌ ဖြစ်ပေါ်ခဲ့သည့် နျူကလီးယား ဘေးဒုက္ခကလည်း နျူစွမ်းအင်၏ ဘေးအန္တရာယ်ကြီးပုံကို တစ်ဖန်ပြန်လည်မီးမောင်းထိုးပြနေသည်မဟုတ်ပါလား။

နျူကလီးယား အင်ဂျင်နီယာတစ်ဦးဖြစ်သူ နာတာလီယာသည် ရုရှားပြည်နယ် (ယခုရုရှားနိုင်ငံ) အိုဇာ့က်ရှိ ၎င်း၏ အလုပ်မှနေ၍ ချာနိုဘိုင်းလ်သို့ ဆင့်ခေါ်ခံခဲ့ရခြင်းဖြစ်ပြီး ချာနိုဘိုင်းလ်ဒေသပတ်ဝန်းကျင် ဓာတ်ရောင်ခြည်ပျံ့နှံ့မှု၏ သက်ရောက်မှုများကို လေးနှစ်ခွဲကြာ လေ့လာရင်းရှင်းလင်းရေးလုပ်ဆောင်သည့်အလုပ်သမားများကိုလည်း ကူညီပေးခဲ့သည်။

ဘေးအန္တရာယ်ဇုန်တွင် ရက် ၂၀ ကြာအလုပ်လုပ်ပြီး ၁၀ ရက်ကြာအိမ်ပြန်နားသည်။ ဘေးထွက်ဆိုးကျိုး အများအပြားခံစားရသည်။ "ဆိုးဆိုးဝါးဝါး ခေါင်းကိုက်တာတွေ ခံစားရပြီး နှာခေါင်းထဲကသွေးတွေ စီးကျတယ်" နာတာလီယာက ပြောပြသည်။ နောက်ပိုင်းတွင် သူမ၌ သိုင်းရိုက်ကင်ဆာဖြစ်ပွားနေကြောင်းတွေ့ရှိခဲ့သည်။ ချာနိုဘိုင်းလ်တွင် လုပ်ကိုင်ခဲ့ခြင်းကြောင့်ဟု သူမက ဆိုပါသည်။

ချာနိုဘိုင်းလ်စက်ရုံအား ရှင်းလင်းရင်း ဓာတ်ရောင်ခြည်များနှင့်ထိတွေ့ခဲ့ရာမှ ရောဂါရသွားသူမည်မျှရှိသည်၊ မည်သည့်ရောဂါများ ရရှိသွားသည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ပြောခွင့်ရ ပုဂ္ဂိုလ် ဂရီဂိုရီဟာတယ်ကမူ ချာနိုဘိုင်းလ် ဘေးဒုက္ခဒဏ်ခံစားခဲ့ရသော ဒေသများတွင် သိုင်းရိုက်ကင်ဆာဖြစ်ပွားမှု ၆၀၀၀ ရှိသည်ဟု ပြောကြားပါသည်။

ကမ္ဘာ့အဆိုးဝါးဆုံး နျူကလီးယားမတော်တဆမှု ဖြစ်ပေါ်ခဲ့သည်မှာ ၂၅ နှစ်ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ကင်ဆာရောဂါဖြစ်ပွားမှု တိုးပွားနေဆဲဖြစ်သည်။ အီတလီနိုင်ငံ၏ ထက်ဝက်ခန့်ရှိသည့် စတုရန်းမိုင်ပေါင်းများစွာ ကျယ်ဝန်းသည့် မြေရေယာပေါ်တွင် ကန့်သတ်မှုများ ချမှတ်ထားရဆဲဖြစ်သည်။ ယင်းဘေးဒုက္ခကို အဆိုးဝါးဆုံး ခံစားခဲ့ရသည့်ယူကရိန်းနှင့် ဘီလာရုစ်နိုင်ငံတို့မှာလည်း ကုန်ကျစရိတ်များကို ဆက်လက်ကျခံနေရဆဲဖြစ်သည်။ ရှေ့လာမည့်နှစ်ပေါင်းများစွာလည်း ယင်းဒုက္ခကို ဆက်လက်ခံစားရမည့် အခြေအနေရှိသည်။



နိုင်ငံတကာမှ သိပ္ပံပညာရှင်များဖြင့် ပြုလုပ်ခဲ့သည့် လေ့လာချက်အသစ်တစ်ရပ်တွင်မူ ချာနိုဘိုင်းလ်စက်ရုံမှ ထွက်ပေါ်လာသည့် အိုင်အိုဒင်း ၁၃၁ ဟုခေါ်သည့် ရေဒီယိုသတ္တိကြွဓာတ်နှင့် ထိတွေ့ခဲ့၍ ယင်းပေါက်ကွဲမှုဖြစ်စဉ်က ကလေးအရွယ်(သို့မဟုတ်) ဆယ်ကျော်သက်အရွယ် ရှိနေသည့်လူငယ်များတွင် သိုင်းရိုက်ကင်ဆာများ ဆက်လက်ဖြစ်ပွားနေခြင်းဟု အဆိုပြုတင်ပြကြသည်။ ၁၉၈၆ ခုနှစ် ချာနိုဘိုင်းလ်ဒေသ၌ နေထိုင်ခဲ့သူများတွင် ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်ခဲ့ခြင်းမှာလည်း လျော့ပါးသွားသည့် အခြေအနေမရှိဟု သုတေသီများက ပြောကြားကြသည်။

ကုလသမဂ္ဂအဖွဲ့အစည်းရှစ်ခုအပါအဝင် ရုရှား၊ ယူကရိန်းနှင့် ဘီလာရုစ်နိုင်ငံတို့ပါဝင်ဆွေးနွေးခဲ့သည့် ချာနိုဘိုင်းလ်ဖိုရမ်၏ ခန့်မှန်းချက်အရ လူပေါင်း ၉၀၀၀ ခန့်မှာ ကင်ဆာရောဂါကြောင့် တဖြည်းဖြည်း သေဆုံးမည်ဟု ခန့်မှန်းကြသည်။ သို့သော် ယင်းအရေအတွက်ကို သိပ္ပံပညာရှင်အများအပြားက အငြင်းပွားကြပြီး အမှန်တကယ် ရောဂါဖြစ်ပွားမှုအရေအတွက် ထို့ထက်ပိုများသည်ဟု ၎င်းတို့က ဆိုပါသည်။

အငြင်းပွားမှု နည်းသည်မှာ ဘေးဒုက္ခကြောင့် ဖြစ်ပေါ်လာသည့် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးအကျိုးဆက်များခံစားရမှုဖြစ်သည်။ ယူကရိန်း၊ ဘီလာရုစ်၊ ရုရှားနိုင်ငံဒေသများပါဝင်သည့် စတုရန်းကီလိုမီတာနှစ်သိန်း ဝန်းကျင်တွင် နေထိုင်သူလူပေါင်း ငါးသန်းခန့်သည် အနည်းနှင့်အများ ဆိုသလိုဓာတ်ရောင်ခြည်များနှင့်ထိတွေ့ခဲ့သည်ဟုသတ်မှတ်ခဲ့ကြသည်။ လူပေါင်း ၃၃၀,၀၀၀ အား ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။



ချာနိုဘိုင်းလ်ဖိုရမ်တွင် ဆွေးနွေးချက်များအရ ယခုအခါ ၎င်းဘေးဒဏ်သင့်ဒေသများ၌ ဆင်းရဲမွဲတေမှု အခြေအနေအလွန်ဆိုးရွားနေပြီး ဆိုဗီယက်ယူနီယံဟောင်း၏ အခြားဒေသများထက် ပိုမိုဆိုးရွားသည်ဟု ဆိုပါသည်။

လူအမြောက်အမြားအား အတင်းအကျပ် ရွှေ့ပြောင်းပေးခဲ့ရခြင်းမှာလည်း စိတ်ဒဏ်ရာများ ရရှိစေခဲ့သည်။ နေရာသစ်တွင် အခြေချ နေထိုင်သူများအား လျော်ကြေးပေး၍ အိမ်ရာအသစ်များအခမဲ့ ဆောက်လုပ်ပေးခြင်းသည်ပင် ၎င်းတို့၏ စိတ်ဒဏ်ရာများကို အပြည့်အဝ မကုစားနိုင်ခဲ့။ လူအများအပြားမှာ အလုပ်လက်မဲ့ဖြစ်နေဆဲ။ လူ့အသိုင်းအဝိုင်းတွင် ၎င်းတို့အတွက် နေရာမရှိဟု ခံစားနေရဆဲ၊ ၎င်းတို့ဘဝကိုမထိန်းချုပ်နိုင်ဟုခံစားနေရဆဲ။ အချို့အသက်ကြီးပိုင်း ရွှေ့ပြောင်းနေထိုင်ရသူများဆိုလျှင်တစ်သက်လုံးနေရာသစ်တွင် နေသားတကျ မရှိတော့။

စီးပွားရေးအရ ကုန်ကျစရိတ်မှာလည်း မနည်းမနောပင်။ ယူကရိန်းနှင့် ဘီလာရုစ်နှစ်နိုင်ငံသည် ချာနိုဘိုင်းလ်နှင့်ပတ်သက်၍ သုံးစွဲရသည်မှာ တစ်နိုင်ငံချင်းစီအတွက် ကန်ဒေါ်လာ ၁၂ ဘီလီယံခန့်ရှိခဲ့ပြီ ဖြစ်သည်။ ၎င်းနိုင်ငံနှစ်နိုင်ငံအနေဖြင့် ယင်းဝန်ထုပ်ဝန်ပိုးကို တာရှည်ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့ဟု ဖိုရမ်တွင် ကြားနာကြရသည်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှာ ထိခိုက်ခံစားရမှု အများဆုံးဖြစ်နိုင်ပါသည်။ မြေဧက ၁ ဒသမ ၉ သန်း (၇၈၅,၀၀၀ ဟက်တာ) အားနှစ်ပေါင်းများစွာ ထွန်ယက်စိုက်ပျိုးခြင်း မပြုနိုင်ခဲ့။ နောက်ထပ် ဟက်တာပေါင်း ၇၀၀,၀၀၀ တွင် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ရပ်နားထားခဲ့ရသည်။ ဘေးသင့်ခဲ့ရာ ဒေသများတွင်လယ်ယာစိုက်ပျိုးရေး ပြန်လည်လုပ်ကိုင်ချိန်တွင်လည်း ဓာတ်မြေဩဇာနှင့် အခြားမြေဆီကြွယ်ဝစေသည့်ပစ္စည်းအများအပြားသုံးစွဲရသည်။ သီးနှံများထွက်ပေါ်လာသည့် အချိန်တွင်လည်း ဓာတ်ရောင်ခြည်သင့်ဒေသမှလာသည်ဟူသော အစွဲများကြောင့် လယ်သမားများမှာ ၎င်းတို့ထုတ်ကုန်များကို ရောင်းချရန် အခက်အခဲနှင့် ရင်ဆိုင်ကြရသည်။

ချာနိုဘိုင်းလ်နျူကလီးယား ဓာတ်အားပေးစက်ရုံပေါက်ကွဲမှု၏ အကျိုးဆက်များမှာ မီးခိုးမဆုံး၊ မိုးမဆုံးဟု ဆိုနိုင်ချိန်တွင် Green Peace International ကမကြာမီက ပြုလုပ်ခဲ့သော သုတေသနတွင် ယူကရိန်းနိုင်ငံသားများသည် လက်မခံနိုင်လောက်အောင် ဓာတ်ရောင်ခြည်သင့်မှု မြင့်မားသည့် အစားအသောက်များ စားသောက်နေကြရဆဲဟု ဆိုသောအခါတွင် . . . .။

*—Ref: USA Today, The Guardian*


closeup
အနားနီးလေ
ပိုဆွဲဆောင်နိုင်လေ...
Unilever
ကံကြမ္မာက သူတို့နှစ်ဦးကို
နောက်ထပ်ဆုံခွင့်ပေးပါဦးမလား ?
Close Up Memory
ဆက်ရန်ရှိသေးသည်...

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.7 · MAY 5, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 55,800 |
| Intel P4 Dual Core 2.7 (E 5400) Processor | 51,500 |
| Intel P4 Core i5 3.1GHz (1155,2400) Processor | 169,800 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 104,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 256,900 |
| **Motherboard** | |
| MSI G41M-P33/P23 (775) Motherboard | 51,500 |
| MSI H55M-E32 (1156) Motherboard | 80,300 |
| MSI P67A-GD55 (B3) (1155) Motherboard | 164,800 |
| ASUS P5G41T-MLX (775) Motherboard | 52,400 |
| ASUS P7H55-MLX (1156) Motherboard | 76,000 |
| Gigabyte G41MT-S2P Motherboard | 52,400 |
| Gigabyte H55M-S2V (1156) Motherboard | 83,700 |
| Gigabyte EP41-ES3G (775) Motherboard | 63,400 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 39,700 |
| 1 GB DDR2 (800) Kingston Memory | 18,600 |
| 2 GB DDR3 (1333) Kingston Memory | 21,100 |
| 4 GB DDR3 (1333) Kingston Memory | 38,900 |
| **Harddisk** | |
| 500 GB Seagate SATA | 39,700 |
| 1 TB Seagate SATA | 54,900 |
| 2 TB Seagate SATA | 84,500 |
| **PCI Express Card** | |
| MSI EN4670 1GB DDR3 PCI Express Card | 82,000 |
| MSI 8400GS 512MB PCI Express Card | 37,200 |
| MSI R5450 1GB DDR3 PCI Express Card | 46,500 |
| ASUS EAH 5750 Formula 1GB PCI Express Card | 125,100 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 45,600 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 50,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 72,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 33,800 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick Imation 16GB | 22,000 |
| Memory Stick Toshiba 4 GB (AH332) | 10,000 |
| Memory Stick HP 8 GB | 10,600 |
| Memory Stick Imation 8 GB | 12,000 |
| Memory Stick Adata 4 GB | 10,700 |
| Memory Stick Adata 4GB (AH332) | 8,500 |
| **UPS** | |
| SVC (600 VA) | 27,900 |
| SVC (1.2 KVA) | 54,100 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| STAR (650 VA) | 27,900 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 25,400 |
| ASUS DVD Writer (SATA) | 26,200 |
| HP DVD Writer (SATA) | 23,700 |
| **အိတ်ဆောင်တီဗီငှကအဘီတန်** | 160,000 |

Technoland ဆိုင်မှ ဧပြီလ (၃၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1" | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| SamSung | CS21C5/BCL | 115,000 |
| LG | 20F/BG | 118,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 25,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဧပြီ (၂၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၄ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီ(၂၉) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၀၀၀၀-၁၁၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁၀၀၀- ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၄၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁၆၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၈၀၀-၁၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဧပြီ (၃၀) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃၀၀၀-၃၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၆၀၀ |
| အာလူး | တစ်ပိဿာ | ၇၅၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၃၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၆၀၀-၁,၈၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၆၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၁၀၀-၁၈,၅၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃,၅၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၇၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၆၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၂၂,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၂,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဧပြီ( ၂၉)ရက်ကကြည့်မြင်တိုင်ဗဟိုစိပြင်ငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၅၀ |
| စူဂူကီး ဝက်ဂွန် R+ | - | ၁ဂ/၂ဂ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၉၅ |
| စူဂူကီး R- (2Way) | - | ၁ဂ/၂ဂ | ၁၅၀ ကျော် |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄ဂ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄ဂ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၂ | ၄ဂ | ၈၀၀ |
| နှစ်ဆန်းစူပါဆလွန်း | ၈၅ | ၅ဂ | ၁၇၀ |
| ပါဂျဲရို | ၉၇ | ၄ဂ | ၇၅၀ |

ဧပြီ (၃၀) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | April(23) | April (24) | April (25) | April (26) | April (27) | April (28) | April (29) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Octane ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Premier ဒီဇယ် | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ |

7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# သိအောင်ဖတ်မှတ်၊ လေ့လာခြင်းဖြင့်

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)

တစ်နေ့က ညပိုင်းမှာလမ်းထိပ်ကကလေးမတစ်ယောက် ကျွန်တော့်အိမ်ရောက်လာသည်။ ဘွဲ့ရတွေသာ လျှောက်ရသည့် PGDMA (မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာပညာရေး)သင်တန်း လျှောက်ချင်၍ သတင်းစာက ကြော်ငြာလာကြည့်ခြင်းပါ။

ညပိုင်းဆိုလျှင် စာကြည့်မျက်မှန်တပ်မှ စာဖတ်ရတာ တစ်ကြောင်း၊ ကိုရီးယားကားမှာ အာရုံငြိနေတာကတစ်ကြောင်းမို့ ကျွန်တော်က “အေး. . အဲဒီကြော်ငြာ ဖတ်မိတယ်။ သတင်းစာထဲမှာရှာကြည့်ကွာ”ဟု ထိုင်ရာမထပြောမိ၏။ သူငယ်မက “ဟုတ်ကဲ့”ဟုဆိုကာ ဆက်တီပေါ်က သတင်းစာတစ်စောင်ကိုဆွဲယူကာကြည့်သည်။ ဟိုလှန်၊ သည်လှန်လုပ်ကာ “တွေ့ပြီ” ဆိုပြီး ဖတ်လေ၏။ စိတ်ထဲသက်ာမကင်းဖြစ်သွားသော ကျွန်တော်က “ဟဲ့. . ကြော်ငြာတာ နည်းနည်းကြာသွားပြီနော်။ နင်ဖတ်တာ ဘယ်ရက်စွဲလဲ”ဟု မေးမိတော့ သူငယ်မက သတင်းစာမျက်နှာဖုံးပြန်လှန်ကြည့်ပြီး “မတ် ၁ ရက် ဆရာ”ဟုဆို၏။ သတင်းစာ စာရွက်တိုင်း ထိပ်ပိုင်းမှာ ရက်စွဲတပ်တာကိုသိပုံမရ။ သည်ကတည်းက ကလေးမ စာဗဟုသုတ နည်းပုံကိုကျွန်တော်ရိပ်မိသွား၏။

ကြော်ငြာကို သူဖတ်တာ အတော်ကြာ၏။ အမှန်တော့ သည်ကြော်ငြာ ယခုရက်ပိုင်းအတွင်း မဖတ်မိဟု ကျွန်တော်ထင်သည်။ သို့သော် သိပ်မသေချာ၍ အတပ်မပြောဝံ့ခြင်းဖြစ်၏။ ယခုသူဖတ်တာကြာပြီ။စည်းကမ်းချက်ကိုတွေ့ဟန်မတူ။ သည်ကတည်းက တစ်ခုခုလွဲနေပြီဆိုတာ သိလိုက်သော ကျွန်တော်က “ဟဲ့. . အရည်အချင်းသတ်မှတ်ချက်တွေက ထိပ်ဆုံးနားမှာပါ။ မတွေ့သေးဘူးလား”ဟု မေးလိုက်မှ သူငယ်မက တဟီးဟီးရယ်ပြီး “မဟုတ်ဘူးဆရာ၊ သမီးဖတ်မိတာ (၂၅၄) ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအကြောင်းကြီး”ဟု ဆိုလေသည်။

အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ လာမထုတ်သည့်ဆုများကို ရက်သတ်မှတ်ပြီး အမြန်လာထုတ်ရန် ကြော်ငြာကို PGDMA သင်တန်းကြော်ငြာထင်၍ ဖတ်မိသည်ဆိုသော ထိုဘွဲ့ရသူငယ်မကို ကျွန်တော်အံ့သြခြင်းကြီးစွာဖြင့် ကြည့်မိလေသည်။ ခေါင်းစဉ်ကအစ တခြားစီဖြစ်သောကြော်ငြာကိုပင် ကွဲပြားအောင်မသိပါချေတကား။

ကျွန်တော် မြန်မာစာသင်သော ဆယ်တန်းကလေးတွေကို “ဟေ့. . မင်းတို့ ဘာ ဘာသာတွဲယူလဲကွ”ဟုမေးကြည့်သည်။ သူတို့ ‘သိပ္ပံတွဲ’ဟုမဖြေ။ ‘ဆိုင်းယင့်’ဟု ခပ်တင်းတင်းဖြေကြသည်။ “ကဲ. . ဆိုင်းယင့်ကို စာလုံးပေါင်းပြပါဦး”မေးတော့ ဖြေကြတာက ‘scient’တဲ့။ “ဟုတ်ရဲ့လားကွာ” ဆိုတော့ သူတို့စပ်ဖြဲဖြဲ။ “science မဟုတ်ဘူးလား”ဆိုမှ သူတို့ ရှက်ရယ်ရယ်ကြသည်။ “ကဲ. . ဝိဇ္ဇာတွဲယူတဲ့သူတွေ၊ ဝိဇ္ဇာဘာသာတွဲကို ဘယ်လိုခေါ်လဲ”မေးတော့ ပိုဆိုးကုန်သည်။ ‘Art’ဆိုသော စကားလုံးကို သူတို့ကြားဖူးပုံပင်မပေါ်။ ဆယ်တန်းကလေးမပြောနှင့်၊ အထက်က ဘွဲ့ရကလေးမကိုပင် မေးကြည့်။ ပါးစပ်က B.A၊ B.Sc ပြောသာနေသည်။ B.A ဆိုတာ Bachelor of Art ကိုဆိုလိုကြောင်း၊ B.Sc ဆိုတာ Bachelor of Science ကိုဆိုလိုကြောင်းသိမည်မဟုတ်။ သည်လိုကလေးတွေ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အများကြီးရှိနေသည်။

သူတို့ကိုကြည့်ပြီး ကျွန်တော့်ခေါင်းထဲမှာ ‘ကိုယ်စီးတဲ့မြင်း အထီးမှန်း၊ အမမှန်းမသိ’ ဆိုသော စကားပုံလေးကိုသတိရမိ၏။ သည်ခေတ် ကလေးအများစု တကယ်ကို အထီးမှန်း၊ အမမှန်း မသိကြပါဆိုလျှင် ကျွန်တော့် စကားလွန်သွားမလားမသိ။

ကျွန်တော်သည် စစ်ဆေးရေးအဖွဲ့ဝင်မို့ အ. ထ. က၊ အ. လ. က ကျောင်းတွေကို လိုက်စစ်ရသည်။ အဓိက မြန်မာစာပေါ့။ ပထမဦးဆုံးစစ်တာက ဆရာ၊ ဆရာမများ၏ နေ့စဉ်မှတ်တမ်းနှင့် သင်နည်းမှတ်စုတွေဖြစ်သည်။ ဆရာ၊ ဆရာမပီသစွာ တိကျသေချာရေးကြသူက အနည်းစု၊ အများစုက ဖြစ်ကတတ်ဆန်းသာ ရေးကြ၏။ ထို့ကြောင့် မမှားသင့်သော အမှားတွေရေးတော့၏။

ဝါတွင်းကာလမှာ ‘ဥပုသ်’ ရက်ကို ‘ဥပုဒ်’ဟုရေး၏။ ‘ဥပုပ်’ဟု ရေးသူပင်ရှိသည်။ သူတို့ကိုယ်ရေးအကျဉ်းဖတ်လိုက်လျှင်ယူထားသည့်ဘွဲ့က B.A (Myanmar) တွေ။ အစက သူတို့ကိုခေါ်၍ “ဥပုသ် ဆိုတာဥပေါသထဆိုတဲ့ပါဠိစကားက လာတယ်။ လွယ်အောင်ပြောရရင် စိတ်အညစ်အကြေးစင်အောင် လျှော်ဖွပ်ခြင်းပေါ့။ ဒါကြောင့် ဥပုသ်လို့ရေးမှ မှန်တယ်”ဟုရှင်းပြသည်။ “ဟုတ်ကဲ့၊ ဟုတ်ကဲ့”ဟုစကားနည်းရန်စဲ ပြောသွား၏။ နောက်တစ်ခါ ပြန်စစ်လျှင် ‘ဥပုဒ်’ဟုရေးမြဲ။ ကြာတော့ ကျွန်တော်မရှင်းပြနိုင်တော့။

ဟိန္ဒူတို့ အထွတ်အမြတ်ထားသည့် ‘ဒီပါဝလီနေ့’ကိုလည်း ဆရာ၊ ဆရာမအားလုံးက ‘ဒေဝါလီနေ့’ဟု သာရေးကြ၏။ ကျွန်တော်က ဟိန္ဒူတွေက သတင်းကျွတ်လကွယ်နေ့ကို တစ်နှစ်လုံးမှာ အမှောင်ဆုံးနေ့လို့ယူဆပြီး အဲဒီညမှာ ဆီမီးထွန်းကြတယ်။ ဒါ တောင် ၁၄ ရက် လကွယ်တာ မယူဘူး။ ၁၅ ရက် လကွယ်တာပဲ ယူတယ်။ ၁၄ ရက်ကွယ်ရင်လည်း တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှာ မီးထွန်းကြတယ်။ ဒီပါ=ဒီပံ= ဆီမီး၊ အာဝလီ=စီတန်းထွန်းညှိခြင်းလို့ အဓိပ္ပာယ်ရတာမို့ ‘ဒီပါဝလီ’လို့ရေးမှမှန်တယ်။ ‘ဒေဝါလီ’ဆိုတာက လူမွဲကြေငြာတာကိုခေါ်တာ၊ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက်၊ လူအလိုက် ကြေညာတာရှိတယ်”ဟု အကျယ်ရှင်းပြလည်း ထူးမခြားနား။ “ဟောရင်းသာပျံ့လွန်တော်မူမည်။ ဆန်ဖြူဖြူတစ်ခွက်မှ ထွက်ပုံမပေါ်”ဆိုသလို ‘ဒေဝါလီနေ့’ဟုရေးမြဲ။

ဆရာ၊ ဆရာမ အများစု စိတ်ထဲ ခံယူထားသည်က ကိုယ်သင်သည့် ဘာသာရပ် ပိုင်နိုင်ဖို့ပင်။ ဘာသာရပ်ပိုင်လျှင် ကျူရှင်သင်လို့ရပြီ။ ကျူရှင်ရမှ ငွေရမည်။ ဗဟုသုတရှာလို့ ငွေရတာမဟုတ်။ စာပေဖတ်ရှုနေခြင်းဖြင့် အချိန်ကုန်သည်။ မိဘကလည်း ကိုယ့်ကလေးကို စာသင်တာပဲကြိုက်သည်။ ဤနည်းဖြင့် ပတ်ချာလည်ကာ ဆရာ၊ ဆရာမလည်း ဗဟုသုတကင်း(သိသူက ပြောတော့လည်း နားမထောင်ကြ) တပည့်လည်း အသိဉာဏ်နုံ့နဲ့ညံ့ဖျင်းတွေ ဖြစ်ကုန်ကြ၏။

မြန်မာတို့ အစဉ်အလာအရ ပြောဆိုကျင့်ကြံနေထိုင်ခြင်းကို မြန်မာမှုဟုခေါ်သည်။ ထိုမြန်မာမှုတို့ ယနေ့ခေတ်တိုင်အောင် တည်တံ့ခိုင်မြဲနေခြင်းမှာ စာနှင့် ပေနှင့် မှတ်တမ်းတင်ခဲ့ခြင်းကြောင့်ဖြစ်သလို၊ သက်ကြီးစကား သက်ငယ်ကြား ပုံစံဖြင့် နည်းယူဆင့်ပွားလာခဲ့ခြင်းကြောင့်လည်းဖြစ်သည်။ ယခုခေတ် ပညာတတ်အများစု၏ ပြင်ပစာလည်း မဖတ်၊ နည်းခံဆင့်ပွားခြင်းလည်း မရှိသည့်အပြုအမူများက မြန်မာမှုအထွေထွေ တည်တံ့မှုပျက်ယွင်းအောင် ဖန်တီးသကဲ့သို့ ရှိနေလေသည်။


အထက်တွင် ဆိုခဲ့သော ဥပမာအတိုင်း ကျွန်တော်တို့ပတ်ဝန်းကျင်တွင် ခပ်တည်တည်နှင့်သိချင်ယောင်ဆောင်၍ မသိသူ၊ မတတ်သူမည်မျှများသည်မသိ။ ခပ်တည်တည်နှင့် ဖြီးသူ၊ ဖြန်းသူများပြီး အတတ်ပညာကို အဆက်မပြတ်သင်ယူလိုသူနည်းလျှင် Open Minded ခေါ်သော စိတ်တံခါးဖွင့်ထားသူနည်းလျှင် ထိုလူမျိုး၌ အတတ်ပညာနှင့် အသိဉာဏ်ဖွံ့ဖြိုးမှုအားနည်းမည်။ ဘက်ပေါင်းစုံ ဝုန်းဒိုင်းကြဲတိုးတက်နေသောခေတ်၌ ထိုလူမျိုးယောင်လည်လည်နှင့် ကျန်ခဲ့တော့မည်မှာမလွဲ။

မိမိ၏ အမျိုးသားရေး ကိုယ်ခံအားနည်းလာလျှင် တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက်ခြင်းခံရမည်က ဓမ္မတာသဘောပင်။ လက်ရှိ ကျွန်တော်တို့ဝန်းကျင်တွင် ကြည့်လိုက်ပါ။ ထိုးဖောက်မှု အားကောင်းသော ကိုရီးယားယဉ်ကျေးမှုလွှမ်းမိုးခြင်းကို သိသိသာသာခံနေရ၏။ ဝတ်လျှင် ကိုရီးယားစတိုင်၊ စားလျှင် ကိုရီးယားအစားအစာ၊ နေတော့ ကိုရီးယားဓလေ့ဆိုသလိုဖြစ်လာနေ၏။ ပိုဆိုးတာက သူ့ယဉ်ကျေးမှုမှကောင်းတာကိုမယူ၊ မကောင်းတာ အတုခိုးတာများနေ၏။ မိန်းကလေးတွေ အဝတ်အစားလော်လီလာသည်။ မိန်းကလေးကစပြီး ချစ်စကား၊ ကြိုက်စကား ပြောလာကြသည်။ Living Together ပုံစံတွေချိုးလာကြ၏။ ရင်လေးဖွယ်ပင်။

ကိုယ့်ငါးချဉ်ကိုယ်ချဉ်သည်ဟု ပြောလျှင်လည်း ခံပါမည်။ ကျွန်တော်တို့ တိုင်းပြည်လောက် ဘာသာစကား၊ ယဉ်ကျေးမှု၊ သဘာဝသယံဇာတ ပြည့်စုံသော တိုင်းပြည် ကမ္ဘာမှာ အတော်ရှားသည်ဟုထင်သည်။ ဘိုးဘေးတို့၏ ကျေးဇူးကြောင့် နေရာကောင်းပိုင်ခဲ့သလို၊ ဘိုးဘေးစဉ်ဆက်က အမျိုးသားရေး ကိုယ်ခံအားကောင်းစွာ ထိန်းသိမ်း၊ စောင့်ရှောက်၊ ကာကွယ်ခဲ့၍ ယနေ့အထိ မြန်မာနိုင်ငံဟု ဂုဏ်တင့်ထည်ဝါနေခြင်းဖြစ်ပါသည်။

တို့ခေတ်ရောက်မှညံ့ကြတော့မလား။

သိအောင်ဖတ်၊တတ်အောင်သင်၊ မြင်အောင်ကြည့်ခြင်းဖြင့် သူများလုပ်ပြသမျှ အဟုတ်ကြီးထင်၊ အားကျ အတုခိုးနေသည့် ဘဝမှ လွတ်မြောက်အောင်ကြိုးစားကြပါစို့။ ။



## စာ(၂၆) ပါရဂူနှင့် မာန် မှ

ထိုအချိန်မှစ၍ မဂ္ဂဇင်းစာစောင်အသီးသီးတွင် ပါရဂူဆိုသော ကလောင်အမည်ဖြင့် ထင်ရှားလာသည်။ ဆရာပါရဂူသည် အပတ်တကုတ်စာတွေလှိုင်ဘောလည်အောင် ရေးသားနေစေကာမူ အသုံးအစွဲကျစ်လျစ်သည်။

ပရိသတ်၏ ကျယ်ပြန့်စွာအားပေးမှုကြောင့် စာအုပ်တိုက်များက အလုအယက် ထုတ်ဝေသမျှ စာမူခများကို သူ၏ငွေစုစာအုပ်ကလေးတွင် သိုမှီးစုဆောင်းခဲ့သည်။

သူ၏ငွေကြေးကို ထုတ်ယူသုံးစွဲရန် ဆရာ့တွင် ကိုယ်ရေးကိုယ်တာကိစ္စဟူ၍ ဘာမျှမရှိ။ သူ့ ခွေးနဲ့စာကို နောင်လာနောက်သားများအတွက် ရည်စူးကာ ‘ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်’အမည်ဖြင့်ပျိုးထောင်သည်။ စာကြည့်တိုက်တွင် ခန့်အပ်ထားသော ဝန်ထမ်းမိန်းကလေးများနှင့် လက်ရင်းတပည့် လူငယ်ကလေးတစ်ဦးအတွက် လစာမှန်မှန်ပေးနိုင်ရန် အသက် ၉၀ အရွယ် ကွယ်လွန်ချိန်အထိ စာမူတွေ ကုန်းရုန်းရေးသွားသည်။ ဤမျှ စွန့်လွှတ်အနစ်နာခံသော စာပေပညာရှင်ကြီးပါရဂူသည် ၉-၄-၂၀၁၁ ရက်နေ့ ကွယ်လွန်သွားချိန်တွင် သူ၏စာကြည့်တိုက် နှစ်ထပ်တိုက် အဆောက်အအုံအပြင် အများပြည်သူဖတ်ရှုနိုင်ရန် စာအုပ်စာတမ်းပေါင်း ငါးသောင်းကျော် အမွေချန်ထားရစ်သည်။

၁၉၆၀ ခုနှစ်တစ်ပိုက်ခန့်က ရန်ကုန်မြို့တွင်‘မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း’ဟူ၍ ဖွဲ့စည်းပေါ်ပေါက်ခဲ့သည်။ ထိုအသင်းကို အတိုကောက် ‘မြန်မာပြည့်’ဟူ၍ ခေါ်လေ့ရှိကြပြီး ဆရာကြီးဒဂုန်ဦးထွန်းမြင့်၊ ဆရာကြီးရန်အောင်၊ ဆရာဌေးမောင်၊ ဆရာမောင်ကြည်ရှင်၊ ဆရာလေးမြိုင်တို့နှင့်အတူ ဆရာပါရဂူလည်း ပါဝင်ထမ်းရွက်ခဲ့သည်။ စာပေဟောပြောပွဲများ စာအုပ်ထုတ်ဝေခြင်းများအပြင် မင်းလက်ဝဲအနော်ရထာ၊ အမျိုးသားပညာဝန်ဦးဖိုးကျားအထိမ်းအမှတ်စာပေအခမ်းအနားများကို ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိရာမာကရစ်ရှနာအသင်းတိုက်၌ခြိမ့်ခြိမ့်သဲသဲကျင်းပနိုင်ခဲ့သည်။ ဆရာပါရဂူငယ်စဉ် ရှင်သာမဏေဘဝက ဆရာကြီးဒဂုန်ဦးထွန်းမြင့် (ရှင်တေဇောသာရ) သည် ဆရာ့ကို စာဝါပို့ချသော စာချဆရာ ငယ်ဆရာဖြစ်ဖူးသည်။ မြန်မာပြန့်အသင်းတွင် ဆရာတပည့်အတူတကွ စာပေရေးရာလှုပ်ရှားမှုများ လက်တွဲထမ်းဆောင်နေသည်ကိုမြင်ရသောအခါ ကျွန်တော် အလွန်ပင်ကြည်နူးခဲ့ရသည်။ ထိုသို့ ကြည်နူးမိကြောင်းကိုလည်း စာရေးဆရာကြီးတစ်ဦးကို နှုတ်မှ ထုတ်ပြောမိသည်။

ထိုအခါ စာရေးဆရာကြီးက“မောင်ရင်က ပါရဂူအကြောင်း ဒီလောက်ပဲ သိတာကိုး။ ပါရဂူမှာ ဒီထက် ကြည်နူးစရာကောင်းတဲ့ လက်ဦးဆရာတစ်ယောက်ရှိသေးတာသိရဲ့လား”။ ကျွန်တော်က ပြောပြပါရန် စာရေးဆရာကြီးကို တောင်းပန်ရသည်။ “ပါရဂူမှာ မောင်ရင်တို့ မသိသေးတဲ့ တခြားဆရာတစ်ယောက်ရှိသေးတယ်။ သူ့ကို ဟိန္ဒီစာ စသင်ပေးတဲ့ဆရာပေါ့။ အဲဒါ ဘယ်သူလဲသိလား။ နွားနို့ပုံးကြီး ခေါင်းပေါ်ရွက်ပြီး ရန်ကုန်မြို့လယ်က လက်ဖက်ရည်ဆိုင်တကာကို နွားနို့လိုက်ပို့နေတဲ့ နွားနို့ကုလားကြီးကွ။ ကုလားကြီး နွားနို့လာပို့တတ်တဲ့ လက်ဖက်ရည်ဆိုင်မှာ ပါရဂူက သူ့ဆရာကို လာထိုင်စောင့်တတ်တယ်။ အဲဒါ ဟိုဆိုင်ပဲ”

သူညွှန်ပြရာသို့ ကျွန်တော် လှမ်းကြည့်မိသည်။ ရန်ကုန်မြို့လယ် မဟာဗန္ဓုလလမ်းနှင့် ၃၈ လမ်းထောင့်ရှိ မြေညီထပ်တိုက်ခန်း လက်ဖက်ရည်ဆိုင်ကလေးဖြစ်သည်။ ထိုဆိုင်ကလေးကို ကျွန်တော်မမေ့။ ဆိုင်ကလေးအမည် ‘ခရေ’ကို ကျွန်တော် ယနေ့တိုင် မှတ်မိနေဆဲ။ ။

Environment

7DAY NEWS JOURNAL

Vol.10, No.7 · MAY 5, 2011

# ငပလီကမ်းခြေအနီးရှိ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန်စီစဉ်

အိဖြူမွန်

**ရန်ကုန်၊ မေ - ၂၆**

ရခိုင်ပြည်နယ် ငပလီကမ်းခြေအနီးရှိ ကျေးရွာအချို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးလုပ်ငန်းများကို တစ်နှစ်လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အသင်းမှဒုတိယဥက္ကဋ္ဌဦးမောင်မောင်သိန်းဖေက ပြောသည်။

ယင်းစီမံကိန်းကို ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၊ Myanmar NGO Network, Environment Working Group တို့ပူးပေါင်း၍ လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



၂၀၀၁ သကြံန်ကာလတွင် ခရီးသွားများဖြင့် စည်ကားလျက်ရှိသော ငပလီကမ်းခြေ

ဓာတ်ပုံ - မြတ်စုမွန်

စီမံကိန်း ကာလတစ်နှစ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဟိုတယ်မှ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး အသိပညာပေးခြင်းများကို ကျေးရွာဒေသများတွင် လိုက်လံဟောပြောမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ငပလီကမ်းခြေအား သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ပေါ်ပေါက်လာစေရေးအတွက် ဒီရေတောများထိန်းသိမ်းခြင်း နည်းလမ်းတစ်ခုဖြစ်သော အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းများကိုလည်း လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခုအခါ ငှက်ပျောချောင်းဆည်၏ ရေဝေရေလဲဒေသတွင် သစ်တောပြုန်းတီးခြင်းကြောင့် ယင်းဆည်သည် ရေရရှိမှု လျော့နည်းလာကြောင်းသိရမည်။

ယင်းဆည်မှ ရေချိုများကို ငပလီဟိုတယ်များနှင့် စက်ရုံ၊ အလုပ်ရုံများ၊ သံတွဲမြို့ပေါ်အထိ ရေပေးဝေမှုရှိခဲ့ရာ နွေရာသီတွင် ရေချိုမလုံလောက်မှုရှိကြောင်းရေရှားပါးမှု လျော့နည်းစေရေးအတွက် သစ်တောများပြန်လည်ထိန်းသိမ်းခြင်းများကိုလည်း ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## Environment Cartoon



# သစ်တောသယံဇာတ ထိန်းသိမ်းရေးဆွေးနွေး

အိဖြူမွန်

**ရန်ကုန်၊ မေ - ၂၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒီရေတောအပါအဝင် သစ်တောသယံဇာတထိန်းသိမ်းရေးအတွက် သစ်တောထိန်းသိမ်းရေး နည်းလမ်းတစ်ခုဖြစ်သော (Reduction of Emission From Deforestion and Forest Degradation) REDD ကိုသစ်တောဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်း၍ ဒုတိယအကြိမ် ဆွေးနွေးခဲ့ကြောင်း ယင်းဆွေးနွေးပွဲတွင် လိုက်ပါသူတစ်ဦးက ပြောသည်။

REDD ကို ယခင်သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင်တာဝန်ထမ်းဆောင်စဉ် ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်နှင့် ပူးပေါင်း၍စတင်ခဲ့သည်။ ယခုဆွေးနွေးသည့် REDD သည် ပိုမိုအသက်ဝင်လာနိုင်ဖွယ်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းလုပ်ကိုင်နေသူအချို့က သုံးသပ်သည်။

"REDD ကိုလည်း ဆွေးနွေးကြတယ်။ ပြီးတော့ သစ်တောထိန်းသိမ်းရေးသင်တန်းနဲ့ စီမံကိန်းကိစ္စတွေရယ်၊ NCEA နဲ့ GEF (Global Environment Facility) က ရန်ပုံငွေပေးမယ့်ကိစ္စတွေပါ။ ပူးပေါင်းလုပ်ကိုင်ဖို့ ဆွေးနွေးဖြစ်တယ်" ဟု အထက်ပါဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သူတစ်ဦးက ထပ်မံပြောသည်။ တွေ့ဆုံဆွေးနွေးပွဲကို မေ ၈ ရက်တွင် နေပြည်တော်ရှိသစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးတွင်သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးဦးဝင်းထွန်းနှင့် UNDP ဌာနေကိုယ်စားလှယ် Mr.Bishow B. Parajuli တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

REDD အပြင် ယခုလက်ရှိသစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့လုပ်ဆောင်နေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များနှင့် စီမံကိန်းများ၊ သစ်တောထိန်းသိမ်းရေးဆိုင်ရာ သင်တန်းပို့ချရေးများကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေးအတွက် ရှမ်းပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ၁၉၉၆ ခုနှစ်နောက်ပိုင်း အစုဖွဲ့ပိုင်သစ်တောများ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်လာကြသည်။

# အရှေ့တောင်အာရှနိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆွေးနွေး

အိဖြူမွန်


**ရန်ကုန်၊ မေ - ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ပရေးရာဌာနမှ သံအမတ်က အရှေ့တောင်အာရှနိုင်ငံများ၏ အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူမှုအဖွဲ့အစည်းများနှင့် ပညာရှင်များအား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူမှုရေးအဖွဲ့များမှသတင်းရရှိသည်။

"ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းအကြောင်းတွေ၊ ကာဗွန်လျှော့ချမှုအကြောင်းတွေ ပြောသွားတယ်။ အိန္ဒိယသမ္မတနိုင်ငံအနေနဲ့ တွေ့ဆုံဆွေးနွေးတာတော့ ပထမဦးဆုံးလို့ပြောလို့ရပါတယ်။ မြန်မာနိုင်ငံနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မယ်ဆိုတာတော့ စောင့်ကြည့်ရမှာပါ" ဟု ယင်းဆွေးနွေးပွဲတက်ရောက်ခဲ့သူ သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းကပြောသည်။


သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနည်းလမ်းများ ဆွေးနွေးပွဲကိုနိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် အိန္ဒိယသံရုံးတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။





# ကျိုက္ခမီရေလယ်ဘုရားဝန်းကျင်ရှိ ဒီရေတောများကို ထိန်းသိမ်း



ဓာတ်ပုံ - စိုင်းသာအောင်

စိုင်းသာအောင်

**ကျိုက္ခမီ၊ မေ- ၂၁**

မွန်ပြည်နယ် ကျိုက္ခမီရေလယ်ဘုရားဝန်းကျင်ရှိ ဒီရေတောများအား ဘုရားဂေါပကအဖွဲ့က နှစ်စဉ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

၎င်းကဆက်လက်၍ "ပင်လယ်ဒီရေလှိုင်းဒဏ်ခံနိုင်ဖို့ ဒီရေတောတွေဟာအရေးကြီးပါတယ်။ ကျိုက္ခမီရေလယ်ဘုရားဝန်းကျင် ဒီရေတောတွေကိုထပ်မံစိုက်ပျိုးပြီး ထိန်းသိမ်းထားပါတယ်။ ဘုရားရဲ့ကမ်းစပ်ထိပ်ကညောင်ပင်ကြီးက နှစ်ပေါင်း ၉၉ နှစ်ရှိပါပြီ။ လာမယ့်နှစ်ဆိုရင် နှစ် ၁၀၀ ပြည့်ပါမယ်။ သီတင်းကျွတ်ဘုရားပွဲတော်နဲ့အတူ ဘုရားထိပ်ကညောင်ပင်ကြီး သက်တမ်း ၁၀၀ ပြည့်ပွဲတော်လည်းလုပ်ပါမယ်။ ဒီလိုညောင်ပင်ကြီးအသက်တစ်ရာပြည့်ပွဲတော်လုပ်တာဟာ သစ်တော၊သစ်ပင်ကို ချစ်ခင်တဲ့စိတ်နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမြတ်နိုးမှုစိတ်နဲ့ဆောင်ရွက်ဖြစ်တာပါ" ဟု ပြောကြားသည်။

Tourism
7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# အစိုးရအပြောင်းအလဲကြောင့် သင်္ကြန်ကာလ ပြည်တွင်းခရီးသွား စံချိန်တင်

ဒဲနစ်အောင်အောင်

ရန်ကုန်၊ မေ-၂၆

လွှတ်တော်ခေါ်ယူပြီး အစိုးရသစ်ဖွဲ့စည်းခြင်း၊ အာဏာလွှဲပြောင်းခြင်းများကြောင့် ပြီးခဲ့သည့်သင်္ကြန်ကာလအတွင်း ခရီးသည်များ စံချိန်တင်ရရှိခဲ့ကာ ခရီးသွားတစ်ရာသီလုံး ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်းများ အရှုံးပေါ်ခဲ့ခြင်းကို ပြန်လည်ဖာထေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ယခုနှစ်ခရီးသွားရာသီတစ်လျှောက်လုံးတွင် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားနေခြင်း၊ လူထုငွေသုံးစွဲနိုင်မှု လျော့ကျခြင်းနှင့် နိုင်ငံရေးအပြောင်းအလဲများကြောင့် ပြည်သူအများစုမှာ စိုးရိမ်စိတ်များ ဝင်ရောက်ခဲ့ပြီး ခရီးသည်များ လျော့နည်းခဲ့သည်ဟု ခရီးသွားလုပ်ငန်းများထံမှ သိရသည်။ ထိုအခြေအနေမှ သင်္ကြန်ကာလအတွင်းစံချိန်တင်ခရီးသွားများရရှိရခြင်းမှာ အစိုးရသစ်ဖွဲ့စည်းပြီးခြင်းကြောင့် နိုင်ငံအခြေအနေတည်ငြိမ်လာသည်ဟု လူအများစုက ယုံကြည်လာခြင်းနှင့် ၂၀၁၀ သင်္ကြန်ကာလအတွင်းဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် ရေမကစားဘဲ သင်္ကြန်ကာလအတွင်း ခရီးသွားသူများခြင်းများကြောင့်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်များကဆိုသည်။



ပုဂံမြို့ဟောင်းအတွင်းရှိ ဓမ္မရံကြီးဘုရားသို့ လာရောက်သော ပြည်တွင်းခရီးသွားများ
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"ခရီးသွားတွေက တစ်နှစ်လုံးက သိပ်မကောင်းဘူး။ လုံးဝမရတာမျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဒီသင်္ကြန်ကျမှ ပုံကျလာတယ်။ ခါတိုင်းနှစ် သင်္ကြန်ဆိုဂိတ်ကနေ ကားအစီးရေ ၂၆ စီးလောက်ပဲ ထွက်ရတာ။ ဒီနှစ် ၄၂ စီးထွက်ရတယ်။ တစ်နှစ်လုံးစာအတွက် သင်္ကြန်တစ်ခုတည်းနဲ့ပြန်ကာမိသွားတယ်" ဟု ရွှေကြေးစည်ဘုရားဖူးဂိတ်မှ ပိုင်ရှင်ဦးတင်ထွေးက ပြောသည်။

တစ်နှစ်ပတ်လုံး အခြားစီးပွားရေးလုပ်ငန်းများသာ လုပ်ကိုင်ခဲ့ပြီး သင်္ကြန်ချိန်တွင်သာ ခရီးစဉ်များ ပြေးဆွဲသော တစ်ပိုင်တစ်နိုင်လုပ်ကိုင်သော ရပ်ကွက်ဂိတ်ငယ်များမှာလည်း ယခုနှစ်တွင် ဘုရားဖူးဂိတ်ကားလေးစီး၊ ငါးစီးခန့် ပြေးဆွဲခဲ့ရသည်ဟု ဆိုသည်။

"တစ်နှစ်ပတ်လုံးအနေနဲ့ ခြုံကြည့်ရင်တော့ မများပါဘူး။ နိုဝင်ဘာတုန်းက မဲရွေးတာရယ်။ ပြီးတော့ မုန်တိုင်းတွေ ဘာတွေရှိခဲ့တာရယ် လူတွေက ခရီးမသွားခဲ့ကြရဘူး။ သင်္ကြန်ကျမှ စုပြုံသွားတဲ့ သဘောမျိုးဖြစ်တာပါ။ တစ်နှစ်လုံးခြုံကြည့်ရင်တော့ ဒါလေးက ကာဗာဖြစ်တာပေါ့" ဟု ရွှေအိုးစည်ဘုရားဖူးဂိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အောင်ရတနာဘုရားဖူးဂိတ်မှတာဝန်ရှိသူတစ်ဦးကလည်း ယခင်နှစ်များက ခရီးစဉ်ကား ခြောက်စီး၊ ခုနစ်စီးထွက်ခဲ့ရာမှ ယခုနှစ်တွင် ၁၇ စီးအထိထွက်ခဲ့ရကြောင်း ပြောသည်။ "မုံရွာမှာဘုရားဖူးကားတွေ အများကြီးပဲ။ ခါတိုင်း နှစ်အဲလိုမဟုတ်ဘူး။ ဒီနှစ်မှာမှ တော်တော်ကိုများတယ်။ ပြည့်ကျပ်နေတာပဲ" ဟု မုံရွာမြို့ခံတစ်ဦးက ပြောကြားသည်။

ယခုနှစ်သင်္ကြန်ကာလအတွင်း စံချိန်တင်ခရီးသွားများ ရရှိခဲ့ခြင်းကြောင့် ခရီးစဉ်တစ်လျှောက်မြို့များဖြစ်သော မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ရွှေစက်တော်အစရှိသောဒေသများရှိ ဘုန်းကြီးကျောင်းများ၊ တည်းခိုဆောင်၊ ဟိုတယ်များတွင် ခရီးသွားကားများ နေရာမရရှိသည်အထိ ပြည့်သွားခဲ့ကြောင်းခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

## မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီသို့ ဘုရားဖူးများ

စိုင်းသာအောင်

ကျိုက်ထို၊ မေ - ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီသို့ ယခုနှစ် မဟာသင်္ကြန်ရက်များ အတွင်း မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အထူးများပြားခဲ့ကြောင်း ကင်ပွန်းစခန်းနှင့် ကျိုက်ထီးရိုးမော်တော်ယာဉ်အသင်းမှ အမှုဆောင်တစ်ဦးကပြောသည်။

ဒီနှစ်ဆံတော်ရှင်ကျိုက်ထီးရိုးစေတီသို့ ဘုရားဖူးများမှာ ဒီဇင်ဘာမှ ဇန်နဝါရီ ဒုတိယပတ်အထိများပါတယ်။ သင်္ကြန်မှာပိုမိုများပါ တယ်။ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့မှာ အတက်ကားအစီး ၂၀၀၊ အဆင်းကားအစီး ၂၀၀ ထိ ရှိပါတယ်။ သင်္ကြန်အကြတ်နေ့မှာလည်း အတက်ကားအစီး ၁၈၀၊ အဆင်းကားအစီး ၁၈၀၊ သင်္ကြန် အတက်နေ့မှာတော့ အတက်ကား အစီး ၁၇၀၊ အဆင်းကားအစီး ၁၇၀ လောက်ရှိပါတယ်။ အဆင်းကား ၅၀ လောက်ပဲ ရှိပါတယ်။ ကားခတွေကတော့ ရသေ့တောင်အထိ ရှေ့ခန်း ၂၀၀၀ ကျပ်၊ နောက်ခန်း ၁၅၀၀ ကျပ်။ ကျိုက်ထီးရိုးတောင်ပေါ် အထိတော့ ရှေ့ခန်း ၄၀၀၀ ကျပ်၊ နောက်က ၃၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။ ရှေ့ခန်းကိုတော့ အသင်းရုံးမှာ စာရင်းပေးပြီး အလှည့်ကျထည့်ပေးပါတယ်။ ကားတွေကြံခိုင်ရေး၊ ဘေးအန္တရာယ်ကင်းရေးအတွက် အသင်းမှကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု အသင်းအမှုဆောင်ဦးစိုးသီဟက ထပ်မံရှင်းပြသည်။



## အဲမန္တလေး လေကြောင်းလိုင်းက ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

အောင်သူရ၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၂၆

ပြည်တွင်းခရီးစဉ်များ ပျံသန်းပေးနေသော အဲမန္တလေးလေကြောင်းလိုင်း၏ ခရီးစဉ်အချို့အား မေ ၁ ရက်မှစ၍ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်ပျံသန်းပေးနေသောတာချီလိတ်ခရီးစဉ်အား မေ ၁ ရက်မှစ၍ နေ့စဉ်ပျံသန်းပေးမည်ဖြစ်ပြီး မြိတ်နှင့် ကော့သောင်းမြို့များသို့ နေ့စဉ်ပျံသန်းပေးမည်ဖြစ်သည်။


ထို့အပြင် ယခင်နှစ်များက မေလတွင် ရပ်နားလေ့ရှိသော သံတွဲခရီးစဉ်အား မေ ၁ ရက်မှစ၍ အပတ်စဉ် တနင်္လာနှင့် သောကြာများတွင် ပျံသန်းပေးမည်ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိတွင် အဲမန္တလေးလေကြောင်းလိုင်းသည် မြို့ကြီး၉မြို့သို့ လေယာဉ်သုံးစီးဖြင့် ပျံသန်းပေးလျက်ရှိပြီး လွန်ခဲ့သည့် ခရီးသွားရာသီတွင် နိုင်ငံသားညှိသည်စီးနင်းမှု ၇၀ ရာခိုင်နှုန်းခန့် ရရှိခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။












JOKER

















JOURNALIST
soethawdar

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# ထိုင်းနှင့် ကမောဒီးယားတိုက်ခိုက်မှု ခုနစ်ရက်မြောက် ဆက်လက်ဖြစ်ပွား

**ကမ္ဘောဒီးယား၊ မေ - ၂၇**

ထိုင်းနှင့် ကမ္ဘောဒီးယား အိမ်နီးချင်းနှစ်နိုင်ငံကြား နယ်စပ်ဒေသတွင်ဖြစ်ပွားနေသည့် ပြင်းထန်သောတိုက်ခိုက်မှုများမှာ ခုနစ်ရက်မြောက်နေ့အဖြစ် ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

နှစ်နိုင်ငံ နယ်စပ်မှ ၁၂ မိုင်ကွာဝေးသော ဖာနွန်ဒွန်ဂရက်ကျေးရွာမှပင်ကျယ်လောင်သောပေါက်ကွဲသံများကို အရုဏ်တက်ချိန်က စတင်ကြားနေရကြောင်း အေပီသတင်းထောက်တစ်ဦးက ပြောကြားသည်။

နှစ်ဖက်တိုက်ခိုက်မှုများမှာ တာမုန်နှင့် တာကရာတေးဒေသရှိခမာအင်ပါယာလက်ထက် ပြိုပျက်နေသည့် ကျောက်တုံးဘုရားကျောင်းနှစ်ဆူအနီး တစ်ဝိုက်တွင်ဖြစ်ပေါ်နေကြောင်း ကမ္ဘောဒီးယား စစ်မြေပြင်ကွပ်ကဲရေးမှူးဗိုလ်မှူးကြီးဆော့ဆူသီက ပြောကြားသည်။

ပိုင်နက်နယ်မြေ အငြင်းပွားမှုများကြောင့် ဖြစ်ပေါ်လာသည့် တိုက်ခိုက်မှုများတွင် အနည်းဆုံး ၁၄ ဦးသေဆုံးခဲ့ပြီး နှစ်ဖက်နယ်စပ်မှ လူထောင်ပေါင်းများစွာမှာ ၎င်းတို့၏ အိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။






ကမ္ဘောဒီးယားခေါင်းဆောင် ဟွန်ဆန်က ထိုင်းဝန်ကြီးချုပ်အဘီဆစ်ဗစ်ဂျာဂျီဗာသည် စစ်ပွဲကို ချစ်မြတ်နိုးပြီး ပဋိပက္ခဖြစ်အောင် လှုံ့ဆော်ခဲ့သည်ဟု စွပ်စွဲပြောကြားသည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်မည့် အာဆီယံအစည်းအဝေးတွင် အဘီဆစ်နှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးစကားပြောလိုသည်ဟု ၎င်းက ဆိုသည်။ အဘီဆစ်ကမူ ပထမဦးစွာ အပစ်အခတ်ရပ်စဲမှု ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများအကြား အစည်းအဝေးပြုလုပ်သင့်ကြောင်း ပြောကြားသည်။

*—Ref: AP*

# စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှု အာရှဆင်းရဲသားများကို ခြိမ်းခြောက်နေ

**ဟောင်ကောင်၊ မေ - ၂၆**

၂၀၁၁ ခုနှစ် ပထမနှစ်လတွင် ကမ္ဘာ့စားသောက်ကုန် ဈေးနှုန်းများ ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ခြင်းမှာ အာရှတိုက်သား သန်းပေါင်းများစွာအတွက် ဆင်းရဲတွင်းနက်လာစေကြောင်းနှင့်အာရှ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုခြိမ်းခြောက်နေကြောင်း အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ADB) ကပြောကြားသည်။



ယခုနှစ်အတွင်း အာရှနိုင်ငံအများအပြားတွင် ပြည်တွင်းစားသောက်ကုန်ဈေးနှုန်းများ ပျမ်းမျှအားဖြင့် ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း၊ ကမ္ဘာ့ရေနံဈေးနှုန်းများမြင့်တက်မှုနှင့်အတူ ရာသီဥတုဖောက်ပြန်မှုကြောင့်လည်းစားသောက်ကုန် ထုတ်လုပ်သည့်နိုင်ငံအများအပြားတွင် နိုင်ငံခြားသို့ ကုန်ပစ္စည်း တင်ပို့မှု ကန့်သတ်ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် စားသောက်ကုန်ဈေးနှုန်းများဆက်လက်မြင့်တက်ဖွယ်ရှိကြောင်းမနီလာအခြေစိုက် ADB ကအစီရင်ခံစာထုတ်ပြန်သည်။

စားသောက်ကုန်ဈေးနှုန်းများအလျင်အမြန် မြင့်တက်လာခြင်းသည်ကမ္ဘာ့စီးပွားရေးကျဆင်းမှုမှ နာလန်ထစပြုလာသော အာရှနိုင်ငံများအတွက် ကြီးမားသောထိုးနှက်ချက်ဖြစ်ကြောင်း၊ ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများမှာလည်း အချိန်တိုအတွင်း ကျဆင်းဖွယ်မရှိကြောင်း ADB ကပြောသည်။

စားသောက်ကုန်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းမြင့်တက်လာလျှင်ပင် လူပေါင်း ၆၄ သန်းအားဆင်းရဲသားအဆင့်သို့ တွန်းပို့နိုင်ကြောင်း၊ ဆင်းဆင်းရဲရဲ ဖြစ်နေသူများ၏ လူနေမှုအဆင့်အတန်းကိုပိုမိုဆိုးဝါးစေနိုင်ကြောင်း ADB အစီရင်ခံစာတွင် ဖော်ပြသည်။ သို့သော် အာရှနိုင်ငံများသည် စားသောက်ကုန်တင်ပို့မှုပိတ်ပင်ခြင်းကို ရှောင်ရှား၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံသင့်ကြောင်း ADB စီးပွားရေး ပညာရှင်ချုပ် ချန်ယောင်ရီးက ပြောကြားသည်။

*—Ref: AP*

# နာမည်ကျော်အိန္ဒိယ ဘာသာရေးခေါင်းဆောင် ဆိုင်းဘာဘာကွယ်လွန်

**နယူးဒေလီ၊ မေ - ၂၇**

အိန္ဒိယနိုင်ငံ၏ နာမည်ကျော်ဘာသာရေးခေါင်းဆောင် တစ်ဦးဖြစ်သည့် ဆရီဆတ်သယာ ဆိုင်းဘာဘာ ကွယ်လွန်သွားရာ ၎င်းနေထိုင်ရာ အိန္ဒိယတောင်ပိုင်းမြို့ဖြစ်သော ပုတ္တာပါသီမြို့တွင် ဈာပနလာရောက်ပို့ဆောင်သည့် လူများသိန်းနှင့်ချီ၍ စုရုံးရောက်ရှိခဲ့ကြောင်း သိရသည်။ ဆိုင်းဘာဘာ၏ ရုပ်အလောင်းကို ဟိန္ဒူအများစု သင်္ဂြိုဟ်သကဲ့သို့ မီးသင်္ဂြိုဟ်မည်မဟုတ်ဘဲ မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်ဟုသိရသည်။

ကွယ်လွန်သွားသော ဆိုင်းဘာဘာအား လာရောက် ဂါရဝပြုသူများတွင် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့် ကွန်ဂရက်ခေါင်းဆောင် ဆိုနီယာဂန္ဒီတို့လည်းပါဝင်ခဲ့သည်။ ဆိုင်းဘာဘာ၏ရုပ်ကလပ်ကို ပုတ္တာပါသီမြို့ရှိ ဘာသာရေးဗိမာန်တစ်ခုတွင် နိုင်ငံတော် အခမ်းအနားဖြင့် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ဆိုင်းဘာဘာကို ကြည်ညိုသူများလာရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။ ဈာပနအခမ်းအနားတွင်မွတ်ဆလင်၊ ခရစ်ယာန်နှင့် ဆစ်ခ်ဘာသာရေး ဘုန်းကြီးများကလည်း ဆိုင်ရာဘာသာအလိုက်



ကျမ်းစာများ ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့ကြသည်။

ဆိုင်းဘာဘာသည် မကွယ်လွန်မီအထိ ၁၂၆ နိုင်ငံတွင် ဘာသာရေးအဖွဲ့များ တည်ထောင်ခဲ့ပြီး အခမဲ့ဆေးရုံ၊ ဆေးပေးခန်းနှင့် စာသင်ကျောင်း များပါဝင်သော လူမှုရေး ကွန်ရက်တစ်ခုကိုလည်း တည်ထောင်ခဲ့ သည်။

*—Ref: BBC*

# စင်ကာပူက ပထမဆုံး ပြည်တွင်းဖြစ် ဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်

**စင်ကာပူ၊ မေ - ၂၆**

စင်ကာပူအစိုးရသည် ပြည်တွင်း၌ ပထမဆုံးတည်ဆောက်သောဂြိုဟ်တုတစ်လုံးကို အိန္ဒိယရှိအာကာသစခန်းတစ်ခုမှ အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။ အလေးချိန် ၁၀၅ ကီလိုဂရမ်ရှိသည့် X-Sat အမည်ရ ထိုဂြိုဟ်တုကို အိန္ဒိယရှိ ဆာတစ်ရှ်ဒါဝန်အာကာသစခန်းမှ Polar Satellite Launch Vehicle ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်တုကို စင်ကာပူ၏ နန်ယန်းနည်းပညာတက္ကသိုလ်နှင့် စင်ကာပူကာကွယ်ရေးသုတေသနအဖွဲ့၏ DSO National Laboratories တို့မှ ပညာရှင်များ ပူးပေါင်းဒီဇိုင်းထုတ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာပတ်လမ်းအတွင်းလည်ပတ်နေပြီဖြစ်သောယင်းဂြိုဟ်တုကို နန်ယန်းတက္ကသိုလ်ရှိမြေပြင်ထိန်းချုပ်ရေးစခန်းကထိန်းချုပ်ကိုင်တွယ်သွားမည်ဖြစ်သည်။ စင်ကာပူသည် ယခုကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်နိုင်ရန်အတွက် ကိုးနှစ်ခန့်အချိန်ယူခဲ့ရသည်။ ဂြိုဟ်တုလွှတ်တင်နိုင်ခဲ့ခြင်းကြောင့် စင်ကာပူသည် အရှေ့တောင်အာရှနိုင်ငံများထဲတွင် ပထမဆုံးအဖြစ်ကိုယ်ပိုင်ဂြိုဟ်တုကို အာကာသထဲ လွှတ်တင်နိုင်ခဲ့သောနိုင်ငံဖြစ်လာသည်။

*—Ref: CNA*



# စင်ကာပူအာဏာရပါတီ အမတ် ၈၂ နေရာအတွက် အတိုက်အခံများနှင့် ယှဉ်ပြိုင်ရမည်

**စင်ကာပူ၊ မေ - ၂၇**

စင်ကာပူ အာဏာရပါတီ People's Action Party (PAP) သည် ဝါရင့်ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုဦးဆောင်သော ပါလီမန်အမတ်နေရာငါးခုကို ယှဉ်ပြိုင်သူမရှိ အနိုင်ရခဲ့သော်လည်း ကျန်ပါလီမန်အမတ်နေရာ ၈၂ ခုအတွက်မူ အတိုက်အခံများနှင့် ယှဉ်ပြိုင်ရဖွယ်ရှိနေကြောင်း သိရသည်။ စင်ကာပူပါလီမန်တွင် အမတ်နေရာ ၈၇ နေရာကို အမတ်လောင်းတစ်ဦး ဝင်ပြိုင်သော မဲဆန္ဒနယ် ၁၂ ခု နှင့် ပါတီကိုယ်စားပြု အမတ်များပါဝင်ယှဉ်ပြိုင်သော မဲဆန္ဒနယ် ၁၅ ခုဖြင့် ခွဲခြားထားသည်။

ပါတီကိုယ်စားပြု မဲဆန္ဒနယ် ၁၅ နေရာတွင် အမတ်များလေးဦးမှ ခြောက်ဦးအထိ ယှဉ်ပြိုင်ရနိုင်သည်။ ဗုဒ္ဓဟူးနေ့ (မေ ၂၇)က ရရှိသော စာရင်းအရမူ ပန်ဂိုးလ်အရှေ့ခရိုင်တွင်သာ အမတ်လောင်းတစ်ဦးတည်း ဝင်ပြိုင်မည့်အခြေအနေရှိပြီး ကျန်မဲဆန္ဒနယ်များတွင်မူ အာဏာရပါတီနှင့် အတိုက်အခံပါတီများ ယှဉ်ပြိုင်ရဖွယ်ရှိသည်။ စင်ကာပူအထွေထွေရွေးကောက်ပွဲကို လာမည့် မေ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ဘက်ပါတီများသည် မေ ၆ ရက်အထိ မဲဆန္ဒရှင်များကို မဲဆွယ်စည်းရုံးရမည်ဖြစ်သည်။

*—Ref: CNA*

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# အိုစမာဘင်လာဒင်၏ မှတ်မှတ်ရရနေ့စွဲများ



**၁၉၅၇** - ဆော်ဒီမှ ဘီလျံနာသူဌေးကြီး မိုဟာမက် ဘင်လာဒင်၏ သားသမီး ၅၂ ဦးမှ ၁၇ ဦးမြောက်သားအဖြစ် မွေးဖွားခဲ့။ ထို့နောက် အရွယ်ရောက်လာချိန်တွင် ဂျတ်ဒါမြို့မှ ဘုရင်အဗ္ဗဒူလ်အဇစ်တက္ကသိုလ်တွင် မြို့ပြအင်ဂျင်နီယာဘာသာရပ်ကို တက်ရောက်သင်ကြား၊ အခြေခံအစ္စလာမ်မစ်ဝါဒီတစ်ဦးဖြစ်လာ၊

**၁၉၇၉** - ထိုနှစ် ၁၉၇၉ တွင် အာဖဂန်သို့ ဆိုဗီယက်ကျူးကျော်မှု စတင်ပြီးနောက် ကွန်မြူနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုအတွက် အာဖဂန်သို့ပြောင်းရွှေ့။ မူဂျာဟစ်ဒင်များနှင့်ပူးပေါင်းကာ ဆယ်စုနှစ်တစ်စုကြာအောင်တိုက်ပွဲဝင်၊

**၁၉၉၀** - ပင်လယ်ကွေ့စစ်ပွဲ ၁၉၉၀ စတင်ချိန်တွင် ဆော်ဒီသို့ ကန်တပ်ဖွဲ့ဝင်သုံးသိန်းခန့်ရောက်လာပြီးနောက်အမေရိကန်ဆန့်ကျင်ရေးသမားတစ်ဦးဖြစ်လာ၊အရှေ့အလယ်ပိုင်းဒေသရှိအမေရိကန်ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်၊

**၁၉၉၄** - ဆော်ဒီနိုင်ငံသားအဖြစ်မှ အမေရိကန်၏ဖိအားပေးမှုကြောင့် ပယ်ဖျက်ခံရပြီးနောက် ဆူဒန်သို့ ပြောင်းရွှေ့။ ထိုမှ ၁၉၉၆ တွင် အာဖဂန်သို့ရောက်ရှိ၊ အယ်လ်ကိုင်ဒါအကြမ်းဖက်ကွန်ရက်ကို တည်ထောင်။ တစ်ခါတစ်ရံ ငွေကြေး၊လက်နက်ထောက်ပံ့သူ၊တစ်ခါတစ်ရံ ကိုယ်တိုင်ဝင်ရောက် တိုက်ခိုက်သူအဖြစ် ပါဝင်လှုပ်ရှား။

**၁၉၉၈** - ဤနှစ် ဖေဖော်ဝါရီတွင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့ဝင်များကို သုတ်သင်ခြင်းမှာ ကမ္ဘာလုံးဆိုင်ရာ ဂျီဟတ်ဒ်ဘာသာရေး စစ်ပွဲဆင်နွှဲခြင်းဖြစ်သည်ဟုဆိုကာ ဖတ္တဝါအမိန့်ထုတ်ပြန်။ ထို့နောက်ဩဂုတ်လတွင်ကင်ညာနှင့် တန်ဇန်းနီးယားရှိ အမေရိကန်သံရုံးများ ဗုံးခွဲခံရမှုတွင် အခြား သံသယတရားခံ ၁၆ ဦးနှင့်အတူ အဓိကခေါင်းဆောင်အဖြစ် သတ်မှတ်ခံရ။ ထို့နောက် အက်ဖ်ဘီအိုင်၏ အလိုအရှိဆုံးတရားခံများစာရင်းတွင် ဆုကြေးကန်ဒေါ်လာ ၂၅ သန်းပေးမည်ဟု ထုတ်ပြန်ခံရ။ ထို့နောက် အမေရိကန်နှင့် အစ္စရေးထောက်လှမ်းရေးများက ၎င်းကိုလုပ်ကြံသတ်ဖြတ်နိုင်ရန် ကြိုးပမ်းလာကြ။

**၂၀၀၁** - ၂၀၀၁ စက်တင်ဘာ ၁၁ တွင် ၉/၁၁



တိုက်ခိုက်မှုကို ကြိုးကိုင်ခဲ့။ တိုက်ခိုက်မှုများကြောင့် လူသုံးထောင်ကျော် သေဆုံးခဲ့ပြီး အမေရိကန်ဦးဆောင်သည့် တာလီဘန်နှိမ်နှင်းရေးထိုးစစ်ကို အာဖဂန်တွင် ဖြစ်ပေါ်စေခဲ့။ ထို့နောက်ပိုင်းတွင် အများမြင်ကွင်းမှ ပျောက်ကွယ်။

**၂၀၀၃** - အယ်လ်ဂျာဇီးယားရုပ်သံမှ ဘင်လာဒင်၏ အသံသွင်းတိပ်ခွေပေါ် ထွက်လာခဲ့။

**၂၀၀၄** - ပါကစ္စတန်စစ်တပ်က ဦးဆောင်၍ ၂၀၀၄ မေ-ဇူလိုင်လများအတွင်း ဘင်လာဒင်ကို ရှာဖွေရေးစစ်ဆင်ရေးစတင်။

**၂၀၀၅** - ၎င်းစစ်ဆင်ရေးမအောင်မြင်ခဲ့ကြောင်း ပါကစ္စတန်သမ္မတ မူရှာယက်ဖ်ဝန်ခံပြောကြား။

**၂၀၁၁** - အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် မေလ ၁ ရက်၌ ဘင်လာဒင်ကို အသေဖမ်းမိနိုင်ခဲ့ဟု အိုဘားမား ကြေညာ။

*—Ref: BBC*

# အိုစမာဘင်လာဒင်သေဆုံးခြင်းနှင့်ပတ်သက်၍ အမေရိကန်ခေါင်းဆောင်များ မှတ်ချက်ပေး

**ကန်သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်**

ဒီအမှတ်ရဖွယ်အောင်မြင်မှုဟာ အမေရိကအတွက်၊ ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးရှာဖွေနေသူ ပြည်သူတွေအတွက်ဖြစ်ပါတယ်။ အထူးသဖြင့်ကတော့ ၂၀၀၁၊ စက်တင်ဘာ ၁၁ မှာ ကိုယ်ချစ်တဲ့သူတွေ ဆုံးရှုံးခဲ့ရတဲ့ ကျန်ရစ်သူမိသားစုဝင်တွေအတွက်ဖြစ်ပါတယ်။

**ကန်သမ္မတဟောင်း ဘီလ်ကလင်တန်**

ဒါဟာ ၉/၁၁ တိုက်ခိုက်မှုမှာ မိသားစုဝင်တွေ ဆုံးရှုံးခဲ့ရတဲ့သူတွေအတွက် တင်မကဘဲ အယ်လ်ကိုင်ဒါအဖွဲ့ရဲ့ အခြားတိုက်ခိုက်မှုတွေကို ခံခဲ့ရတဲ့သူတွေအတွက် အရေးပါတဲ့ကာလလေးတစ်ခုပါပဲ။ ဒါ့အပြင် ဒါဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ငြိမ်းချမ်းတဲ့၊ လွတ်လပ်တဲ့ ဘုံအနာဂတ်ကို တည်ဆောက်ချင်သူတွေ၊ ကျွန်တော်တို့ကလေးငယ်တွေအတွက် လှပတဲ့အနာဂတ်ဖော်ဆောင်ချင်လိုသူတွေအတွက်လည်း အရေးပါတဲ့ကာလပါ။

ဆယ်စုနှစ်တစ်ခုကျော်ကြာအောင်ကြာမြင့်ခဲ့တဲ့ အယ်လ်ကိုင်ဒါ တိုက်ခိုက်မှုတွေကို အဆုံးသတ်နိုင်ခဲ့ပြီး ဘင်လာဒင်ကို လက်ရဖမ်းကာ တရားမျှတမှု ဆောင်ကြဉ်းပေးနိုင်တဲ့အတွက် သမ္မတအိုဘားမား၊ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ကျွန်တော်တို့ရဲ့ တပ်သားတွေကို ဂုဏ်ပြုလိုက်ပါတယ်။

**နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွန်းမ်ဘာ့ဂ်**

၂၀၀၁ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုပြီးတဲ့နောက် အမေရိကန် ပြည်သူတွေကို ကျွန်တော်တို့ ကတိပေးခဲ့ပါတယ်။ ဘင်လာဒင်ကို အသေဖမ်းမိရင်မိ၊ ဒါမှမဟုတ်လည်း ကျွန်တော်တို့ ဘယ်တော့မှ လက်လျှော့မှာမဟုတ်ဘူးလို့။ ကျွန်တော်တို့တိုင်းပြည်အတွက် အဆုံးစွန် အသက်ပေးစွန့်လွှတ်ခဲ့သူတွေအပါအဝင် လူသန်းပေါင်းများစွာရဲ့ ပါဝင်ကူညီမှုတွေပေါ် လာပြီးတဲ့နောက် ဒီကတိကို ကျွန်တော်တို့ ထိန်းသိမ်းနိုင်ခဲ့ပါပြီ။

ဘင်လာဒင်ကို အသေဖမ်းမိခဲ့ခြင်းဟာ သူ့ဒဏ်ကို ခံစားခဲ့ရတဲ့ နယူးယောက်မြို့သားတွေနဲ့ အမေရိကန်ပြည်သူတွေရဲ့ ဒုက္ခကိုတော့ လျော့ပါးနိုင်စေမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဒါဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် သိပ်အရေးကြီးတဲ့အောင်ပွဲပါ။ ဒါ့အပြင် တိုင်းပြည်အတွက် နေရာအနှံ့မှာ ခက်ခက်ခဲခဲတိုက်ပွဲဝင်နေတဲ့ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့ဝင်အမျိုးသား၊ အမျိုးသမီးတွေကိုပါ ချီးကျူးဂုဏ်ပြုလိုပါတယ်။ နယူးယောက်မြို့သားတွေဟာ ဒီသတင်းကိုကြားရဖို့ဆယ်နှစ်ကျော် စောင့်မျှော်ခဲ့ရတယ်။

**အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း**

ကမ္ဘာ့ထိပ်တန်း အကြမ်းဖက် ခေါင်းဆောင်တစ်ဦးကို နောက်ဆုံးတော့ ကျွန်တော်တို့ နှိမ်နင်းနိုင်ခဲ့ပြီမို့ အများကြီးပျော်ရွှင်မိပါတယ်။ အိုစမာဘင်လာဒင်မရှိတော့ဘူးဆိုလို့ ကမ္ဘာကြီးဟာ ပိုကောင်းပြီး ပိုနေပျော်တဲ့နေရာ တစ်ခုဖြစ်လာပါပြီ။ စက်တင်ဘာ ၁၁ တိုက်ခိုက်ခံရမှုမှာ သေဆုံးခဲ့ရသူတွေရဲ့ မိသားစုဝင်တွေလည်း ဒီညကစလို့ ကောင်းကောင်းအိပ်ပျော်တော့မှာဖြစ်ပြီး၊ ညတိုင်းလည်း တရားမျှတမှုကိုပြန်ရခဲ့ပြီလို့ တွေးနိုင်တော့မှာပါ။ သမ္မတကြီးနဲ့ သူ့အဖွဲ့ဝင်တွေကိုရော ကျွန်တော်တို့ရဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တွေ၊ တပ်သားတွေကိုပါ ကျွန်တော် ချီးကျူးမိပါတယ်။

ဒါပေမဲ့ ဘင်လာဒင်သေပြီဆိုတဲ့သတင်းကို ကျွန်တော်တို့ နှလုံးသားထဲထည့်ထားတဲ့အချိန်မှာပဲ လက်ကျန် အယ်လ်ကိုင်ဒါနဲ့ မဟာမိတ်အကြမ်းဖက်အဖွဲ့တွေဟာ ကျွန်တော်တို့ကို တိုက်ခိုက်နေဆဲဆိုတာ သတိထားရပါဦးမယ်။ ကျွန်တော်တို့ဟာ သူတို့ကို ပြင်းပြင်းထန်ထန်နှိမ်နင်းသွားရပါဦးမယ်။

*—Ref: BBC*

**နောက်ကျောဖုံး - လန်ဒန်မြို့တွင် နှစ်ပေါင်း၃၀အတွင်း အစည်ကားဆုံးတော်ဝင်မင်္ဂလာပွဲကျင်းပ မှု**

နိုင်ငံတော်ပိုင်းတွင် ယင်းပါတီပွဲ ပိုမိုကျင်းပဖွယ်ရှိသည်။ ယခုမင်္ဂလာပွဲမှာ ၁၉၈၁ ခုနှစ်တွင် ချားလ်စ်မင်းသားနှင့် ဒိုင်ယာနာတို့၏ လက်ထပ်မင်္ဂလာပွဲနောက်ပိုင်း အကြီးမားဆုံးတော်ဝင်မင်္ဂလာပွဲဖြစ်သည်။

မင်္ဂလာပွဲကြောင့်ဗြိတိန်နိုင်ငံ၏ ဘုရင်စနစ်ကို ပိုမိုခိုင်မာလာစေသည်ဟု ပြည်သူလူထု ၅၁ ရာခိုင်နှုန်းက ယုံကြည်ကြောင်း ဗြိတိန်သတင်းစာ ဒေးလီးမေးလ်၏ စစ်တမ်းတစ်ရပ်ကတွေ့ရှိခဲ့သည်။ ဝီလီယံနှင့် ကိတ်တို့၏ မင်္ဂလာအခမ်းအနားသို့ ဘုရင်မကြီး အဲလိဇဘက်နှင့်အတူ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၊ ဘောလုံးအကျော်အမော်ဒေးဗစ်ဘက်ခမ်းနှင့် ဗစ်တိုးရီးယားဘက်ခမ်းစုံတွဲ၊ နာမည်ကျော်အဆိုတော် အယ်လ်တန်ဂျွန်တို့လည်း တက်ရောက်ခဲ့ကြသည်။ နိုင်ငံ့အကြီးအကဲ ၅၀ ခန့်လည်း မင်္ဂလာပွဲသို့တက်ရောက်ခဲ့သည်။

မင်းသားဝီလီယံ အိမ်ထောင်ပြုခြင်း အထိမ်းအမှတ်အဖြစ် ဘုရင်မကြီးက ၎င်း၏မြေးတော်စပ်သူ မင်းသားအား Duke of Cambridge ဘွဲ့နှင့် ကြင်ယာတော်မင်းသမီးအား The Duchess of Cambridge ဟူ၍ တော်ဝင်ဂုဏ်ပုဒ်များ ချီးမြှင့်လိုက်ကြောင်း သိရသည်။

*—Ref: Reuters*



## Leader's Profile

# အိန္ဒိယအမျိုးသား ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီ

ရဲမင်း



ဆိုနီယာဂန္ဒီသည် အိန္ဒိယနိုင်ငံ၏ အဓိကနိုင်ငံရေး ပါတီကြီးတစ်ခုဖြစ်သည့် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ၏ ဇနီးဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီ၏ သမီးချွေးမဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် သူမ၏ ခင်ပွန်း ရာဂျစ်ဂန္ဒီလုပ်ကြံခံရပြီးနောက် ကွန်ဂရက်ပါတီခေါင်းဆောင်နေရာအား လွှဲပြောင်းရယူရန်ပါတီက ကမ်းလှမ်းခဲ့သော်လည်း ဆိုနီယာဂန္ဒီက ငြင်းဆန်ခဲ့သည်။ ကွန်ကရက်ပါတီက ဆက်လက်တိုက်တွန်းနေခဲ့သော်လည်း ဆိုနီယာက နိုင်ငံရေးနှင့် ဝေးဝေးနေခဲ့သည်။

၁၉၉၇ ခုနှစ်တွင်မှ နိုင်ငံရေးလောကသို့ ဝင်ရောက်ရန် သဘောတူညီခဲ့သည်။ ၁၉၉၈ ခုနှစ်တွင်ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်အဖြစ် ရွေးချယ်ခံရသည်။ ဆိုနီယာဂန္ဒီသည် ၂၀၁၀ စက်တင်ဘာလတွင် ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌအဖြစ် စတုတ္ထအကြိမ်မြောက် ပြန်လည်ရွေးချယ်ခံရကာ ကွန်ဂရက်ပါတီ၏ ၁၂၅ နှစ်သမိုင်းတွင်သက်တမ်းအရှည်ကြာဆုံး ဥက္ကဋ္ဌဖြစ်လာသည်။

ဆိုနီယာအား ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အီတလီနိုင်ငံ၊ ဗီနီတိုဒေသ၊ လူစီယာနာ၊ ကျေးရွာငယ်လေး၌ မွေးဖွားခဲ့သည်။ တူရင်မြို့အနီး အော်ဘက်ဆာနိုမြို့လေး၌ ကြီးပြင်းခဲ့သော ဆိုနီယာသည် အသက် ၁၈ အရွယ်တွင် အင်္ဂလန်နိုင်ငံ ကန်းဘရစ်ချ်မြို့သို့သွားရောက်၍ အင်္ဂလိပ်စာ သင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင်ကန်းဘရစ်ချ်တက္ကသိုလ် အင်ဂျင်နီယာ ကျောင်းသား ရာဂျစ်ဂန္ဒီနှင့်တွေ့ဆုံခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ရာဂျစ်ဂန္ဒီနှင့်နယူးဒေလီမြို့၌ လက်ထပ်ခဲ့သည်။ သားကြီးရာဟူးဂန္ဒီအား ၁၉၇၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး သမီးငယ် ပရီယမ်ကာအား ၁၉၇၂ ခု နှစ်တွင် မွေးဖွားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဩဇာကြီးမားသော နေရူးမိသားစုဝင်များဖြစ်သော်လည်း ရာဂျစ်ဂန္ဒီနှင့် ဆိုနီယာဂန္ဒီတို့သည်နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်းကို ရှောင်ရှားခဲ့ပြီး ရာဂျစ်က လေယာဉ်မှူးအလုပ်လုပ်၍ ဆိုနီယာက မိသားစုကို သာဂရုပြုစောင့်ရှောက်ခဲ့သည်။ သို့သော် နိုင်ငံရေးလောကသို့ ဝင်ရောက်ရန် ရည်မှန်းထားသော ညီငယ်ဆန်ဂျေးဂန္ဒီ ၁၉၈၀ ပြည့်နှစ်ဇွန်လအတွင်း လေယာဉ်ပျက်ကျ၍ သေဆုံးသွားသောအခါ ရာဂျစ်ဂန္ဒီသည်မိခင်ကြီး၏ တိုက်တွန်းမှုဖြင့် နိုင်ငံရေးတွင် ပါဝင်လာရသည်။

၁၉၈၄ ခုနှစ်တွင် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ အား ၎င်း၏ ကိုယ်ရံတော်တပ်ဖွဲ့နှစ်ဦးက လုပ်ကြံသတ်ဖြတ်ခဲ့ရာ ရာဂျစ်ဂန္ဒီသည်မိခင်၏ နေရာကို အစားထိုးဝင်ရောက်၍ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင်မူ ရာဂျစ်ဂန္ဒီသည် ရွေးကောက်ပွဲ ရှုံးနိမ့်ပြီးဝန်ကြီးချုပ် ရာထူးကိုလက်လွှတ်ခဲ့ရသည်။ ရာဂျစ်ဂန္ဒီသည် ရွေးကောက်ပွဲ ပြန်လည်၍ အနိုင်ရရှိရန် နိုင်ငံတစ်ဝန်းလှည့်လည် မဲဆွယ်ရင်း ၁၉၉၁ ခုနှစ်မေလ ၂၂ ရက်တွင် တမီးလ်နာဒူးပြည်နယ်၌ တမီးလ်ကျားသူပုန်အဖွဲ့မှ အမျိုးသမီးငယ်တစ်ဦး၏ လုပ်ကြံမှုကြောင့် ကွယ်လွန်ခဲ့ရသည်။

ခင်ပွန်းသည် လုပ်ကြံခံရပြီးနောက်ဆိုနီယာဂန္ဒီသည် ၆ နှစ်လုံးလုံး ၎င်း၏ သားသမီးနှစ်ဦးကို သာအချိန်ပေး၍ ပြုစုစောင့်ရှောက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင်မှကွန်ဂရက်ပါတီနှင့်လက်တွဲခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ပါတီဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၉၉ ခုနှစ်တွင် ဥတာပရာဒက်ရှ် ပြည်နယ်မှ ရွေးကောက်ပွဲ ဝင်ခဲ့ပြီး ယင်းနှစ်မှာပင် အောက်လွှတ်တော် အတိုက်အခံခေါင်းဆောင်ဖြစ်လာခဲ့သည်။

၂၀၀၄ ခုနှစ်ရွေးကောက်ပွဲတွင်ကွန်ဂရက်ပါတီ ဦးဆောင်သော စည်းလုံးသော တိုးတက်ရေးညွန့်ပေါင်း (UPA)က အစိုးရဖွဲ့ခွင့်ရရှိခဲ့ရာ ဆိုနီယာဂန္ဒီက ထင်ရှားသောစီးပွားရေးပညာရှင် ဒေါက်တာမန်မိုဟန်ဆင်းအားဝန်ကြီးချုပ် အဖြစ်ခန့်အပ်ခဲ့သည်။ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲတွင်လည်း UPA အဖွဲ့ကသာ ဆက်လက်အနိုင်ရရှိခဲ့သည်။

*—Ref: Wikipedia, Internet*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011




# အမေရိကန် စွမ်းအင်ဝန်ကြီး စတီဗင်ချူးနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

အမေရိကန်စွမ်းအင်ဝန်ကြီး စတီဗင်ချူးဟာ နိုဘယ်ဆုရ ရူပဗေဒပညာရှင်တစ်ဦးဖြစ်ပါတယ်။ ၎င်းဟာအမေရိကန်ရဲ့ စွမ်းအင်ကဏ္ဍအတွက် အရေးပါတဲ့သူတစ်ဦးဖြစ်သလို နျူစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေရတဲ့ အမေရိကန်တို့ရဲ့ စွမ်းအင်သုံးစွဲမှုအကြောင်းကိုလည်း သိနားလည်သူဖြစ်ပါတယ်။ မကြာသေးမီကဖြစ်ခဲ့တဲ့ ဂျပန်ငလျင်နဲ့ နျူစက်ရုံပေါက်ကွဲမှုကြောင့် ယခုအခါ ကမ္ဘာတစ်ဝန်းမှာ နျူစွမ်းအင်ကနေလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍကို အန္တရာယ်ရှိ၊ မရှိပြန်လည်သုံးသပ်လာနေကြပါတယ်။ ယခုဖော်ပြမယ့် နယူးစ်ဝိခ်မဂ္ဂဇင်း အင်တာဗျူးမှာလည်း ကန်စွမ်းအင်ဝန်ကြီး စတီဗင်ချူးဟာ ဂျပန်ငလျင်ပြီးနောက်နျူစွမ်းအင်ရဲ့ အခန်းကဏ္ဍအကြောင်း၊ သမ္မတအိုဘားမားနဲ့ ၎င်းကိုယ်တိုင်အကြောင်း၊ လောင်စာဆီအပေါ် အမေရိကန်တို့ မှီခိုနေရတဲ့အကြောင်းတွေကိုဆွေးနွေးပြောဆိုထားတာတွေ့ရပါတယ်။

**ဂျပန်မှာ နျူစက်ရုံပေါက်ကွဲမှုကို မြင်ခဲ့ရပြီးနောက် ဘာ့ကြောင့် အမေရိကန်တွေဟာ နျူစွမ်းအင်ရဲ့ လုံခြုံစိတ်ချရမှုနဲ့ပတ်သက်လို့ မပူပန်ကြတာလဲ။**

မတော်တဆမှုဆိုတာ ဘယ်အချိန်မှာပဲဖြစ်ဖြစ် စိုးရိမ်ပူပန်ရမယ်ဆိုတာ သဘာဝကျပါတယ်။ ဒီအခွင့်အရေးကို အရယူပြီး ကျွန်တော်တို့ရဲ့ နျူစက်ရုံနေရာတွေအားလုံးကို နောက်တစ်ကြိမ်ထပ်စစ်ဆေးသွားမှာပါ။ ကျွန်တော်တို့သုံးနေတဲ့ လျှပ်စစ်ဓာတ်အားရဲ့ ၂၀ ရာခိုင်နှုန်းကို နျူစွမ်းအင်ကနေရနေတာပါ။ ဒါကို တစ်ညတည်းနဲ့ဖြတ်တောက်လို့မရနိုင်ပါဘူး။ နျူစွမ်းအင်ကိုလည်း ရောနှောသုံးစွဲသင့်တယ်လို့ ကျွန်တော်တို့ထင်တာပဲ။

**အိုဘားမားအစိုးရ လက်အောက်မှာဓာတ်ဆီဈေးနှုန်းတွေ နှစ်ဆတက်ခဲ့ပါတယ်။ ဘာ့ကြောင့်ပါလဲ။**

ဒါကတော့ ရောင်းလိုအားနဲ့ ဝယ်လိုအားကိစ္စပါ။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာ သုံးတဲ့ စွမ်းအင်အတွက် အခြားရွေးချယ်စရာရှိမယ်ဆိုရင် ရေနံဈေးနှုန်းတွေကအခုလို ရှိလာကိုစတာစီးသလိုဖြစ်နေတာမျိုးမှာ ကျွန်တော်တို့နစ်မွန်းနေစရာ မလိုတော့ဘူးပေါ့။

**အိုဘားမားဟာ သူရထားတဲ့ နိုဘယ်ဆုနဲ့ မတန်ပါဘူးလို့ ဝန်ကြီးသူ့ကို နောက်ပြောင်ဖူးပါသလား။ ဘာ့ကြောင့်လဲဆိုတော့ သူ့ကို ဆုနဲ့ထိုက်တန်တယ်လို့ကို တွေးလို့ကို မရတဲ့ ပုံပေါ်နေလို့ပါ။**

အဲဒီလိုတော့ မဟုတ်ပါဘူး။ နိုဘယ်ဆုနဲ့ သူထိုက်တန်တယ်လို့ ကျွန်တော်ထင်ပါတယ်။ သူကလည်း လူစိတ်ဝင်စားမှု မခံရတဲ့ ပုံစံမျိုးနဲ့ နေတဲ့ကျွန်တော်ပုံစံမျိုးကိုသဘောကျပါတယ်။

**ဝန်ကြီးရဲ့ သုတေသနကို တစ်ခွန်းတည်းနဲ့ ပြောရင်ဘာဖြစ်မလဲ။**

ကျွန်တော်တို့က လေဆာအလင်းရောင်ကို သုံးပြီး အက်တမ်တွေကို သိပ်၊ သိပ်ပြီးနိမ့်တဲ့ အပူချိန်အဆင့်ရောက်အောင် အအေးပေးနေတာပါ။

**ပြီးခဲ့တဲ့ နွေရာသီတုန်းက ဝန်ကြီးဟာ "Subnanometre Single-Molecule Localization Registration and Distance Measurements" ဆိုတဲ့ သုတေသနစာတမ်းကို ရေးခဲ့တယ်နော်။ အဲဒါနဲ့ပတ်သက်လို့ အမေးခံရတော့**ဝန်ကြီးက "ကျွန်တော်ကတော့ အဲဒါကို ရုပ်သံရှေ့မှာ သက်သတ်လွတ် စားပြတာမျိုးနဲ့ပဲတူတယ်လို့ တွေးမိပါတယ်"ဆိုပြီး ပြောခဲ့ပါတယ်။

အင်း. . စွမ်းအင်ဝန်ကြီးဌာနမှာအချိန်ပြည့်အလုပ်တာဝန်ယူရတော့တစ်ပတ်ကို နာရီ ၈၀ ရှိတဲ့ကျွန်တော့်အချိန်တွေ ကုန်ခဲ့ရတယ်။ ဒါပေမဲ့ မနက်ပိုင်းအချိန်လေးတွေခရီးထွက်ရင်း လေယာဉ်ပေါ်မှာ ရတဲ့အချိန်အားတွေမှာတော့ကျွန်တော် ဟိုဟိုဒီဒီလမ်းလျှောက်ချိန်ရတတ်ပါတယ်။ အချိန်အများကြီးတော့ မရပါဘူး။ ဒါပေမဲ့ အဲဒီစာတမ်းဟာ ကောင်းမွန်တဲ့ ဖြန့်ချိမှုဖြစ်ခဲ့တယ်။

**ဝန်ကြီးကပြောခဲ့တယ်။ သိပ္ပံပညာရှင်ဟာ ကမ္ဘာကြီးရဲ့ ကံကြမ္မာကို ကျွန်တော်တို့ ပြောင်းလဲပစ်နေပါလားဆိုတာကို ရှင်းရှင်းလင်းလင်း ပြသခဲ့ပြီးပြီတဲ့။ ဝန်ကြီးဟာ ရာသီဥတုပြောင်းလဲမှု ထိန်းသိမ်းရေး ဥပဒေကို မျှော်လင့်ချက်ဆက်ထားနေတုန်းပဲလား။**

အခုဖြစ်နေတာက ရာသီဥတုပြောင်းလဲမှု ကိစ္စတင်မကဘဲ လူသားတွေကြောင့် ထိခိုက်ပျက်စီးမှုက နှစ်အလိုက်ကို ပိုပြီးပြင်းထန်လာနေတာပဲ။ အဆုံးမှာတော့ အမှန်တရားက အောင်ပွဲခံသွားပါလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ သိပ္ပံပညာနဲ့ဆိုင်တဲ့ ကိစ္စကို နိုင်ငံရေးဆွေးနွေး ငြင်းခုံမှုတစ်ခုအဖြစ် မပြောင်းလဲပစ်နိုင်လို့ပါ။ အဲဒါက ခင်ဗျားမှာ ထောက်ခံမဲသာအလုံအလောက်ရရင် နယူတန်ရဲ့ နိယာမကိုတောင် ပယ်ဖျက်နိုင်သလို ဖြစ်နေတယ်။ ဒီလိုမျိုးတော့ အလုပ်မဖြစ်ဘူးလေ။

**ရေနံနဲ့ ဓာတ်ငွေ့လုပ်ငန်းတွေအတွက် အခွန်တိမ်းရှောင်နိုင်မယ့် ယိုပေါက်တွေကိုပိတ်ကြဖို့ သမ္မတကြီးက နှိုးဆော်ထားပါတယ်။ ကျွန်တော်တို့ရဲ့ လောင်စာဆီအပေါ် မှီခိုနေရမှုကို ငွေကြေးစိုက်ထုတ်ပြီး ကျားကန်ပေးထားတာ ဘယ်အချိန်ကျမှရပ်တော့မှာလဲ။**

လောင်စာဆီကို လျှော့ဈေးနဲ့ပေးတာဟာ ဒီအမေရိကန်ပြည်ထောင်စုမှာ ၁၉၁၇ က စတင်ခဲ့ပါတယ်။ နှစ်တစ်ရာဆိုတာ တော်တော်လေးလုံလောက်တဲ့အချိန်တစ်ရပ်ပါ။ ဘယ်လုပ်ငန်းကိုမဆို ထာဝရအမြဲထောက်ပံ့ပေးမယ်ဆိုတဲ့ အိုင်ဒီယာမျိုးနဲ့ ခင်ဗျားလည်း ဆက်သွားချင်နေမှာ မဟုတ်ပါဘူး။

—*Ref: Newsweek, April 26, Steven Chu Interview*



## ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်၏ သွေးပုလင်းကို ဗာတီကန်တွင် ပူဇော်ပြသမည်



**လန်ဒန်၊ မေ - ၂၇**

ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်က ကွယ်လွန်ခဲ့သော ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်(၂)၏ ရုပ်ကလပ်မှ ထုတ်ယူထားသည့်သွေးများကို ထည့်ထားသော သွေးပုလင်းငယ်လေးလုံးမှ တစ်လုံးကို ယခုအပတ်အတွင်းဗာတီကန်မြို့တော်တွင် ပြုလုပ်မည့်ပုပ်ဂျွန်ပေါလ်အား ပူဇော်ပွဲ၌ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသွေးပုလင်း လေးပုလင်းကိုပုပ်ရဟန်းမင်းကြီး ကံတော်မကုန်မီ နောက်ဆုံးရက်များက စုဆောင်းထားခဲ့ခြင်းဖြစ်ကြောင်း ဗာတီကန်၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်သည်ရဟန်းမင်းကြီးတာဝန်ကို ၂၇နှစ်ခန့်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၅ မေ ၂ ရက်တွင် ကံတော်ကုန်ခဲ့သည်။ ယခုအပတ်အတွင်းပြုလုပ်မည့် ပုပ်ဂျွန်ပေါလ်အား ချီးကျူးပူဇော်ပွဲကို လက်ရှိပုပ်ရဟန်းမင်းကြီး ဘင်နဒစ်(၁၆)က ဦးဆောင်ပြုလုပ်သွားမည် ဖြစ်သည်။ ပိုလန်လူမျိုးတစ်ဦးဖြစ်သည့် ပုပ်ဂျွန်ပေါလ်သည် ၎င်း၏ ဇာတိပိုလန်တွင် ကွန်မြူနစ်အုပ်စိုးမှုကိုအဆုံးသတ်အောင် ကူညီခဲ့သူဖြစ်သည်။

—*Ref: BBC*



## ထိုက်ကျီလေ့ကျင့်ခန်းသည် နှလုံးရောဂါသည်များအတွက် အထောက်အကူဖြစ်

**ဝါရှင်တန်၊ မေ - ၂၇**

ရှေးဟောင်းတရုတ် ကိုယ်လက်လေ့ကျင့်ခန်း 'ထိုက်ကျီ' သည် နှလုံးရောဂါသည်များအတွက် ဘဝအရည်အသွေးကို တိုးတက်စေနိုင်ပြီး၎င်းတို့၏ ကျန်းမာရေးကို အထောက်အကူပြုကြောင်း အမေရိကန်သုတေသနတစ်ရပ်က ဖော်ပြသည်။

ရက်သတ္တပတ်တစ်ပတ်လျှင် နှစ်ကြိမ်တစ်နာရီကြာ အုပ်စုလိုက်လေ့ကျင့်ခန်းလုပ်ခြင်းသည် နှလုံး ရောဂါသည်များ၏ စိတ်ဓာတ်နှင့်ယုံကြည်ချက်ကို သိသိသာသာတိုးတက်လာစေနိုင်ကြောင်း ဘော်စတွန်မြို့ အခြေစိုက်သုတေသနတစ်ခုက တွေ့ရှိခဲ့သည်။

နှလုံးရောဂါဝေဒနာရှင်များအား လူ ၅၀ စီအဖွဲ့နှစ်ဖွဲ့ခွဲ၍ လေ့လာခဲ့ရာ အဖွဲ့တစ်ဖွဲ့အား တရုတ်ရိုးရာ ထိုက်ကျီလေ့ကျင့်ခန်းများပြုလုပ်စေ၍ အခြားအုပ်စုအား နှလုံးကျန်းမာရေး သင်ခန်းစာများကို လေ့လာစေခဲ့သည်။ ယင်းအဖွဲ့နှစ်ဖွဲ့တွင် ကိုယ်လက်လှုပ်ရှားရမှုပုံစံများမှာ ခပ်ဆင်ဆင်ပင်ဖြစ်သည်။

ယင်းနှစ်ဖွဲ့တွင်'ထိုက်ကျီ'လေ့ကျင့်ခန်းလုပ်သူများမှာပုံမှန်နှလုံးကျန်းမာရေးသင်ခန်းစာများသင်ယူသူများထက် ကျန်းမာရေး အခြေအနေပိုကောင်းကြောင်းကို နောက်ပိုင်းတွင် ၎င်းတို့အား မေးမြန်းသည့် မေးခွန်းအတွဲလိုက်များ ဖြေကြားထားပုံကို လေ့လာ၍ သုတေသီများက သိရှိခဲ့ကြသည်။

ထို့အပြင် ထိုက်ချီအုပ်စုသည် လေ့ကျင့်ခန်းနှင့် ဆက်စပ်သည့် အခြားကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ရန် ပို၍ယုံကြည်မှုရှိလာကြသလို နေ၍ထိုင်၍ကောင်းသည်ဟူသော ခံစားချက်များလည်း တိုးတက်လာကြောင်း ဟားဗတ်ဆေးပညာကျောင်းမှ သုတေသီများက ပြောကြားသည်။

—*Ref: AFP*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.7 ▪ MAY 5, 2011

## ဘ၀ရဲ့မှတ်တိုင်ဖြစ်လာမယ့် 'ရှုးသွပ်ခြင်းပင်လယ်' ကို ရေးသားနေတဲ့ရဲလေး

အေးသူစံ

ရန်ကုန်၊ မေ – ၂၈

ရဲလေးကိုယ်တိုင် ရေးသားမည့် 'ရှုးသွပ်ခြင်းပင်လယ်' စာအုပ်တွင် ပါဝင်မည့်အကြောင်းအရာများကို ရဲလေးကအောက်ပါအတိုင်းပြောကြားသည်။

"ဒီစာအုပ်လေးက ကျွန်တော့်ဘ၀ရဲ့ မှတ်တိုင်တစ်ခုလို ဖြစ်အောင် လုပ်ထားတာပါ။ ကျွန်တော် စဉ်းစားထားတဲ့ ကဏ္ဍလေးတွေတော်တော်များများကမဂ္ဂဇင်းတွေမှာပါကုန်တော့ အသစ်တွေ ထပ်စဉ်းစားထားတာလေးတွေကို စာအုပ်ထဲမှာ ထည့်ပါမယ်။ ကျွန်တော့်ရဲ့ Profileလေးပါမယ်။ ကျွန်တော့်ဘ၀အကြောင်းတွေ ပါမယ်။ အဓိကက ရဲလေးရဲ့ဖက်ရှင်ပေါ့။ နောက် အဆိုတော်တစ်ယောက်ဘ၀မှာ စင်ပေါ်က အတွေ့အကြုံတွေ၊ နိုင်ငံခြားခရီးစဉ်တွေ၊ နောက် ပရိသတ်မမြင်ဖူးသေးတဲ့ ကျွန်တော့်ဓာတ်ပုံတွေ၊ နှစ်တစ်နှစ်မှာ အဆင့်ဆင့် ပြောင်းလဲလာတဲ့ပုံလေးတွေကို ထည့်မယ်။ ကျွန်တော်ရေးတဲ့စာလေးတွေလည်းပါပါမယ်"ဟုရဲလေးက ပြောသည်။

ရဲလေးသည် ချိုကြည်သာ တေးထုတ်လုပ်ရေးမှ စီစဉ်သည့် အတွဲခွေတစ်ခွေ၊ စီးတီးအက်ဖ်အမ်ကိုးနှစ်ပြည့်ခွေနှင့် သားကြီး၊ သိန်းလင်းစိုး၊ MHL ၊ တွတ်တီတို့နှင့် ပူးပေါင်းဖွဲ့စည်းထားသော GateWay စီးရီး ဆက်တိုက်ထွက်ရန်ရှိနေပြီး ၎င်း၏ တစ်ကိုယ်တော်ခွေဖြစ်သည့်'ရကောက်ဘ၀ဖြင့်နေထိုင်ခြင်း'ကိုလည်းစီစဉ်နေသည်ဟု ၎င်း၏ ဂီတလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရဲလေးက ဆက်လက်ပြောကြားသည်။




ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

C talk

## ဘန်နီဖြိုးပြောပြတဲ့ အနုပညာဖန်တီးမှုနဲ့မူးယစ်ဆေးဝါး

ချမ်းခိုက်ခိုက်

**အွန်လိုင်းကတစ်ဆင့် ပျံ့နှံ့ခဲ့တဲ့ "နစ်ပတ်လည်"၊ "အလွမ်းပြေအနမ်း" စတဲ့ သီချင်းများနဲ့ အောင်မြင်မှုရရှိထားတဲ့ တေးရေးတေးဆိုဘန်နီဖြိုးက လတ်တလော သူ့စိတ်ထဲ နေရာယူနေတဲ့ "အနုပညာဖန်တီးမှုနဲ့မူးယစ်ဆေးဝါး" ဆိုတဲ့အကြောင်းအရာကို ရွေးချယ်ပြောကြားခဲ့ပါတယ်။ သူ့ရဲ့ ရင်ထဲကစကားတွေကိုနားထောင်ကြည့်ရအောင်....။**


အနုပညာအသိုင်းအဝိုင်းထဲကိုရောက်သွားရင် Drugs (မူးယစ်ဆေးဝါး) နဲ့မကင်းဘူးဆိုတဲ့ စကားကို တော်တော်များများ ပြောကြတယ်။ အဲဒီအယူအဆကြီးကိုကျွန်တော်မကြိုက်တာ။ ကျွန်တော့် ပတ်ဝန်းကျင်မှာ ဒါမျိုးတွေ မရှိဘူး မဟုတ်ဘူး။ ရှိပါတယ်။ ဒါပေမဲ့ ဂီတအလုပ်နဲ့ Drugs သုံးတာက သတ်သတ်စီပါ။ သုံးတဲ့သူက သူ့ဟာသူသုံးချင်လို့သုံးတာ။ သီချင်းလုပ်လို့သုံးတာမဟုတ်ဘူးလို့ ကျွန်တော်မြင်တယ်။

ဂီတကို လုပ်နေတာက လူငယ်အများစု၊ Drugs ကိုလုပ်တဲ့သူတွေကလည်း လူငယ်လူလတ်ပိုင်းတွေဆိုတော့ လူတော်တော်များများက တွဲပြီးမြင်သွားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမဲ့ Drugs လုပ်တဲ့လူငယ်ဘ၀နဲ့ ဂီတလုပ်တဲ့ အနုပညာသမားဘ၀ကို တော့တွဲပြီး မမြင်စေချင်ပါဘူး။ လုပ်တဲ့သူသုံးလေးယောက်ကြောင့် အကုန်လုံးကို တွဲမြင်သွားတာ တော့ မကောင်းဘူးပေါ့။

အနုပညာဖန်တီးနိုင်မှု အားကောင်းဖို့အတွက် Drugs သုံးတယ်ဆိုတာကို ကျွန်တော် လက်မခံပါဘူး။

စာ(၄၉)သို့

## ဂီတကို မစွန့်လွှတ်နိုင်သေးတဲ့ ဂျပ်စတင်တင်းဘားလိခ်



လော့စ်အန်ဂျလိစ်၊ မေ – ၂၆

အမေရိကန်ပေ့ါပ်အဆိုတော် သရုပ်ဆောင် ဂျပ်စတင်တင်းဘားလိတ်ခ်က ၎င်းသည် ရုပ်ရှင်များ ရိုက်ကူးရန်အတွက် ဂီတအလုပ်များကို စွန့်လွှတ်သွားမည်မဟုတ်ကြောင်း အတည်ပြုပြောဆိုလိုက်သည်။ အသက် ၂၉ နှစ်အရွယ်ရှိအဆိုပါသရုပ်ဆောင်နှင့် အဆိုတော်က ၎င်းသည် မကြာမီအချိန်ကအထိ ထိပ်တန်းရုပ်ရှင်များဖြင့် အောင်မြင်မှုများ ရခဲ့သော်လည်း ဂီတအလုပ်ကို စွန့်လွှတ်ခြင်းမှာ ရာဇဝတ်မှုကျူးလွန်သကဲ့သို့ပင် ဖြစ်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

၎င်းက "ကျွန်တော်သရုပ်ဆောင်ရတာ သဘောကျပါတယ်။ ဒါပေမဲ့ကမ္ဘာပေါ်မှာ သဘာဝကျကျနဲ့ ကျွန်တော်ပိုလုပ်နိုင်တဲ့အလုပ်က ဂီတပဲဖြစ်မှာပါ။ ဂီတကို ကျွန်တော့်ဘ၀ရဲ့ အစိတ်အပိုင်းအဖြစ် ဆက်မထားတော့ဘူးဆိုရင် ကိုယ့်ကိုယ်ကိုယ်ရာဇဝတ်မှုကျူးလွန်သလိုဖြစ်သွားမှာပါ"ဟုပြောသည်။

ဂျပ်စတင်တင်းဘားလိတ်ခ်သည်မကြာမီကလည်းဆံပင်များကျွတ်နေသဖြင့်ဆံပင်တိုတိုညှပ်ထားရကြောင်း၊ ဆံပင်များပြန်လည်သန်စွမ်းရန် အထူးပြုလုပ်ထားသော ခေါင်းလျှော်ရည် တစ်မျိုးသုံးစွဲနေရကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

—Ref: Showbizspy

## မွေးနေ့မှာ ပရိသတ်တွေကို စာအုပ်သိန်း၄ဆယ်ဖိုးလှူဒါန်းခဲ့တဲ့ ဖြူဖြူကျော်သိန်း


အေးသူစံ


ရန်ကုန်၊ မေ – ၃၀

အဆိုတော် ဖြူဖြူကျော်သိန်းက ယခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင်ကျရောက်သည့် အသက် ၃၀ နှစ်ပြည့်မွေးနေ့အတွက် လူမှုရေးလုပ်ငန်းအချို့နှင့် သူမ၏ ပရိသတ်များသို့ ကျပ် သိန်း၄ဆယ်ကျော်တန်ဖိုးရှိ သုတ၊ ရသ၊ နည်းပညာ၊ သမိုင်း စသည့် စာအုပ်မျိုးစုံကို လှူဒါန်းခဲ့သည်။

သူမ၏ မွေးနေ့နံနက်ပိုင်းတွင် ကရဝိက်နန်းတော်ထဲ၌ စာအုပ်လှူဒါန်းပွဲပြုလုပ်ကာ ပရိသတ်တစ်ဦးလျှင်စာအုပ်တစ်အုပ်စီ လှူဒါန်းခဲ့ပြီး နောက်ရက်များတွင် မိဘမဲ့ဂေဟာနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စာကြည့်တိုက်အချို့သို့ ဆက်လက်လှူဒါန်းသွားမည်ဟု ဖြူဖြူကျော်သိန်းကပြောသည်။

"ဒီနေ့ ကရဝိက်မှာ ပရိသတ်တွေကို လှူဖြစ်တဲ့စာအုပ်တွေက စုစုပေါင်း ၁၃၀၀ ကျော်လောက်ရှိပါတယ်။ နောက်ရက်တွေမှာ လူမှုရေးလုပ်ငန်းတွေကို ဆက်လှူဖို့ရှိတယ်။ ကိုယ်တိုင်သွားလှူဖို့ရှိသလို စာအုပ်ချည်းပဲ ပို့ဖို့ စီစဉ်ထားတာရှိပါတယ်။ ဖြူဖြူ့ရဲ့ဒီအလှူမှာ ဆရာဦးဟိန်းလတ်က သူ့ပိုင်စာအုပ် ၂၇ အုပ်ကိုထည့်ဝင်လှူဒါန်းပေးပါတယ်။ ကျန်တာတွေကို စာအုပ်တိုက်တွေဆီက ဖြူဖြူဝယ်ပြီးလှူတာပါ။ စာအုပ်တိုက်တွေကလည်း ဖြူဖြူ့ကို အတတ်နိုင်ဆုံး အဆင်ပြေအောင် စီစဉ်ပေးကြပါတယ်"ဟု ဖြူဖြူကျော်သိန်းကပြောသည်။





သူမ၏ မွေးနေ့ရောက်တိုင်း လူမှုရေးလုပ်ငန်းများနှင့် အကျိုးပြုလုပ်ငန်းများသို့ နှစ်စဉ် ငွေလှူဒါန်းမှုများပြုလုပ်ခဲ့ပြီး ယခုနှစ် စာအုပ်လှူဒါန်းသည့်အစီအစဉ်ကိုတော့ စိတ်ကူးထားသည်မှာ ကြာပြီဖြစ်ကြောင်း၊ သူမ၏ပရိသတ်များကို စာအုပ်ဖတ်ခြင်း၏ အနှစ်သာရ၊ တန်ဖိုးကို သိနားလည်စေလိုခြင်း၊ စာဖတ်သူသည် အတွေးအခေါ်ရင့်သန်၊ ကျယ်ပြန့်ကာ လွတ်လပ်ခြင်းတို့ ရရှိနိုင်ပြီး စာဖတ်သူအများစုသည် ဘဝမှာ အလိမ်မခံရနိုင်ခြင်း စသည့် အကြောင်းအချက်များကြောင့် ယခုနှစ် စာအုပ်လှူဒါန်းပွဲကို ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သူမကပြောသည်။ ဖြူဖြူကျော်သိန်း၏ မွေးနေ့စာအုပ်အလှူပွဲသို့ လာရောက်သည့် အသက် ၁၉ နှစ်အရွယ် မိန်းကလေး ပရိသတ်တစ်ဦးက "မဖြူကိုသမီးက အရမ်းကြိုက်တယ်။ စာအုပ်ဖတ်တာလည်း ဝါသနာပါတဲ့ အတွက်ကြောင့် ဒီအလှူပွဲကို လာခဲ့တာပါ။ သမီးရွေးထားတဲ့စာအုပ်က ဆရာကောင်းသန့်ရဲ့ 'သမီးလေးဖတ်ဖို့ (၃)'စာအုပ်လေးပါ။ ဆရာ့ရဲ့စာအုပ်တွေကိုလည်း ကြိုက်တဲ့အတွက် ဒီစာအုပ်လေးကိုရွေးထားတာပါ။ မဖြူဒီထက်မက လှူဒါန်းနိုင်ပါစေ၊ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်"ဟုပြောကြားသည်။

7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# အလန်းဇယား-၂ ုပ်ရှင်ကားကို ဘာလီကျွန်းနှင့် ဖူးခက်ကမ်းခြေကျွန်းတွင် ုိက်ကူးမည်

**အေးသူစံ**

**ရန်ကုန်၊ မေ - ၂၇**

အလန်းဇယား-၂ ရုပ်ရှင် ဇာတ်ကားကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းနှင့် ထိုင်းနိုင်ငံဖူးခက်ကမ်းခြေတို့တွင် မေလအတွင်း သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း ယင်းဇာတ်ကားထုတ်လုပ်ရိုက်ကူးသည့် လပ်ကီးဆဲဗင်း ထုတ်လုပ်ရေးမှ မအေးအေးဝင်းက ပြောသည်။



"အခု ဆက်ရိုက်မယ့် အလန်းဇယားကိုလည်း ကမ်းခြေဇာတ်ကားမို့ ဘာလီကျွန်းနဲ့ ဖူးခက်ကျွန်းမှာသွားရိုက်ဖို့စီစဉ်တာပါ။ မင်းသမီးကတော့ နန်းဆုတစ်ယောက်ပြန်ပါမယ်။ ဝတ်မှုန်ရွှေရည်၊ မိုးယုစံနဲ့ မင်းသမီးကြီး တစ်ယောက်ပါမယ်။ မင်းသားကတော့ သူထူးစံနဲ့ မိုးအောင်ရင်တို့ပါပဲ" ဟု ၎င်းကပြောသည်။

'အလန်းဇယား' ရုပ်ရှင်ကို ယခုအခါ ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများတွင်ပြသနေပြီး မင်းသမီးများ၏ ဝတ်စားဆင်ယင်မှုများ၊ သရုပ်ဆောင်အင်အားများပြားခြင်းနှင့် ဟာသဇာတ်ကားဖြစ်ခြင်းတို့ကြောင့် လူကြည့်များနေသောဇာတ်ကားလည်းဖြစ်သည်။

ဆက်လက်ရိုက်ကူးမည့်ဇာတ်ကားသည်လည်း အကြည်တော်၏ ဝတ္ထု၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်ပင် ရိုက်ကူးမည်ဖြစ်သော်လည်း ယခင်ဇာတ်ကားနှင့် ဇာတ်လမ်းချင်းမတူညီဘဲ သတ်သတ်စီဖန်တီးရိုက်ကူးမည်ဟု သိရသည်။


ယခုရုံတင်နေသော အလန်းဇယားဇာတ်ကားမှာသူထူးစံနှင့်မိုးအောင်တို့ နှစ်ယောက်နှင့် မချောလေးယောက်တို့ ချောင်းသာကမ်းခြေတွင် ဇာတ်ရှုပ်ကြပုံကို ဟာသဇာတ်ကွက်များဖြင့်ရိုက်ကူးထားခြင်းဖြစ်သည်။




## နယူးယောက်မှာ ဒေါ်လာ ၅ ဒသမ ၉သန်းတန် တိုက်ခန်းဝယ်ရန် ကြံစည်နေတဲ့ ဂျန်နဖာအန်နစ္စတန်

**လော့စ်အန်ဂျလိစ်၊**

**မေ - ၂၆**



ဟောလိဝုဒ်မင်းသမီး ဂျန်နဖာအန်နစ္စတန်သည် နယူးယောက်မြို့တွင် ဒေါ်လာ ၅ ဒသမ ၉ သန်းတန်ကြေးရှိသည့် တိုက်ခန်းတစ်ခန်းကိုဝယ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။ ဂျန်နဖာသည်လက်ရှိတွင် လော့စ်အန်ဂျလိစ်မြို့၌ ကိုယ်ပိုင်အိမ်ရှိသော်လည်း နယူးယောက်မှ မန်ဟတ်တန်အရပ်ရှိ အဆိုပါ အဆင့်မြင့်တိုက်ခန်းကို သဘောကျသဖြင့် ဝယ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

ယင်းတိုက်ခန်းသည် အကျယ်စတုရန်းပေ ၁,၂၀၀ ရှိပြီး ယင်းမှ နယူးယောက်ဆိပ်ကမ်း၊ အင်ပိုင်ယာစတိတ်မိုးမျှော်တိုက်တို့ကို မြင်နိုင်သော ရှုခင်းကောင်းသည့်နေရာဖြစ်သည်။ မင်းသမီး ဂျန်နဖာအန်နစ္စတန်သည် နယူးယောက်တွင်ငယ်ဘဝနှင့်ကျောင်းသူဘဝတို့ကို ကုန်ဆုံးခဲ့ပြီး မကြာမီကလည်း နယူးယောက်မြို့ကို လွမ်းဆွတ်မိ၍ ပြန်လည်ပြောင်းရွှေ့ချင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ဖူးသည်။

—Ref: Showbizspy



7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011



# လူကြိုက်များနေသည့် I Love You သီချင်းပါဝင်သောစိုင်းစိုင်းဇာတ်ဝင်တေးစီးရီးထွက်မည်

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ - ၂၇**

စိုင်းစိုင်းခမ်းလှိုင်သည် ၄င်း၏ Franzo Production မှ ထုတ်လုပ်ရိုက်ကူးခဲ့သော ဇာတ်ကားများတွင် အသုံးပြုခဲ့သည့် ဇာတ်ဝင်သီချင်းများကို စုစည်း၍ သီချင်းခွေတစ်ခွေပြန်ထုတ်ရန် စီစဉ်နေပြီး စီးရီးခေါင်းစဉ်ကို I Love You ဟု ပေးရန် စဉ်းစားထားကြောင်း ပြောကြားသည်။

"ကျွန်တော့်ထုတ်လုပ်ရေးက ရိုက်ကူးထားတဲ့ ဗီဒီယိုတွေနဲ့ ဒီဗီဒီတွေထဲမှာပါတဲ့ သီချင်းတွေကို စုထုတ်မှာပါ။ သင်္ကြန်အပြီးမေ၊ ဒါမှမဟုတ် ဇွန်လ လောက်ထွက်ပါမယ်။ ၁၂ ပုဒ်ရွေးထားပါတယ်။ ဆိုတဲ့သူတွေ က ကိုလှိုင်ဦးမော်၊ မိုးမိုး၊ ကျွန်တော်၊ ကြိုးကြာ၊ ဝိုင်းစုခိုင်သိန်း၊ မေသူခိုင်၊ ဟက်ကက်၊ ဘန်နီဖြိုး တို့ပါတယ်။ ရုပ်ရှင်သီချင်းတွေပဲစုထုတ်မယ်ဆိုပေမယ့် ဗီစီဒီကိုတော့ ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းတွေကိုမသုံးဘဲ အဟောင်းနဲ့အသစ် ရောပြီးတော့ ပုံစံတစ်မျိုးဖြစ်အောင် ဖန်တီးပါမယ်" ဟု စိုင်းစိုင်းက ပြောသည်။ ယင်းစီးရီးထဲတွင် စိုင်းစိုင်းခမ်းလှိုင်က မိုးရွက်ရိပ်ခိုဇာတ်ကားထဲမှ 'I Love You' သီချင်းကို မိုးမိုး၊ 'ဆယ့်နှစ်ကြိုးကဝေ' ဇာတ်ကားထဲမှ 'မယုံနိုင်ဘူး' သီချင်းကို ဝိုင်းစုခိုင်သိန်းတို့နှင့်တွဲ၍ သီဆိုထားသည်။ ယခုနှစ်အတွင်း ယင်းစီးရီးအပြင် စိုင်းစိုင်း၏ 'ဒိတ်ဒိတ်ကြဲ' တစ်ကိုယ်တော်ခွေကိုလည်း စီစဉ်နေပြီး မကြာသေးမီကပြုလုပ်ခဲ့သည့်၄င်း၏ မွေးနေ့ပွဲကိုလိုက်ဖ်ရှိုး ဗီစီဒီအဖြစ် ပြန်ထုတ်ရန် အစီအစဉ်ရှိသည်ဟုလည်းသိရသည်။

# တစ်ကိုယ်တော်ခွေထွက်တော့မည့် တွယ်တာ

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ - ၂၇**

ဆယ်ကျော်သက်အရွယ်ကတည်းက ဂီတလောကထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး စီးပွားရေးကြော်ငြာသီချင်းများကို သီဆိုခဲ့သူ၊ အတွဲခွေများတွင် သီဆိုခဲ့သူ၊ ဟဲလေးနှင့်စုံတွဲဆိုခဲ့သည့် 'ဘူးသီး ခရမ်းသီး' သီချင်းဖြင့် ပရိသတ်အားပေးမှုရရှိခဲ့သူ တွယ်တာ၏တစ်ကိုယ်တော်စီးရီး 'တွယ်တာရဲ့တွယ်တာ' မှာ မေလ ၁၅ရက်နေ့တွင် ထွက်ရှိတော့မည်ဖြစ်သည်။

"တွယ်တာ့စီးရီးထဲမှာ ထူးခြားတာတစ်ခုက 'တွယ်တာ' ဆိုတဲ့ခေါင်းစဉ်နဲ့ သီချင်းလေးကို တောက်တဲ့က ရေးပေးထားပါတယ်။ တစ်ပုဒ်လုံး တဝမ်းပူစာသားတွေနဲ့ရေးဖွဲ့ထားပြီး ဆိုတဲ့သူရော ရေးတဲ့သူရဲ့နာမည်မှာလည်း တဝမ်းပူတွေ ချည်းပဲ ဆို တော့ တွယ်တာ့အတွက် အမှတ်တရပါပဲ။



နောက်ပြီး ဒီခွေထဲမှာ သီချင်းအေးလေးတွေများပါတယ်။ အရင်ဆိုနေကျပုံစံနဲ့တော့ကွဲသွားတယ်" ဟု တွယ်တာကပြောသည်။

ကိုလတ်(အိုအေစစ်)၊ ခိုင်မြသာ၊ တောက်တဲ့၊ ဇင်မင်းခန့်နိမိတ်နှင့် ကဝိတို့ရေးသားထားသည့် ကိုယ်ပိုင်သံစဉ်သီချင်း၁၂ ပုဒ်ပါဝင်ပြီး ဗီစီဒီကို တုန့်နိုင်းခ၊ အေးဇော်မိုး(စက်မှု)၊ ကိုနိုင် (NVG) နှင့် ခန့်စည်သူတို့ရိုက်ကူးထားသည်။ အဆိုပါစီးရီးကို တိတ်နှင့် ဗီစီဒီကိုပါ တစ်ပြိုင်တည်းဖြန့်ချိမည်ဖြစ်သည်။




**အေးသူစံ**

■မော့စ်၏ သားဖြစ်သူ သရုပ်ဆောင် ထိုက်စံ၏ မိတ်ဆက်ပွဲကို ဧပြီလ ၂၄ ရက်က အီးဂဲဂါးဒင်းစားသောက်ဆိုင်တွင် ပြုလုပ်ခဲ့ပြီး ထိုက်စံသည် ယခုနှစ်အတွင်း ဒါရိုက်တာသပြေးသုရိုက်ကူးသော 'အတီးနဲ့ ချစ်တီး'၊ ဒါရိုက်တာ ဖေချစ်ကောင်းရိုက်ကူးသည့် 'အပါယ်တံခါးပိတ်ပေးပါ' ဇာတ်ကားနှစ်ကားတို့ကို ရိုက်ကူးထားသည်။ မကြာမီ ယွန်းထုတ်လုပ်ရေးနှင့်တွဲ၍ ခေါင်းဆောင် မင်းသားနေရာမှ ဇာတ်ကားများ ရိုက်ကူးသွားရန်ရှိသည်ဟု သိရသည်။

■ဘိုဘိုအန်တာတိန်းမန့်မှ စီစဉ်ကျင်းပမည့် ဟစ်ဟော့ပ်ရှိုးပွဲတစ်ခုကို မေလ ၂၁ရက်တွင် မျှော်စင်ကွင်း၌ပြုလုပ်မည်ဖြစ်ပြီး ရဲလေး၊ ဂျောက်ဂျက်၊ Snare ၊ အောင်လ၊ ဉာဏ်လင်းအောင်၊ လွှမ်းပိုင်၊ စန္ဒီမြင့်လွင်၊ Wanted ၊ Idiot ၊ ဘန်နီဖြိုးတို့ ပါဝင်သီဆိုရန်သေချာနေပြီး အခြားအဆိုတော်များလည်းထပ်မံပါဝင်ရန် ရှိသည်ဟု သိရသည်။

■တေးရေးတေးဆိုအရိုးသည် ၄င်း၏ ဒုတိယတစ်ကိုယ်တော်ခွေကို အသံသွင်းနေပြီး သင်္ကြန်ကာလအပြီးတွင် ၄င်းရေးသားထားသော စာအုပ်နှစ်အုပ်ကို ထုတ်ဝေရန်ရှိသည်ဟုသိရသည်။ ဒုတိယ တစ်ကိုယ်တော်ခွေတွင် ခိရာမိုရ်နှင့်တိုင်ပင်၍ မြန်မာ့ရိုးရာဂီတပုံစံများနှင့် အရှေ့တောင်အာရှတွင်ရှိသည့်တူရိယာများ၏ အသံကို အသုံးပြုကာ စာသားနှင့်အသံပိုင်းဆိုင်ရာကိုပြောင်းလဲဖန်တီးရန်ရှိသည်ဟု သိရသည်။

# စာ - ၄၇၊ ဘန်နီဖြိုးပြောပြတဲ့ အနုပညာဖန်တီးမှုနဲ့မူးယစ်ဆေးဝါးမှ

အခုသီချင်းတွေရေးဖို့ အတွက် ကျွန်တော်ဖတ်ဖူးတဲ့စာအုပ်တွေ၊ ကျွန်တော့်အတွေးတွေနဲ့ပဲ ရေးတာပါ။ နောက်ဆိုဒီထက်ပိုပြီးတော့ဖန်တီးနိုင်ဖို့စာအုပ်တွေကြိုဖတ်တယ်။ Drugs သုံးလို့ ဉာဏ်တွေပွင့်သွားတာမျိုးကတော့ မဆိုင်ပါဘူး။ Drugs ထဲမှာ ဗဟုသုတတွေကို အရည်ဖျော်ပြီး ထည့်ထားတာမှမဟုတ်တာ။

လူငယ်တော်တော်များများက အသစ်အဆန်းဆိုရင် စမ်းကြည့်ချင်တယ်။ တစ်ခါလောက်နဲ့တော့ စွဲမသွားလောက်ပါဘူးဆိုပြီး စမ်းကြည့်ရာကနေ ရုန်းမထွက်နိုင်ဘူးဖြစ်သွားတတ်တယ်။ ကျွန်တော့်ပတ်ဝန်းကျင်မှာမြင်နေတွေ့နေရပေမယ့်စမ်းကြည့်ချင်တဲ့စိတ်တော့မဖြစ်မိဘူး။ စိတ်ပျက်စရာကြီး။ လုံးဝမလုပ်ဘူးဆိုတဲ့စိတ်ပဲဖြစ်ဖြစ်သွားတယ်။ ကျွန်တော့်အတွက် ကံကောင်းတယ်လို့ဆိုရမယ်။

ကိုယ့်ပတ်ဝန်းကျင်မှာ သုံးနေတဲ့သူတွေတွေ့ရင် အရမ်းရင်းနှီးတဲ့သူဆိုရင် 'ဘာလုပ်မှာလဲ ဒါတွေဘာညာ' ပြောမိတာမိတတ်တယ်။ တချို့ဆို ကျွန်တော် အရင်ကသိဖူးတဲ့ပုံစံနဲ့ ဒါတွေလုပ်ပြီးမှတွေ့ရတဲ့ပုံစံကမတူတော့ဘူးလေ။ အဲဒါမျိုးကျတော့ စိတ်လည်းမကောင်းဘူး။ တချို့ကျတော့လည်း ကိုယ့်ဟာကိုယ် ပြန်ထိန်းပြီးတော့ ပြုပြင်သွားကြတယ်။ တချို့ကျတော့လည်း မပြင်ကြဘူးပေ့ါ။ သူတို့ဘဝနဲ့သူတို့ပေ့ါလေ။ ကိုယ်ကတော့ပြင်စေချင်တာပေ့ါ။ ဒါပေမဲ့ လက်ခံတာ၊လက်မခံတာက သူတို့အပိုင်းလေ။ အဲဒီလိုပြောပြတားမြစ်မိလို့ ဘော်ဒါကဏ္ဍပျက်သွားတဲ့သူမျိုးတော့မရှိသေးပါဘူး။ ဒါတွေသုံးစွဲနေလို့ဆိုပြီး မပေါင်းဖြစ်တော့တာမျိုးလည်း မရှိပါဘူး။ ကိုယ်က ပစ်ပယ်လိုက်ရင် သူတို့ကအဲဒီဘက်ကိုပိုပိုပြီးရောက်သွားမှာပေ့ါ။ တတ်နိုင်သလောက်ကိုယ့်ဘက်ကို ပြန်ပါအောင်တော့ ဆွဲခေါ်ရမှာပေ့ါ။

ဒီအလုပ်လုပ်လို့ Drugs သုံးတယ်ဆိုတဲ့သူတွေကိုပြောချင်တာက ဒီအလုပ်လုပ်လို့ သုံးတာဗျာ။ ဒါသုံးလို့ ဒီအလုပ်လုပ်တာမဟုတ်တဲ့အတွက် အနုပညာဖန်တီးမှုကိုလည်း သူ့ရဲ့ကိုယ်ပိုင်ဉာဏ်စွမ်း ဉာဏ်စနဲ့ပဲလုပ်တယ်လို့ထင်တယ်။ Drugs နဲ့ဘာမှမဆိုင်ဘူး။ သူ့ဘာသာသူထင်သွားရင်တော့ မတတ်နိုင်ဘူး။ သူ့မှာ ဂီတကိုဖန်တီးနိုင်တဲ့ အစွမ်းအစရှိတယ်။ သူ့အရည်အချင်းနဲ့ဖန်တီးထားတယ်လို့ပဲ ကျွန်တော်မြင်တယ်။ မူးယစ်ဆေးဝါးကိုကျတော့ သူကြိုက်လို့သူ သုံးတာလို့ပဲမြင်တယ်။

ကျွန်တော်ကိုယ်တိုင်တော့ မူးယစ်ဆေးသုံးဖို့ ဆွဲဆောင် ခံရတာတော့မကြုံဖူးဘူး။ ကျွန်တော့်ပတ်ဝန်းကျင်က လုပ်တဲ့သူတွေဆိုရင်တောင်ကျွန်တော့်ကိုဆွဲဆောင်ဖို့ထက် မလုပ်နဲ့၊ မကောင်းဘူးလို့တားတဲ့သူပဲရှိတယ်။ ပြောလာတဲ့သူရှိရင်လည်း ကျွန်တော်ငြင်းမှာပဲ။ ဒါသုံးလို့ ကျွန်တော် ဒီနေ့ဒီလိုဂီတအလုပ်တွေ ဖန်တီးနိုင်တာမှမဟုတ်တာ။ ဒါမသုံးလည်း ကိုယ်လုပ်နိုင်တယ်လို့ယုံကြည်တဲ့အတွက်ဆေးလုံးဝသုံးမှာမဟုတ်ဘူး။

ရှိုးပွဲတွေမှာ အမောခံနိုင်အောင်၊ အသံမကျအောင်၊ သီချင်းတွေဆက်တိုက်သီဆိုနိုင်အောင် တစ်စုံတစ်ရာမှီဝဲသုံးစွဲတာလည်း နည်းလမ်းအမှန်တော့မဟုတ်ဘူး။ ကျွန်တော်ဆိုရင် ရှိုးဆိုရတာ ပျော်တယ်။ ငါးပုဒ်လောက်ဆိုပြီးရင် အသံကျနေပြီ။ မောနေပြီ။ မလုပ်နိုင်ဘူး။ ဒါပေမဲ့ နောက်ပိုင်း ကျင့်သားရသွားမှာပဲ။ စိုင်းစိုင်းဆိုရင် ရှိုးမှာ အရမ်းဆိုနိုင်တယ်။ သူဆိုဆေးလိပ်တောင်မသောက်ဘူး။ အပေါင်းအသင်းထဲက ဆေးလိပ်သောက်တဲ့သူဆိုရင်တောင် သူက ဆုံးမလိုက်သေးတယ်။ ကိုရန်ရန်ချမ်းတို့လည်းဒီလိုပဲ။ ဒါကြောင့်ကျွန်တော်တို့ငယ်တဲ့သူတွေဟာ ကိုယ့်ထက်အကြီးတွေထဲက ကောင်းတဲ့သူ၊ မကောင်းတဲ့သူကို ခွဲခြားပြီးအတုယူသင့်တယ်လို့ထင်ပါတယ်။ ရှိုးမှာ ကောင်းကောင်းဆိုနိုင်အောင်လို့ အမောလုံအောင်ကျင့်ရမယ်၊ အဆီအဆိမ့်မစားဘူး စတဲ့လေ့ကျင့်ခန်းလေးတွေယူရင်ဆိုနိုင်မှာပါ။

ငယ်ငယ်တုန်းကတော့ အရက်နဲ့ပတ်သက်ပြီး စဉ်းစားတာတစ်ခုရှိတယ်။ ငါကြီးလာရင် ဆရာကြီးဖြစ်လာရင်(ရယ်လျက်) အရက်ထုတ်တဲ့သူတွေ အကုန်လုံးကို ထောင်ချမယ်၊ အရက်မထုတ်ခိုင်းဘူးလို့ စဉ်းစားဖူးတယ်။ အခု Drugs ကျတော့ အဲဒီလိုလုပ်ဖို့ မလွယ်လောက်ဘူးဗျ။ လူငယ်တွေဆိုတဲ့အတွက် ဉာဏ်တွေများတယ်။ နည်းလမ်းပေါင်းစုံကနေ သူတို့မရမက လုပ်နေမှာပဲ။ နှိမ်နင်းတာထက်ပညာပေးတာက ပိုထိရောက်မယ်လို့ထင်တယ်။

ဂီတကို ကျွန်တော်တို့ ဝါသနာပါလို့၊ ချစ်လို့လုပ်တာပါ။ မူးယစ်ဆေးဝါးနဲ့ ဘာမှမဆိုင်ပါဘူးဗျာ။ မူးယစ်ဆေးဝါးသုံးမှ သီချင်းလုပ်နိုင်မယ်ဆိုရင်ဝါသနာနဲ့ သီချင်းလုပ်တာမဟုတ်တော့ဘူး။ မူးယစ်ဆေးဝါးနဲ့ သီချင်းလုပ်တာဖြစ်နေပြီ။ သီချင်းကိုတကယ်စိတ်ထဲကထွက်လာတဲ့ ခံစားချက်နဲ့ သီချင်းသန့်သန့်ရှင်းရှင်းပဲ လုပ်စေချင်ပါတယ်။ များသောအားဖြင့် အနုပညာရှင်တော်တော်များများမှာ ဒီစိတ်ဓာတ်ရှိကြပါတယ်။ ပရိသတ်ကြီးကိုလည်း တစ်ယောက်ကိုမြင်လိုက်တာနဲ့ အကုန်လုံးကိုမမြင်စေချင်ပါဘူး။ နေရာတိုင်းမှာ အကောင်းနဲ့အဆိုး ဒွန်တွဲနေတာ ဆိုတော့ဆိုးတဲ့ဘက်ကိုပဲတစ်ယူသန်တွေးပြီးမမြင်စေချင်ပါဘူးလို့။

# TOP 10 MOVIES IN AMERICA

## ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | RIO | 20th Century Fox | ၈၀,၈၀၆,၅၆၂ | ၂ |
| ၂။ | Tyler Perry's Madea's Big Happy Family | Lionsgate | ၂၅,၀၆၈,၆၇၇ | ၁ |
| ၃။ | Water for Elephants | Fox 2000 | ၁၆,၈၄၂,၃၅၃ | ၁ |
| ၄။ | Hop | Universal Pic: | ၁၀၀,၂၂၄,၉၀၅ | ၄ |
| ၅။ | Scream 4 | N/A | ၃၁,၀၃၅,၀၁၀ | ၂ |
| ၆။ | African Cats | Disneynature | ၆,၀၀၃,၂၀၀ | ၁ |
| ၇။ | Soul Surfer | Enticing Enter: | ၂၈,၅၀၂,၁၅၁ | ၃ |
| ၈။ | Hanna | Focus Features | ၃၁,၇၄၀,၁၆၂ | ၃ |
| ၉။ | Insidious | FilmDistrict | ၄၄,၀၀၁,၄၁၆ | ၄ |
| ၁၀။ | Source Code | Summit Enter: | ၄၄,၆၉၂,၅၉၁ | ၄ |

# Movie Review

## Thor




Thor သည် နတ်မင်းကြီးတမျှ အင်အားကြီးမားပါသည်။ တိုက်ရည်ခိုက်ရည်လည်းကောင်းသည်။ မလိုအပ်သော စစ်ပွဲတစ်ပွဲကို မဆင်မခြင်တိုက်ခိုက်ခဲ့ခြင်းအတွက် Thor မှ ပြစ်ဒဏ်ပေးခံရပြီး ကမ္ဘာမြေသို့ ပို့လွှတ်၍ ဒဏ်ခတ်ခြင်း ခံရသည်။ ထိုအချိန်မှာပင် မဟာပြိုင်ဘက်ကြီး Asgard ၏ တပ်ဖွဲ့တွေကလည်း ကမ္ဘာမြေကြီးအား ကျူးကျော်ရန် ကောက်ကျစ်စွာကြံစည်လာသောအခါ ပုဆိန်ကြီးနှင့်တိုက်ပွဲဝင်သော Thor တစ်ယောက်သူ၏ စစ်မှန်သော သူရဲကောင်းအရည်အသွေးများကို ပြသရတော့မည် ဖြစ်သည်။

IMAX 3D ဖြင့်ရိုက်ကူးထားသည့်ဇာတ်ကားအား ဒါရိုက်တာ Henneth Branagh ကရိုက်ကူးထားပြီး Chris Hemswarth, Anthony Hopkins, Natalie Portman, Tom Hiddleston တို့ ပါဝင်သရုပ်ဆောင်ထားသည်။ Paramount Pictures ကမေလ ၆ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7 Day News Journal
Vol.10, No.7 • MAY 5, 2011



ပါလက်စတိုင်းအသင်းသားများ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ် မြန်မာကစားသမားများ စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် ဓာတ်ပုံ - အောင်အောင်

OPINION

# ဘောလုံး နှင့် စိတ်ဓာတ်

ခန့်ကျော်ထင်လှိုင် (လှိုင်ကော်)

"နှစ်ထပ်ရှိမှ မှတ်မိ" ဟု ဆိုကြသော်လည်း အထပ်ထပ်ရှိသော်မှ မမှတ်မိသူက ကျွန်တော်ပါ။ အခြားမဟုတ်။ မြန်မာဘောလုံးအသင်းကို "ထန်းပင် ငုတ်တို အတက်ထွက်နိုး"မျှော်ကိုးပြီး နိုင်မလား အထင်နှင့်ကြည့်မိခြင်းဖြစ်သည်။

ကြည့်ပြီးတိုင်း စိတ်ဆိုးရခြင်း၊ သောကပွားရခြင်းတို့သာ အဖတ်တင်သည်။ မြန်မာဘောလုံးအသင်းကတော့ ကြာလေ အရောင်မှိန်လေပင်။ လောလောဆယ်ကြည့်မိသော ပြိုင်ပွဲ နှစ်ခုကိုပင်ကြည့်။ ပထမခြေစစ်ပွဲမှာ အိမ်ကွင်းတွင် တစ်ဂိုးသွင်းရုံဖြင့် ခြေစစ်ပွဲအောင်နိုင်သည်။ အခြေအနေကောင်းလိုက်ပုံက။ တကယ်ကစားတော့တစ်ဂိုးစီသရေကျပြီး နှစ်ကျော့ရလဒ် ၃-၂ဖြင့် ရှုံးသည်။

ဒုတိယခြေစစ်ပွဲ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ပရိသတ်ရှေ့မှာ ရမှတ်တစ်မှတ်၊ ဇယားအောက်ခြေအဆင့်ဖြင့် ပြိုင်ပွဲမှ ထွက်ရ၏။ သူတို့အစား ရှက်လိုက်တာလေ။ ကွင်းထဲမှာကိုယ်တိုင်ကိုယ်ကျသွားရောက်အားပေးသည့်ပရိသတ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း ကြားထဲမှ မဆီမဆိုင် အားနာနေမိ၏။

ပြိုင်ပွဲမှန်လျှင် အနိုင်၊ အရှုံးဆိုတာ ရှိစမြဲဖြစ်သည်။ နိုင်လျှင်နိုင်၊ မနိုင်လျှင် ရှုံးပေါ့။ အထူးအဆန်းမဟုတ်ပါ။ ကျွန်တော်ပြောလိုတာက မြန်မာအသင်းရှုံးခြင်းကို မဟုတ်။ ဘောလုံးသမားများ၏ စိတ်ဓာတ်ကိုသာ အကဲဖြတ်ပြလိုခြင်းဖြစ်၏။

တစ်နိုင်ငံလုံးက ဘောလုံးကို သဲသဲလှုပ် အားပေးနေချိန်မှာ ကွင်းအတွင်းတကယ် ကစားနေကြသည့် အားကစားသမားများသည့် နိုင်လိုစိတ် ပျောက်ဆုံးနေသည်ဟု ကျွန်တော်ဆိုချင်သည်။

အရမ်းပြောခြင်း မဟုတ်ပါ။ မကြာမီက အားကစားဂျာနယ်တစ်စောင်မှာ သတင်းတစ်ပုဒ် ကျွန်တော်ဖတ်ခဲ့ရ၏။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက "လက်ရွေးစင်အသင်းမှာ မကစားလိုသည့် ဘောလုံးသမားများကို ကလပ်အသင်း ကစားခွင့်ပိတ်သိမ်းမည်"ဆိုသော သတင်းပင်။ မှန်ရာပြောရလျှင် ထိုသတင်းကို ကျွန်တော်အလွန်အံ့ဩသည်။

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကစားခွင့်မပေးခဲ့သည့် အင်္ဂလန်အသင်းနည်းပြကာပယ်လိုကို မိမိအစွမ်းသိစေရမည်ဟု အာဆင်နယ်အသင်းမှ အင်္ဂလန်ဘောလုံးသမား ဝဲလ်ကော့ကကြုံးဝါးခဲ့ဖူး၏။ ဝဲလ်ကော့၏ ခြေစွမ်းကို ကာပယ်လိုက အသိအမှတ်ပြုပြီး မိမိခေါ်မသွားခဲ့သည်မှာ မှားကြောင်း ဝန်ခံခဲ့ရ၏။ သန်းကြွယ်သူဌေးကြီးဖြစ်နေသော်လည်း ဒေးဗစ်ဘက်ခမ်းတစ်ယောက် လက်ရွေးစင်အသင်းပါဝင်နိုင်ရေး လူငယ်ကစားသမားများနှင့် အပြိုင် ကြိုးစားနေရသည်။ ဤသို့ ကမ္ဘာကျော်ဘောလုံးသမားတွေက မိမိနိုင်ငံကိုယ်စားပြုအသင်းမှာ ကစားပေးရခြင်းကို နိုင်ငံအတွက် ပေးဆပ်ရခြင်းဟု ခံယူကာဂုဏ်ယူနေချိန်ကျွန်တော်တို့နိုင်ငံက အချို့ဘောလုံးသမားများက နိုင်ငံအတွက် ကစားပေးဖို့ ငြင်းဆန်နေခြင်းက အံ့ဩစရာပင်မဟုတ်ပါလော။ သူတို့စိတ်ဓာတ်က ဆလံသစရာပင်။

ရှုံးရင် ဆင်ခြေကန်ကြတာ လူ့သဘာဝလား မသိ။ ကျွန်တော်သိသလောက် မြန်မာဘောလုံးသမားများ အလွန်ဆင်ခြေပေးကြ၏။ ရှုံးရင် ရှုံးတယ်ဝန်မခံ။ ကွင်းမကောင်းလို့၊ ကားအကြာကြီး စီးရလို့၊ တည်းရတာ အဆင်မပြေလို့၊ အစားအသောက်ညံ့လို့၊ နည်းပြညံ့လို့ အိုစုံနေ တာပါပဲ။ နောက်ပိုင်းကျရသည့် လစာနည်းပါးခြင်းကို အကြောင်းပြလာသည်။ ထောက်ပံ့တာကနည်းတော့မိသားစု စားဝတ်နေရေး အဆင်မပြေ။ ဒါကြောင့် ဘောလုံးကို ဇောက်ချမကန်နိုင်ဆိုပါလား။

ဟော. . . ယခုတော့မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ပြီး လုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဘောလုံးလောကကို အပျော်တမ်းအဆင့်မှ ပရိအဆင့်သို့ ပြောင်းပေးခဲ့သည်။ လစာတွေ တနင့်တပိုးပေးခဲ့၏။ ယခု ဆိုသုံး နှစ်ဝန်းကျင်ရှိပြီ။ မြန်မာဘောလုံးလောကတိုးတက်လာပါသလား။ အရင်မဝတဝထောက်ပံ့မှုဖြင့် ကန်တုန်းကမှ ဆီမီးလေး၊ ဖိုင်နယ်လေးတက်ခဲ့သေး၏။ ယခုအစစလိုလေသေးမရှိ ပံ့ပိုးပေးကာမှ ဂိုးအလှူကြီးပေးရတာနဲ့၊ ခြေစစ်ပွဲမှာ အောက်ဆုံးရောက်ရတာနဲ့ နိုင်ငံနှင့် လူမျိုးကျက်သရေမတိုးဘဲ ရှက်စရာသာ တိုးနေရတော့၏။

အရင်လို ဆင်ခြေကန်စရာ အပြစ်မတွေ့တော့ ခေါင်းကိုက်၊ ဗိုက်နာအကြောင်းရှာပြီး လက်ရွေးစင်အသင်းအတွက် ကစားပေးဖို့ ငြင်းဆန်ရင်း မိမိခြေစွမ်းမထက်မှုကို ကာကွယ်ကြသည်ဟု ကျွန်တော်ကယူဆမိ၏။ ပြုစု၊ ပျိုးထောင်ပေးရသည့် ဘောလုံးအဖွဲ့ချုပ်အတွက်ကတော့ ထိုသို့သော ဘောလုံးသမားများသည် မွေးရကျိုးမနပ်သည့် "ရတာနာ" များပင်။

ဘောလုံးကစားခြင်းသည် နိုင်ငံဂုဏ်ဆောင်ခြင်းဖြစ်သည်ကို ဘောလုံးသမားများ သတိပြုကြစေချင်သည်။ လက်ရွေးစင်အဖြစ် ကစားရခြင်းကိုလည်း ဂုဏ်ယူစေချင်သည်။ မျိုးချစ်စိတ်ပြည့်ဝစေချင်ပါသည်။

ဘောလုံးသမားများ စိတ်ဓာတ်လျော့ရဲပုံကို ပြီးခဲ့သည့် ခြေစစ်ပွဲနှစ်ပွဲမှ အထင်းသားတွေ့မြင်ရသည်။ ကိုယ့်ပရိသတ်ရှေ့မှာ ကစားရသော်လည်း အင်တိုက်အားတိုက်မရှိ။ အားမနာတမ်းပြောရလျှင် Power ရော Skill ပါ အားရစရာမရှိ။ ကလပ်အသင်းမှာ ကန်လာတာ သုံးနှစ်ဝန်းကျင်ရှိပြီ။ ဘောလုံးကို သပ်ရပ်စွာ မဖမ်းတတ်။ သေသေသပ်သပ် ဖျက်မထုတ်တတ်။ ဂိုးပေါက်တွေ့အောင်မရှာတတ်။ တစ်ဖက်လူနှင့်လည်း ယှဉ်ပြီး မပြေးနိုင်။ အနေအထားမျိုးစုံမှ ဂိုးပေါက်တည့်အောင်မကန်တတ်။ ဂိုးဧရိယာအတွင်းမှ ကန်လျှင်ပင် ကလေးငယ်ဖမ်းနိုင်အောင် ကန်ချက်ပျော့သည်။ အဓိကမှာ နိုင်လိုစိတ်ပျောက်ဆုံးနေခြင်းပင်။ ပွဲပြီးခါနီးသုံးမိနစ်လောက်လိုမှ အသည်းအသန် ကစားတတ်၏။ စိတ်ပျက်စရာ။

သည်လိုစိတ်ဓာတ်မျိုးဖြင့် မြန်မာဘောလုံးအသင်းအောင်ပွဲမရနိုင်ဟု ကျွန်တော်ဆိုချင်သည်။ တတ်နိုင်လို့နည်းပြမော်ရင်ညိုကို ငှားပေးဦး။ သည်စိတ်ဓာတ်ဖြင့် မနိုင် နိုင်ပါ။ ကျွန်တော်စိုးရိမ်တာ တစ်ခုက ဘောလုံးသမားများ၏ စိတ်ဓာတ်ကိုကြည့်ကာ မြန်မာလူမျိုးဆိုတာ သည်လိုစိတ်နေသဘာဝရှိသူတွေပဲဟု နိုင်ငံတကာက ထင်မှတ်သွားမည်ကိုပင်။

စဉ်းစားဆင်ခြင်ပြုပြင်နိုင်ကြပါစေ။ ။



မြန်မာအသင်းခြေစွမ်းကို အားမလိုအားမရဖြစ်၍ ပေါက်ကွဲပြနေသော ပရိသတ်တစ်ဦး
ဓာတ်ပုံ - အောင်အောင်

## ဆုကြေးငွေကျပ်သိန်းနှစ်ရာ ချီးမြှင့်မည့် ခြင်းခတ်ပြိုင်ပွဲများ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၂၇

စုစုပေါင်း ဆုကြေးငွေကျပ်သိန်းနှစ်ရာကျော်ချီးမြှင့်မည့် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲသုံးရပ်အား မကွေးမြို့တွင် တစ်ပြိုင်နက်ကျင်းပသွားမည်ဟု သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲများမှာ အဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားပြိုင်ပွဲ၊ (၃၇) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဒိုင်းပြိုင်ပွဲနှင့် မြန်မာကိုင်ဒိုဖလားပြိုင်ပွဲတို့ဖြစ်ပြီး မေ ၂၉ ရက်မှ ဇွန် ၄ ရက်ထိ မကွေးမြို့တွင်ကျင်းပသွားမည်ဖြစ်သည်။

ဝန်ကြီးဖလားပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆယ်ပေါက်တန်းဝိုင်းဖွဲ့(အမှတ်ခတ်)ပြိုင်ပွဲ၊ အမျိုးသမီးတံခွန်စိုက်ဝိုင်းဖွဲ့ (အမှတ်ခတ်)ပြိုင်ပွဲ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဒိုင်းပြိုင်ပွဲတွင် အမျိုးသားခြောက်ပေါက်တန်း ဝိုင်းဖွဲ့ (အမှတ်ခတ်)ပြိုင်ပွဲ၊ အမျိုးသမီးလေးပေါက်တန်း ဝိုင်းဖွဲ့(အမှတ်ခတ်)ပြိုင်ပွဲ၊ မြန်မာကိုင်ဒိုဖလားတွင် အမျိုးသားလေးပေါက်တန်း လူသစ်တန်းဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း) အလှခတ်ပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစား တစ်မျိုးစီအတွက် ပထမဆုကျပ် ၁၅ သိန်း၊ ဒုတိယဆုကျပ် ၁၀ သိန်း၊ တတိယဆု ကျပ် ၅ သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး အကောင်းဆုံး အားကစားသမားဆုများကိုလည်း ငွေသားဆုများချီးမြှင့်သွားမည်ဟု သိရသည်။

ပြိုင်ပွဲဝင်လိုသည့် မြန်မာ့ရိုးရာ ခြင်းလုံးခတ်အသင်းများသည် အဖွဲ့ချုပ်ရုံး(အောင်ဆန်းကွင်း)၊ ဖုန်း ၃၉၃၄၂၀ သို့ မေ ၂၅ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။

# အာရှဘောလုံးအဖွဲ့ချုပ်ဉက္ကဋ္ဌဖလား ရတနာပုံအသင်း၏ ပွဲစဉ်များကို မြန်မာ့ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၂၇

၂၀၁၁ အာရှဘောလုံးအဖွဲ့ချုပ်ဉက္ကဋ္ဌဖလား AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များ၏ ရတနာပုံအသင်းယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ဓာတ်ပုံ - အောင်အောင်

ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၎င်းပွဲစဉ်များအား တစ်ရက်လျှင် နှစ်ပွဲကျင်းပသွားမည်ဖြစ်သည်။ ပထမပွဲစဉ်အား ညနေ သုံးနာရီခွဲအချိန်တွင် စတင်မည်ဖြစ်ပြီး ဒုတိယပွဲစဉ်အား ညနေ ခြောက်နာရီအချိန်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံရတနာပုံအသင်းသည် မေ ၁၃ ရက်တွင် ပထမပွဲစဉ်အဖြစ် ဘူတန်ကလပ် ရိဒ်ဇင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းနေ့ဒုတိယပွဲစဉ်အဖြစ် တာဂျစ်ကစ္စတန်ကလပ် အစ်တီကလိုက်အသင်းနှင့် ပါလက်စတိုင်းကလပ် မူကာဘာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မေ ၁၅ ရက် ပထမပွဲစဉ်အဖြစ် ရိဒ်ဇင်အသင်းနှင့် အစ်တီကလိုက်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် ရတနာပုံအသင်းနှင့် မူကာဘာအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များအား သုဝဏ္ဏကွင်းတွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အုပ်စုနောက်ဆုံးပွဲစဉ်များဖြစ်သည့် ရတနာပုံအသင်းနှင့် အစ်တီကလိုက်အသင်းပွဲစဉ်အား သုဝဏ္ဏကွင်းတွင်လည်းကောင်း၊ ရိဒ်ဇင်အသင်းနှင့် မူကာဘာအသင်းပွဲစဉ်အား အောင်ဆန်းကွင်းတွင်လည်းကောင်း ညနေသုံးနာရီခွဲအချိန်တွင် တစ်ပြိုင်နက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်များအနက် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်များအား ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး အခြားပွဲစဉ်များအား နောက်ကျ (Delay)ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကာ ကွင်းဝင်ကြေးအဖြစ် တစ်ဦးလျှင် အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။



# မြန်မာလွန်ဆွဲအားကစားအဖွဲ့ ပြည်ပသို့ ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၂၇

မြန်မာလွန်ဆွဲ အားကစားအဖွဲ့သည်ပြည်ပပြိုင်ပွဲတစ်ခုသို့ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ သတင်းရရှိသည်။

မေ၃၁ရက်မှဇွန်၄ရက်အထိ ထိုင်းနိုင်ငံ၊ Nakho Phanom တွင်ကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ရန်မြန်မာလွန်ဆွဲ အားကစားအဖွဲ့အားဖိတ်ခေါ်ထားသဖြင့် သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"နိုင်ငံတကာ လွန်ဆွဲနည်းစနစ်နဲ့ မြန်မာ့ရိုးရာလွန်ဆွဲနည်းစနစ်က ကွာခြားမှုသိပ်မရှိပါဘူး။ နောက်အာရှလွန်ဆွဲအဖွဲ့ချုပ်က တာဝန်ရှိသူတွေလည်းမြန်မာနိုင်ငံလာပြီး၊ နည်းပြ၊ ဒိုင်သင်တန်းတွေပေးဖူးပါတယ်။ နောက်ပိုင်းပြည်တွင်း ကျောင်းပေါင်းစုံ၊ ဝန်ကြီးဌာနပြိုင်ပွဲတွေမှာလည်း အပြည်ပြည်ဆိုင်ရာ နည်းစနစ် စည်းမျဉ်းစည်းကမ်းအတိုင်း ကျင်းပနေပါတယ်" ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

ယခင်က မြန်မာလွန်ဆွဲ အားကစားအဖွဲ့အနေဖြင့် ပြည်ပပြိုင်ပွဲများသို့ သရုပ်ပြပွဲများသာ သွားရောက်ပြသဖူးပြီး ပြိုင်ပွဲအဖြစ် ယခုပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာလွန်ဆွဲ အားကစားအဖွဲ့အနေဖြင့် အမျိုးသား၊ အမျိုးသမီးအတွဲလိုက် (Mixed Tug-of-war)ပြိုင်ပွဲအမျိုးအစားတွင် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြေးခုန်ပစ်၊ သဲသောင်ပြင်ဘော်လီဘော၊ ဘောလုံး၊ ပိုက်ကျော်ခြင်း အားကစားနည်းများကိုလည်း လာရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်ထားကြောင်း သိရသည်။

# မလေးရှားဘောလုံးအသင်းက ခြေစမ်းပွဲကစားရန် မြန်မာကို ကမ်းလှမ်း

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ - ၃၀

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် ပြည်ပနိုင်ငံမှ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ ဖိတ်ကြားမှုများ ပြုလုပ်ထားကြောင်းသတင်းရရှိသည်။

မလေးရှားဘောလုံးအဖွဲ့ချုပ်သည်မလေးရှားလက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းအား ဖိတ်ကြားထားခြင်းဖြစ်ပြီး ဂျော်ဒန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှလည်းမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ခြေစမ်းပွဲကစားရန် ဖိတ်ကြားထားကြောင်း (MFF) မှ သတင်းရရှိသည်။

"မလေးရှားဘောလုံးအဖွဲ့ချုပ်က မလေးရှားမှာ ဇွန်လ ၁၈ ရက်ခြေစမ်းပွဲကစားဖို့ ဖိတ်ထားတာပါ။ ကမ္ဘာ့ဖလားခြေစစ်ပွဲကစားဖို့ရှိတဲ့ မြန်မာအသင်းအနေနဲ့ အတိအကျ မပြောနိုင်သေးပေမယ့် သွားရောက်ကစားဖို့ ပြင်ဆင်နေပါတယ်"ဟု (MFF) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၄ ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲအဖြစ် မြန်မာအသင်းသည် မွန်ဂိုလီးယားအသင်းနှင့်လာမည့်ဇွန် ၂၉ ရက်တွင် အဝေးကွင်းနှင့် ဇူလိုင်လ ၃ ရက်တွင် အိမ်ကွင်းအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ လက်ရှိအချိန်တွင် လက်ရွေးစင်အသင်းအား ရွေးချယ်ထားခြင်းမရှိသေးပေ။

မြန်မာ့လက်ရွေးစင်အသင်း၏နည်းပြချုပ်ဖြစ်သူ ဆားဘီးယားလူမျိုး မီလန်ဇီဗာဒီနိုဗစ်သည် ခွင့်ယူထားရာမှ ဧပြီလ ၂၈ ရက်တွင် နေရပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ၎င်း၏ လက်ထောက်နည်းပြ၊ ဂိုးနည်းပြနေရာများအား ခန့်အပ်ရန် (MFF) မှစီစဉ်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ကြံ့ခိုင်ရေးနည်းပြနေရာအတွက်လည်း MNL အသင်းများမှ နိုင်ငံခြားသားနည်းပြအား ခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း (MFF) မှ တာဝန်ရှိသူက ပြောသည်။

၎င်း၏ လက်ထက်တွင် နိုင်ပွဲမရရှိသေးသော မီလန်ဇီဗာဒီနိုဗစ်အနေဖြင့်လာမည့်ကမ္ဘာ့ဖလား ပထမအဆင့် ခြေစစ်ပွဲအဆင့်အား ကျော်ဖြတ်နိုင်ခြင်း မရှိပါက အလုပ်မှ ထုတ်ပယ်ခံရဖွယ်ရှိကြောင်း (MFF) မှတာဝန်ရှိသူက ပြောသည်။



# ရီးရဲလ်မှ ထွက်ခွာမည်မဟုတ်ဟု မော်ရင်ညိုပြောကြား

မက်ဒရစ်၊ မေ - ၃၀

စပိန်လာလီဂါပြိုင်ပွဲဝင် ရီးရဲလ်မက်ဒရစ်အသင်း၏ နည်းပြမော်ရင်ညိုက ၎င်းသည် ယခုရာသီအကုန်တွင်လည်း အသင်းမှ ထွက်ခွာသွားမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ မော်ရင်ညိုသည် မကြာမီကပင် ရာသီအကုန်၌ ရီးရဲလ်မှ ထွက်ခွာတော့မည်ဟု သတင်းများထွက်ပေါ်ခဲ့သောကြောင့် ယခုကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းသည်ပြီးခဲ့သည့် ဧပြီ ၂၇ ရက်က ဘာစီလိုနာနှင့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်တွင်လည်း ဒိုင်လူကြီး၏ အနီကတ်ပြထုတ်ပယ်ခြင်းကို ခံထားရသည်။

ထို့ကြောင့် ယခုအခါ ဥရောပဘောလုံးအဖွဲ့ချုပ် ယူအီးအက်ဖ်အေသည် မော်ရင်ညိုအပေါ် ပြစ်ဒဏ်များချမှတ်ဖွယ်ရှိနေကြောင်း သိရသည်။ မော်ရင်ညိုက ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ "ကျွန်တော်ရီးရဲလ်မှာ ဆက်နေချင်တဲ့ဆန္ဒတွေရှိပါတယ်။ ဖိအားတွေက ကျွန်တော့်အတွက် ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်ဘာမှ ပြောစရာမရှိပါဘူး" ဟု ဆိုသည်။ မော်ရင်ညိုသည် လာမည့်ချန်ပီယံလိဂ်ဒုတိယကျော့ပွဲစဉ်တွင်မူ အသင်း၏တိုက်စစ်ပိုင်းကို အနည်းငယ်ပြောင်းလဲသွားဖွယ်ရှိကြောင်း ပြောကြားထားသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011

# မန်ယူ–ချယ်လ်ဆီး ဘယ်သူနိုင်မလဲ စောင့်ကြည့်ရမယ့် ပရီးမီးယားလိဂ်ပွဲစဉ် ၃၆ ပွဲကြိုခန့်မှန်းချက်

**ကိုထိုက်**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေနေ့တွေမှာ ယှဉ်ပြိုင်မယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၃၆)မှာတော့ အာဆင်နယ်၊ ချယ်လ်ဆီး၊မန်စီးတီး၊လီဗာပူးစတဲ့ အသင်းတွေအားလုံးအဝေးကွင်းပွဲတွေသွားကစားကြရ မှာဖြစ်ပါတယ်။ ဇယားကို ဦးဆောင်နေတဲ့ မန်ယူနဲ့ ချယ်လ်ဆီးတို့ ထိပ်တိုက်တွေ့ဆုံမယ့်ပွဲကတော့ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်လာမှာပါ။ မန်ယူဟာ အာဆင်နယ်နဲ့ ပြီးခဲ့တဲ့ပွဲစဉ် (၃၅) မှာတွေ့ခဲ့ပြီးဖြစ်တာမို့ ဒီချယ်လ်ဆီးနဲ့ပွဲဟာလည်းချန်ပီယံဖြစ်ဖို့ ပြေးလမ်းမှာ ခက်ခဲမယ့်ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။



**<u>၇၊ မေလ၊ စနေ။</u>**

**ဗီလာ-ဝီဂန်**
**ည ၈း၅၀ နာရီ**
**ပကျော့ရလဒ် ၂-၁**

ဗီလာဟာ ဝီဂန်နဲ့ နောက်ဆုံးသုံးကြိမ်တွေ့ဆုံထားမှုမှာ နှစ်ကြိမ်နိုင်ထားပြီး တစ်ကြိမ်ရှုံးထားပါတယ်။ အိမ်ကွင်းရလဒ်ပိုင်းကြည့်ရင်လည်း ဗီလာဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရထားတယ်။ ဒါ့ကြောင့် ဒီနောက်ပိုင်းတိုက်စစ်အားကောင်းနေတဲ့ ဝီဂန်ကို ရင်ဆိုင်ရခက်မှာပါ။ သရေပွဲဖြစ်နိုင်ပြီး အိမ်ရှင်ဗီလာနိုင်ရင်လည်း ကပ်နိုင်ရုံပါပဲ။

**ဘော်လ်တန်-ဆန်းဒါးလန်း**
**ည ၈း၅၀ နာရီ**
**ပကျော့ရလဒ် ၀-၁**

ညှို့သည်ဆန်းဒါးလန်းအတွက် သိပ်မခက်ခဲနိုင်တဲ့ပွဲပါ။ ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှုသုံးကြိမ်စလုံးမှာဆန်းဒါးလန်းကချည်းနိုင်ထားတယ်။ အိမ်ရှင် ဘောလ်တန်တို့ ဒီနောက်ပိုင်း အိမ်ကွင်းနိုင်ပွဲတွေ ဆက်နေပေမယ့် ဒီပွဲကိုတော့နိုင်ဖို့ခက်နိုင်တယ်။ ဆန်းဒါးလန်းကို ဂိုးအနည်းနဲ့ ရွေးထားချင်ပါတယ်။

**အဲဗာတန်-မန်စီးတီး**
**ည ၈း၅၀ နာရီ**
**ပကျော့ရလဒ် ၂-၁**

မန်စီးတီးတို့ ဒီနောက်ပိုင်းတိုက်စစ်အားကောင်းနေပြီး ဂိုးပြတ်နိုင်ပွဲတွေ ရလာနေပါတယ်။ ဒါပေမဲ့ လီဗာပူး၊ ချယ်လ်ဆီးတို့လို အသင်းကြီးတွေကိုလည်း ဂိုးပြတ်ရှုံးထားတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်ကိုကြည့်တော့လည်း အဲဗာတန်ကချည်းနိုင်ထားပါတယ်။ အဲဗာတန်ကို ရွေးသင့်တဲ့ပွဲဖြစ်ပြီး မန်စီးတီးတို့ သရေပွဲသာ အမြင့်ဆုံးမှန်းနိုင်လိမ့်မယ်။

**နယူးကာဆယ်-ဘာမင်ဂမ်**
**ည ၈း၅၀ နာရီ**
**ပကျော့ရလဒ် ၂-၀**

နယူးကာဆယ်ဟာဗီလာကို ရှုံးနိမ့်ပြီးနောက်ပိုင်း မန်ယူ၊ ဘလက်ပူးတို့နဲ့ ဆက်တိုက်သရေကျထားပါတယ်။ ဒါပေမဲ့ ဘာမင်ဂမ်ကဒီနောက်ပိုင်းအဝေးကွင်း သုံးပွဲစလုံးရှုံးနိမ့်ထားတဲ့အသင်းမို့ သိပ်အခက်အခဲမရှိနိုင်ပါဘူး။ အိမ်ရှင်နယူးကာဆယ်တို့ နှစ်ဂိုးလောက်နဲ့နိုင်ခြေရှိပါတယ်။

**ဝက်စ်ဟမ်း - ဘလက်ဘန်း**
**ည ၈း၅၀ နာရီ**
**ပကျော့ရလဒ် ၁-၁**

ပထမအကျော့တုန်းက သရေကျခဲ့ပေမယ့်ဒီဒုတိယအကျော့မှာတော့ အဝေးကွင်းရှုံးပွဲတွေ ဆက်တိုက်ကြုံနေတဲ့ဘလက်ဘန်းကိုဝက်စ်ဟမ်းတို့ အသာရနိုင်ပါတယ်။ အိမ်ရှင်ဝက်စ်ဟမ်းတို့ တိုက်စစ်ပိုင်းဖိကစားပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ခြေရှိပါတယ်။

**စပါး-ဘလက်ပူးလ်**
**ည ၁၁း၀၀ နာရီ**
**ပကျော့ရလဒ် ၁-၃**

ပထမအကျော့တုန်းက စပါးတို့ ကစားသမားအင်အားသာလွန်ပေမယ့် အသင်းလိုက်ကစားပုံပိုကောင်းတဲ့ ဘလက်ပူးလ်က အိမ်ကွင်းမှာဂိုးပြတ်နိုင်ခဲ့ပါတယ်။ စပါးဟာ ပြီးခဲ့တဲ့ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရထားပါတယ်။ စပါးတို့ အိမ်ကွင်းမှာ သတိထားကစားမှ နိုင်ခြေရှိမယ်။ စပါးကို ဂိုးအနည်းနဲ့ပဲ ရွေးရမှာပါ။

**<u>၈၊ မေလ၊ တနင်္ဂနွေ</u>**

**ဝုလ်-ဝက်စ်ဘရွန်း**
**ညနေ ၅း၃၀ နာရီ**
**ပကျော့ရလဒ် ၁-၁**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ နှစ်ပွဲသရေကျပြီး တစ်ပွဲက ဝက်စ်ဘရွန်းနိုင်ထားပါတယ်။ ဝုလ်ဟာပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားတယ်။ ညှို့သည် ဝက်စ်ဘရွန်းကိုပိုကြိုက်မိပါတယ်။ ဝက်စ်ဘရွန်းတို့ နှစ်ဂိုးအသာလောက်နဲ့ နိုင်ခြေရှိတယ်။

**စတုတ်စီးတီး - အာဆင်နယ်**
**ည ၇း၃၅ နာရီ**
**ပကျော့ရလဒ် ၀-၁**

အာဆင်နယ်ဟာ စတုတ်ကို နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ လေးကြိမ်နိုင်ပြီး တစ်ကြိမ်သာ ရှုံးနိမ့်ထားပါတယ်။ အာဆင်နယ်တို့ တိုက်စစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်း ကစားကွက်ကောင်းပေမယ့် အရေးပါတဲ့ပွဲတွေမှာ ဂိုးမရတတ်တာကြောင့်မထင်မှတ်ဘဲ သရေပွဲဖြစ်သွားနိုင်တယ်။ အကြိုက်ရွေးရရင်တော့ ဝါရင့်အာဆင်နယ်ဖြစ်ပြီး ဂိုးအနည်းနဲ့ပဲ ကပ်နိုင်သွားမှာပါ။

**မန်ယူ - ချယ်လ်ဆီး**
**ည ၉း၄၀ နာရီ**
**ပကျော့ရလဒ် ၁-၂**

ပထမအကျော့တုန်းက ချယ်လ်ဆီးတို့အိမ်ကွင်းမှာ နိုင်ခဲ့ပေမယ့် ပြေလဆန်းပိုင်းအတွင်း ချန်ပီယံလိဂ်ပွဲစဉ် နှစ်ကျော့စလုံးမှာတော့ ချယ်ဆီးတို့ မန်ယူကို ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါ့ကြောင့် ညှို့သည်ချယ်လ်ဆီးတို့ ဒီပွဲကို နိုင်လိုစိတ်ပြင်းထန်စွာနဲ့ ကစားသွားနိုင်ပါတယ်။ ချယ်လ်ဆီးရှေ့တန်းမှာ ဒရော့ဂ်ဘာနဲ့ တောရက်စ်တိုက်စစ်အတွဲကို ထုတ်သုံးဖွယ်ရှိတာကြောင့် မန်ယူတို့ခက်ခဲနိုင်တယ်။ မန်ယူနိုင်ခြေပိုများပေမယ့်ချယ်လ်ဆီးလည်း အခွင့်အရေးရှိပါတယ်။ သရေပွဲလည်းဖြစ်နိုင်ပြီး နိုင်ရင်တော့မန်ယူကပ်နိုင်ဖို့များနေတယ်။

**<u>၁၀၊ မေ၊ အင်္ဂါ။</u>**

**ဖူလ်ဟမ် - လီဗာပူး**
**ပကျော့ရလဒ် ၀-၁**

လီဗာပူးတို့ နောက်ဆုံးအဝေးကွင်းသုံးပွဲမှာ အာဆင်နယ်ကို သရေကျပြီး ဆန်းဒါးလန်းကိုအနိုင်၊ ဝက်စ်ဘရွန်းကိုတော့ ကပ်ရှုံးခဲ့တယ်။ ဖူလ်ဟမ်တို့ ပိတ်ကစားရင် လီဗာပူးတို့ အခက်တွေ့နိုင်ပါတယ်။ လီဗာပူးရဲ့ ဆွာရက်ဂိုးသွင်းခြေရှိပေမယ့် ဒီပွဲကို ဂိုးပြတ်ဖို့မလွယ်လှဘူး။ လီဗာပူးတစ်ဂိုးအသာလောက်နဲ့ ကပ်နိုင်ခြေရှိတယ်။

## လန်ဒန်အိုလံပစ်အတွက် လက်မှတ်စောင်ရေသန်း ၂၀ ကျော် ဝယ်ယူရန်လျှောက်ထား

**လန်ဒန်၊ ဧပြီ - ၃၀**

လာမည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပွဲအတွက် လက်မှတ်ဝယ်ယူရန် လျှောက်လွှာများလက်ခံခြင်းကို ပိတ်သိမ်းလိုက်ပြီဖြစ်ရာ နောက်ဆုံးအချိန်အထိ လူပေါင်း ၁ ဒသမ ၈ သန်းက လက်မှတ်စောင်ရေသန်း ၂၀ ခန့်ဝယ်ယူရန် လျှောက်ထားခဲ့ကြကြောင်း လန်ဒန်အိုလံပစ်ကျင်းပရေးကော်မတီက ထုတ်ဖော်ကြေညာလိုက်သည်။ အိုလံပစ်လက်မှတ်များ ရောင်းချရေးအစီအစဉ်ကို ပြီးခဲ့သည့်မတ်လ ၁၅ ရက်က စတင်ခဲ့ပြီး ဧပြီ ၂၆ ရက်တွင် အဆုံးသတ်ခဲ့ခြင်းဖြစ်ကာ လက်မှတ်စောင်ရေ ၆ ဒသမ ၆ သန်းခန့် ရောင်းချခဲ့သည်ဟုဆိုသည်။

အိုလံပစ်ကျင်းပရေးကော်မတီ၏ အဆိုအရ အချို့သောအားကစားပွဲများအတွက် လက်မှတ်များမှာ ခွဲတမ်းချထားပေးနိုင်သည်ထက်ပင်ပိုမိုလျှောက်ထားကြသဖြင့် လက်မှတ်များကို မဲနှိုက်ရွေးချယ်ရောင်းချပေးသွားရန်ရှိကြောင်းဆိုသည်။ ကော်မတီက အဖွင့်ပွဲအတွက် လက်မှတ်များလည်း ကော်မတီမှ ရောင်းချနိုင်သည်ထက် ၁၀ ဆပိုခဲ့ကြောင်းဆိုသည်။ ယခုရောင်းချထားသောလက်မှတ်များအတွက်အွန်လိုင်းမှ ရောင်းချမှုများကို လာမည့် မေ ၁၀ ရက်တွင် ဝယ်သူတို့၏



အကောင့်တ်များမှ စတင်ငွေကောက်ခံသွားမည်ဟု သိရသည်။

*—Ref: AP*



# အင်တာနက်အသုံးများခြင်းနှင့် လူငယ်များ အပြုအမူဆိုးရွားခြင်း ဆက်စပ်နေ

**ကင်စတန်၊ မေ - ၂၇**

ကောင်းမွန်သောအပြုအမူနှင့် ဆိုးဝါးသောအပြုအမူများမှာ အတုယူပြုမူခြင်းမှ ဖြစ်ပေါ်လာသည်ဟူသော လေ့လာချက်များကိုကိုးကား၍ အင်တာနက်အသုံးပြုမှုများခြင်းသည် လူငယ်များအကြား အန္တရာယ်များသောပြုမူမှု များပြားလာနိုင်သည်ဟု ကနေဒါနိုင်ငံမှ သုတေသီများက ပြောကြားသည်။

ဆယ်ကျော်သက်လူငယ်များကွန်ပျူတာ၊ အင်တာနက်အသုံးပြုမှုများခြင်းနှင့် အန္တရာယ်များသော အပြုအမူများ (ဥပမာအားဖြင့် တရားမဝင်မူးယစ်ဆေး သုံးစွဲခြင်း၊ အရက်သောက်ခြင်းနှင့် အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း)၌ ပါဝင်ပတ်သက်ခြင်းတွင် ဆက်နွယ်မှုကြီးမားကြောင်း Queen's တက္ကသိုလ်မှ ဒေါက်တာဘွဲ့အတွက် သုတေသနပြုနေသူဗယ်လာရီကာဆန်နှင့်အဖွဲ့က တွေ့ရှိခဲ့သည်။

မသိစိတ်မှ အလိုအလျောက် ဖြစ်ပေါ်လာသည့် အပြုအမူ လူမှုရေးသီအိုရီကို အခြေခံ၍ လေ့လာရာ၌ လူအများသည် အခြားလူများပြုမူပုံအတိုင်း လိုက်လံပြုမူလေ့ရှိသည်ကို တွေ့ရှိရကြောင်း၊ တယ်လီဗေးရှင်းနှင့် ကွန်ပျူတာကြည့်ရှုမှုများပြားသော ဆယ်ကျော်သက်များသည်လည်း ယင်းသို့လိုက်လံပြုမူရန် အခွင့်အရေးများကြောင်း သုတေသီများက ပြောကြားသည်။

ကွန်ပျူတာနှင့် အင်တာနက်အသုံးပြုမှု မြင့်မားခြင်းကြောင့် လူငယ်များတွင် ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးသုံးခြင်း၊ ဆေးခြောက်ရှူခြင်း၊ အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း၊ ကားလုံခြုံရေးခါးပတ်မသုံးခြင်းစသည့်အပြုအမူ ၅၀ ရာခိုင်နှုန်းမြင့်မားလာကြောင်း သုတေသနက ဆက်စပ်ပြသည်။ ထို့အပြင် တီဗီ၊ ဗီဒီယိုဂိမ်းများတွင် ဆင်ဆာဖြတ်တောက်မှုအားကောင်းသော်လည်း အင်တာနက်အသုံးပြုရာတွင် ယင်းသို့ အားမကောင်းကြောင်း သုတေသီများက ထောက်ပြထားသည်။

*—Ref: UPI*



# နိုကီယာက အလုပ်နေရာပေါင်း ၇၀၀၀ ခန့် လျှော့ချသွားမည်

**လန်ဒန်၊ မေ - ၂၇**

ကမ္ဘာကျော်တယ်လီဖုန်း ကုမ္ပဏီနိုကီယာသည် စမတ်ဖုန်းထုတ်လုပ်ရေးဈေးကွက်ကို ပိုမိုအာရုံစိုက်နိုင်ရန်အတွက် ကုမ္ပဏီက အလုပ်နေရာပေါင်း ၇,၀၀၀ ခန့်အား လျှော့ချသွားရန်ရှိကြောင်းကြေညာလိုက်သည်။ နိုကီယာသည် ဗြိတိန်စက်ရုံများမှ အလုပ်နေရာ ၇၀၀ အပါအဝင် ကမ္ဘာတစ်ဝန်းမှ အလုပ်နေရာပေါင်း ၄,၀၀၀ ခန့်အားလျှော့ချဖြတ်တောက်သွားမည်ဖြစ်ပြီး အခြားလုပ်သား ၃,၀၀၀ ခန့်ကိုမူ Accenture ကုမ္ပဏီသို့ နေရာရွှေ့ပြောင်းခန့်ထားစေမည်ဖြစ်ကြောင်းဆိုသည်။

နိုကီယာသည် ယင်းသို့အလုပ်အကိုင်နေရာများ လျှော့ချမည့်အစီအစဉ်ကိုလာမည့် ၂၀၁၂ မှစ၍ စတင်လုပ်ဆောင်သွားမည်ဟုသိရသည်။ နိုကီယာသည် ယခုအခါ ကမ္ဘာတစ်ဝန်း လူသုံးများလာသော စမတ်ဖုန်းများတိုးတက်ထုတ်လုပ်ရေးအတွက် အာရုံစိုက်နေပြီး ကုမ္ပဏီထုတ်ဟန်းဆက်များတွင် မိုက်ကရိုဆော့ဖ်၏ OS များအသုံးပြုနိုင်ရန် စီစဉ်နေသည်။

*—Ref: BBC*

# နယ်စပ်ကိစ္စ ငြိမ်းချမ်းစွာဖြေရှင်းရန် ထိုင်းနှင့်ကမ္ဘောဒီးယားအား လာအိုတိုက်တွန်း

**ဗီယန်ကျန်း၊ မေ - ၂၇**



မကြာမီက နောက်ဆုံးဖြစ်ပွားခဲ့သော ထိုင်းနှင့် ကမ္ဘောဒီးယား နယ်စပ်ပစ်ခတ်မှု ပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းသွားကြရန်လာအိုအစိုးရက နှစ်ဖက်စလုံးအား တိုက်တွန်းလိုက်သည်။ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် ခန်သွန်နိုအန်သာဆင်းက လာအိုအစိုးရသည် ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့များအကြား ပစ်ခတ်မှုများကို လွန်စွာစိုးရိမ်ပူပန်မိကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်ဟု နိုင်ငံပိုင် ဗီယန်ကျန်းတိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

မစ္စတာခန်သွန်က ပစ်ခတ်မှုများကြောင့် နှစ်ဖက်စလုံးတွင် အသက်အိုးအိမ်ဆုံးရှုံးမှုများဖြစ်ခဲ့ရကြောင်း လာအိုသည် ထိုင်း၊ ကမ္ဘောဒီးယားတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းဖြစ်သည့်အတွက် နယ်စပ်အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့်သာ ဖြေရှင်းစေလိုကြောင်းဆိုခဲ့သည်။ ထိုင်း-ကမ္ဘောဒီးယားနယ်စပ် ပစ်ခတ်မှုများသည် မေ ၂၂ ရက်မှ စတင်ဖြစ်ပွားခဲ့ပြီး ထိုင်းစစ်သားငါးဦးအထိ သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

*—Ref: Xinhua*



7DAY NEWS JOURNAL
Vol.10, No.7 • MAY 5, 2011



## ဂျူလီယန်အက်ဆန်းသည် ပြစ်မှုကျူးလွန်သူ မဟုတ်ဟု စစ်တမ်းက ဖော်ပြ

**နယူးယောက်၊ ဧပြီ - ၂၇**

ဝီကီလိခ်ပူးတွဲတည်ထောင်သူ ဂျူလီယန်အက်ဆန်းသည်ပြစ်မှုကျူးလွန်ခဲ့သူ မဟုတ်ဟု လူအများစုက ယုံကြည်ကြောင်း နိုင်ငံပေါင်း ၂၄ နိုင်ငံတွင် ပြုလုပ်ခဲ့သည့် လူထုစစ်တမ်းတစ်ရပ်က တွေ့ရှိခဲ့ပြီး အမေရိကန်၏ စာရွက်စာတမ်းများ ပေါက်ကြားစေခြင်းအတွက် ၎င်းအားအမေရိကန်အစိုးရက တရားမစွဲသင့်ကြောင်း စစ်တမ်းတွင် ဖော်ပြခဲ့သည်။


IPsos အဖွဲ့ကပြုလုပ်ခဲ့သည့် စစ်တမ်းအရ လူပေါင်း ၇၉ ရာခိုင်နှုန်းက ဝီကီလိခ်အကြောင်း သတိပြုမိပြီး ၎င်းတို့ထဲမှ ၃ ပုံ ၂ ပုံက အက်ဆန်းအား တရားမစွဲသင့်ဟု ပြောကြားကြကာ လေးပုံသုံးပုံက ဝီကီလိခ်၏ အစိုးရနှင့် ကော်ပိုရေးရှင်းကြီးများ၏ စာရွက်စာတမ်းများ ဖွင့်ချရန် ကြိုးစားမှုကို ထောက်ခံခဲ့ကြသည်။

အမေရိကန်နိုင်ငံမှ ပြန်ကြားသူ ၆၉ ရာခိုင်နှုန်းကမူ အက်ဆန်းအားတရားစွဲသင့်သည်ဟု ယုံကြည်ကြကာ ၆၁ ရာခိုင်နှုန်းက ဝီကီလိခ်အဖွဲ့၏ လုပ်ရပ်ကိုဆန့်ကျင်ကြသည်။

တောင်အာဖရိက၊ ဂျာမနီ၊ ရုရှားနှင့် အာဂျင်တီးနားနိုင်ငံမှ လူများက အက်ဆန်အား တရားစွဲခြင်းကို ဆန့်ကျင်ဖွယ်ရှိကြောင်းနှင့် အမေရိကန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ လူများကထောက်ခံဖွယ်ရှိကြောင်း စစ်တမ်းကတွေ့ရှိခဲ့သည်။

အမေရိကန်စစ်ဘက်သည် စာရွက်စာတမ်းများအား ဝီကီလိခ်သို့ပေါက်ကြားစေခဲ့ခြင်းအတွက် တပ်သားတစ်ဦးဖြစ်သူ ဘရက်ဒလေမန်းနင်းအား တရားစွဲဆိုထားပြီးဝီကီလိခ်ပူးတွဲတည်ထောင်သူ အက်ဆန်းကိုလည်းတရားစွဲဆိုနိုင်ရန် စီစဉ်လျက်ရှိသည်။

*—Ref: Reuters*



## ၁၃၆ ကာရက်ရှိသော စိန်တုံးကြီး ရုရှား၌ ရှာတွေ့

**ယာတူကီရာ၊ ဧပြီ - ၂၄**

ရုရှားစက်မှုဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်က ဆိုက်ဘေးရီးယားဒေသရှိမိုင်းတွင်းတစ်တွင်းမှ လုပ်သားများသည် အလေးချိန် ၁၃၆ ကာ ရက်ကျော်သော စိန်တုံးတစ်တုံးကိုရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောကြားလိုက်သည်။ အဆိုပါပုဂ္ဂိုလ်က အဝါရောင်စိန်တုံးကြီးသည် ပုံမှန်မဟုတ်သော အရွယ်အစားရှိပြီး ယခုအချိန်ထိ အတိအကျတန်ဖိုးမဖြတ်ရသေးကြောင်းဆိုသည်။

အဆိုပါစိန်တုံးကြီးကို ဆိုက်ဘေးရီးယားဒေသရှိယာကူတီယာမှ မိုင်းတွင်းတစ်တွင်းတွင် ရှာတွေ့ခဲ့ခြင်းဖြစ်သည်။ အဆိုပါတွင်းမှာ ယူဒတ်ချ်နင်စကီး မိုင်းကုမ္ပဏီမှ ပိုင်ဆိုင်ပြီး ကုမ္ပဏီမှာ ALROSA ကုမ္ပဏီကြီး၏ လုပ်ငန်းခွဲတစ်ခု ဖြစ်သည်။ ALROSA ကုမ္ပဏီသည်ကမ္ဘာ့စိန်များ၏ ၂၅ ရာခိုင်နှုန်းကိုတူးဖော်နေသော မိုင်းတွင်းများကို ပိုင်ဆိုင်သည်။

*—Ref: UPI*

## ယီမင်သဘောတူညီချက် ယခုရက်ပိုင်းအတွင်း အကောင်အထည်ပေါ်နိုင်

**ဆာနား၊ ဧပြီ - ၂၇**

ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေးအာဏာစွန့်လွှတ်ရေးအတွက် ပင်လယ်ကွေ့အာရပ်နိုင်ငံများက ကြားဝင်ညှိနှိုင်းပေးထားသည့် သဘောတူညီချက်မှာ ယခုရက်သတ္တပတ်အတွင်း အပြီးသတ်နိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ အတွင်းရေးမှူးချုပ် အဗ္ဗဒူလာတစ်အယ်လ်ဇာယာနီသည် ယီမင်မြို့တော် ဆာနားသို့ မကြာမီ လာရောက်ရန်ရှိပြီး ယီမင်သဘောတူညီချက်အား မေလ ၂ ရက်တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ ရီယာ့ဒ်မြို့၌ လက်မှတ်ထိုးရန် ဖိတ်ကြားဖွယ်ရှိကြောင်း အတိုက်အခံတာဝန်ရှိသူတစ်ဦးက ပြောသည်။

တူနီးရှားနှင့် အီဂျစ်နိုင်ငံခေါင်းဆောင်များ ပြုတ်ကျခဲ့ပြီးနောက်ယီမင်နိုင်ငံတွင်လည်း ဆန္ဒပြသူများက သမ္မတအဗ္ဗဒူလာဆာလေး၏ ၃၂ နှစ်တာ အုပ်ချုပ်မှုကိုအဆုံးသတ်ရန် တောင်းဆိုနေကြသည်။ ယီမင်နိုင်ငံ၏ အနောက်တိုင်းနှင့် ပင်လယ်ကွေ့မဟာမိတ်နိုင်ငံများကလည်း သုံးလကြာအကျပ်အတည်းအား အဖြေရှာနိုင်ရေးအတွက် ကြားဝင်ညှိနှိုင်းပေးရန် ကြိုးစားနေကြသည်။

ဧပြီလ ၂၆ ရက်မှာပင် အဆောက်အအုံများထက်မှ လက်ဖြောင့်တပ်သားများ၏ ပစ်ခတ်မှုကြောင့် အစိုးရဆန့်ကျင်ဆန္ဒပြသူတစ်ဦး သေဆုံးခဲ့သည်။

အာရပ်ကျွန်းဆွယ်တွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သည့် ယီမင်သာပြိုကွဲသွားပါက ယီမင်အခြေစိုက်အယ်လ်ကိုင်ဒါအဖွဲ့၏ တိုက်ခိုက်မှုများ ဒေသတွင်း၌ ကျယ်ပြန့်လာမည်ကို အမေရိကန်နှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံတို့က စိုးရိမ်နေကြသည်။

*—Ref: Reuters*



## လစ်ဗျားတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ စုံစမ်းမည်

**ထရီပိုလီ၊ ဧပြီ - ၂၇**

လစ်ဗျားနိုင်ငံတွင် ဖေဖော်ဝါရီလ ပဋိပက္ခများစတင်ခဲ့ပြီးချိန်မှစ၍ ဖြစ်ပေါ်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များကိုစုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂကစေလွှတ်သည့်အဖွဲ့တစ်ဖွဲ့သည် လစ်ဗျားမြို့တော် ထရီပိုလီသို့လာရောက်မည်ဖြစ်ကြောင်း သိရသည်။

ကန့်ကွက်ဆန္ဒပြသူများအပေါ် လစ်ဗျားအစိုးရက နှိမ်နင်းမှုများဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ယင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ခန့်အပ်တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။ လစ်ဗျားအစိုးရကလည်း စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်မည်ဟု ပြောကြားသည်။

အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်အားလုံးကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ လစ်ဗျားသူပုန်များနှင့် နေတိုးတပ်ဖွဲ့များက ကျူးလွန်ခဲ့သည်ဟုအစိုးရကပြောကြားသည့် ကိစ္စများကိုလည်းစုံစမ်းသွားမည်ဟု အဖွဲ့ဝင်သုံးဦးပါဝင်သည့်ကုလသမဂ္ဂအဖွဲ့ကပြောကြားသည်။

လစ်ဗျားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများမှာ လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်း ဟူ၍ပင် ပြောဆိုနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်အကြီးအကဲ မစ္စနာဗီပီလေးက ဖေဖော်ဝါရီလ နှောင်းပိုင်းက ပြောကြားခဲ့သည်။

*—Ref: BBC*

## အမေရိကန်နိုင်ငံ တောင်ပိုင်းတွင် မိုးခေါင်ရေရှားမှု ဆက်လက်ဖြစ်ပေါ်နိုင်မည်

**တက်ဆပ်၊ ဧပြီ - ၂၇**

အမေရိကန်နိုင်ငံတောင်ပိုင်းပြည်နယ်ကိုးပြည်နယ်တွင်ဖြစ်ပေါ်နေသည့်ဆိုးရွားသောမိုးခေါင်ရေရှားမှုအခြေအနေသည် နောက်ထပ်လပေါင်းများစွာ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း(သို့မဟုတ်)ပိုမိုဆိုးဝါးလာနိုင်ကြောင်း ထို့အတွက် တောမီးများ လောင်ကျွမ်းနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း အခက်အခဲများ၊ ရေရရှိမှု ခက်ခဲခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်မိုးလေဝသ ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။


တက်ဆပ်နှင့် လူဝီစီယားနားပြည်နယ်များတွင် အဆိုးဆုံးရာသီဥတုအခြေအနေများနှင့် ကြုံတွေ့နေရပြီး အရီဇိုးနား၊ နယူးမက္ကဆီကို၊ အိုကလာဟိုးမား၊ အာကန်ဆက်၊ ဖလောရီဒါ၊ ကိုလိုရာဒို၊ ကင်ဆပ်ပြည်နယ် အချို့ဒေသများတွင်လည်း နှစ်ပေါင်း ၂၀ မှ ၅၀ အတွင်း အဆိုးဝါးဆုံး မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရသည်။

မစ္စစ္စပီ၊ အယ်လ်လာဘားမား၊ ဂျော်ဂျီယာ၊ တောင်ကယ်ရိုလိုင်းနားပြည်နယ် အချို့နေရာများတွင်လည်း မိုးခေါင်ရေရှားမှုများ ဖြစ်ပေါ်နေသည်။

မေလသည် အဆုံးအဖြတ်ပေးမည့်လဖြစ်ကြောင်း၊ တက်ဆပ်နှင့် အိုကလာဟိုးမားအပါအဝင် အပူပိုင်းဇုန်ပြည်နယ်များသည်မေလတွင် မိုးရေချိန်လက်မအများဆုံးရရှိကြောင်း၊ မိုးရေချိန်လေးလက်မခန့် ရွာသွန်းရန် လိုအပ်ကြောင်း အမျိုးသား မိုးလေဝသဌာန(တောင်ပိုင်း)မှ အရာရှိဗစ်တာမာဖီက ပြောကြားသည်။

ခြောက်သွေ့သော ရာသီဥတုကြောင့် နယူးမက္ကဆီကို၊ တက်ဆပ်နှင့် ဖလော်ရီဒါပြည်နယ်တို့တွင် တောမီးများလောင်ကျွမ်းခဲ့ရာမြေဧရိယာ စတုရန်းမိုင်ပေါင်း ၃၀၀၀ ကျော် မီးလောင်ကျွမ်းခဲ့ပြီးအိမ်ခြေ ၄၀၀ ကျော်ပျက်စီးခဲ့ရကြောင်း သိရသည်။

*—Ref: AP*



# ဆိုက်ဘာတိုက်ခိုက်မှု ခံခဲ့ရကြောင်း အီရန်ပြောကြား

**တီဟီရန်၊ ဧပြီ - ၂၆**

Stars' ဟုခေါ်ဝေါ်သော ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုး ကွန်ပျူတာများတွင် ဝင်ရောက်နေသည်ကိုတွေ့ရှိရကြောင်း အီရန်အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

ကွန်ပျူတာ ကျွမ်းကျင်ပညာရှင်များက ၎င်းဗိုင်းရပ်စ်အကြောင်းကို စုံစမ်းစစ်ဆေးနေကြောင်း အီရန် အင်တာနက်ကာကွယ်ရေးအဖွဲ့အစည်း၏ ဒါရိုက်တာ ဂိုလန်ရေဇာဂျာလာလီက မေဟာသတင်းဌာနအား ပြောကြားသည်။ သို့သော် မည်သည့်ဌာနများ တိုက်ခိုက်ခြင်းခံရ၍ မည်သည့်အချိန်တွင်၎င်းဗိုင်းရပ်စ်အား ရှာဖွေတွေ့ရှိခဲ့သည်ကိုမူ ၎င်းကမပြောကြားပေ။

ဆိုက်ဘာတိုက်ခိုက်မှုကြောင့် အစပထမတွင် အပျက်အစီးနည်းပါးခဲ့ကြောင်း သို့ရာတွင် ဗိုင်းရပ်စ်ကြောင့် အချို့ဖိုင်များကို အစိုးရ၏ပယ်ဖျက်နိုင်သော ဖိုင်များအဖြစ်မှားယွင်းယူဆသွားစေနိုင်ကြောင်း၎င်းကပြောကြားပြီး ယင်းဗိုင်းရပ်စ်အကြောင်း ပိုမိုသိရှိရန် ကျွမ်းကျင်ပညာရှင်များက ဆက်လက်လုပ်ဆောင်နေကြောင်း အီရန်အရာရှိက ပြောသည်။

လွန်ခဲ့သော ရှစ်လခန့်ကလည်း အီရန်ကွန်ပျူတာများအားပစ်မှတ်ထားသည့် ဆိုက်ဘာတိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပြီး Stuxnet ဟုခေါ်သော ဗိုင်းရပ်စ်ဖြင့် အီရန်နျူကလီးယား အစီအစဉ်ကိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၎င်းဗိုင်းရပ်စ်မှာ အခြားအီရန်စက်မှုလုပ်ငန်းဌာနများသို့လည်း ကူးစက်ခဲ့ကြောင်း သိရသည်။

—*Ref: UPI*

# ဆီးရီးယားအပေါ် ပိတ်ဆို့တားဆီးမှုများပြုလုပ်ရန် အီးယူအား အီတလီနှင့် ပြင်သစ် တိုက်တွန်း



**ရောမ၊ ဧပြီ - ၂၈**

ဆန္ဒပြသူများအပေါ် ထပ်မံ၍ အကြမ်းဖက်မှုများ ကျင့်သုံးနေခြင်းမှ ကာကွယ်ရန် ဆီးရီးယားအာဏာပိုင်များအပေါ် ပိတ်ဆို့တားဆီးမှုများစတင်ချမှတ်ရေးအတွက် ဥရောပသမဂ္ဂနိုင်ငံများအား အီတလီနှင့် ပြင်သစ်နိုင်ငံတို့က တိုက်တွန်းလိုက်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီက ပြောသည်။

ဥရောပသမဂ္ဂသည် ယင်းကိစ္စကို မေလအစောပိုင်းမှာပင် စတင်ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဖရက်တီနီက အီတလီလွှတ်တော်အမတ်များအား ပြောကြားသည်။

မစ္စတာဖရက်တီနီနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး အလိန်ဂျူပီတို့သည် ဧပြီလ ၂၇ ရက်က ရောမမြို့၌တွေ့ဆုံခဲ့ပြီး ဆီးရီးယားနိုင်ငံတွင် ဆန္ဒပြသူများအပေါ် အစိုးရက နှိမ်နင်းပုံနှင့်ပတ်သက်၍ အမှီအခိုကင်းကုလသမဂ္ဂစုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်သင့်ကြောင်း တောင်းဆိုခဲ့ကြသည်။

ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီ၊ အီတလီ၊ စပိန်နိုင်ငံများတွင် ၎င်းတို့နိုင်ငံဆိုင်ရာ ဆီးရီးယား သံအမတ်ကြီးများအား ဆင့်ခေါ်၍ သမ္မတ ဘာရှားအယ်လ်အာဆတ်အစိုးရက ဆန္ဒပြသူများအပေါ် အင်အားသုံး၍ နှိမ်နင်းနေခြင်းကို ရှုတ်ချပြောဆိုခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံတွင် လူထုဆန္ဒပြမှုများမှာ ဂျော်ဒန်နိုင်ငံနှင့် နယ်စပ်မြို့ ဒါရာတွင် မတ်လ ၁၈ ကစတင်ဖြစ်ပေါ်ခဲ့သည်။ အစိုးရဆန့်ကျင်သော ရုပ်ပြောင်ပုံများကိုနံရံတွင်ရေးဆွဲသော ကျောင်းသားများအား ဖမ်းဆီးခဲ့ရာမှ ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ယင်းမှနေ၍ ဆီးရီးယားနိုင်ငံ၏ အခြားဒေသများသို့ ဆန္ဒပြမှုများ ပျံ့နှံ့သွားခဲ့သည်။

—*Ref: Ria Novosti*

# အာဏာတတရားများကိုအဆုံးသတ်ရန် ပါလက်စတိုင်း အုပ်စုနှစ်စု သဘောတူ

**ကိုင်ရို၊ ဧပြီ - ၂၈**

ပြိုင်ဘက် ပါလက်စတိုင်းအုပ်စုနှစ်ခုအကြားလေးနှစ်ကြာ ဖြစ်ပေါ်နေသည့် သဘောထားကွဲလွဲမှုကို အဆုံးသတ်ရန် ဖာတာနှင့် ဟားမားစ်အဖွဲ့ ခေါင်းဆောင်များကသဘောတူညီလိုက်ကြကြောင်း သိရသည်။

အီဂျစ်နိုင်ငံက ကြားဝင်ညှိနှိုင်းပေးခဲ့သော ကိုင်ရိုမြို့အစည်းအဝေးအပြီး သတင်းထောက်များအားစကားပြောကြားရာ၌ အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ပြီး တစ်နှစ်အတွင်း ရွေးကောက်ပွဲဖြစ်ပေါ်လာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြိုင်ဘက်အုပ်စုခေါင်းဆောင်များက ပြောကြားသည်။

၎င်းတို့နှစ်ဖွဲ့အကြား သဘောထားကွဲလွဲမှုကြောင့် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် အစိုးရနှစ်ခြမ်းကွဲနေခဲ့သည်။

တူနီးရှားနှင့် အီဂျစ်အစိုးရများကို ပြုတ်ကျသွားစေခဲ့ပြီး လစ်ဗျားနှင့် ဆီးရီးယား အစိုးရများကိုခြိမ်းခြောက်နေသည့် လူထုအုံကြွမှုများ အရှေ့အလယ်ပိုင်းဒေသတစ်ဝန်း ဖြစ်ပေါ်နေချိန်တွင် ပါလက်စတိုင်း ပြိုင်ဘက်အုပ်စုများ၏ ဆွေးနွေးပွဲများ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ထို့အပြင် ယခုအချိန်မှာ ပါလက်စတိုင်းနိုင်ငံအားကုလသမဂ္ဂ၏ အသိအမှတ်ပြုမှုရရှိရန် ကြိုးစားနေချိန်လည်းဖြစ်သည်။

သဘောထားကွဲလွဲမှု အဆုံးသတ်ခြင်းမှာ လွတ်လပ်ရေးရရှိရေးနှင့် အစ္စရေး၏ သိမ်းပိုက်မှု အဆုံးသတ်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အဆင့်တစ်ရပ်အဖြစ် ရှုမြင်ခံရသည်။ သို့သော်ယင်းသဘောတူညီချက်ကြောင့် ပါလက်စတိုင်းနှင့်အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ ဆက်ဆံရေးကို ရှုတ်ထွေးသွားစေနိုင်ကြောင်း၊ အကြောင်းမှာ ဟားမားစ်အဖွဲ့အား ၎င်းနှစ်နိုင်ငံက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သဘောထား၍ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြသည်။

—*Ref: UPI*



# အိုဘားမား၏ မွေးစာရင်းမူရင်းကို အိမ်ဖြူတော် ထုတ်ပြန်

**ဝါရှင်တန်၊ ဧပြီ - ၂၇**

သမ္မတ ဘားရက်အိုဘားမား အမေရိကန်နိုင်ငံတွင် အမှန်တကယ်မွေးဖွားခဲ့သည်လားဆိုသော မေးခွန်းများကို ဖြေရှင်းရန် အိမ်ဖြူတော်က သမ္မတအိုဘားမား၏ မူရင်းမွေးစာရင်းအား ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အိုဘားမားသည် ဟာဝိုင်ယီပြည်နယ်တွင် မွေးဖွားခဲ့သည်ဟု ဖော်ပြထားရာ အခြေခံဥပဒေအရ သမ္မတရာထူးကို ရယူပိုင်ခွင့်ရှိသည်ဟု ဖော်ပြနေကြောင်း အေပီသတင်းက ဖော်ပြသည်။

၂၀၀၈ မတိုင်မီတွင် အိုဘားမား၏ စံပုံစံ မွေးစာရင်းကို ထုတ်ပြန်ခဲ့သည်။ သို့သော် အငြင်းပွားမှုများ ဆက်လက်ရှိနေဆဲဖြစ်၍ ဟာဝိုင်ယီပြည်နယ်မှ မူရင်းမွေးစာရင်းကို ထပ်မံထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အိုဘားမား၏ မွေးစာရင်းကိစ္စမှာ အချိန်အတန်ကြာကပင် ဖြေရှင်းခဲ့ပြီးဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။ သို့သော် မကြာသေးမီကာလအတွင်း ရီပက်ဘလေကန်ပါတီ သမ္မတလောင်းအဖြစ် ရွေးကောက်ပွဲ ယှဉ်ပြိုင်ဖွယ်ရှိသည့် ဒေါ်နယ်ထရန့်ပ်က အိုဘားမားသည် အဘယ်ကြောင့်မူရင်းမွေးစာရင်း မထုတ်ပြန်သနည်းဟု မေးခွန်းထုတ်ခဲ့သည်။

မစ္စတာအိုဘားမားကမူ ၎င်း၏မွေးဖွားရာ အရပ်နှင့်ပတ်သက်၍ အငြင်းအခုန်ဖြစ်နေခြင်းမှာ နိုင်ငံအတွက်လည်း မကောင်းသလို နိုင်ငံရေးဆွေးနွေးမှုအတွက်လည်းမကောင်းကြောင်း ခံစားရသည်ဟု အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် ဂျေးကားနီကပြောကြားသည်။

—*Ref: AP*

# သေဆုံးမှုများစုံစမ်းစစ်ဆေးရာတွင် အကူအညီမလိုဟု ဆီးရီးယားကိုယ်စားလှယ်ပြောကြား

**ကုလသမဂ္ဂ၊ ဧပြီ - ၂၇**

အစိုးရဆန့်ကျင် ဆန္ဒပြသူများ သေဆုံးခြင်းအတွက် ဆီးရီးယားနိုင်ငံသည် ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးမှုများ ကိုယ်တိုင်ပြုလုပ်နိုင်ကြောင်းနှင့် ပြင်ပအကူအညီမလိုအပ်ကြောင်း ဆီးရီးယားနိုင်ငံ၏ ကုလသမဂ္ဂဆိုင် ရာကိုယ်စားလှယ်က ပြောကြားသည်။

"ဆီးရီးယားမှာ အစိုးရရှိတယ်။ နိုင်ငံတော်ရှိတယ်။ စုံစမ်းစစ်ဆေးမှုတွေကို ကျွန်တော်တို့ဘာသာပွင့်လင်းမြင်သာမှုအပြည့်အဝနဲ့ လုပ်ဆောင်နိုင်တယ်" ဟု ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယား သံအမတ်ကြီး ဘာရှားဂျာဖာရီက သတင်းထောက်များအား ပြောကြားသည်။ "ကျွန်တော်တို့မှာ ဘာမှဖုံးကွယ်စရာ မရှိဘူး" ဟု၎င်းက ဆက်လက်ပြောကြားသည်။

အစောပိုင်းတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်များသည်ဆီးရီးယားအစိုးရအား ရှုတ်ချရေးကြေညာချက် ထုတ်ပြန်ရန် သဘောတူညီမှုကို မရရှိခဲ့ပေ။

နိုင်ငံခြားအစိုးရအချို့က ဆီးရီးယားနိုင်ငံအား မတည်မငြိမ်ဖြစ်အောင် ကြံစည်နေကြကြောင်း ဆီးရီးယား သံအမတ်ကြီးကပြောကြား၍ သတင်းထောက်များက ယင်းကိစ္စကို မေးမြန်းရာတွင် အသေးစိတ်အချက်အလက်များ ဖော်ထုတ်ရန် စောလွန်းနေသေးကြောင်း ၎င်းက ပြောသည်။

ပုန်ကန်ထကြွမှုကို နှိမ်နင်းနိုင်ရန်အတွက် သံချပ်ကာယာဉ်များ အသုံးပြုခဲ့ခြင်းအတွက် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆက်သည် နိုင်ငံတကာမှ ဝေဖန်မှုများကြုံတွေ့နေရသည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်သည့် သေဆုံးမှုများအပေါ် အမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တောင်းဆိုခဲ့ကြောင်း သိရသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL

# International

Vol.10, No.7 • MAY 5, 2011

# ဘင်လာဒင်သေဆုံးကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအရာရှိကြီး အတည်ပြု

**အစ္စလာမာဘတ်၊ မေ - ၁**

ကမ္ဘာတွင် ၉/၁၁ ဟု နာမည်ကြီးသော ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုများအား နောက်ကွယ်မှ ကြိုးကိုင်ဖန်တီးခဲ့သူ အိုစမာဘင်လာဒင် သေဆုံးသွားကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအကြီးတန်းအရာရှိကြီး တစ်ဦးက မေလ ၁ ရက်တွင် အတည်ပြုပြောကြားကြောင်း သိရသည်။

သို့သော်အသေးစိတ်အချက်အလက်များထုတ်ဖော်ရန် အရာရှိကြီးက ငြင်းဆန်ခဲ့ကြောင်း ရိုက်တာသတင်းကဖော်ပြသည်။

ထိုအတောအတွင်းမှာပင် ပါကစ္စတန်မြို့တော် အစ္စလာမာဘတ်မှ ကီလိုမီတာ ၆၀ အကွာ တောင်ထူထပ်ရာဒေသတွင် ပါကစ္စတန်တပ်ဖွဲ့များက စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်း၊ ယင်းစစ်ဆင်ရေးတွင် အိုစမာဘင်လာဒင်၏ဇနီးနှစ်ဦး၊ သားသမီးခြောက်ဦးနှင့် ၎င်း၏ အနီးကပ်မိတ်ဆွေ










လေးဦးတို့အား ဖမ်းဆီးခဲ့ကြောင်း သတင်းရင်းမြစ်များအား ကိုးကား၍ ဒေသခံအူရဒူတယ်လီဗေးရှင်းက ကြေညာခဲ့ကြောင်းသိရသည်။ စစ်ဆင်ရေးအတွင်း ဘင်လာဒင်၏သားတစ်ဦးလည်း သေဆုံးခဲ့သည်ဟု သတင်းတွင်ဖော်ပြထားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

*—Ref: Reuters/Xinhua*

## အိုစမာဘင်လာဒင်သေဆုံးခြင်းနှင့်ပတ်သက်၍ အမေရိကန်ခေါင်းဆောင်များ မှတ်ချက်ပေး



**အမေရိကန်သမ္မတ ဘားရက်အိုဘားမား**

ဒီနေ့ညမှာတော့ အမေရိကန်ပြည်သူတွေနဲ့ တစ်ကမ္ဘာလုံးကို အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ စစ်ဆင်ရေးတစ်ခုမှာ အယ်လ်ကိုင်ဒါ ခေါင်းဆောင် အိုစမာဘင်လာဒင်ကို အသေဖမ်းဆီးနိုင်ခဲ့ပြီလို့ ကျွန်တော် သတင်းပေးလိုပါတယ်။ သူဟာ အပြစ်မဲ့တဲ့ကလေးတွေ၊ အမျိုးသားတွေနဲ့ အမျိုးသမီးတွေများစွာကိုသတ်ဖြတ်ခဲ့သူပါ။

အမေရိကန်တပ်ဖွဲ့ငယ်တစ်ဖွဲ့ဟာ သတ္တိရှိရှိနဲ့ ပြောင်မြောက်လှတဲ့စစ်ဆင်ရေးတစ်ခုကို ဆင်နွှဲခဲ့ပြီးတဲ့နောက် အမေရိကန်တစ်ဦးမျှ ထိခိုက်မှုမရှိဘဲ အရပ်သားတွေသေဆုံးမှုမရှိဘဲ ဘင်လာဒင်ကို အသေဖမ်းမိခဲ့ပါတယ်။ တရားမျှတမှုကို ဖန်တီးနိုင်ခဲ့ပါပြီ။

စာမျက်နှာ(၄၅)သို့▶▶

## လန်ဒန်မြို့တွင် နှစ်ပေါင်း၃၀အတွင်း အစည်ကားဆုံးတော်ဝင်မင်္ဂလာပွဲကျင်းပ

**လန်ဒန်၊ ဧပြီ - ၃၀**

ဗြိတိန်မင်းသားဝီလီယံနှင့် ကိတ်မစ်ဒယ်လ်တန်၏ လက်ထပ်မင်္ဂလာပွဲကို လန်ဒန်မြို့ရှိ ဝက်စ်မင်စတာ ဘုရားရှိခိုးကျောင်းတွင် ဗြိတိသျှတို့၏ ခမ်းနားထည်ဝါမှုအပြည့်ဖြင့် ကျင်းပခဲ့ရာ ကမ္ဘာတစ်ဝန်း ပရိသတ်ပေါင်းများစွာ ရုပ်သံမှ အားပေးကြည့်ရှုမှုရရှိခဲ့ပြီး မင်္ဂလာပွဲကြောင့် ဗြိတိန်တော်ဝင်မိသားစုအား အသစ်တစ်ဖန်သက်ဝင်လှုပ်ရှားလာစေခဲ့သည်။







မင်္ဂလာကတိသစ္စာပြုပွဲ မတိုင်မီ နှစ်ပေါင်း ၃၅၀ အတွင်း မင်းသားတစ်ဦးအား လက်ထပ်မည့် အရပ်သူ သတို့သမီး ကိတ်မစ်ဒယ်လ်တန်သည် အဖြူရောင်မင်္ဂလာဝတ်စုံအား ဆင်မြန်း၍ မျက်နှာကို ပဝါပါးလေးအုပ်ဆိုင်းကာ ပရိသတ် ၁,၉၀၀ ရှိသော ဘုရားကျောင်းအတွင်းသို့ ဖြည်းညှင်းစွာလှမ်းဝင်လာခဲ့သည်။

နှစ်ဦးသား တွေ့ဆုံချိန်တွင် မင်းသားဝီလီယံက စကားတစ်ခွန်း ပြောလိုက်ရာ ကိတ်၏မျက်နှာပေါ်တွင် အပြုံးပန်းတစ်ပွင့်ပေါ် ထွက်လာခဲ့သည်။ ယင်းနောက် ကင်တာဘူရီဘုန်းတော်ကြီး ရိုဝမ် ဝီလီယံက ၎င်းတို့နှစ်ဦးအား ထိမ်းမြားမင်္ဂလာပြုပေးခဲ့သည်။

ယင်းနောက် ဇနီးမောင်နှံ အသစ်စက်စက်သည် ဘုရားကျောင်းမှထွက်လာခဲ့ပြီး ၁၉၀၂ ခုနှစ်ကပင် အသုံးပြုခဲ့သည့် အမိုးဖွင့်နိုင်ငံတော် မြင်းရထားဖြင့် ဘက်ကင်ဟမ်နန်းတော်သို့ ထွက်ခွာလာကြရာ လမ်းတစ်လျှောက် စုပြုံရောက်ရှိနေသော လူထောင်ပေါင်းများစွာက အားပေးချီးမြှောက်ခဲ့ကြသည်။ မြင်းရထားပေါ်မှ ဝီလီယံနှင့် ကိတ်တို့စုံတွဲကလည်း အပြုံးပန်းများ၊ လက်ဝှေ့ယမ်းခြင်းများဖြင့် ပရိသတ်အား တုံ့ပြန်ခဲ့ကြသည်။

အစဉ်အလာကို ထိန်းသိမ်းပြီး ဗြိတိန်နိုင်ငံတစ်ဝန်းတွင် လမ်းမပါတီပွဲပေါင်း ၅,၅၀၀ ခန့် ကျင်းပကြမည်ဖြစ်သော်လည်း ဆင်းရဲသောနိုင်ငံမြောက်ပိုင်းမှာထက်

စာမျက်နှာ(၄၅)သို့▶▶

